# ဒါနအကျိုး



# ဘုန်းတန်ခိုးလက်ရုံးများ




မဟာသဒ္ဓမ္မဇောတိကဓဇ

**တက္ကသိုလ်သျှင်သီရိ**

(ဓမ္မာစရိယ ဘီ-အေ)

# ဒါနအကျိုး

# ဘုန်းတန်ခိုးလက်ရုံးများ

မဟာသဒ္ဓမ္မဇောတိကဓဇ
တက္ကသိုလ်
သျှင်သီရိ (ဓမ္မာစရိယဘီ-အေ)

# ပုံနှိပ်မှတ်တမ်း


ပုံနှိပ်ခြင်း - ပထမအကြိမ်၊ ၂၀၁၅ ခုနှစ်၊ မေလ

အုပ်ရေ - ၁၀၀၀

မျက်နှာဖုံးဒီဇိုင်း - ကိုဇော

ထုတ်ဝေသူ - ဦးကိုကိုမြင့် (၀၀၉၉၃)<br>"ဆွေသဟာ" စာပေ<br>အမှတ်(၅၅)၊ (စ)ရပ်ကွက်၊<br>သုနန္ဒာ(၃)လမ်း<br>မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့

ပုံနှိပ်သူ - ဒေါ်လှမူသိန်း<br>ဂုဏ်လင်းကျော်ပုံနှိပ်တိုက်<br>၂၄၊ ဗဟိုလမ်း၊ အလုံမြို့နယ်

ဖြန့်ချိရေး - "ဆွေသဟာ" စာပေ<br>အမှတ်(စ/၅၅)၊ သုနန္ဒာ(၃)လမ်း<br>မြောက်ဥက္ကလာပမြို့နယ်။

တန်ဖိုး -

၂၉၄.၃

တက္ကသိုလ်သျှင်သီရိ(မွှာစရိယဘိ - ဓအ)<br>ဒါနအကျိုး - ဘုန်းတန်ခိုးလက်ရုံးများ<br>"ဆွေသဟာ" စာပေ၊ ၂၀၁၅၊ ရန်ကုန်။<br>၂၀၂-စာ၊ ၁၀.၅×၁၇.၅ စင်တီ။<br>(၁) ဒါနအကျိုး - ဘုန်းတန်ခိုးလက်ရုံးများ

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | အမှာစာ | က |
| | **အခန်း (၁)** | |
| ၂။ | **လင်္ကာဒီပကျွန်းနှင့် ဗုဒ္ဓသာသနာရောက်ရှိပုံ** | |
| | - လင်္ကာဒီပနှင့် ဝိဇယမင်းသား | ၁ |
| | - လင်္ကာဒီပကျွန်းသို့ဘုရားရှင် (၃) ကြိမ်ကြွရောက်ခဲ့ပုံ | ၆ |
| | - ဗုဒ္ဓသာသနာအလင်းရောင်နှင့်ဒေဝါနံပိယတိဿမင်း | ၈ |
| | **အခန်း (၂)** | |
| ၃။ | **ဗုဒ္ဓသာသနာပြုစစ်ဘုရင်တို့၏အနွယ်အစ** | |
| | - ကာကဝဏ္ဏတိဿမင်း၏အဆက်အနွယ် | ၁၂ |
| | - ကာကဝဏ္ဏမင်းကြီး၏ဘဝ | ၁၄ |
| | - ကလျာဏီတိဿမင်း၏သမီးတော်ဝိဟာရဒေဝီ | ၂၅ |
| | - ဗုဒ္ဓသာသနာပြုစစ်ဘုရင်ဒုဋ္ဌဂါမဏီမင်း | ၃၂ |
| | - ဂါမဏီမင်းသားအလောင်းအလျာသာမဏေ | ၃၄ |

- ကာကဝဏ္ဏမင်းကြီးနတ်ရွာစံခြင်းနှင့်ညီနောင်တို့တိုစစ်ပွဲ ၄၈
- ဧဠာရကျေးမင်းနှင့်မျိုးနွယ် ၅၆

## အခန်း (၃)

### ၄။ ဒုဋ္ဌဂါမဏိမင်း၏သာသနာပြုဘက်စစ်သူရဲကောင်းများ

- (က) သူရနိမ္မလစစ်သူရဲကောင်း ၆၅
- (ခ) မဟာသောဏသူရဲကောင်း ၇၉
- (ဂ) ကောဋ္ဌယိမ္ဗရသူရဲကောင်း ၈၁
- (ဃ) ထေရပုတ္တာအဘယသူရဲကောင်း ၉၇
- (င) ဘရဏသူရဲကောင်း ၁၀၅
- (စ) ဝေဠုသုမနသူရဲကောင်း ၁၀၇
- (ဆ) ခဉ္ဇဒေဝသူရဲကောင်း ၁၁၁
- (ဇ) ဥမ္မာဒဖုဿဒေဝသူရဲကောင်း ၁၁၄
- (ဈ) သဘိယဝိသဘသူရဲကောင်း ၁၁၈
- (ည) ဒါဌသေနသူရဲကောင်း ၁၂၃
- (ဋ) မဟာနေလသူရဲကောင်း ၁၄၁
- (ဌ) နန္ဒိမိတ္တသူရဲကောင်း ၁၄၉

## အခန်း (၄)

### ၅။ ဒုဋ္ဌဂါမဏိမင်း၏စစ်ပွဲများနှင့်သာသနာပြုပုံများ


- ကျေးတို့နှင့်စစ်ပြိုင်ပွဲ ၁၅၁
- နန္ဒိမိတ္တစစ်သူရဲနှင့်ဝိဇိတမြို့သိမ်းတိုက်ပွဲ ၁၅၅
- ဝိဇိတမြို့တိုက်ပွဲ ၁၅၅
- ဘလ္လုကကျေးစစ်သူရဲကောင်းနှင့်နောက်ဆုံးတိုက်ပွဲ ၁၆၄
- မင်းကြီး၏သံသယကုက္ကုစ္စ ၁၆၇
- ဒုဋ္ဌဂါမဏိမင်းကြီး၏သာသနာပြုပုံအစုံစုံ ၁၇၁
- လောဟပါသာဒနှင့်မဟာစေတီတည်ခြင်း ၁၇၄


## အခန်း (၅)

### ၆။ ဗုဒ္ဓသာသနာပြုဒုဋ္ဌဂါမဏိမင်း၏ဘဝနိဂုံး


- ညီတော်တိဿကိုထီးနန်းလွှဲခြင်း ၁၈၀
- ထေရပုတ္တအဘယမထေရ်တရားဟောခြင်း ၁၈၂
- မင်းကြီးပြုစုခဲ့သောကုသိုလ်စာရင်း ၁၈၅
- မင်းကြီး၏အနှစ်သက်ဆုံးအလှူ (၂) ခု ၁၈၇
- နတ်ရထားတို့ဆိုက်ရောက်ခြင်း ၁၈၉
- ရဟန္တာတို့၏ဗျာဒိတ်စကား ၁၉၁

# ဘုန်းရှင် ကံရှင် ဟူသည်

ပြုရာကိစ္စ၊ ရေးကြုံကြသော်
မရွေ့နှောက်လျင်၊ လေးမဖင့်နှင့်
လျင်သော်ကာမင်း၊ နှောင်းသော်ချင်းတည်း
မှတ်လျှင်ပုံသေ၊ ပုဗ္ဗေကဘာ
ဒွေးဘဝက၊ ပုဏ္ဏားဆင်းရဲ
ကံမွဲချို့တဲ့၊ ဘုန်းမဲ့သသူ
များဝိုလ်လူတို့၊ ချမ်းပူမနေ
ရှာဖွေကြိုးကုတ်၊ အားထုတ်အထူး
ဆည်းပူးလို့လ၊ ပြုသမျှကား
ရှေးကကောင်းမှု၊ အပြုများလှ
ပုညသီရို၊ ပြည့်စုံဘိသည့်
ဘုန်းရှိသူဘို၊ ခံစားဖို့တည်း
ထိုဘိုးရင်သစ်၊ ဖြစ်၏ဘူးပွင့်
အမြင့်မျက်စိ၊ ရှုမျှော်သိလော

ဘုန်းကံရှိစံ၊ ဘုန်းမဲ့ရံ၏
ကြောင်းကံပြည့်ဝ၊ အကျိုးလှပျက်
ပုညကမ္မ၊ ထူးသူမှသာ
ကြွယ်မှာအလယ်၊ လ၏နှယ်သို့
တင့်တယ်ပထွန်း၊ ဘုန်းရှောင်ရွှန်း၍
ရွှေဝန်းရံခြုံ၊ သောင်းသောအုံနှင့်
ကုံလုံမချိုး၊ ဂုဏ်မညှိုးဘူး
ကုသိုလ်သဘော၊ အလယ်ဇောကို
ရှင်စောအားလုံး၊ ဟောမဆုံးသည်
သက်ဆုံးအားလုံး၊ ကမ္ဘာတည်း၊
ဘုန်းရှား ကံရှား၊ ထိုသူများက
အုတ်ကြားမြက်ပေါက်၊ ရာမရောက်တည်း။

**မဃဒေဝလင်္ကာ**

ပုဒ်–၂၅၀

# အမှာစာ

ကျွန်တော်သည် သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)တွင် ဒုတိယညွှန်ကြားရေးမှူးတာဝန်ထမ်းဆောင်နေစဉ်အချိန် ဒုတိယညွှန်ကြားရေးမှူးချုပ်ဖြစ်သော ဦးထွန်းမြဒေအာင်နှင့်အတူ မိုးကုတ်ဆွမ်းစားဆောင်၌ထမင်းအတူစားနေသည်။

ပိုလ်မှူးကြီးက ကျွန်တော်ဖတ်ရန် ယူလာသောသီဟိုဠ်ရာဇဝင် မဟာဝင်ဝတ္ထုစာအုပ်ကို လှန်လှောကြည့်ရှုရင်း-

“ဦးကိုကိုမြိုင် . . . အဲဒီသီဟိုဠ်ရာဇဝင်မှာ ဒုဋ္ဌဂါမဏိမင်းကြီးဟာ ဗုဒ္ဓသာသနာပြုစစ်ဘုရင်လို့ပြောတယ်၊ သူ့ရဲ့စစ်သူရဲကောင်းတွေကလည်း သူနှင့်အတူ ဗုဒ္ဓသာသနာတော်ထွန်းကားရေးမှာ ထာဝရလက်တွဲဆောင်ရွက်ခဲ့ကြတယ်လို့ဆိုတယ်။ အဲဒီအကြောင်း သီးသန့်စာအုပ်တစ်အုပ် ရေးပါ့လား။ ပြီးတော့ ကျွန်တော်တို့မြန်မာပြည်မှာလဲ အနော်ရထာဟာ

စစ်ဘုရင်ဘဲ၊ သူနှင့်အတူ လက်တွဲဆောင်ရွက်ခဲ့ကြတဲ့ ငထွေရှုး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီး၊ ကျန်စစ်သားတို့ကလဲ သာသနာပြု ဖက် စစ်သူရဲကောင်းတွေဘဲ၊ သူတို့ကိုလည်းလေ့လာပြီး မြန်မာ နိုင်ငံ၏ ဗုဒ္ဓသာသနာပြုစစ်ဘုရင်နှင့် စစ်သူရကောင်းမှတ်တမ်း စာအုပ်ရေးနိုင်မယ်ဆိုရင် ရေးသင့်တယ်။ ဒါမှ နောင်သားစဉ် မြေးဆက်တွေဟာ ကျွန်ုပ်တို့နိုင်ငံရဲ့ အမျိုးဘာသာ သာသနာ အတွက် သူရဲကောင်းတွေ ဆက်လက်ပေါ်လာဖို့ ဖြစ်လာမှာ" ဟု ဆွေးနွေးအကြံပြုပါသည်။

မှန်ပါသည်။ သီဟိုဠ်တွင် ဒုဋ္ဌဂါမဏိမင်းကြီးနှင့် စစ်သူရဲ ကောင်းများသည် မိစ္ဆာဒိဋ္ဌိကျဉ်းကုလားတို့ကို နှိမ်နင်းပြီး ဗုဒ္ဓ သာသနာပြန်လည်ထွန်းကားရေးအတွက် ကြိုးစားဆောင်ရွက် ခဲ့ပါသည်။ ထိုသည်ကို သီဟိုဠ်ရာဇဝင်၊ မဟာဝင်ကျမ်းတွင် လည်းကောင်း၊ မဓုရဝါသိနိကျမ်းတွင်လည်းကောင်း မှတ်တမ်း တင်ထားသည်ကို တွေ့ရပါသည်။

အလားတူ မြန်မာနိုင်ငံသည်လည်း သာသနာဖျက် အရည်းကြီးတို့၏ မှားသောအယူကို စစ်ဘုရင် အနော်ရထာက စစ်သူရဲကောင်းများနှင့်အတူ ယှဉ်တွဲတိုက်ခိုက်နှိမ်နင်းပြီး ဗုဒ္ဓ သာသနာတော်ထွန်းလင်းတောက်ပအောင် ၊ အခြေခိုင်ခံ့အောင် ကြိုးစားဆောင်ရွက် သာသနာပြုခဲ့ပါသည်။

အလားတူ ဒုတိယမြန်မာနိုင်ငံကို ထူထောင်ခဲ့ကြသော တပင်ရွှေထီး၊ ဘုရင့်နောင်တို့သည် စစ်သူရဲကောင်းသုံးကျိပ်ကို ရွေးချယ်၍ အမျိုးဘာသာ၊ သာသနာထွန်းကားရေးကို ဆောင်ရွက်ခဲ့သည်။

တတိယမြန်မာနိုင်ငံကို တည်ထောင်ခဲ့သော အလောင်းဘုရားသည် သူရဲကောင်းခြောက်ကျိပ်ကို ရွေးချယ်၍ အမျိုးဘာသာသာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်ခဲ့ကြပါသည်။

သို့သော် မြန်မာရာဇဝင်သမိုင်းဆိုရာ၌ ဘုရင်၏ရာဇဝင်မှတ်တမ်းသာ ပါရှိပါသည်။ သူရဲကောင်းတို့၏ မှတ်တမ်းကားအတိအကျ မှတ်တမ်းမရှိခဲ့ပါ။ လင်္ကာဒီပတွင် ဒုဋ္ဌဂါမဏိစစ်ဘုရင်နှင့်စစ်သူရဲကောင်းတို့၏ စွမ်းရည်သတ္တိကြောင့် သီဟိုဠ်တွင်သာသနာမကွယ်ပျောက် ထွန်းတောက်ခဲ့သလို မြန်မာနိုင်ငံတွင်ဘုရင်အနော်ရထာ၊ ကျန်စစ်သား၊ ဘုရင့်နောင်၊ အလောင်းဘုရားတို့ဟူသော စစ်ဘုရင်တို့၏ ဦးဆောင်ကောင်းမှု၊ နောက်လိုက်စစ်သူရဲကောင်းတို့၏ စွမ်းဆောင်မှုတို့ကြောင့် အမျိုးသားဂုဏ်ရည်နှင့် ဗုဒ္ဓဘာသာ သာသနာတော်သည် ယနေ့ထိ ကမ္ဘာတွင်အထူးထင်ရှားထွန်းပကျော်ကြားလျက် ရှိနေခဲ့ပါသည်။

ယခုစာရေးသူသည် ဘုရားပွင့်တော်မူရာ အိန္ဒိယ၌ဗုဒ္ဓသာသနာကွယ်ပြီးနောက် ဦးစွာပထမ ထေရဝါဒဗုဒ္ဓသာသနာတော် အမြစ်တွယ်ရာ လင်္ကာဒီပကျွန်း၏ ဗုဒ္ဓသာသနာပြုစစ်ဘုရင်နှင့် စစ်သူရဲကောင်းတို့၏ အတိတ်ဘဝ ဒါနပြုခဲ့ပုံ၊ ပစ္စက္ခဘဝတွင် သူတို့ပြုခဲ့သော ကုသိုလ်စွမ်းကြောင့် အစွမ်းသတ္တိရှိကြသော စစ်သူရဲကောင်းဖြစ်ကြရပုံ၊ ဒုဋ္ဌဂါမဏိမင်းကြီးနှင့်အတူ မိစ္ဆာဒိဋ္ဌိတို့ကို ဖြိုခွင်းပြီး ဗုဒ္ဓသာသနာတော် ပြန်လည်ထွန်းကားလာအောင် အတူလက်တွဲဆောင်ရွက်ပုံတို့ကို သီဟိုဠ်

ရာဇဝင်၊ မဟာဝင်ဝတ္ထု၊ မခုရသ၊ ဂါဟိနိ၊ သီဟိုဠ်လင်းရောင်ခြည် စာအုပ်တို့မှထုတ်နှုတ်၍ မီးမောင်းထိုးပြသဘောဖြင့် အကျဉ်းပြု ရေးသားတင်ပြခဲ့ပါသည်။

မြန်မာနိုင်ငံရှိ သမိုင်းပညာရှင် သုတေသီပညာရှင်တို့ သည်လည်း နောင်လာနောင်သားတို့ အတုယူဖွယ်၊ အားကျဖွယ်၊ နိုင်ငံနှင့်လူမျိုး၊ သာသနာအကျိုး သယ်ပိုးဆောင်ရွက်လိုသော စိတ်များ အစဉ်ထာဝရ ကိန်းအောင်းစေရန် မြန်မာနိုင်ငံ ဗုဒ္ဓ သာသနာပြုစစ်ဘုရင်နှင့် စစ်သူရဲကောင်းမှတ်တမ်းတို့ကို ထုတ်နှုတ်စုစည်း ရေးသားပြုစုလိုစိတ်ပေါ်လာရန် ရည်ရွယ်၍ လည်း ဤမည်သော လက်ာဒီပဗုဒ္ဓသာသနာပြု စစ်ဘုရင်နှင့် စစ်သူရဲကောင်းစာအုပ်ကို ရေးသားပြုစု ထုတ်ဝေလိုက်ရပါသည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် အကြံပေးတိုက်တွန်း ခဲ့သော ဦးထွန်းမြအောင် (ဒုတိယညွှန်ကြားရေးမှူးချုပ်-ငြိမ်း) သာသနာတော်ထွန်းကားပြန့်ပွားရေးနှင့် ထုတ်ဝေသူတို့အား အထူးကျေးဇူးတင်ကြောင်း မှတ်တမ်းပြုအပ်ပါသည်။

မဟာသဒ္ဓမ္မဇောတိကဓဇ

တက္ကသိုလ်သျှင်သီရိ (ဖျော်စရိယ၊ ဘီ.အေ)

ဦးကိုကိုမြင့်

အမှတ်(၅၅)၊ သုနန္ဒာ(၃)လမ်း၊ (စ)ရပ်ကွက်

မ/ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၁၉၆၉၀၃၂၄ / ၀၉၄၂၁၀၁၆၈၇၈

# အခန်း ( ၁ )

# လင်္ကာဒီပနှင့် ဗုဒ္ဓသာသနာရောက်ရှိပုံ

## လင်္ကာဒီပနှင့် ဝိဇယမင်းသား

လင်္ကာဒီပကျွန်းသည် မြေအနေ ရေအသွား အချိုးအစား အကွက်မိလျက် ကြည့်တိုင်းနူးရှုတိုင်းတင့်အောင် တောင်ဆင့် တောရံကာတည်နေသော ကျွန်းကလေးဖြစ်၍ လင်္ကာဒီပကျွန်း သားတို့က မိမိတို့၏ ကျွန်းကလေးကို -ရွှေနှင့်တင်စား၊ ပတ္တမြား ကို ရှုဂမုန်းဥလိုသုံးလျက် ပုလဲကုံးကလေးနှင့် တူသယောင် ယောင် တင်စားပြောဆိုကြပါသည်။

ထိုသို့ဂုဏ်ယူခြင်းခံရသောကျွန်းကလေးသည် ဘဒ္ဒကမ္ဘာ တွင် ပွင့်တော်မူသော ဘုရား(၄)ဆူတို့၏သာသနာတော်ထွန်း ကားရာ မြင့်မြတ်သော ကျွန်းကလေးဖြစ်ပါသည်။

-ကကုသန်ဘုရားရှင်လက်ထက်၌ ဩဇဒီပ

-ကောဏဂုံဘုရားရှင်လက်ထက်၌ ဝရဒီပ
-ကဿပဘုရားရှင်လက်ထက်၌ ဗဏ္ဍဒီပ
-ဂေါတမဘုရားရှင်လက်ထက်၌ လင်္ကာဒီပ

အမည်များဖြင့် စည်ပင်ရှန်းဝေခဲ့သည်။

ယခုဂေါတမဘုရားရှင်လက်ထက်တွင် ဘုရားရှင်သည် (၃)ကြိမ် တိုင်တိုင် ကြွရောက်ချီးမြှင့်တော်မူရုံမက ဘုရားရှင်သည် ပရိနိဗ္ဗာန်စံကာနီးဝယ် မလ္လာတိုင်းအင်ကြင်းဥယျာဉ်တော်၌ ပရိနိဗ္ဗာန်စံဂင်အံ့သောငှါ ရတနာညောင်စောင်းဝယ် လျောင်းတော်မူနေစဉ် အပါး၌လာရောက်ရှိခိုးသော သိကြားမင်းအား-

“ပတိဋ္ဌိဿတိဒေဝိန္ဒ၊ လင်္ကာယံ မမသာသနံ”

“သိကြားမင်း. . . ငါဘုရားရှင်၏ သာသနာတော်သည် လင်္ကာကျွန်း၌ တည်ထွန်းရလိမ့်မည်။”

ဟု မိန့်ကြားတော်မူခဲ့သည်။

သိကြားမင်းသည် ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူသောနေ့၌ပင် ကျွန်းသင်း(၇၀၀)နှင့်တကွ ဆိုက်ရောက်နေသော ဝိဇယမင်းသားအား စောင့်ရှောက်ရန် ဥပ္ပလဝဏ်နတ်သားကို စေလွှတ်ခဲ့သည်။

ထိုနတ်သားသည် အလျင်အမြန်သွားကာ ပရဗိုဇ်ရဟန်းအသွင်ဆောင်နေလေသည်။

ထိုအခါ ဝိဇယမင်းသားအမှူးရှိသောသူတို့သည် အနီးသို့ ချဉ်းကပ်လျက်-

“အိုု-ရှင်ရဟန်း. . . ဤကျွန်းသည် အဘယ်အမည်ရှိသော ကျွန်းပါနည်း။” ဟု မေးလျှောက်သည်။

"မင်းသား . . . လက်ဒီပ ကျွန်းပါဘဲ"
ဟု မိန့်ကြားခဲ့သည်။

သို့ဖြစ်၍ ယခု လက်ာဒီပကျွန်း၌ တည်ထွန်းလျက်ရှိသော အမည်တို့တွင် "လံကာဒီပ" ဟူသောအမည်သည် မူလဘူတ ဖြစ်၍ ဇာတိသွေးကိုမအေးအောင် လှုံ့ဆော်ရာ၌ လက်ာဒီပကျွန်း သားတို့က "လံကာဒီပ သီရိလံကာ" ဟူ၍ ထုတ်ဖော် ကျူးရင့်ကြ လေ့ရှိပါသည်။

လံကာဟူသော ဤအမည်သည် လံကာအမည်ရှိသော ဘီလူးမင်း စိုးစံရာ "လံကာပူရ" ခေါ် လံကာမြို့ အမည်ဖြစ်ပါ သည်။

ထင်ရှားသောအကြောင်းမှာ ဝိဇယမင်းသားသည် မိခင် လူသား ဖခင်ခြင်္သေ့မှ ပေါက်ဖွားလာသော အိန္ဒိယပြည် လာလ တိုင်း-သီဟပူရပြည် စိုးစံသော သီဟဗာဟုမင်းကြီး၏ သားတော် ဖြစ်ရကား ခြင်္သေ့မျိုး ခြင်္သေ့နွယ် ဖြစ်သည်။ ထိုခြင်္သေ့မျိုးနွယ် ဖြစ်သော ဝိဇယမင်းသားသည် ဖခင်၏နှင်ထုတ်မှုကြောင့် သမုဒ္ဒရာတွင်မျောပါရင်း ဤကျွန်းသို့ ရောက်ရှိခဲ့သည်။

ဤကျွန်းဟွင်မူလက ဘီလူးတို့စိုးစံသော သီရိယဝတ္တုမြို့၊ လံကာပူရမြို့(၂)မြို့ ရှိခဲ့ပါသည်။

ဝိဇယမင်းသားသည် နောက်ပါကျေးကျွန်များနှင့်အတူ ကျွန်း၏ အနောက်ဘက်ကမ်းခြေ (ယခုထင်ရှားသော ပုတလမ် မြို့)အနောက်မြောက်ဘက် အငူတစ်ခုသို့တက်ရောက်မိကြသည်။

ထိုအနီး ကုဝေဏီ အမည်ရှိသော ဘီလူးမနှင့် တွေ့ဆုံ လျက် ချစ်ကြိုက်မိပြီးနောက် ညဉ့်ရောက်သော ဆူညံသံကြား၍ ကျိုးကြောင်းမေးရာ မဟာကာလသေနဘီလူးမင်း၏ လက်ထပ်ပွဲ

သဘင်ဖြစ်ကြောင်း ဝိဇယမင်းသားလေးနှင့် ခွင်းသဖြင့် ဘီလူးတို့ သေကြကြရသည်။ ထိုနေရာသည် သိရိယဝတ္တုမြို့ဖြစ်သည်။ တောင်ဘက် ပင်လယ်ကမ်းရိုးတမ်းတွင် ကြိကုဋ္ဌခေါ် တောင်တစ်လုံးရှိ၍ ထိုတောင်ထိပ်၌ အမရဝတီ သကြားပြည်ထဲသို့ ဘီလူး အပေါင်းတို့နေထိုင်ရာ လံကာအမည်ရှိသော ဘီလူးမင်းတည် ထောင်ဖန်ဆင်းခဲ့သော မြို့ကို လံကာပူရဟု ခေါ်ခဲ့သည်။

ထိုကြိကုဋ္ဌတောင်ဖြစ်ပေါ်လာပုံမှာ လေနတ်သား ပရုဏ နှင့်နဂါးမင်း ဝါသုကီတို့ အချင်းချင်း ကြီးမားသော စစ်ပွဲကြီးကို ခင်းကြရာ လေနတ်သားက သူ၏စွမ်းပကားကို ပြသလို၍ မေရုခေါ် မြင့်မိုရ်တောင်ကြီးကို ယောင်ပေါင်းများစွာ အစိပ်စိပ် အမြွာမြွာ ပြိုကွဲအောင် လှုပ်ခါချလိုက်သဖြင့် အပိုင်းပိုင်းပြတ်ကျ လျက် သမုဒ္ဒရာထဲသို့ကျရာ ကိုကျလာသော တောင်ပြတ်များ အနက် အထွဋ်သုံးခုရှိသော တောင်ပြတ်၏အလယ်၌ ဤလံကာ ပူရမြို့ကို ဘီလူးမင်းက တည်သည်ဟု ဆိုပါသည်။

လူနေမတည်ထွန်းသေးသော ဤကျွန်းကလေး၌ လင်္ကာ ဒီပအစဝိဇယဟု အမှတ်အသားပြုကြရ၏။ ဝိဇယမင်းသားသည် ကုဝေဏီဘီလူးမနှင့်ပေါင်းဖက်၍ (၃)ရက်မြောက်သောနေ့တွင် မြို့တည်ခြင်းငှာ လျောက်ပတ်သောအရပ်ကိုရှာ နီကြန့်ကြန့်ပြန့်ဖြူး သောမြေနေရာတွေ့၍ မြို့တည်ကာ တမ္ဗပါဏိ ဟုသမုတ်လေသည်။

ထိုအမည်မှာ ဝိဇယမင်းသားတို့ လှေမှသက်ဆင်းလာ သော အခါအမောပြေကျယ်စွာ သောပင်လယ်ခရီးလမ်း၌ ရာသီက ကြမ်းကြမ်း လှိုင်းလေကသရမ်းသဖြင့် ပင်ပန်းနွမ်းနယ်ခံကြ ရ၍မိမိတို့ ကိုယ်ကိုလိုရာသို့ရောက်အောင် လက်ထောက်ကာ

တွားသွားလျှက် ရွှေသွားကာ ကျွန်းပေါ်သို့တက်ခဲ့ရသဖြင့် မိမိတို့၏ လက်ဝါးပြင်တွင် ခြင်းခြင်းနီရဲသော မြေမှုန်များလိမ်ကြ ကပ်ငြိကြလေသည်၊ ထိုဆည်းကို အမြဲပြုရာ တဥ္စပါဏီ လက်ဦးရာ အနာဟုနာမည် သမုတ်ကြသည်။

ထိုတဗ္ဗပါဏိမြို့သည် ယခု ပုတလင်မြို့ အရှေ့ဘက် မလှမ်းမကမ်း တဗန္ဓနဂါမြို့ ဖြစ်သည်ဟုဆိုပါသည်။

ကျွန်ုပ်တို့ ခြင်္သေ့ အမျိုးအနွယ်ဖြစ်သော ဝိဇယမင်းအား လူသားကဖန်တီး တည်ထောင်သောကြောင့် သိဟနုဒီပ ဟူ၍ ခေါ်ဆိုကြပါသည်။

နောက်ထိုကျွန်းနေလူတို့ကို ဆ, အသံဖြင့် ဆင်ဟာလီ (Sinhalese)ဟူ၍ ရှေ့ကရော၊ ယခုပါ ခေါ်ပါသည်။ ကျွန်းကို သီဟဒီပ (Sihadap)ဟု ခေါ်တွင်သည်၊ ယင်းကိုပင် သက္ကတသံ ဖြင့် သီဟနုဒ္ဒီဒပ ဟု ခေါ်ပြန်ပါသည်။

ယင်းမှ တဖန် ဆင့်ပွားလာသော အမည်များက (Serendiva) (ဇီရင်ဒီပ) ဆီရင်းဒိ(ဗ်) (Seredio)တို့ ဖြစ်ကြသည်။

ယင်းနောက် အမည်ကား စီးလို (Celioo)၊ စီလန် (Ceylan) စီလုံတို့ ဖြစ်ပါသည်။

လင်္ကာဒီပကျွန်းတွင် ဝိဇယမင်းမှစ၍ ဗုဋ္ဌသီဝမင်းအထိ (၅)ဆက်သောမင်းတို့လက်ထက် (၂၃၆)နှစ်အတွင်း၌ ဗုဒ္ဓ၏ သာသနာ့အလင်းရောင်ကင်းမဲ့လျက် အိန္ဒိယမှပါရင်းစွဲ ဘိုးစဉ် ဘောင်ဆက် မိရိုးဖလာ ဗြဟ္မာ၊ ဗိဿနိုး၊ ရှိဝ ဟူသော ဟိန္ဒူဝါဒ၊ ဂျိန- ဂျိန်းဝါဒ ဘာသာရေးဓလေ့တို့ဖြင့် ကျေနပ်ပျော်မွေ့နေကြပြီး တိုင်းပြည်ထူထောင်ကိစ္စဖြင့် အချိန်ကုန်နေခဲ့ကြသည်။

ဝိဇယမင်းခေတ်၌ အနုရာဓအမတ်သည် ရှေးခေတ်က ဒဗ္ဗမြစ်၏ အနောက်ဘက်ကပ်လျက် အနုရာဓဂါမကို တည်ခဲ့ပါသည်။ အလားတူ ဥပတိဿ၊ ဥရုဝေဠ၊ ဂမ္ဘီရ၊ ဥဇ္ဇေနီ၊ ဝိဇိတ အမတ်တို့သည်လည်း မိမိတို့၏ အမည်များဖြင့် အသီးသီး မြို့တည်ထောင်ခဲ့ကြသည်။

(ဝိဇယမင်း၏ တူတော် ဒုတိယမြောက် ပဏ္ဍုဝါသုဒေဝမင်း၏မိဖုရား ဘဒ္ဒကစ္စာနီသည် သုဒ္ဓေါဒနမင်းကြီး၏ ညီတော် အမိတောဒန၏သား ပဏ္ဍုသက္ကမင်း၏ သမီးတော်ဖြစ်၍ ထိုအချိန်ကပင် ဗုဒ္ဓဝါဒသည် သီဟိုဠ်သို့ ရောက်သည်ဟု အချို့က ဆိုပါသည်။)

## လင်္ကာဒီပကျွန်း ဘုရားရှင် (၃)ကြိမ်ကြွရောက်ခဲ့ပုံ

ဂေါတမဘုရားဖြစ်ပြီး၍ (၉)လမြောက်သော လင်္ကာဒီပကျွန်း၏အလယ်ကြောမဟာဝေလီဂင်္ဂါမြစ်၏ညာဘက်ကမ်းတွင် တည်ရှိသော အလျား(၃)ယူဇနာ၊ အနံ(၁)ယူဇနာ ရှိသော မဟာနာဂဥယျာဉ်တွင် ရှေးဦးစွာ ရိုင်းစိုင်းသောဘီလူးတို့ကို ဆုံးမခြင်းငှါ နောက်ပါက်မပါ ကိုယ်တော်တစ်ပါးတည်း ကြွရောက်ကာ ဘီလူးတို့ကို ဆုံးမခဲ့သည်။

မိမိ ပရိနိဗ္ဗာန်စံပြီးနောက် သာသနာတော်တည်တံ့သည် ကိုမြင်၍ အစောင့်အရှောက် အရံအတားပြုလိုသဖြင့် တစ်ကျွန်းလုံးကိုလှည့်လည်ကာ ကြွတော်မူသည်။

ဘီလူးများကို တရားဟောချိန်တွင် သုမနတောင်ထွဋ်နေ မဟာသုမန နတ်မင်းသည် တရားနာရပြီး သောတာပန်အဖြစ်

တည်သည်။ သုမနနတ်မင်းတောင်းပန်သဖြင့် ဘုရားရှင်က ဆံတော်မြတ်တစ်ဆုပ်ကို ချီးမြှင့်ခဲ့သည်။

သုမနနတ်မင်းသည် ဘုရားရှင် သီတင်းသုံးခဲ့သော ဓမ္မခဏ်နေရာ၌ ဆံတော်မြတ်ကို ဌာပနာကာ ဥာဏ်တော်(၇) တောင်အမြင့်ရှိ မဟိယင်္ဂဏကျောက်စေတီကို တည်ထားသည်။

(သီဟိုဠ်ကျွန်း၌ ပထမဦးဆုံးသော စေတီဖြစ်ပါသည်။)

## ဒုတိယအကြိမ်

ဗုဒ္ဓသည် (၅)ဝါမြောက်တွင် တန်ခူးလကွယ်နေ့၌ ကုန်းနေ၊ ရေနေ တူဝရီးဖြစ်သော ဉဒ္ဓောဒရ မဟောဒရ နဂါး ဘုရင်တို့ ပတ္တမြားပလ္လင်လုပွဲ၌ တရားရေအေးတိုက်ကျွေးရန် သမိဒ္ဓိသုမန နတ်သားကို လင်းလွန်းပင်နှုတ်၊ ထီးဖြူလုပ်ကာ အုပ်မိုးစေလျက် နာဂဒီပကျွန်းသို့ ကြွတော်မူသည်။ တူဝရီးကို တရားဟောပြီး၍ ငြိမ်းချမ်းမှုရသောအခါ ပလ္လင်ကိုလှူသဖြင့် ပတ္တမြားပလ္လင်ကို စေတီပြုလုပ်စေကာ လင်းလွန်းပင်ကို ထိုနေရာ၌ စိုက်ပျိုးပူဇော်စေ သည်။ သမိဒ္ဓိသုမနနတ်သားကိုလည်း ထိုနေရာ၌ ထားတော်မူခဲ့ သည်။

(ထိုစေတီကို ရာဇသတ္တုစေတီဟု ယခုအခါ ခေါ်ကြသည်)

## တတိယအကြိမ်ကြွပုံ

ဗုဒ္ဓဝါတော်(၈)ဝါအရ ကဆုန်လပြည့်နေ့တွင် မဏိဒက္ခိဏ နဂါးမင်းပင့်လျှောက်ချက်ကို သနားငဲ့ကွက်၍ နောက်ပါတပည့် သံဃာ(၅၀၀)နှင့်အတူ ကောင်းကင်ခရီးဖြင့်ကြွသည်။ ကလျာဏီ

မြစ်ဆိပ်ကမ်းတွင် နဂါးတို့ ဖန်ဆင်းအပ်သော ရတနာပလ္လင်မဏ္ဍပ်၌ သီတင်းသုံးပြီး ဆွမ်းဘုဉ်းပေးတော်မူပြီးနောက် တရားရေအေး တိုက်ကျွေးတော်မူသည်။

ထို့နောက် ကလျာဏီမြစ်တွင်း၌ ရေသပ္ပါယ်တော်မူပြီး ကောင်းကင်ခရီးဖြင့်ပင် သမနကူဋတောင်သို့ ကြွတော်မူသည်။ ထိုတောင်နေ သုမနနတ်မင်း၏ လျှောက်ထားတောင်းပန်ချက် အရ တောင်ထိပ်၌ စက်တော်ရာတစ်ဆူ ချပေးခဲ့သည်။

ထို့နောက် တောင်ခြေရင်း၌ နေ့သန့်စင်တော်မူကာ နောင်အခါဝယ် စေတီတော်တည်ထိုက်ရာဖြစ်သော ဒီဃဝါပိ သမုတိမင်္ဂလာ၊ ဗောဓိပင်ဌာန၊ ထူပါရာမ တို့၌ ခေတ္တခဏ တန့်ရပ် နားလျက် သမာပတ်ဝင်စားသည်။

ထို့နောက် ဇမ္ဗူဒိပ် ကျွန်းသို့ ပြန်ကြွတော်မူခဲ့လေသည်။

## ဗုဒ္ဓသာသနာအလင်းရောင်နှင့် ဒေဝါနံပိယတိဿမင်း

ဝိဇယမင်းလက်ထက်တွင် အနုရာဓဂါမဖြစ်ခဲ့သော နေရာသည် ရှေးဘုရားရှင် (၃)ဆူတိုင်လက်ထက်၌ အဘယမြို့ တော်၊ ဝဍ္ဎမာနမြို့တော်၊ ဝိသာလမြို့တော် ဖြစ်ခဲ့ပါသည်။

စတုတ္ထမြောက် မင်းဆက်ဖြစ်သော ပဏ္ဍုကာဘယမင်း ခေတ်ရောက်မှ တီးနန်းစိုက်တည်ရာ မင်းနေပြည်ဖြစ်ပြီး အနုရာဓ ပူရ အမည်ရှိလာပါသည်။

(ထိုမြို့သည် သီဟိုဠ်ကျွန်း၏ မြောက်ဘက်ယွန်းယွန်း ကည်ရှိ၍ ယခုခေတ် ကိုလံဘိုမြို့မှ (၁၂၆)မိုင်ကွာဝေးပါသည်)

သာသနာသက္ကရာဇ် (၂၃၆)ခုနှစ်တွင် ဟုန်းနှင့် ပညာ ထပ်ချပ်မကွာပါသော ဒေဝါနံပိယ တိဿမင်းကြီးသည် ထီးနန်း တက်သည်။

ထိုအချိန်တွင် ဇမ္ဗူဒိပ်ကျွန်း(အိန္ဒိယ)၌ သီရိဓမ္မာသောက မင်းကြီးသည် တတိယသံဃာယနာတင်ပြီးနောက် ရှင်မောဂ္ဂလိ ပုတ္တတိဿ မထေရ်နှင့် တိုင်ပင်ပြီးလျှင် (၉)တိုင်း(၉)ဌာနသို့ သာသနာပြုစေလွှတ်ခဲ့ရာ အသောကမင်းကြီး၏ သားတော် ရှင်မဟိန္ဒသည် ထို(၂၃၆)ခုနှစ် နယုန်လပြည့်နေ့တွင် သီဟိုဠ်ကျွန်း သို့ သာသနာပြုကြွခဲ့ပြီး မိဿကတောင်၌ ရပ်နားသည်။

ထိုအချိန်တွင် ဒေဝါနံပိယ တိဿမင်းကြီးသည် လူလေး သောင်းခြံရံကာ မိဿကတောင်သို့ တောကစားထွက်လာချိန် ဖြစ်သည်။

ထိုအခါ တောင်စောင့်နတ်သည် သမင်ယောင်ဆောင် ကာ လှည့်ပတ်လျှက် အထွတ်ရှိသော တောင်(၂)လုံးကြား အရှင် မြတ်များ သီတင်းသုံးရာဖြစ်သော သရက်ပင်ပေါက်ရာ ကုန်းထိပ် မြေအပြင်သို့ သွေးဆောင်ဖြားယောင်း၍ပို့ဆောင်ပေးသည်။

အရှင်မဟိန္ဒက၊ တိဿ, တိဿ ဤအရပ်သို့ လာခဲ့ လော့ဟု ခေါ်တော်မူရာ သာသနာနှင့်တိမ်း အစိမ်းသက်သက် ဖြစ်နေသော မင်းကြီးသည်-

"ဤတစ်ကျွန်းလုံးတွင် ငါ၏ယေနာမည်ကို သုံးနှုန်းခေါ် ဝံ့သူမရှိ၊ ဤသူသည် လူလော၊ နတ်လော" ဟု ယုံမှားနေခိုက် -

"မင်းမြတ် . . . ငါတို့သည်ကား သုံးလောကထွဋ်ထား ဘုရားရှင်၏တပည့်သား သံဃာတော်များ ဖြစ်ကြသည်။ သင်မင်း

ကြီးကိုပင် သနားငဲ့ညှာတော်မူ၍ ချီးမြှင့်တော်မူရန် ဇမ္ဗူဒိပ်မှ ဤသီဟိုဠ်ကျွန်းသို့ ကြွရောက်တော်မူလာကြသည်"
ဟု မိန့်ကြားပြီး မင်းကြီး၏ ဉာဏ်အနုအရင့်ကို အနီး၌ သရက်ပင်ဖြင့် ဥပမာပြု၍စမ်းသပ်ပြီးနောက် စူဠဟတ္ထိပဒေါပမာသုတ်ကို ဟောတော်မူရာ မင်းကြီးနှင့်တကွ ဗိုလ်ပါလေးသောင်း သရဏဂုံ တည်ခဲ့ကြသည်။

(ရှင်မဟိန္ဒ ပထမရပ်တည်ခဲ့သော တောင်သည် ကျောက်နှင့်မြေ ရှစ်မျိုးရောစပ်ထားသောကြောင့် မိဿကတောင်ဟုခေါ်ရာမှ နောက်တွင် ရှင်မဟိန္ဒ ကြွရောက်သတင်းသုံးခဲ့သည်ကို အစွဲပြု၍ မဟိန္ဒတ္တလတောင်ဟု ခေါ်ခဲ့ပါသည်။ နောက်တွင် ထိုတောင်၌ သိကြားမင်းယံမှရသော ဘုရားရှင်၏ ညှပ်ရိုးတော်၊ အသောကမင်းကြီးထံမှရသော ဘုရားရှင်၏ သပိတ်တော်နှင့် သရီရဓါတ်တော်များကို ဌာပနာပြီး စေတီတည်ရာမှ လင်္ကာဒီပကျွန်း၏ အာဒိကစေတိယပဗ္ဗတ၊ စေတိယဂီရိ အမည်တွင်လာခဲ့ပါသည်။

ထိုတောင်သည် ရှေးဘုရားရှင် (၃)ပါးတို့၏ တိုင်းလက်ယက်၌လည်း ဒေဝကူဋ၊ သုဝဏ္ဏကူဋ၊ သုဘကူဋဟူ၍ တင်ရှားခဲ့ပါသည်။)

သီဟိုဠ်တွင် ရှင်မဟိန္ဒကျေးဇူးကြောင့် ဗုဒ္ဓသာသနာ ထွန်းကား ပြန့်ပွားလာခဲ့သည်။ ဘိက္ခုနီမိန်းမများ အနုဠာဒေဝီနှင့် ငါးရာသော အမျိုးသမီးတော်တို့ ဘိက္ခုနီပြုရေးအတွက် အရှင်မဟိန္ဒ၏နှမတော် သင်္ဃမိတ္တာထေရီမသည်လည်း ဥတ္တရာ၊ ဟေမာ၊ ပသာဒပါလာ၊ အဂ္ဂိမိတ္တာ၊ ဒါသိကာ၊ ဖေဂ္ဂု ပဗ္ဗတာ ပဒုမာစသော

ဘိက္ခုနီမတို့နှင့်အတူ ထိုအရှင်မဟိန္ဒကြွလာသော နှစ်မှာပင် ဗောဓိပင်ကိုပင့်ဆောင်ကာ ရောက်ခဲ့ပြီး ဘိက္ခုနီ သာသနာကို စတင်တည်ထောင်သာသနာပြုခဲ့သည်။

လင်္ကာဒီပကျွန်း၏ အာဒိကမ္မိက သာသနာ့ဒါယကာ ဒေဝါနံပိယ တိဿမင်းကြီးသည် ဗုဒ္ဓသာသနာတော်ကို အခြေကျစွာ၊ ခိုင်မာစွာတည်ဆောက်ခဲ့ပြီးမဟာဝိဟာရကျောင်း၊ စေတိယင်္ဂဏ၊ ထူပါရာမစေတီ၊ နာသရသမဏကျောင်း၊ ဝေဿဂိရိကျောင်း စသော များလှစွာသော စေတီ၊ ကျောင်းတော်ကြီးများကို ဆောက်တည်တော်မူခြင်း၊ ဗောဓိပင်စိုက်ပျိုးခြင်း စသည်ဖြင့် သာသနာတော်၏အကျိုး၊ မိမိ၏အကျိုးတို့ကို အနှစ်(၄၀)တိုင်တိုင် သည်ပိုးဆောင်တော်မူကာ သာသနာသက္ကရာဇ် (၂၇၆)ခုနှစ်တွင် နတ်ရွာစံလေသည်။

လင်္ကာဒီပ ဗုဒ္ဓသာသနာပြုကျေးဇူးရှင် ရှင်မဟိန္ဒသည်လည်း (၄၈)ဝါတိုင်တိုင် သာသနာပြုတော်မူပြီး ဝါတော်(၆၀)အရ ဒေဝါနံပိယတိဿမင်းကြီး၏ ညီတော်ဥတ္တိယမင်းကြီး နန်းစံ(၈)နှစ်မြောက် သာသနာနှစ် ၂၈၄-ခု သီတင်းကျွတ်လမင်း(၈)ရက်နေ့တွင် မဟိန္ဒလဟောင်ခေါ် စေတိယကျောင်း၌ ပရိနိဗ္ဗာန်စံဝင်ခဲ့သည်။

သံဃမိတ္တာထေရီမသည်လည်း အရှင်မဟိန္ဒနှင့် တစ်နှစ်သာခြား၍ (၅၉)ဝါအရတွင် ပရိနိဗ္ဗာန်စံဝင်ခဲ့ပါသည်။

ဤသို့အားဖြင့် လင်္ကာဒီပ(သီဟိုဠ်)နိုင်ငံတွင် ဗုဒ္ဓသာသနာတော်သည် အခြေချမိပြီး ထွန်းလင်းတောက်ပခဲ့ပါသည်။

အခန်း ( ၂ )

# ဗုဒ္ဓသာသနာပြုစစ်တုရင်တို့၏အနွယ်အစ

## ကာကဝဏ္ဏတိဿမင်း၏ အဆက်အနွယ်

လင်္ကာဒီပကျွန်းအနူရာဓမြို့၌ မုဒ္ဒသီဝမင်း၏ သားဖြစ်ကုန်သော ညီနောင်(၁၀)(တစ်ကျိပ်)တို့တွင် နှစ်ယောက်မြောက်ဖြစ်သော ဒေဝါနံပိယတိဿမင်းကြီး၏အောက် တတိယညီတော်ဖြစ်သော မဟာနာဂအမည်ရှိသော မင်းသားအား အိမ်ရှေ့အရာပေးထားသည်။

ဒေဝါနံပိယတိဿမင်းကြီး၏ မိဖုရားသည် မိမိ၏သားတော် မင်းဖြစ်စေခြင်းငှါ အလိုရှိသည်။

ဒေဝါနံပိယတိဿမင်းကြီးကာ တိရစ္ဆာနဝါပိ အမည်ရှိသော ကန်ကြီးကို တူးဖော်စီမံသောအခါ အိမ်ရှေ့မင်း မဟာနာဂကို ကြပ်မတ်စီမံစေသည်။

မိဖုရားသည် ထိုအိမ်ရှေ့မင်းသေစေရန် အဆိပ်နှင့်ရောသော သရက်သီးဖျော်ရည်ကို ပို့သစေသည်။ မိဖုရား၏သားသည်လည်း ထိုအိမ်ရှေ့မင်းနှင့်အတူ ရေကန်ကြပ်မတ်တူးဖော်ရာ၌ ပါလာသည်။

မိဖုရားသားသည် သရက်သီးမှည့်ခွက်ကိုမြင်သော် မိမိအလိုလိုပင် ကျွန်းသရက်သီးမှည့်ခွက်ကို ယူ၍ သောက်လေသည်။ ထိုခဏမှာပင် သားတော်သည် သေဆုံးလေသည်။

မဟာနာဂအိမ်ရှေ့မင်းသည် ထိုအကြောင်းကို ရိပ်စားမိ၍ နောင်တော်မင်း၏မိဖုရား အကောက်ကြံမှုကို ကြောက်သဖြင့် နောင်တော်ထံခွင့်ပန်ကာ ထွက်ခဲ့သည်။

ခရီးအကြား သလာက အမည်ရှိသော ကျောင်းဇရပ်သို့ ရောက်သော် မိမိ၏မယားသည် သားတော်ကို ဖွားမြင်လေသည်။ ထိုသားကို မိမိနောင် တိဿအမည်နှင့် ကျောင်းတော် သလာကကို တွဲ၍ သလာက တိဿဟူ၍ အမည်ပေးလေသည်။

ထိုကျောင်းဇရပ်မှ ဆက်လက်၍ သွားသော် ရောဟဏဇနပုဒ်ရှိ မဟာဂါမသို့ ရောက်ရှိပြီး ထိုမဟာဂါမ၌ပင် မင်းပြုလေသည်။ မဟာနာဂမင်းနတ်ရွာစံသော် သားတော် သလာကတိဿ မင်းပြုလေသည်။ ထိုမင်းမှ သားတော် ဂေါတာဘယ မွေးဖွားသည်။ သလာကတိဿ နတ်ရွာစံသော် ဂေါတာဘယမင်း မင်းပြုသည်။ ထိုမင်း၏သားတော်ကား ကာကဝဏ္ဏတိဿ ဖြစ်လေသည်။

## ကာကဝဏ္ဏတိဿမင်းကြီး၏ဘဝ

ဂေါတမဘုရားပွင့်တော်မမူမီ ရှေးအခါက ဖြစ်သည်။ ဇမ္ဗူဒိပ်ကျွန်း၏ တစ်ခုသောပစ္စန္တရာဇ်အရပ်၌ လူရိုင်းတစ်ဦးသည် မုဆိုးအလုပ်ဖြင့် အသက်မွေးဝမ်းကြောင်းပြုနေသည်။

ထိုမုဆိုးသည် တစ်နေ့တွင် ပစ္စေကဗုဒ္ဓါတစ်ပါးကို ခရီးကြုံဖူးတွေ့ရပြီး ထိုပစ္စေကဗုဒ္ဓါ၏ သွား၊ လာ၊ ကြည့်မှု ဣရိယာပုတ်ကို ကြည်ညိုသဖြင့် ထိုပစ္စေကဗုဒ္ဓါထံသို့ ချဉ်းကပ်သည်။ သစ်သီးဆွမ်း အာဟာရတို့ဖြင့် ဆက်ကပ်လုပ်ကျွေးပြုစုသည်။

ထိုမုဆိုးသည် မိမိစိုက်သော ပိန္နဲပင်မှ ပိန္နဲသီးအမှည့်ကို ဆွတ်ခူးယူကာ အစေ့တို့ကို ထုတ်သည်။ ထိုအစေ့ထုတ်ရာ နေရာမှ ဆေးဒါန်း၏အဆင်း ရွှေအဆင်းနှင့်တူသော ပိန္နဲရည်များ ထွက်လာသည်ကို မြင်သည်။

"ဤအနီးဖြစ်လာသော သစ်သီးသည် တစ်ပါးသူအား သုံးဆောင် စားသောက်ခြင်းငှါ မထိုက်၊ ငါ၏အရှင်ဖြစ်သော ပစ္စေကာ ဗုဒ္ဓအားသာလျှင် ထိုက်၏။ ထိုအရှင်အား ဦးစွာ လှူအံ့"

မုဆိုးသည် ဤသို့ ကြံစည်ပြီးလျှင် ပစ္စေကဗုဒ္ဓါကြွအလာကို စောင့်မျှော်နေလေသည်။

မကြာခင်လျှင် ပစ္စေကာဗုဒ္ဓါသည် ကြွလာသဖြင့် သပိတ်ကိုယူကာ ပိန္နဲရည်ကို သပိတ်အပြည့်လောင်းလှူသည်။

ထို့နောက်-

"အရှင်ဘုရား. . . ဤဘဝမှသေသည်ရှိသော် ဖြစ်လေရာဘဝတိုင်း၊ ဘဝတိုင်း၌ ကြီးစွာသောတန်ခိုးဥစ္စာ ပစ္စည်းနှင့်

ပြည့်စုံသူ ဖြစ်ရပါလို၏။ သီလတရား သဒ္ဓါတရားရှိပြီး နူးညံ့သိမ်မွေ့သောအလှူရှင်ပတို့၏ အဓိပတိဖြစ်၍ နတ်ပြည်နိဗ္ဗာန်သို့ ရောက်လွယ်သည် ဖြစ်ရပါလို၏ ဘုရား"
ဟု ဆုတောင်းလေသည်။

အရှင်ပစ္စေကဗုဒ္ဓါသည် "သင်တောင့်တအပ်သော ဆုနှင့်ပြည့်စေ" ဟု ဆုပေးပြီး ထိုမုဆိုးလှူသော ပိန္ဒအရသာကို ဘုန်းပေးပြီး ထိုမုဆိုးရွာဇနပုဒ်၌ အမြဲသီတင်းသုံး၍ နေသည်။ မုဆိုးအိမ်သို့ နေ့စဉ် ဆွမ်းခံဝင်သည်။

တစ်နေ့သော် မုဆိုးသည် အရပ်တစ်ပါးသို့ ခရီးသွားလိုသည်ဖြစ်၍ မယားကို ခေါ်ကာ-

"ရှင်မ. . . ယနေ့ ငါသွားစရာရှိသည်။ နေမြင့်မှ ပြန်ရောက်မည်။ ငါ၏အရှင်ကို ကောင်းမွန်စွာလုပ်ကျွေးပြုစုပေးပါ" ဟု မှာကြားပြီး လေးမြှား၊ တောင်းတို့ကို လွယ်ပြီး ထွက်ခွာသွားလေသည်။

အရှင်ပစ္စေကဗုဒ္ဓါသည် ဆွမ်းခံချိန်မှတ်၍ မုဆိုးအိမ်သို့ ဆွမ်းခံဝင်သည်။ မုဆိုးမယားသည် ကည်ငြိမ် ငြိမ်သက်သော ရှင်ပစ္စေကဗုဒ္ဓါ မိမိအိမ်ရှေ့သို့ ကြွလာသည်ကိုမြင်လျှင် သောလျှင်စွာ အိမ်မှသက်ဆင်း၍ရှိခိုးကာ သပိတ်ကို ယူသည်။ အိမ်ထက်သို့ပင့်၍ ခင်းအပ်သောနေရာ၌ နေစေပြီး စားဘွယ် ခဲဘွယ်တို့ကို အခြံအရံနှင့်တကွ ကောင်းမွန်စွာ ဆက်ကပ်လေသည်။

မုဆိုးမယားသည် ဆွမ်းဘုန်းပေးနေသော ရှင်ပစ္စေကဗုဒ္ဓါကို အဖန်ဖန်အထပ်ထပ်ကြည့်သည်ရှိသော် အရှင်ပစ္စေကဗုဒ္ဓါအပေါ်၌ ရာဂဖြင့်တပ်မက်သော စိတ်ဖြစ်ပေါ်လာလေသည်။

တပ်စွန်းသော ရာဂလွန်သဖြင့် ပညာမျက်စေ့ကန်းကာ တွေဝေခြင်း မောဟအမိုက်တိုက်နှင့် လွှမ်းမိုးနှိပ်စက်လာသဖြင့် အရှင်ပစ္စေကဗုဒ္ဓါကို မိမိအလိုသို့ လိုက်စေအံ့ဟု မိုက်မဲစွာ နှလုံးသွင်း ကြံစည်မိလေသည်။

ထို့နောက် မိန်းမတို့၏ မာယာစဉ်းလဲမှုကို လည်းကောင်း၊ မိန်းမတို့၏ လှည့်ပတ်မှုကိုလည်းကောင်း ပြသလျှက်-

"အရှင်. . . လူဖြစ်သောသူသည် ကာမဂုဏ်ငါးပါးကို အလိုရှိကိုင်းသုံးဆောင်ရာ ပထမအရွယ်၊ ဒုတိယအရွယ်ကို လွန်စေမူ၍ ထိုသောအရွယ်ကျမှသာလျှင် ခြိုးခြံသော အကျင့်ကို ကျင့်သင့်သည်ဟု ကျွန်ုပ် ထင်မြင်ပါသည်။ အိုပြီးသောသူသည် ကျင့်အပ်သော အကျင့်သီလသည် မပျက်နိုင်။ သူတစ်ပါးလည်း မဖျက်ဆီးနိုင်၊ စိတ်လည်းတည်ကြည်ပြီး လူအများကလည်း ချီးမြှင့်ထိုက်ပါ၏။

"အရှင်. . . ဆင်ထိန်းယောက်ျားသည် မိုက်မဲသဖြင့် အမုန်ယစ်သောဆင်ပြောင်ကို ပင့်ကူချည်မျှင်ဖြင့် ချည်နှောင်ဘိ သကဲ့သို့ ပထမအရွယ်၊ ဒုတိယအရွယ်တွင် ရာဂယစ်သော စိတ် ရှိလျှက် သတိဟူသောကြိုးဖြင့် စိတ်ကို မနှောင်ဖွဲ့နိုင်ပေဘဲလျှက် ခြိုးခြံသောနှလုံးဖြင့် နှောင်ဖွဲ့သည် မည်ဘိတကား"

ဟူ၍ ကျွန်ုပ် ကြံအောက်မေ့ပါ၏။

"အရှင်. . . မြေအပြင်၌ ကာမဂုဏ်ငါးပါးနှင့် ကြံုသော တစ်ပါးသော ချိုမြိန်ကောင်းမွန်စွာသော အရသာမြတ်သည် လောက၌ မရှိပါ။ မိုက်မဲသဖြင့် မချွတ်မယွင်း အတွေးမခေါင်းပါ စေနှင့်၊ အရှင်နှင့် ကျွန်ုပ် နှစ်ယောက်အတူ ပျော်မွေ့ကြပါစို့။ ကျွန်ုပ်၏ နှလုံးအလိုကိုလည်း ဖြည့်ပေးပါလော။"

ဟု ရှင်ပစ္စေကာဗုဒ္ဓါ ဂုဏ်တော်ကို မသိဘဲ လှည့်ဖြားမှားလေသည်။

"လှပရောင်ဆင်း တင့်တယ်ခြင်းနှင့် ပြည့်စုံသော ဒါယိကာမ၊ ကာမဂုဏ်ငါးပါးတို့သည် ခွေးတို့သည် လျှော်ရည် တလျားလျား ကိုက်ခဲများသော အရိုးတုံး ဥပမာ ရှိ၏။ "

ကာမဂုဏ်ငါးပါး အာရုံတရားတို့သည် မြွေပွေး၊ မြွေဟောက် ဦးခေါင်းနှင့် တူကုန်၏။

ကာမဂုဏ်တို့သည် ရှားမီးခဲပုံနှင့် တူကုန်၏။ စူးရှတတ်သော လှံသေး လှမြှောင့်တံသင်းနှင့်တူကုန်၏။

ဤလောက၌ အကြင်ပုထုဇဉ်တို့သည် မိုက်မဲသဖြင့် ကာမဂုဏ်တို့ကို မှိုဲပွားကုန်၏။ ထိုသူတို့အားသာ အလုံးစုံသော ဆင်းရဲတို့သည် ဖြစ်ကြရကုန်၏။ ထိုမှတစ်ပါး အပါယ်လေးပါးသို့ လားရကုန်၏။

အရှင်ပစ္စေကာဗုဒ္ဓါသည် မုဆိုးမယားကို ဤသို့ ဆုံးမ ပြီးလျှင် နေရာမှထ၍ ကြွသွားတော်မူလေသည်။

ထိုအခါ မုဆိုးမယားသည် ရက်ကြောက်မှု ဖြစ်၍-

"ဤအရှင်သည် ယခုငါပြောသော အကြောင်းအခြင်း အရာတို့ကို ငါ့လင်အား အဆောတလျှင် ပြောကြားပါက ငါ၏ အသက်သည် မရှိလတ္တံ့။ သို့အတွက် ငါသည် ပရိယာယ်ပြုမှ သင့်ပေမည်"

ဟုကြံစည်လျှက် မိမိကိုယ်ကို နေရာအနံ့ လက်သည်းဖြင့် ကုတ်ခြစ် ဒဏ်ရာပြုလျှက် ညောင်စောင်း၌မှောက်၍ အိပ်နေလေသည်။

မုဆိုးသည် အလုပ်မှ ပြန်ရောက်လာသော် မယားကို-

"ရှင်မ သင်ယနေ့ ငါ၏ အရှင်ကို လုပ်ကျွေးပါ၏လော" ဟု မေးသည်။

"အရှင်. . . ငါ့အား အမောင့်ဆရာ ရဟန်း၏ အကြောင်းကို မမေးပါလင့်တော့၊ သင့်ဆရာရဟန်းသည် မိမိနှင့် မထိုက်လျှောက်သော လူတို့၏အကျင့်ကာမဂုဏ်အကျင့်ကို သူနှင့်အတူပျော်ပါးရန် ငါ့အားတောင်းပါ၏။ ငါက မလိုက်လျော သောအခါ ငါ၏ဆံပင်တို့ကို ကိုင်ဆွဲ၏။ လက်သည်းဖြင့် ကုတ်ခြစ် ၍ သွားပါသည်"

ဟုပြောပြကာ ဆံပင်ဖရိုဖရဲနှင့် လက်သည်းကုတ်ခြစ်ရာတို့ကို ပြသလေသည်။ မုဆိုးသည် မယား၏ဒဏ်ရာတို့ကို မြင်သော်-

"စင်စစ် ဤရဟန်းသည် ပြုအပ်သည် ဟုတ်တန်ရာ၏"

ဟုအောက်မေ့လျက် ဒေါသအမျက် ခြောင်းခြောင်း ထွက်ကာ လက်သီးလက်မောင်းတန်းပြီးလျှင်-

"ဤမျှလောက်သော ကာလတိုင်အောင်သူအား ရဟန်း မြတ်ဟူ၍အောက်မေ့လျက် ငါသည် အရိုအသေပြုကာ လုပ်ကျွေး ခဲ့၏။ ယနေ့ပင် ကျွန်ုပ်ထိုရဟန်းကို လေးနှင့်ပစ်သတ်၍သေစေအံ့" ဟု ကြံစည်ကာ လေးနှင့်မြားကိုဆွဲပြီးလျှင် ပစ္စေကာဗုဒ္ဓါ သီတင်း သုံးရာ ကျောင်းသခ်မ်းသို့ သွားလေသည်။

လောက၌ ပုဂ္ဂိုလ်ဖြစ်သောလူသည် အနည်းငယ်မျှ သော ဂုဏ်ကျေးဇူးမှုကိုလည်း နှစ်သက်လွယ်သည်။ အနည်း ငယ်မျှသောအမှုဖြင့်လည်း အမျက်ထွက်တတ်သည်။ ဤမုဆိုး ယောကျ်ားကဲ့သို့ပင် ဖြစ်သည်။

ချိန်ခွင်၏လျှာသည် အနည်းငယ်သော ဝန်လေး၊ ဝန်ပေါ့ ဖြင့် အပေါ်သို့ဟက်ခြင်း၊ အောက်သို့ယုတ်ခြင်းသို့ ရောက်တတ် လွယ်သကဲ့သို့ ဤလူ့ပြည်၌ ပုထုဇဉ်တို့သည် အနည်းငယ်မျှသော အမှုဖြင့်အမျက်ထွက်ခြင်း၊ ကြည်ညိုခြင်းသို့ ရောက်လွယ်တတ်၏။

အရှင်ပစ္စေကာဗုဒ္ဓါသည် မုဆိုး၏အကြံကို စေတော ပရိယာယညာဏ်ဖြင့်သိတော်မူ၍-

ဤမုဆိုးသည် ငါ့အား ပြစ်မှားမိလေလျှင် ငရဲ၌ ကြီးစွာသောဆင်းရဲကို ရရှိခံစားရတော့မည်တကား။

ဟု သနားခြင်း ကရုဏာတော်ဖြင့် မုဆိုးမရောက်မီ ရှေးမဆွကပင် ကောင်းကင်ပြင်၌ ကြာငါးမျိုးဖြင့်ပွင့်သော ကြည်လဲ့သော ရေကန်နှင့် ကျောင်းဇရပ်ကို ဖန်ဆင်း၍ နေသည်။ ခါးပန်းကြိုးကိုတင်၍ သင်းပိုင်ကိုတင်ကာ ရေချိုးသည်။ ထို့နောက် သင်္ကန်းကို ဝတ်ရုံလျက် ကောင်းကင်၌ရပ်လျက် နေတော်မူသည်။

ထိုသည်ကို မုဆိုးမြင်လျှင်-

"ဤအရှင်ကား မြတ်သောအကျင့်နှင့်ပြည့်စုံတော်မူသော အရှင်တော်ပါတကား၊ မိန်းမယုတ်ဆိုတိုင်း အကျင့်ယုတ်ကို ကျင့်မည်မဟုတ်၊ မိန်းမယုတ်စကားသည် မသင့်လျော်၊ မိန်းမသည် မိမိစိတ်အလိုမပြည့်သောကြောင့် ပရိယာယ်မာယာဖြင့် လှည့်ဖြားမုသားဆိုခြင်းဖြစ်ရာ၏"

ဟု စိတ်၌ကြံစည်ဆုံးဖြတ်ပြီးလျှင် လေးနှင့်မြားတို့ကို ခြုံ၌ဝှက်ထားခဲ့ပြီးလျှင် အရှင်ပစ္စေကာဗုဒ္ဓါ၏ ကျောင်းသင်္ခမ်းသို့ ဝင်ရောက်လေသည်။

အရှင်ပစ္စေကာဗုဒ္ဓါ ခြေတော်ရင်း၌ ဝပ်ဆင်းရှိခိုးကာ-

"အရှင်ဘုရား. . . တပည့်တော်ပြစ်မှားမိသော အပြစ် တို့ကို သည်းခံတော်မူပါ" ဟု လျှောက်ထားလေသည်။

"ဒါယကာ. . . သင်သည် ငါ့အား အဘယ်သို့ပြစ်မှားခြင်းကို ပြုဘိသနည်း"

"အရှင်ဘုရား. . . တပည့်တော်သည် အကျိုးအကြောင်းကို စုံစမ်းဆင်ခြင်တတ်သော ဉာဏ်ပညာမရှိသောကြောင့် မိန်းမယုတ်၏စကားကိုသာယူမိချေ၍ အရှင်ဘုရားကို လေးနှင့်ပစ်သတ်အံ့သောငှာ လာမိပါသည်"
ဟုလျှောက်ထားပြီး ဆက်လက်၍-

"အရှင်ဘုရား. . . မြစ်စည်းမီးရှူးဖြင့် သမုဒ္ဒရာကို ခမ်းခြောက်စိမ့်သောငှာ ပြုမှားမိသကဲ့သို့ ထန်းရွက်ဓားဖြင့် မြင့်မိုရ်တောင်ကို အပိုင်းပိုင်းဖြတ်အပ်သည်ကို ပြုယောင်မှားဘိသကဲ့သို့ ထိုသမုဒ္ဒရာဖြင့် မြင့်မိုရ်တောင်တို့ကဲ့သို့ ကြီးကျယ်ခိုင်ခံ့ မြင့်မြတ်စွာကုန်သော၊ တန်ခိုးကြီးကုန်သော ကြီးသောအာနုဘော် ရှိတော်မူသော အရှင်ဘုရားကိုသေစေခြင်းငှာ လုံ့လအားထုတ်၍ အဘယ်သူသည် တတ်နိုင်ပါမည်နည်း"

"ဒါယကာ. . . သင်သည် ငါ့ကို သတ်အံ့ဟု လာပြီး အဘယ်ကြောင့် မသတ်တုံ့သနည်း"

"အရှင်ဘုရား . . . ယနေ့ တပည့်တော်သည် အရှင်ဘုရားကို ဖျက်ဆီးခြင်းငှာ မတတ်နိုင်ပါ။ တပည့်တော်၏ မယားယုတ်ကို အရှင်ဘုရားကို ဖျက်ဆီးခြင်းငှာ လုံ့လပြုခဲ့ပါ၏။ အရှင်ဘုရားကို ဖျက်ဆီးရန် အားထုတ်ခဲ့သော မိန်းမယုတ်၏ အမှုကို ယနေ့သိရပါလတ္တံ့"
ဟု လျှောက်ထားပြီး အရှင်ပစ္စေကဗုဒ္ဓါကို ရှိခိုးကာ အိမ်သို့ပြန်ရန် ထလေသည်။

"ဒါယကာ. . . မိန်းမကို သတ်ဖြတ်ညှင်းဆဲခြင်းကို မပြုလင့်၊ မိန်းမတို့မည်သည်ကား အပြစ်ကိုသာဆောင်တတ်သော

သုတသနစာကြည့်တိုက်
 ပြန်ပွားရေးဦးစီးဌာန 
ကမ္ဘာအေးရန်ကုန်

သဘောရှိကုန်၏။ မိန်းမတို့ကား အလုံးစုံနှင့် ဆက်ဆံတတ်၏။ မိန်းမတို့၏ စိတ်ကို ပြည့်စုံစေခြင်းငှာ မတတ်နိုင်ရာ” ဟု မိန့်ကြားပြီး ဆက်လက်၍-

“ဒါယကာ. . . တစ်ရာမက၊ တစ်ထောင်မကကုန်သော အယုတ်၊ အလတ်၊ အမြတ် ဖြစ်သောသူတို့သည် ရေချိုးလာကုန်သော်လည်း ဂင်္ဂါမြစ်သည် ရောင့်ရဲခြင်းသို့ မရောက်နိုင်၊ အမျိုးမြတ်သည်၊ အမျိုးယုတ်သည်ကိုလည်း မကြံကုန်၊ တစ်ယောက်တည်းသောယောကျ်ားဌ် အလိုပြည့်စုံခဲ၊ ပြည့်စုံလွယ်သော မိန်းမသည် လူ့ပြည်၌ မရှိပါ”

“ဒါယကာ. . . လူ့ပြည်ခရီးကို အယုတ်အမြတ်ဖြစ်ကုန်သော သတ္တဝါတို့သည် သွားကြကုန်၏။ အဘယ်ကြောင့်နည်း ခရီးဟူသည်ကား အလုံးစုံသော သတ္တဝါတို့နှင့် ဆက်ဆံကုန်သည်သာလျှင်တည်း။ လောက၌ မိန်းမတို့သည် ကိုယ်နှုတ်နှလုံးကို မစောင့်နိုင်သဖြင့် ခရီးနှင့်တူကုန်၏။ ထိုမိန်းမသည် အလုံးစုံသော သတ္တဝါတို့နှင့် ဆက်ဆံကုန်၏”

“ဒါယကာ. . . သေအရက်ရောင်းချသော တဲကုတ်သို့ များစွာကုန်သော သေသောက်ကြူးတို့သည် ဝင်ကုန်၍ သောက်ကြကုန်၏။ ထိုသောက်မှုလွယ်သော သေတဲကုတ်သည် သောက်တတ်သော သတ္တဝါတို့ကို တည်သကဲ့သို့အဝင်ခံကုန်၏”

“များစွာကုန်သော လူတို့သည် ပွဲသဘင်သို့လာလတ်၍ ငြိမ်သက်ကုန်သကဲ့သို့ ဤကာမဂုဏ်တို့သည် ပွဲသဘင်နှင့် တူကုန်၏။ ကာမဂုဏ်တို့၌ ဆင်ခြင်နိုင်မှုသည် မရှိပါ။ ခရီးဝေးစွာသွား၍ ပင်ပန်းကုန်သောသူတို့အား ရေတွင်း၊ ရေကန်တို့သည် အလုံးစုံ

သောသူတို့နှင့် ဆက်ဆံကုန်သကဲ့သို့ ထိုကာမဂုဏ်တို့သည် အလုံးစုံ အလုံးစုံ ကိလေသာမကုန်သော သူတို့အား ဆက်ဆံကုန်၏။"

"အဆိပ်သီးသည် အရသာကို ခံစားမှားမိကုန်သော လူတို့အား သေခြင်းဟူသောအပြစ်ကိုသာ ပေးဘိသကဲ့သို့ ကာမဂုဏ်တည်းဟူသောအဆိပ်သည် အပြစ်ကိုသာပေးတတ်၏"

"ဒါယကာ. . . မိန်းမတို့၏သဘောသည် မမှန်ကန်သော စကားကို အမှန်အကန်ကဲ့သို့ ဆိုတတ်ကုန်၏။ မှန်ကန်သည်ကို လည်း မမှန်မကန် ဖုံးကွယ်၍ ဆိုတတ်၏။"

"တစ်ယောက်သောသူအား ချစ်မြတ်နိုးသည်ကိုပြုလျှက် မိမိချစ်မြတ်နိုးသော အမှန်အကန်မှတစ်ပါး မချစ်မြတ်နိုးလေဟန် အယောင်ကို နှုတ်ဖြင့်ပြောဆိုတတ်ကြသော သဘောရှိကြ၏"

မုဆိုးသည် အရှင်ပစ္စေကဗုဒ္ဓါ ဆိုဆုံးမသည့်စကားတို့ကို နာခံ၍ မိန်းမ၏အပြစ်တို့ကို သည်းခံသိမ်းချုပ်လေသည်၊အရှင် ပစ္စေကဗုဒ္ဓါကိုမူ ရေးကထက်ပိုမို၍ ပြုစုလုပ်ကျွေးလေသည်။

ထိုမုဆိုးသည် အရှင်ပစ္စေကဗုဒ္ဓါကို ပြုစုလုပ်ကျွေးခဲ့ သော ကုသိုလ်ကံအစွမ်းကြောင့် သေဆုံးသောအခါ နတ်ပြည်၌ ဖြစ်၍ နတ်စည်းစိမ်ဘဝကို ရရှိခံစားရလေသည်။

ထိုနတ်ပြည်မှ စုတေသော် လူ့ပြည်၌ လက်ကာဒီပကျွန်း၊ ဖလဟာအရပ်၌ အပ္ပလကိုဏ်၏အနီးရှိ မုဆိုးတို့ရွာ၌ မုဆိုးတံငါ၏ သားလာဖြစ်ပြန်လေသည်။

ထိုသူငယ်ကို မိဘတို့က အမရုပ္ပလဟူ၍ အမည်ပေး ထားကြသည်။ ထိုသူငယ်သည် မြူးတူးပျော်ပါးကစားချိန် ရောက်သော အသက်အရွယ်တွင် လူငယ်များနှင့် ကစားရာ၌

ကစားဖော်သူငယ်များကို သံဃာလုပ်စေပြီး တန်းစီကြွစေကာ မိမိကမူ သဲတို့ကို ဆွမ်းအဖြစ် လှူဒါန်းလေဟန် အမြဲကစားလေ့ရှိသည်။

တစ်နေ့တွင် ထိုအမရပ္ပလသူငယ်သည် သဲကိုစေတီပြု၍ မိမိဝတ်သော အဝတ်မှချည်ကို နှုတ်ယူပြီးလျှင် ဖြောင့်သော ဝါးတိုင်၌ ချည်နှောင်ကာ နှုတ်ထွက်စကားဖြင့် စည်းခုံပူဇော်မှုကို ပြုလေသည်။

ထိုသူငယ်သည် အသက်အရွယ်ကြီးလာသောအခါ ထိုအမရပ္ပလ လိုက်ဂူ၌နေသော သံဃာတော်များနှင့် အကျွမ်းတဝင်ဖြစ်ပြီးလျှင် အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုတို့ကို ပြုလေသည်။

ထိုအဖြစ်မှ သေလွန်သော ရောဟနဇနပုဒ် မဟာဂါမ ရွာ၌ ဂေါတဘယမင်း၏သားတော် ကာကဝဏ္ဏတိဿဖြစ်လာလေသည်။

ကာကဝဏ္ဏတိဿမင်းကြီးသည် ရေ၌ လျှောလာသော ကလျာဏီမင်း၏သမီးကိုယူ၍ ဝိဟာရဒေဝီဟူသော အမည်ဖြင့် မိဖုရားတင်မြှောက်သည်။

ထိုမိဖုရားမှ သားတော်ဂါမဏီနှင့် သားတော် တိဿတို့ မွေးဖွားခဲ့သည်။

မင်းကြီးသည် သားတော်များကို ငယ်စဉ်ကတည်းကပင် ရတနာသုံးပါးတို့ကို ကြည်ညိုတတ်စေရန် ရလာသော အစားအစာကို သံဃာကိုမလှူဘဲ မစားရန် သွန်သင်ဆုံးမခဲ့သည်။

သားတော်ဂါမဏိ အသက်(၁၂)နှစ်အရွယ် ရောက်သော် အစွမ်းထက်မြက် သတ္တိရှိပြီး အားခွန်ဗလနှင့် ပြည့်စုံသော သူရဲတို့ကို ရှာဖွေမွေးပြီး သားတော်ထံ၌ ခ,စားစေခဲ့သည်။ ထိုသူရဲများနှင့်အတူ စစ်ပညာတို့ကို လေ့လာသင်ယူစေသည်။

မင်းကြီးသည် တိဿမဟာဝိဟာရ၊ ဆဣာသမဟာဝိဟာရ ကုဋ္ဌိသမဟာဝိဟာရ စသော (၆၄)ရပ်သော ကျောင်းတို့ကို ဆောက်လုပ်လှူဒါန်း၍ လည်းကောင်း၊ များစွာသော မနိူင်းယှဉ် နိုင်သောကုသိုလ်တို့ကို ပြု၍ လည်းကောင်း ဒါနပတိ ဘွဲ့အမည် ရခဲ့သည်။

အနှစ်(၂၀)လုံးလုံး မင်းပြုပြီးနောက် နတ်ရွာစံပြီး နတ်ပြည်သို့ ရောက်ရှိလေသည်။

ဤကာကဝဏ္ဏမင်းကြီး၏ ကောင်းမှုကိုအကြောင်းပြု၍ ပညာရှိတို့က "ဤထူးခြားထင်ရှားသော သူတော်ကောင်းတို့သည် ကောင်းစွာ ကျင့်အပ်သောအကျင့်ကို ကြားနာရပြီး ဖြစ်၍ ချမ်းသာကိုရှာတတ်သော ပညာရှိသောသူတော်ကောင်းသည် ငရဲသို့လားရကြောင်း ဖြစ်သော မကောင်းမှုတို့ကို အမြဲလျှင် မပြုမူ၍ နတ်ရွာသုဂတိသို့ ပေးတတ်သော ကောင်းမှုတို့ကိုသာ အမြဲ ပြုလုပ်ဆည်းပူးရာ၏"
ဟု ဆုံးမထားပါသည်။

(ကာကဝဏ္ဏမင်းကြီးဝတ္ထုပြီး၏)

## ကလျာဏီတိဿမင်း၏သမီးတော် ဝိဟာရဒေဝီ

လင်္ကာဒီပကျွန်း၌ ကလျာဏီတိဿမင်းသည် ကလျာဏီမြို့၌ မင်းပြုသည်။ ထိုမင်းသည် ညီတော်ဖြစ်သော ခတ္တိယမင်းသားကို အိမ်ရှေ့အရာပေးသည်။

ထိုနောင်တောင်၊ ညီတော်(၂)ဦးသည် ဓမ္မပါလ မည်သော ကလျာဏီထေရ်ထံ၌ အတတ်ပညာကို သင်ယူခဲ့ကြသည်။

တစ်ရံရောအခါ ညီတော် အိမ်ရှေ့မင်းခတ္တိယသည် နောင်တော်၏ မိဖုရားကြီးနှင့် အကျွမ်းဝင်ပြီး ချစ်ကြိုက်သွားမိကြသည်။ မင်းကြီးသည် ထိုအကြောင်းကိုသိ၍ ညီတော်ကို ဖမ်းစေရန် အမတ်တို့ကို စေလွှတ်သည်။

ခတ္တိယမင်းသည် ထိုအကြောင်းကို ကြိုတင်သိရသဖြင့် သေဘေးမှလွတ်ရန် ထွက်ပြေးပြီးလျှင် အရပ်တစ်ပါး၌ မထင်မရှားဘဝဖြင့် နေလေသည်။

ခတ္တိယမင်းသားသည် မရီးဖြစ်သော မိဖုရားကြီးကို စွဲလမ်းသဖြင့် မိမိအနီး၌ အမြဲလုပ်ကျွေးပြုစုနေသော ကျွန်းရင်းတစ်ယောက်ကို ရဟန်းယောင်ဆောင်စေ၍ မိဖုရားထံစာတစ်စောင်ရေးကာ လျှို့ဝှက်ပို့စေသည်။

ဆရာဖြစ်သော ကလျာဏီမထေရ်မြတ်သည် အမြဲပင်မင်း၏ နန်းတော်၌ ဆွမ်းစားတော်မူလေသည်။

အိမ်ရှေ့မင်းတမန် ရဟန်းတုသည် မင်း၏နန်းတော်တံခါး၌ မထေရ်မြတ်တပည့်များနှင့် ကွဲလာမည်ကို သိသဖြင့် စောင့်နေလေသည်။

ကလျာဏီ မထေရ်မြတ်သည် တပည့်ဒအပေါင်းနှင့် နန်းတော်သို့ ယခင်အတိုင်းပင် ဆွမ်းစားချိန် ဆွမ်းစားကြွသည်။ ထိုရဟန်းတုသည် မထေရ်ကြီးနှင့်အတူ ရောပါပြီးဝင်လေသည်။

မထေရ်ကြီးက ဤရဟန်းသည် ယခင်ကတည်းက မင်းနှင့် အကျွမ်းဝင်သူဖြစ်၍ မင်းသားသာဖြစ်မည်ဟု ဆင်ခြင်ပြီး ထိုရဟန်းကို အကျိုးအကြောင်းမမေးချေ။

မင်းကြီးကလည်း ထိုရဟန်းတုကို မထေရ်မြတ်၏ တပည့် ဖြစ်မည်ဟု ထင်၍ မစစ်မမေးမြန်းဘဲ အမှတ်မဲ့နေလေသည်။

မင်းနှင့် မိဖုရားတို့သည် မထေရ်တို့ကို ရိုသေစွာ ဆက်ပြီး လုပ်ကျွေးကြသည်။ ဆွမ်းဘုဉ်းပေးပြီးသောအခါ ဆွမ်းအနုမောဒနာတရားဟောတော်မူသည်။

ထို့နောက်ပြန်ကြွရန် ပြင်ဆင်သည်။ မင်းနှင့် မိဖုရားက ရိုသေစွာ ရှိခိုးကြသည်။ ထို့နောက်မင်းကြီးက အရင်ထ, ၍ သွားလေသည်။

ထိုအခါ ပြန်ကြွရန် ပြင်ဆင်သည့် မင်းနှင့် မိဖုရားက ရိုသေစွာ ရှိခိုးကြသည်။ ထို့နောက် မင်းကြီးက အရင်ထ, ၍ သွားလေသည်။

ထိုအခါ ထိုရဟန်းတုသည် ကမ္ပည်းစာကို မိဖုရားရှိသော ကြမ်းပြင်၌ချခဲ့သည်။ မင်းကြီးသည် ထိုကမ္ပည်းစာကြမ်းပြင်ပေါ်၌ ကျသော ခေါက်ခေါက်မြည်သံကိုကြား၍ ပြန်လှည့်ကြည့်မိသည်။ မိဖုရားကြီးရှေ့၌ကျနေသော စာခွေကိုမြင်၍ ကောက်ယူကာ ဖတ်ကြည့်သည်။

"ဤကလျာဏီမထေရ်သည် ငါ၏မိဖုရားထံသို့ ညီငယ်ခတ္တိယ၏စာကို သယ်ပြု၍ ပို့ပေးနေပါကလား"
ဟု သတ်မှတ်ယုံကြည်ပြီးလျှင် မစူးစမ်း၊ မဆင်ခြင်၊ မစစ်မေးဘဲ ဒေါသအမျက်ခြောင်းခြောင်းထွက်ပြီး-

"ကလျာဏီမထေရ်ကို ဖမ်းယူ၍ ဆီအိုးကင်း၌ ထည့်၍ ကြော်ကြလေကုန်"
ဟူ၍ သူသတ်တို့ကို စေခိုင်းလေသည်။

ထိုကလျာဏီမထေရ်ကို သတ်စေသောအကြောင်းကို အမတ်တို့က သိကြ၍ စည်းဝေးကြပြီးလျှင်-

"အံ့ဘွယ်လျှင် မင်းကြီးသည် အနိုင်အထက်ပြုဘိတကား"
ဟုစီတန်းခြင်းသို့ ရောက်ကုန်ကြလျှက် မင်းနန်းတော်သို့ ဝင်ကာ မင်းကြီးကို

"မင်းမြတ်. . ရေမြေသခင် အရှင်မင်းမြတ်သည် စဉ်းစား ဆင်ခြင် ပြစ်မှုဖြစ်မှသာ ပြစ်မှုအလိုက် ပြုကျင့်သင့်ပါသည်။ မစူးစမ်းမဆင်ခြင်ဘဲ မပြုကျင့်သင့်ပါ။

စူးစမ်းဆင်ခြင်၍ ပြုလေ့ရှိသော မင်း၏အကျော်အစော, အခြွေအရံ စည်းစိမ်သည်လည်းကောင်း၊ ချီးမွမ်းကျော်စောခြင်းသည်လည်းကောင်း တိုးပွားပါ၏။ ရေမြေ့သခင် အရှင်မင်းကြီး အကြင်သူသည် အကြင်သူ၏ အပြစ်ရှိသည်-မရှိသည်ကို မစူးစမ်း မဆင်ခြင်မူ၍ နှိပ်စက်ညှင်းဆဲခြင်းကို ပြုမိ၏။ ထိုပြုစလွယ်သော သူသည် ပျက်စီးတတ်ချေ၏။ အဘယ်မင်းပျက်စီးခဲ့ပါသနည်း ဆိုသော် မရွှိမတိုင်းကို အစိုးရသောမင်းသည် တိုင်းနိုင်ငံနှင့်တကွ ပျက်စီးခဲ့ဘူးပါ၏။ ထိုမင်းကဲ့သို့ ပျက်စီးတတ်ပါ၏။

"အရှင်မင်းကြီး. . . လောက၌ လူတကာသည် အလွန်ကြောက်လန့်ခြင်းသည်လည်းကောင်း၊ အလွန်စိတ်နူးညံ့ရခြင်း၊ အလွန်နှိမ့်ချရခြင်းသည်လည်းကောင်း၊ အလွန်ဆင်းရဲခြင်းသည်လည်းကောင်း၊ ရှည်စွာသောကာလပတ်လုံး ချမ်းသာကိုတောင့်တရခြင်းသည်လည်းကောင်း ဤသို့သောအရာတို့၌ အစဉ်မပြတ်မင်းကိုသာလျှင် အောက်မေ့ကြစမြဲ ဖြစ်ပါသည်။"

(မင်းဟူသည် မင်းကျင့်တရားဆယ်ပါး စောင့်ထိန်းပါမှ ရဟာန်းပြည်သူတို့ ချမ်းသာသည်။ မစောင့်ထိန်းက ရဟာန်းပြည်သူတို့ ဆင်းရဲရသည်။)

"မြေကြီးထက်နေ လူတို့ကို စောင့်ရှောက်တတ်သော မင်းမြတ်လောက၌ လူတကာသည် နှုတ်ကြမ်း၊ လက်ကြမ်းခြင်းသည်လည်းကောင်း၊ ကိုးကွယ်ရာမရှိ ဖြစ်ရခြင်းသည်လည်းကောင်း၊ မေ့လျော့သော သေရည်ကို သောက်စားမူးယစ်နေခြင်းသည်လည်းကောင်း၊ နှုတ်စသည်ကို မစောင့်စည်းခြင်းသည်လည်းကောင်း၊ လက်နက်၊ ဓားလှံ စသည်တို့ကိုကိုင်ရခြင်း၊ အနာရောဂါများပြားရခြင်းသည်လည်းကောင်း၊ စဉ်းလဲစဉ်းစားခြင်းသည်လည်းကောင်း၊ ပျင်းရိခြင်းသည်လည်းကောင်း ပျက်စီးခြင်းဘေးဥပါဒ်ရောက်ခြင်း၌ ကြောက်လန့်ရခြင်းသည်လည်းကောင်း၊ ဤသို့သောအရာ ရောက်သောအခါတို့၌ မင်းကိုသာလျှင် အောက်မေ့ဟတ်ကြပါသည်။

"ရေမြေသနင်း ပြည့်ရှင်မင်း. . . အကြင်သူသည် မီးကဲ့သို့လည်းကောင်း၊ မြေကဲ့သို့လည်းကောင်း၊ ဘီလူးကဲ့သို့လည်းကောင်း ကျင့်ဘိ၏။ ထိုကျင့်သောသူ၏ အကြံအစည် အကျော်

အစော၊ အခြံအရံ စည်းစိမ်ဥစ္စာသည် ဆုတ်ယုတ်တတ်ပါ၏။ ထောပတ်ပေါက်ကဲ့သို့ လျှော့ကျခန်းခြောက် ပျောက်တတ်ပါ၏။

ရေမြေသနင်း ပြည့်ရှင်မင်း. . . ဒါန၊ သီလ၊ ပရိစ္စာဂ၊ အဇ္ဇဝ၊ မဒ္ဒဝ၊ တပ၊ ဘကောမ၊ အဝိဟိံသ၊ ခန္တိ အဝိရောဓန ဟူသော မင်းကျင့်တရားဆယ်ပါးကို ကျင့်ခြင်းသည်လည်းကောင်း၊ သတ္တဝါတို့ကိုစောက်ရှောက်ခြင်းသည်လည်းကောင်း၊ ကြီးကျယ်သော ပညာရှိသောသူတို့နှင့် တိုင်ပင်နှီးနှောခြင်းသည် လည်းကောင်း၊ မိမိ၏ပစ္စုပ္ပန်သံသရာအကျိုးစီးပွားရောက်အံ့သည်ကို စောင့်ရှောက်ခြင်း မည်ပါသည်။

ရေမြေ့သခင် အရှင်မင်းမြတ် . . . မင်းကျင့်တရား ဆယ်ပါးနှင့်အညီ တိုင်းကားပြည်ရွာကို စောင့်ရှောက်ခြင်းသည် လည်းကောင်း၊ နှလုံးထဲပြုန် အကျွမ်းဝင်သောသူတို့၌ မကောက် မကျစ် အမှန်ဖြစ်ခြင်းသည်လည်းကောင်း၊ ရဟန်း၌ ကောင်းစွာ သည်းခံခြင်းသည်လည်းကောင်း ဤသည်များက ပြည်ထဲသခင် အရှင်မင်းကြီး၏ တင့်တယ်ခြင်း မည်ပါသည်။

ရေမြေ့သခင် အရှင်းမင်းမြတ်. . . အကြွင်းသူသည် ဆွေမျိုးချစ်ခင် အကျွမ်းဝင်သောသူ စစ်စစ်မဟုတ်ငြားသော်လည်း ပျက်စီး၍ ဆင်းရဲကုန်သော သူတို့သည် မိမိသို့ ကိုးကွယ်မှီခိုလာ သည်ကို အထိုက်အလျှောက် ချီးမြှောက်ပေးကမ်းတတ်၏။ ထိုသူ သည် စင်စစ် အရှင်မင်းကြီးသာလျှင် ဖြစ်ပါသည်။

ရေမြေ့သခင် အရှင်မင်းမြတ်. . . သတ္တဝါတို့ကို စောင့်ရှောက်တတ်သည်ကား အကျင့်တရားသာ ဖြစ်ပါသည်။ ဆင်းရဲကုန်သောသူတို့ကို တရားနှင့်ညီစွာ မွေးခြင်းဖြင့်လည်းကောင်း၊

ဆင်းရဲသူတို့အား နှစ်သက်လောက်စွာ ဥစ္စာပေးခြင်းဖြင့်လည်းကောင်း၊ မင်းတို့သည် တာဝတိံသာနတ်ပြည်သို့ ရောက်ကြရပါကုန်၏။

မြတ်သောမင်းကြီး. . . ရာဂဟူသော မြွေပွေး၊ မြွေဟောက်သည် လည်းကောင်း ကြမ်းတမ်းသော အမျက်ဟူသော ဘီလူးသည်လည်းကောင်း၊ နှလုံးတည်းဟူသောနေရာ၌ များယွင်းစွာ ဖြစ်လာတတ်ပါကုန်၏။ ထိုရာဂ ဒေါသဟူသော မြွေဆိုး၊ ဘီလူးတို့ကို သီးခံခြင်းဟူသော မန္တာန်မြတ်ဖြင့် တားဆီးပိတ်ပင်ပါလော့။"

ထိုအမတ်တို့က ဝိုင်းဝန်းလျှောက်ထားသော်လည်း မင်းကြီးသည် နားမဝင်၊ မနှစ်သက်ချေ။

သို့အတွက် မင်းကြီး၏ အမိန့်အတိုင်းပင် ကလျာဏီမထေရ်မြတ်ကို ဆီအိုးကင်း၌ ထည့်လေသည်။

မထေရ်မြတ်သည် ဆီအိုးကင်း၌ ထည့်သောခဏ၌ပင် ဝိပဿနာကို စီးဖြန်းဆင်ခြင်တော်မူ၍ သောတာပတ္တိမဂ် စသောမဂ်တို့ကို အစဉ်အတိုင်းရပြီးလျှင် သံအိုးကင်းအပေါ်၌ ရပ်တည်နေလေသည်။ ကြက္ခနိုလော မြပုတ္တမြားအပြင်၌နေသော ဟင်္သာမင်းကဲ့သို့ ကျိုက်ကျိုက်ဆူနေသော ဆီသည် မထေရ်ကြီး၏ မွေးညှင်းတော်တစ်ပင်ကိုမျှ လောင်ကျွမ်းခြင်း မရှိချေ။

မထေရ်ကြီးသည် ဆီအိုးကင်းထက်၌နေလျက် နိဗ္ဗာန်ရောက်ကြောင်း တရားတော်ကို ဟောပြောပြပြီးလျှင် ရှေးဘဝက ပြုခဲ့ဘူးသော မကောင်းမှုကို ဆင်ခြင်တော်မူသည်။

မထေရ်မြတ်သည် ရှေးဘဝတစ်ခု၌ နွားကျောင်းသား သူငယ်ဖြစ်သောအခါ ယင်တစ်ကောင်ကို သေစေလိုသောစိတ်ဖြင့် ကျိုက်ကျိုက်ဆူသောနွားနို့ရေ၌ နှစ်၍သတ်ခဲ့ဘူးသော မကောင်းမှုကို မြင်တွေ့မိလေသည်။

"ဩော်. . . ယခုအခါ ငါ့အား ထိုမကောင်းမှုကံ၏ အကျိုးသည် ဆိုက်ရောက်၍လာချေပြီ၊ ဤဝိပါက်သည်ကား အနိဝတ္တိယ ဓမ္မ(မချွတ်မုချ တစ်ပြန်ခံစားရမည့်တရား) ဖြစ်၍ မဆုတ်မနစ် အကျိုးပေးတော့သည်။ ဤဝိပါက်မှ မလွဲမဖယ်နိုင် ခံစားရအံ့သော သဘောရှိနေပေသည်။"

ဟု အောက်မေ့တော်မူပြီး ထိုဆီပူ၌နေလျက် ပရိနိဗ္ဗာန် စံဝင်တော်မူလေသည်။

ထိုအခါ ကလျာဏီမင်းကြီးသည်မထေရ်မြတ်၏ အလောင်းတော်ကို လည်းကောင်း၊ ရဟန်းတု၏အလောင်းတော်ကို လည်းကောင်း သမုဒ္ဒရာ၌ ပစ်ချစေသည်။

ထိုအခါ နတ်တို့သည် အမျက်ထွက်ကုန်၍ တိုင်းနိုင်ငံနှင့်တကွသော ထိုမင်းကို ဖျက်ဆီးအံ့သောငှာ ဟိုင်ပင်ကုန်၍ သမုဒ္ဒရာရေတို့ကို လွှမ်းမိုးတတ်စေ၍ အလုံးစုံသောအရပ်တို့ကို ရေတို့ဖြင့် လွှမ်းမိုးစေသည်။

သမုဒ္ဒရာရေသည် တဖြည်းဖြည်းတက်လာရာ ကလျာဏီမြို့နှင့် နှစ်ဂါဝုတ်မျှသောအရပ်သို့ ဆိုက်ရောက်လာလေသည်။ သမုဒ္ဒရာရေတို့ တဖြည်းဖြည်းနီးလာသော် ကလျာဏီမင်းကြီးအား လျှောက်ထားကြသည်။ မင်းကြီးသည် အလွန်ကြောက်ရွံ့ခြင်းရှိသည်ဖြစ်၍ မိမိ၏အသက်(၁၂)နှစ်အရွယ်ရှိသမီးကို ဝတ်စား

ဆင်ယင်ပြီးလျှင် အိုးစရည်၌ စားစရာ၊ သောက်စရာများနှင့်အတူ ထည့်ကာ သမုဒ္ဒရာနတ်တို့ကို ပူဇော်သောအနေဖြင့် မျှောလွှတ်လိုက်သည်။

နတ်တို့သည် ထိုသူငယ်မကို သမုဒ္ဒရာရေဖြင့် မနစ်မြုပ်စေဘဲ သမုဒ္ဒရာလှိုင်းတံပိုင်းအဟုန်ဖြင့် မျှောစေ၍ နတ်တို့၏တန်ခိုးဖြင့် ရောဟနတိုင်း၊ ကောဠလက အမည်ရှိသော ရေဆိပ်သို့ ဆိုက်ရောက်စေသည်။

ထိုအခါ ရေဆိပ်၌ အစောင့်ဖြစ်သော ရေဆိပ်မှူးသည် ထိုသူငယ်မကိုမြင်၍ ကာကဝဏ္ဏတိဿမင်းကြီးအား ဆက်သလေသည်။ မင်းကြီးသည် ပါလာသော ရွှေပေလွှာကို ဖတ်စေရာ ကလျာဏီတိဿမင်းကြီး၏ သမီးတော်မှန်းသိ၍ ရတနာအစုံ၌ နေစေကာ ဘိက်သိတ်သွန်းပြီးလျှင် ဝိဟာရဒေဝီ ဟူသောအမည်ဖြင့် မိဖုရားမြှောက်လေသည်။

ထိုမိဖုရားမှ ဂါမဏိအမည်ရှိသော သားတော်၊ တိဿအမည်ရှိသော သားတော်နှစ်ပါး ထွန်းကားခဲ့လေသည်။

## ဗုဒ္ဓသာသနာပြု စစ်ဘုရင်ဒုဋ္ဌဂါမဏိမင်း

ဒေဝါနံပိယ တိဿမင်းကြီးသည်မိမိ၏ညီအရင်းဖြစ်သောသော မဟာနာဂမင်းသားကို အိမ်ရှေ့အရာ၌ထားသည်။

မင်းကြီး၏မိဖုရားကား မိမိ၏သားကိုအိမ်ရှေ့ထားလိုသည်ဖြစ်၍ အိမ်ရှေ့မင်းသားကိုသတ်ရန် ကြံစည်နေသည်။

တစ်နေ့သောအခါ အိမ်ရှေ့မင်းသားသည် ကျေးကျွန်များ

နှင့်အတူ မြို့အပဥ္စတိရစ္ဆာနဂါလိ မည်သောရေကန်ကို ဦးစီးဦး ဆောင်ပြု၍ ဆောင်ရွက်နေသည်။

မိဖုရားသည် အဆိပ်ခတ်၍မင်းသားထံ သရက်သီးကိုပို့ စေသည်။ မိဖုရား၏သားငယ်သည်လည်း မင်းသားနှင့်အတူပါလာ သောကြောင့် သရက်သီးအုပ်ကိုမြင်လျှင် ခွက်ကိုဖွင့်ပြီးယူစားလိုက် ရာ စားသည်နှင့်တပြိုင်နက်တည်း အဆိပ်မိကာသေဆုံးလေသည်။

ထိုအကြောင်းကို အိမ်ရှေ့မင်းသားသည် ဆင်ခြင်မိသော် မိမိကိုယ်ကိုစောင့်ရှောက်ခြင်းငှါ နောင်တော်ထံမှာအခွင့်တောင်းပြီး လျှင် သားမယားကျေးကျွန်တို့နှင့်အတူ ရောဟနဇနပုဒ်သို့သွား၍ နေလေသည်။

ထိုဇနပုဒ်၌ ယဋ္ဌာလယက မည်သောကျောင်းကြီးကို ဆောက်လုပ်ခဲ့သည်။ ထိုကျောင်းဆောက်လုပ်နေစဉ် အိမ်ရှေ့မင်း၏ မိဖုရား၌ သားတော်ကိုဖွားမြင်သည်။ ထိုသားကိုနောင်တော်၏ အမည်ကိုယူ၍ တိဿ ဟူ၍အမည်ပေးခဲ့သည်။

အိမ်ရှေ့မင်းရောက်သည့်အချိန်မှစ၍ ရောဟနဇနပုဒ်သည် တစ်နေ့ထက်တစ်နေ့ကြီးကျယ် ကျယ်ပြန့်စည်ကားလာသဖြင့် မဟာဂါမ ဟူသောအမည်ဖြစ်လာသည်။

အိမ်ရှေ့မင်းသည် ထိုအရပ်ကိုစိုးမိုးအုပ်ချုပ်နေခဲ့သည်။ နောင်သောအခါ မဟာနာဂမည်သော ကျောင်းတော်ကြီး ဥပဒ္ဒ ပန္နရ စသောကျောင်းများကို တည်ဆောက်ခဲ့သည်။

ထိုမဟာဂါမမင်းလွန်သော် သားတော်ယဋ္ဌာလယက တိဿမင်းသည် ဤအရပ်၌ ဆက်၍မင်းပြုသည်။

ထိုမင်းလွန်သော် သားတော် ဂေါဋ္ဌာဘယ မင်းပြုသည်။ ထိုဂေါဋ္ဌာဘယ၏သားကား ကာကဝဏ္ဏတဿ အမည်ရှိသည်။

ထိုမင်းလွန်သော် ကာကဝဏ္ဏတိဿမင်း မင်းပြုသည်။ ထိုမင်းတွင် ဘုန်းပညာလက္ခဏာနှင့်ပြည့်စုံသော ကလျာဏီမင်းကြီး၏ သမီးတော်ဖြစ်သော မင်းသမီးကိုသမုဒ္ဒရာမှဆယ်ယူပြီး ဝိဟာရဒေဝီအမည်ဖြင့် မိဖုရားမြှောက်လေသည်။

ထိုမင်း, မိဖုရားတို့သည် ဘုရားရှင်သာသနာတော်၌ အလွန်ကြည်ညိုသည်ဖြစ်၍ ရအပ်သော အခွန်အထုပ်တို့တွင် တစ်ဝက် တစ်ဝက်ခွဲ၍ စွန့်ကြဲလှူဒါန်းခြင်းကို ပြုကြသည်။

မိမိနေရာ မြို့အနီး၌ တိဿမည်သောကျောင်းကြီးကို လည်းကောင်း၊ စိတ္တလတောင်၌ ကျောင်းကြီးတစ်ဆောင်ကိုလည်း ကောင်း၊ ဂမိဋ္ဌဝါလိအမည်ရှိသောကျောင်း၊ ပါလိအမည်ရှိသော ကျောင်းကြီးတို့ကိုလည်းကောင်း၊ များစွာသောစေတီရုပ်ပွားတို့ကို လည်းကောင်း၊ ပြုစုတည်ထောင်သည်။ (၆၀၀၀)မျှသော သံဃာ တော်တို့ကိုလည်း ပစ္စည်းလေးပါးဖြင့် ထောက်ပံ့လှူဒါန်းခဲ့သည်။

## ဂါမဏိမင်းသားအလျှောင်းအလျာသာမဏေ

ထိုအခါ ကောဋိပဗ္ဗတကျောင်း၌ သာမဏေတစ်ဦးသည် ဆရာဥပဇ္ဈာယ်ဆုံးမသောစကားကို ရိုသေစွာနာယူလျက် စင်ကြယ်သော သီလကျင့်ဝတ်တို့ ဖြည့်ကျင့်သည်။

သံဃာတော်များ၏ သောက်ရေ သုံးရေတို့ကိုလည်းမပြတ် လှူဒါန်းသည်။ ဓမ္မာသနဝတ်၊ မီးပုံချောင်ဝတ်၊ စေတီသန့်ရှင်း ရေးဝတ်တို့ကိုလည်း မပြတ်ပြုလုပ်ပြင်ဆင်သန့်ရှင်းပေးသည်။

တောင်ထက်စေတီတော်ကြီးသို့ လူ၊ ရဟန်းတို့ချမ်းသာစွာ တက်စေခြင်းငှာ ကျောက်ဖျာကြီး (၃)ချပ်ကို လှေကားသဖွယ်ခင်း ပေးထားသည်။

ထိုသာမဏေသည် တစ်ရံရောအခါ နာမကျန်းဖြစ်လာသည်။ ကျေးဇူးသိတတ်သောရဟန်းတို့သည် ထိုသာမဏေကိုထမ်းစင်ဖြင့်သယ်ယူ၍ ကာကဝဏ္ဏတိဿမင်းကြီးသည် သူနာတို့ကိုလုပ်ကျွေးခြင်းငှါ ဆောက်လုပ်ထားအပ်သော သိလာပဿယ မည်သောကျောင်းပရိဝုဏ်၌ထား၍ ပြုစုစောင့်ရှောက်ကြသည်။

သဒ္ဓါ၊ သီလနှင့်ပြည့်စုံသော ဝိဟာရဒေဝီသည် နံနက်ချိန်ခါမင်းအိမ်၌သံဃာတော်များကို ဆွမ်းဆက်ကပ်ပြီးညနေချမ်းခါ သိလာပဿယ မည်သောသံဃာလူနာဆေးကျောင်းသို့လာပြီး မမာမကျန်းသံဃာတို့အား အဖျော်ရှစ်ပါးဆေးဝါးတို့ဖြင့် ထိုက်သည့်အားလျော်စွာ လှူဒါန်းပူဇော်လေ့ရှိသည်။

သာမဏေရောက်သောအခါ ဝိဟာရဒေဝီသည် ကျောင်းသို့လာပြီး သံဃာထေရ်တို့ထံ၌ တရားကိုနာနေသည်။

"မိဖုရား . . . သင်တို့သည် ရှေးကပြုခဲ့ဘူးသော ကောင်းမှုအာနိသင်ကြောင့် ဤလူ့ဘုံ၌ သူမယှဉ်နိုင်သော စည်းစိမ်ကိုရပေသည်။ ယခုဘဝ၌လည်း ကုသိုလ်ကောင်းမှုကိုမမေ့မလျော့အားထုတ်ပါလေ"

ဟု တရားကိုဟော၏။

"အရှင်ဘုရား . . . သားသမီးတစ်ယောက်မျှမရှိသောတပည့်တော်တို့အား များစွာသောစည်းစိမ်ကိုရသဖြင့် အဘယ်အကျိုးရှိပါအံ့နည်း။ သားညွန့်မြေးဆက်ရှိသော် သားအကျိုး၌ရှိပေရာ၏။"

ဟု ဝိဟာရဒေဝီက လျှောက်ထားသည်။

အဘိညာဉ်ခြောက်ပါးနှင့် ပြည့်စုံသောထိုမထေရ်မြတ်သည် မိဖုရား၌ သားသမီးရတနာရနိုင်-မရနိုင်သောအကြောင်းကို ဆင်ခြင်ကြည့်သည်။

"သင်မိဖုရားသည် ယခုဖျားနာသော သာမဏေကိုသွား၍ ကြည့်ပါလော. "
ဟု တိုက်တွန်းသည်။

မိဖုရားသည် မထေရ်၏စကားကိုနာခံ၍ သာမဏေထံသို့ သွားကြည့်သည်။ ထိုအချိန်တွင် သာမဏေမှာ သေအံ့မူးမူးအချိန်သို့ ရောက်နေသည်ကို မြင်တွေ့ရသည်။

"မောင်ရှင်. . . ငါတို့၏စည်းစိမ်ချမ်းသာကား အလွန်များပြားလှသည်။ ငါတို့၏သားဖြစ်ခြင်းငှါ ဆုတောင်းပါလေ"

"ငါသည် မင်းဖြစ်ခြင်းကိုအလိုမရှိပါ"

သာမဏေကပယ်စကားဆိုသော် မိဖုရားသည်များစွာသောသံဃဘတ် ဂိလာနဘတ်တို့ကိုလှူဒါန်းပြီးလျှင် ပန်းပူဇော်ခြင်းကို ပြုလျက် သာမဏေအား တပည့်တော်မသားဖြစ်အောင် ဆုတောင်းပါဟု တိုက်တွန်းလေသည်။

ထိုအခါကျမှ သာမဏေသည် ဆုတောင်းလေသည်။ ထိုသာမဏေသည် မကြာခင် ကွယ်လွန်ရာ ဝိဟာရဒေဝီဝမ်း၌ စွဲလမ်းတည်နေလေသည်။

မိဖုရားက ထိုအကြောင်းအရာတို့ကို မင်းကြီးအားကြားလျှောက်၍ သာမဏေ၏အလောင်းကို ကောင်းမွန်စွာဖုတ်ကြည်း၊ သင်္ဂြိုဟ်ပေးလေသည်။

ထို့နောက်မင်းနှင့်မိဖုရားတို့သည် သံဃာတော်တို့အား အလှူကြီးပေးလျက် ထိုပရိဝုဏ်၌ နေ့ရက်ရှည်ကြာစွာနေလေသည်။

ဝိဟာရဒေဝီကိုယ်ဝန်ရှိသောအခါ ချဉ်ခြင်း (၃)ပါးဖြစ်ပေါ်ခံစားရလေသည်။

၁။ နွားလားလောက်ရှိသော ပျားအုံကိုဦးခေါင်းရင်း၌ထား၍ လက်ဝဲနံပါးဖြင့်လျောင်းပြီးသော် တစ်သိန်းနှစ်သောင်းသော သံဃာတော်တို့အား ပျားရည်ဆွမ်းလှူပြီးမှ ထိုအကြွင်းကို စားလိုသည်။

၂။ ဋ္ဌောရကျေးမင်း၏ သူရဲကြီးဦးခေါင်းကိုဖြတ်သော သန်လျက်ဆေးရေကို ဦးခေါင်းထက်၌ရပ်၍ သောက်လိုသည်။

၃။ အနုရာဓမြို့အနီး ကြီးစွာသောကြာကန်မှ ကြာပန်းကိုဆင်လိုသည်။

ဤသုံးပါးသော ချင်ခြင်းတပ်ကြောင်းကို မင်းကြီးအား မိဖုရားကလျှောက်ထားသည်။

မင်းကြီးက နိမိတ်ဖတ်တတ်သော ပညာရှိတို့ကို ခေါ်၍ မေးသည်။

ပညာရှိတို့က. . .

"အရှင်မိဖုရားဝမ်းတွင်တည်သော သားတော်သည်ကားကြီးမားသောဘုန်းအာနုဘော်ရှိမည်။ ဋ္ဌောရကကျေးမင်းတို့ကိုပယ်ဖျက်၍ ဧကရာဇ်မင်းဖြစ်လိမ့်မည်။ ဘုရားသာသနာတော်ကိုလည်း လွန်စွာ ချီးမ,ပြီး ထွန်းပစေလိမ့်မည်။"

ဟုလျှောက်ထားကြလေသည်။

ထိုစကားကိုကြားသော် မင်းကြီးသည်အားရတော်မူ၍ မိဖုရား၏ချင်ခြင်းကို ငြိမ်းစေလိုရကား-

"အကြင်သူသည် နွားလားပမာဏရှိသော ပျားအုံကိုပြနိုင်သည်ဖြစ်အံ့၊ ထိုသူအား ဤမျှလောက်သောကျေးဇူးစည်းစိမ်ကို ပေးအံ့"
ဟူ၍ မြို့ကိုကြွေးကြော်မောင်းခတ်စေသည်။

ထိုကြွေးကြော်မောင်းကို ဇနပုဒ်၌နေသော ခပ်သိမ်းသော သတ္တဝါတို့၏ ဘာသာအသံကိုတတ်သိနားလည်၍ ခြေဆွံ့ပြီးညဉ့်တွင်ကန်သော အဘိုးအိုတစ်ယောက်သိလျှင် သားတို့ကိုခေါ်ကာ

"အမောင်တို့. . . ငါသည် ရှေးအခါကမြင်ဖူးသော သရက်ပင်သည် ဤမည်သောတောင်ကြား၌ရှိသည်။ ထိုအပင်သည် ပွင့်သည် မပွင့်သည်ကို သင့်တို့သွား၍ကြည့်ကြချေ။"
ဟူ၍စေလိုက်သည်။

သားတို့သည် အဖစကားဖြင့်သွား၍ကြည့်သော် ပွင့်သော မုဒရက်ပင်ကိုမြင်၍ ဖခင်အားအကြောင်းကြားသည်။

"အမောင်တို့. . . ငါ့ကို ထိုသစ်ပင်သို့သယ်ဆောင်၍ သစ်ခွကြား၌ ငြမ်းဖွဲ့၍ထားပေးပါ။"
ဟု ဆိုသည်။ သားတို့သည်အဖဆိုတိုင်း ပြုလုပ်ပေးကြသည်။ သူအိုသည် ကိုငြမ်းထက်၌ငြိမ်သက်စွာလျောင်းအိပ်ပျော်၍ အရုဏ်တက်သောအချိန်၌ ထ,၍ ပန်းဝတ်ရည်လာယူသောပျားတို့၏အသံကို နာခံနေသည်။

တစ်ကောင်သောပျားကြီးသည် ပန်းတစ်ပွင့်၌ဝတ်ရည်ကို စုပ်ယူ၍နေစဉ် ပျားငယ်တစ်ကောင်သည် ပန်းဝတ်ရည်တစ်ခုကို စုပ်ယူ၍ပျားကြီး၏အပေါ်မှပျံသဖြင့် ပျားကြီး၏ဦးခေါင်းပေါ်သို့ ခြေမှုန့်ကျလေသည်။

“ငါ၏ဦးခေါင်းထက်သို့ ခြေမှုန်ချ၍သွားသည်ကား သင်အဘယ်သူနည်း။”
ဟု ပျားကြီးကမေးသည်။

“ငါသွားသည် သင်အဘယ်သို့ဖြစ်သနည်း။ သင်ကျယ်ဝန်းလှ၏တကား”

“ဟယ်. . . ပျားငယ်၊ သင်၌အဘယ်ဂုဏ်ရှိ၍ ငါ့ကိုမထီမဲ့မြင်ဆိုသနည်း။”

“ဟယ်. . . ပျားကြီး ငါ့ကိုပျားဆင်းရဲ ပျားငမွဲမှတ်သလော၊ ဤမည်သောတောင်ကြားဝါးရုံကြီးအလယ်တွင် အဆစ်မရှိသော ဝါးလုံးကြီးသည်ရှိ၏။ ထိုဝါးလုံး၏အခေါင်းတွင်း၌ အရင်းမှစ၍ အဖျားတိုင်အောင် ငါ၏ဥစ္စာဖြစ်သော ပျားလဘို့တို့သည် အပြည့်ရှိ၏။ ဤသို့သောဥစ္စာရှင်က သင်ကိုအဘယ်သို့လေးစားနိုင်ပါအံ့နည်း။”

“ဟဲ့ ပျားငယ်. . . အနည်းငယ်သောဥစ္စာနှင့်သင်ကြုံးဝါး၏။ ငါတို့၏လက်ရှိဥစ္စာနှင့်ကား သင်ကြားဖူးရုံမျှ ရှိပါကလား။ ဂေါဠသမုဒ္ဒရာကမ်းနား၌ ဆူးရစ်ခြုံတစ်ခုအောက်၌ လှေကိုမှောက်ထားသည်။ ထိုလှေအောက်ဝယ် ငါတို့၏ဥစ္စာဖြစ်သော ပျားလဘို့တို့ဖြင့် ပြည့်၏။ ဤသို့သောဥစ္စာကို အသင်အဘယ်ကဲ့သို့ တုပနိုင်အံ့နည်း။”

ပျားငယ်ညည ဘာမျှပြန်မပြောတော့ချေ။ အဘိုးအိုသည် ထိုပျားတို့၏စကားကိုမှတ်သားပြီး သားတို့ကိုပြောကြားကာ ပထမပျားငယ်ပြောသောဝါးကိုယူစေပြီး လူအများဝေပေးကာ စားစေသည်။

ထို့နောက်ပျားကြီးပြောသောနေရာသို့ သားတို့ကိုသွားကြည့်စေရာ လှေစကျင်အပြည့်ရှိသောပျားအုံကိုတွေ့လျှင် မင်းကြီးအား ကြားလျှောက်စေသည်။

မင်းကြီးသည်တောခုတ်သောသူတို့ကို ခေါ်၍ဆောင်ယူစေရာ လှေတစ်စင်းအပြည့်မျှသော ပျားကိုမြင်၍အလွန်ဝမ်းမြောက်ကာ မင်္ဂလာပ်ကိုဆောက်လုပ်စေပြီး ထိုဇနပုဒ်သားအဖတို့အား များစွာသော ဆုလာဘ်တို့ကိုပေးသည်။ ပျားနှင့်တကွသောလှေကို ဦးခေါင်းရင်း၌စိုက်ထူပြီးလျှင် ခင်းအပ်သောမြတ်သောနေရာ၌ မိဖုရားအားနေစေ၍ သံဃာတော်တို့အား ပျားဆွမ်းကိုအလှူပေးလေသည်။ ကြွင်းသောပျားကိုလည်း မိဖုရားအားစားစေပြီး ချင်ခြင်းကိုချုပ်ငြိမ်းစေသည်။

ဒုတိယ ချင်ခြင်းပြေစေရန် ဝေဠုသုမနမည်သောသူရဲကောင်းကိုကျေးမင်းအုပ်စိုးရာ အနုရာဓမြို့သို့စေလွှတ်လေသည်။

ထိုသူရဲသည် အနုရာဓမြို့သို့ တစ်ယောက်တည်းသွားပြီးလျှင် ဧဠာကျေးမင်း၏ မင်္ဂလာမြင်းထိန်းအိမ်သို့ဝင်၍ အဆွေခင်ပွန်းဖွဲ့၍နေသည်။ (၇) ရက်၊ (၈)ရက်ကြာသောအခါ မာယာတစ်ခုဖြင့်ပြောဆိုပြီး သန်လျက်ကိုလည်းကောင်း၊ ကြာကန်မှကြာတို့ကိုလည်းကောင်း၊ တောင်းယူပြီးလျှင် ကဒမ္ဗမြစ်အနီး၌ဝှက်ထားသော ဧဠာရကျေးမင်းစီးသော သိန္ဓောမြင်းကို အတင်းဖမ်းယူကာ စီးပြီးလျှင်-

"ငါသည် ကာကဝဏ္ဏတိဿမင်းကြီး၏ သူရဲကောင်းဝေဠုသုမနပေ"

ဟု ကြွေးကြော်လျက်မြို့မှထွက်ပြီးလျှင် သန်လျက်ဖြင့်ကြာပန်းကို ဖြတ်ယူလာခဲ့သည်။

ထိုအကြောင်းအရာကို ဧဋ္ဌာရကျေးမင်းကြားသော် ဝေဠုသုမနအားဖမ်းယူရန် နန္ဒသာရထိ မည်သောသူရဲကြီးကိုလွှတ်လိုက်လေသည်။ ထိုနန္ဒသာရထိသူရဲသည် သီရိကုတ္တမည်သော မြင်းကိုစီးပြီး အလျင်အမြန်လိုက်လေသည်။

ဝေဠုသုမနသည် ထိုသို့လိုက်လာသည်ကိုမြင်လျှင် ချုံတစ်ခုသို့ဝင်၍ မြင်းစီးလျက်ပင် သန်လျက်ကိုကိုင်ကာ စောင့်နေသည်။ နန္ဒသာရထိမှီသောအခါ မိမိနေရာမှထွက်၍ ရုတ်တရက်တိုက်ခိုက်ကာ နန္ဒသာရထိကိုခေါင်းဖြတ်လေသည်။ ဝေဠုသုမနသည် နန္ဒသာရထိဦးခေါင်းနှင့်အတူ မြင်းနှစ်စီးကိုပါယူကာ မဟာဂါမသို့ ပြန်လာခဲ့ရာ ညနေတွင်ရောက်ရှိသည်။

ကာကဝဏ္ဏမင်းကြီးသည် အလွန်အားရတော်မူ၍ ဝေဠုသုမနအား များစွာသောဆုလာဘ်တို့ကို ပေးတော်မူ၏။

ဝိဟာရဒေဝီသည် ချင်ခြင်းများပြည့်စုံစွာရရှိခံစားရသဖြင့် အလွန်ပင်ကျေနပ်ဝမ်းမြောက်လေသည်။

**ဆယ်လစေ့၍** ဖွားမြင်သောအခါ မင်းသား၏ဘုန်းကံ**ကြောင့် ဖွားမြင်သောနေ့၌ပင်** သမုဒ္ဒရာမှရတနာသသင်္ဘောခုနှစ်စင်း**သည်** မဟာဂါမဆိပ်မှာလာရောက်ကပ်သည်။ မင်းကြီးက အရှင်ရှိမရှိမေးရာ မရှိ၍ထိုသင်္ဘောပါရတနာ ရွှေ၊ ငွေတို့ကို သိမ်းယူရလေသည်။

ကောင်းကင်ပျံ ဆဒ္ဒန်ဆင်မင်းမျိုးမှ ဆင်ငယ်ကိုမိဘတို့က ယူဆောင်၍မဟာဂါမ၏ အနီးအပါးစီးဝင်သော ဂင်္ဂါအနီးချုံကြီးအတွင်း၌ လာထားပေးသည်။

ထိုဆင်ငယ်ကို ကဏ္ဍုလအမည်ရှိသော ငါးမျှားနေသော တံငါကတွေ့၍ မင်းကြီးအားလာရောက်လျှောက်ထားရာ မင်းကြီး ကဆင်ဆရာတို့ကိုစေ၍ ဖမ်းယူစေသည်။ လာရောက်အကြောင်း ကြားသော ကဏ္ဍုလတံငါကိုလည်း ဆုများစွာပေးပြီး ဆင်၏အမည် ကို တံငါ၏အမည် ကဏ္ဍုလဟု အမည်ပေးထားလေသည်။

ကာကဝဏ္ဏတိဿမင်းကြီးသည် သားတော်တို့အမည်ပေး အံ့သောအခါ ကြီးကျယ်စွာသောမဏ္ဍပ်ကိုတည်ဆောက်၍ တစ် သောင်း၊ နှစ်သောင်းသော သံဃာတို့ကိုပင့်ဖိတ်ပြီးလျှင်-

"ငါ၏သားတော်သည် သီဟိုဠ်ကျွန်းအားလုံးကို စိုးမိုး အုပ်ချုပ်၍ မင်းပြုရသဖြင့် မြတ်စွာဘုရား သာသနာတော်ကို အကယ်၍ ချီးမြှောက်နိုင်ပါသည်ဖြစ်အံ့ ငါနေရာဖြစ်သော တိုက်ခန်း သို့ရဟန်း တော်၊ တစ်ထောင်ရှစ်ပါးတို့သည် ဝင်လာပါစေသတည်း။

ထိုရဟန်းတို့သည် သင်္ကန်းမှုံလျက် သာကြွလာပါစေ သတည်း။

ဤတံခါးခုံ၌ လက်ျာခြေကိုသာ ရှေးဦးစွာချစေသတည်း။

တစ်ခုသောထီးစီးနှင့်ယှဉ်သော မမှကာရိုဏ်းကိုထုတ်ဆောင် ပါစေသတည်း။

ဂေါတမအမည်ရှိသော မထေရ်မြတ်သာလျှင် ငါထားလင့် သော ပရိတ်ချည်ကို ကိုင်စေသတည်း။

ထိုအရှင်ကသာလျှင် ဘုရားကိုးလကို ပေးစေသတည်း" ဟု ကြံလျက် အဓိဋ္ဌာန်ပြု၍နေကြလေသည်။

သံဃာတော်များကြွလာသောအခါ အလုံးစုံကြံသော အတိုင်းဖြစ်လေသည်။

"စင်စစ်မချွတ်၊ ငါသားမြတ်သည် ဤကျွန်းတစ်လုံးကို သိမ်းကျုံး၍ မင်းမှုလတံ့"

ဟုသိ၍ပီတိသောမနသဖြစ်လျက် သံဃာတော်များကို ယနာန္တိ ဆွမ်းကို လှူဒါန်းပူဇော်၍ တရားတော်နာသည်။

ထိုနောက်သားတော်အမည်ကိုရွေးချယ်သောအခါ မဟာဂါမ၌ မင်းကြီးဖြစ်၍ ဂါပဏိဟူသောအမည်နှင့် ခမည်းတော်၏ အဘယ ဟူသောအမည်နှစ်ပါးကိုစပ်၍ ဂါမဏိအဘယ ဟူ၍ မှည့်ပေးသည်။

ထိုသားတော်အမည်ပေးပြီးနောက် (၉)ရက်ကြာသော အခါ ဝိဟာရဒေဝီမိဖုရား၌ ဒုတိယကိုယ်ဝန်တည်လာပြန်သည်။

ထိုအခါ မိဖုရားက-

"စကားပင်အရင်း၌ သန့်ရှင်းသာနေရာထက်၌ အိပ်ဖြီးလျှင် ထက်ပန်းကျင်မြေကျသော စကားပန်းတို့ကို နမ်းတော်မူလို၏။"

ဟူသော ချင်ခြင်းကိုတပ်လေသည်။

ထိုအကြောင်းကိုမိဖုရားက ပြောပြလျှောက်ထားလျှင် မင်းကြီးက မိဖုရားအလိုတိုင်းစီရင်၍ မိဖုရား၏ချင်ခြင်းကို ငြိမ်းစေသည်။

ဆယ်လစေ့၍ဖွားသော် သားတော်အငယ်ကို တိဿ ဟူ၍ အမည်ပေးလေသည်။

မင်းသားနှစ်ပါးတို့သည် ကြီးစွာသောအခြံအရံဖြင့် ကြီးပွား၍ အသက် (၅)နှစ်အရွယ်ရှိ၍ ထမင်းခွံ့ခြင်း၊ မင်္ဂလာကိုပြုသော အခါ မင်းကြီးသည် သံဃာတော်ငါးရာတို့အား ပင့်ဖိတ်ကျွေးမွေး လှူဒါန်းပြီးလျှင် သံဃာတော်တို့မှ ကြွင်းသောထမင်းကိုရွှေခွက်ဖြင့် ထည့်၍ မိဖုရားကိုစားစေသည်။

"သင်တို့သည် မြတ်စွာဘုရားသာသနာတော်ကို အကယ်၍ ဂုန်ပစ်ကုန်သည်ဖြစ်အံ့၊ ဝမ်းသို့ဝင်သော ဤထမင်းသည် အစာ မကြေရှိစေသတည်း။"

ဟု သစ္စာဆိုစေပြီး သားတော်နှစ်ပါးကိုကျွေးသည်။ မင်းသားနှစ်ပါး တို့သည် နှစ်လိုစမ်းသာစွာဖြင့် သစ္စာဆို၍ စားကြလေသည်။

ဂါမဏိအဲဘယမင်းသား (၁၂)နှစ်၊ တိဿမင်းသား (၁၀) နှစ်အရွယ်ရှိသောအခါ မင်းကြီးသည် သားတော်တို့ကို အလို စမ်းခြင်းငှါ သံဃာတော်ငါးရာကိုပင့်ဖိတ်၍ ဆွမ်းကျွေးပြီးသော် သံဃာ တော်တို့မှ ကြွင်းသောထမင်းကို ရွှေခွက်(၃)ခုဖြင့် သုံးပုံ ထည့်ပြီးလျှင် သားတော် (၂)ဦးကိုခေါ်ကာ-

"ချစ်သားတို့. . . မောင်တို့သည် ဘိုးဘေးအစဉ်အလာ နွယ်စဉ်မပျက်ကိုးကွယ်အပ်သော အမျိုးတို့၏နတ်ဖြစ်ကုန်သော ရဟန်းသံဃာတော်တို့၏မျက်ကွယ်သည် ဘယ်အခါမှ မဖြစ်ပါ ကုန်အံ့၊ ဖြစ်ပါမူဤထမင်းသည် အစာမကြေဖြစ်ပါစေသတည်း ဟု အဓိဋ္ဌာန်၍ စားကြကုန်လော"

ဟုဆို၍ကျွေးသည်။ ညီနောင်နှစ်ပါးသည် အားရဝမ်းသာစွာ သစ္စာ ဆို၍ စားကြလေသည်။

ထို့နောက် တစ်နေ့သော် ထမင်းခွက်ကိုကိုင်၍-

"ငါတို့ညီနောင်နှစ်ပါးတို့သည် အချင်းချင်းယုံမှားကင်းလျက် အသက်ဘည်သမျှ သင့်တင့်ညီညွတ်သည်ဖြစ်ပါကုန်အံ့၊ မသင့်မူ ကား ပြူစူနှောက်ယှက် ဖျက်လိုသူအား အစာမကျေစေသတည်း ဟု အဓိဋ္ဌာန်၍ စားကြပါလေ"

ဟုဆို၍ကျွေးသည်။ ညီနောင်နှစ်ဦးလည်း အားရဝမ်းသာစွာ သစ္စာ ပြု၍ စားကြလေသည်။

နောက် ထမင်းတစ်ခွက်ကို ကိုင်စေ၍-

"ငါတို့သည် ကျေးမင်းတို့နှင့်စစ်ထိုးခြင်းကိုမပြုကုန်ဒဲ့၊ စစ်ထိုးသော် ဤအစာသည်မကြေသည်ဖြစ်စေသော်ဟု အဓိဋ္ဌာန် ပြု၍ စားကြကုန်လော"

ဟု ဆို၍ပေးပြန်သည်။

ထိုစကားကိုကြားသော် ညီတော်တိဿသည် ထမင်းကို ယူ၍လွှင့်ပစ်လိုက်သည်။ နောင်တော်ကား ထမင်းကိုပစ်ကြဲ၍ မစားဘဲ ဖခင်ကိုရှုံ့၍ အိပ်ရာထက်၌ကွေးလျက်အိပ်နေလေသည်။

မယ်တော်သည် သားထံသွား၍ ဖြောင်းဖြသာယာသော အသံစကားဖြင့်-

"ချစ်သားဂါမဏိ. . . သင်သည် အဘယ်ကြောင့်အိပ်ရာ ထက်၌ကွေးလျက် အိပ်နေဘိသနည်း။ သင်၏လက်ခြေတို့ကို ဆန့်လျက် ချမ်းသာစွာအိပ်ပါတော့လား"

ဟုပြောသည်။

"မယ်တော်ဂင်္ဂါမြစ်၏ တစ်ဘက်၌ ကျေးလူမျိုးတို့သည် နေကုန်၏။ ဝေါ်ဌမည်သောသမုဒ္ဒရာသည်လည်း အိမ်၏အနီးမှာပင် ရှိ၏။ ထိုသို့အိပ်ရာကျဉ်းကျပ်စွာသောကြောင့် လက်ခြေမဆန့်သာ သောကြောင့် ကွေး၍ အိပ်ရပါသည် မယ်မယ်"

ဟု ဆိုလေသည်။

ထိုစကားကို ခမည်းတော်မင်းကြီးကြားလျှင် ဝမ်းသာတော် မူ၍ ဆိတ်ဆိတ်သာနေလေသည်။

ဂါမဏိမင်းသား (၁၆)နှစ်အရွယ်သို့ရောက်သော် ဘုန်း တောက်ပ၍ သီဟိုဠ်တစ်ကျွန်းလုံးမှ ကျော်စောထင်ရှားလာလေ သည်။

မင်းသားဖွားစက ရထားသောကုဋ္ဌာလဆင်သည်လည်း ကိုယ်ဖြင့်အင်အားကြီးမားလှသည်။ ရဲရင့်၊သန်မြန် စွမ်းအားကြီးလှ သည်ဖြစ်၍ ထင်ရှားကျော်ကြားလေသည်။

မင်းသား၏ရှေးကောင်းမှုကြောင့် မင်းသား၏သာသနာ ပြုဘက်စစ်သူရဲကောင်း (၁၀)ဦးတို့သည် ပေါ်ထွက်လာပြီး မင်းသား ထံ၌ မင်းကြီးက ခ,စားစေသည်။

ကာကဝဏ္ဏတိဿမင်းကြီးသည် တစ်ကျိပ်သောသူရဲကြီး တို့အား-

"သင်တို့ကဲ့သို့ အားခွန်ကြီးသော ရဲရင့်သောသူတို့ကို တစ်ကျိပ်စီ ရှာကြပါ။ ငါရိက္ခာ ကံကျွေးပေးမည်။"
ဆို၍ ရှာစေသော်မင်းအာဏာအတိုင်းတစ်ကျိပ်စီရပြန်သဖြင့် တစ်ရာနှင့် တစ်ကျိပ်စစ်သူရဲတို့ ဖြစ်လာသည်။

ထိုသူရဲတစ်ရာတို့ကိုလည်း တစ်ယောက်လျှင် (၁၀) ယောက်စီရအောင် ရှာစေပြန်ရာ တစ်ကျိပ်စီရစေသဖြင့် သူရဲပေါင်း (တစ်သောင်းတစ်ထောင်)တစ်ရာတစ်ကျိပ်တို့သည် ပေါင်းဆုံမိလေ သည်။

ထိုမျှလောက်သော သူရဲကောင်းတို့လည်း သားတော် ဂါမဏီအား ဝိုင်းခြံရံလျက်နေကြစေသည်။

ဂါမဏီမင်းသားသည် ထိုသူရဲအပေါင်းတို့နှင့်တကွ ဆင်စီး မြင်စီးအတတ်၊ လေးအတတ်၊ လှံထိုးအတတ်တို့ကိုသာလျှင် လေ့လာယျက် မဟာဂါမ၌သာနေစေသည်။

ညီတော်တိဿမင်းသားကိုမူ မင်းကြီးကဇနပုဒ်တို့ကို စောင့်ရှောက်ရန်သင့်လျော်သော ဗိုလ်ပါရဲမက်နှင့်တကွ ဒိဃဝါပီ အရပ်တွင် ကွပ်ကဲအုပ်ချုပ်၍နေစေသည်။

## ဒုဋ္ဌဂါမဏိအမည်ရလာပုံ

ဂါမဏိမင်းသားသည် မိမိ၏ဗိုလ်ပါအင်အားပြည့်စုံသည်ကို လည်းကောင်း၊ မိမိ၏လက်ရုံးဘုန်းကို ယုံကြည်အားကိုးသဖြင့်လည်းကောင်း၊ ကျေးမင်းနှင့်စစ်ထိုးရန် ဖခင်ကာကဝဏ္ဏတိဿမင်းကြီးအားခွင့်ပန်သည်။

"ချစ်သားဂါမဏိ . . . ငါတို့၏ ကောင်းမှုအစွမ်းဖြင့်အုပ်စိုးလွှမ်းမိုးခွင့်ရသော ဂင်္ဂါဧကမှာဘက်ကမ်း၊ နယ်မြေမျှဖြင့် စိတ်ကျေနပ်လောက်ပါပြီ။ ဟိုမှာဘက်ကမ်းသို့သွားရောက်၍ စစ်မထိုးပါလေလင့်"

ဟု တားမြစ်လေသည်။

မင်းသား နောက်တပ်တစ်ဖန်ကျေးတို့အား စစ်ထိုးရန်ခွင့်ပန်ပြန်သည်၊ ခမည်းတော်သည် သုံးကြိမ်မြောက်အောင်လည်း ခွင့်မပြုပါချေ။

ထိုအခါ ဂါမဏိမင်းသားက-

"ငါ၏ခမည်းတော်သည် ယောကျာ်းမှန်က ဤသို့သော စကားကို မဆိုရာ၊ မိန်းမတို့၏ဆင်ဝတ်စရာ တန်ဆာဝတ်စားတို့ကို သွား၍ဆက်ချေ။"

ဟုဆိုပြီး ထမီ၊ တဘက်စသော မိန်းမတို့၏တန်ဆာတို့ကို ဆက်သစေသည်။

ထိုအခါ မင်းကြီးသည် အမျက်ထွက်၍-

"ငါတို့ကဲ့သို့သောဖခင်ကိုပြစ်မှားသည်။ ရွှေခြေကျင်းဖြင့် ဖွဲ့ထားမှသင့်မည်"

ဟုဆိုပြီး ရွှေခြေကျင်းတို့ကို ပြုလုပ်စေသည်။

မင်းသားသည် ခမည်းတော်အား ကြောက်ရွံ့သည်ဖြစ်၍ အနည်းငယ်သောကျွေးကျွန်တို့ကို ခေါ်ယူပြီး မလယမည်သော ဇနပုဒ်သို့ထွက်ပြေးလေသည်။

ထိုအခါမှစ၍ ခမည်းတော်အပေါ်၌ ဆိုးသွမ်းပြစ်မှားသောကြောင့် မင်းသားကိုဒုဋ္ဌဂါမဏိ ဟူ၍ခေါ်ကြလေသည်။

## ကာကဝဏ္ဏတိဿမင်းကြီးနတ်ရွာစံခြင်းနှင့်ညီနောင်တို့စစ်ပွဲ

ကာကဝဏ္ဏတိဿမင်းကြီးသည် မဟာနုဂ္ဂလ ဟူသော စေတီတော်ကို တည်ဆောက်ပူဇော်ပြီးသောအခါ စိတ္တလတောင်၌ နေ၍ ရဟန်း (၂၄၀၀၀) တို့ကို ပင့်ဖိတ်ပြီး ဆွမ်းကျွေးကာ ပရိက္ခရာတို့ကိုလှူသည်။

ထို့နောက် စစ်သူရဲကို့ကိုခေါ်ယူပြီး သံဃာတော်များရှေ့၌

"ငါ၏သားတော်နှစ်ပါးတို့သည် တစ်စုံတစ်ခုသော အကြောင်းကြောင့်ခိုက်ရန်ဖြစ်ခဲ့သော် သင်သူရဲကြီးတို့သည် တစ်ဦးတစ်ဘက်က ကူညီ၍ မလိုက်ပါကုန်လင့်။ အကယ်၍ လိုက်သည်ဖြစ်အံ့၊ သင်တို့အား ငါကျွေးမွေးထားသမျှသောရိက္ခာများသည် အဆိပ်ဖြစ်၍ လတ်တလောသေစေလောဟု သစ္စာပြုကြကုန်လော"

ဟု သစ္စာဆိုစေသည်။

စစ်သူရဲအားလုံးကလည်း မင်းကြီးအမိန့်အတိုင်း ရဟန်း သံဃာတော်များရှေ့၌ ကျိန်ဆိုကာသစ္စာပြုကြသည်။

ကာကဝဏ္ဏတိဿမင်းကြီးသည် (၆၄)ရပ်သောကျောင်းကြီး စေတီကြီးတို့ကို ပြုစုတည်ထားခဲ့ပြီး သက်တော် (၆၄) နှစ်တွင် နတ်ရွာစံတော်မူသည်။

ထိုအခါ ဒီဃဝါပီအရပ်၌နေသော တိဿမင်းသားသည် အဖခမည်းတော်နတ်ရွာစံသောအကြောင်းကိုကြားလျှင် အမြန်လာပြီး ခမည်းတော်၏အလောင်းကို မယ်တော်နှင့်ညှိနှိုင်းပြီး ကောင်းမွန်ရိုသေစွာ သဂြိုဟ်သည်။

ထို့နောက် နောင်တော်ဒုဋ္ဌဂါမဏိကို ကြောက်သဖြင့် မယ်တော်ဝိဟာရဒေဝီနှင့် ကဏ္ဍုလဆင်ကိုယူပြီးလျှင် မိမိနေရာ ဒီဃဝါပိအရပ်သို့ ပြန်လေသည်။

အလုံးစုံသောမှူးတော်၊ မတ်တော်များနှင့်စစ်သူရဲကောင်းများ ညှိနှိုင်းစည်းဝေးကြပြီးလျှင် မလယဇနပုဒ်၌နေသော ဒုဋ္ဌဂါမဏိထံ အကြောင်းစုံရေးပြီး တမန်စေလွှတ်ကြသည်။

ဒုဋ္ဌာဂါမဏိမင်းသားသည် ထိုအကြောင်းကိုကြားလျှင် ဗိုလ်နှင့်တကွ ကိုယ်တိုင်လာပြီးလျှင် မဟာဂါမဏိ၌ ဖခင်၏အရိုက်အရာဖြစ်သော ထီးနန်းကိုသိမ်း၍ အဘိသိက်ခံယူတော်မူသည်။

အဘိသိက်ခံပြီး ညီတော်ထံသို့မယ်တော်နှင့် ကဏ္ဍုလဆင်ကိုပြန်ပို့ရန် တမန်စေသည်။ ညီတော်က မပို့၍အမျက်ထွက်ကာ ညီတော်ကိုစစ်ထိုးရန် ဆင်၊ မြင်း၊ ဗိုလ်ပါနှင့်ချီ၍ စူဠင်္ဂဏိယအပြင်၌ တပ်ချသည်။ ညီတော်တိဿကလည်း နောင်တော်ချီလာသည်ဟုကြားလျှင် ရဲမက်များနှင့်တကွ ဒီဃဝါပိမှထွက်၍ စူဠင်္ဂဏိယအပြင်၌ပင် ရပ်တည်လျက်စစ်မျက်နှာဆိုင်ကြသည်။

ယင်းသို့ စစ်ထိုးကြရာဝယ် ဒုဋ္ဌဂါမဏိမင်း၏ စစ်သည်တော်တို့ (၁၀၀၀)မျှ တိုက်ပွဲကျသဖြင့် ဖရိုဖရဲကွဲကုန်သည်။

ဒုဋ္ဌဂါမဏိသည် ဒီဃကူနိကာ မည်သောမြင်းမကိုစီး၍ တိဿအမတ်နှင့်တကွ စစ်မြေပြင်မှထွက်ပြေးရလေသည်။

ညီတော်တိဿသည် ဆင်စီး၍နောင်တော်ကိုအစဉ်လိုက်သော် အဘိညာဉ်ရသော ရဟန်းတို့ကမြင်၍ ညီနောင်နှစ်ပါး၊ မထိပါးစေရန် အကြားၗ် ကြီးစွာသော တောင်ကိုဖန်ဆင်းထားလိုက်သည်။

ညီတော်တိဿသည် ဤကိစ္စသည် ရဟန်းတော်တို့၏ ကိစ္စတည်းဟုသိ၍ ထိုတောင်ကိုမတက်မူ၍ ပြန်ဆုတ်ခဲ့လေသည်။

ဒုဋ္ဌဂါမဏိလည်း တောင်ခြားသည်ကိုမြင်လျှင် တန်ခိုးကြီးသော ရဟန်းတို့အစွမ်းတည်းဟုသိ၍ ငါချမ်းသာခွင့်ရပြီဟု စိတ်ချကာ ဖြေးဆေးစွာသွားပြီးလျှင် ကပ္ပကန္ဒရမြစ်၏ ဇီဝမာလိဆိပ်သို့ ရောက်သည်တွင် ရပ်နားလေသည်။

"အမောင်တိဿ. . . ငါကားယမန်နေ့က ပွဲတော်မတည်ခဲ့ရ၍ ယခုဆာလောင်မွတ်သိပ်နေပါသည်။ သင်စားဖွယ်တစ်ခုခုကို ရှာနိုင်အံ့လော"

ဟုမေးသည်။

"ကျွန်ုပ်ရွှေခွက်တွင် ထည့်ထားသောတစ်နပ်စာ ထမင်းတော့ ပါ,ပါသေးသည်။"

ဟုလျှောက်ပြီး ထမင်းကိုရွှေခွက်ဖြင့်ထည့်၍ ဆက်သသည်။

"ငါသည် စားဦးကိုမလှူဘဲ စားလေ့မရှိ၊ ထို့ကြောင့် ဤထမင်းကိုလှူရန်တစ်ဖို့ ကျွန်း၊ အရှင်၊ မြင်းတစ်ဖို့စီအားဖြင့် (၄)ဖို့ ပြုပါလော"

တိဿအမတ်သည် မင်းကြီးဆိုတိုင်းပြုသည်။

"အလှူခံရှင်တို့ကို ကြွေးကြော်ဖိတ်ကြားပါလေ"

ဟု မင်းကြီးကမိန့်ကြားသောအခါ တိဿအမတ်လည်း ကြွေးကြော်ဖိတ်ကြားသည်။

ထိုအခါ ဒုဋ္ဌဂါမဏိမင်းအား သရဏဂုံသိက္ခာပေးသော ပိယင်္ဂုကျွန်း၌နေသော ဂေါတမထေရ်သည် ဒိဗ္ဗသောတ နားဖြင့် ကြား၍ တပည့်ဖြစ်သောကုဋုမ္ဗိကတိဿမထေရ်အား သင်သွား၍ ဆွမ်းခံချေ ဟုမိန့်ပြီးစေလွှတ်သည်။

ထိုမထေရ်သည် ကောင်းကင်ခရီးဖြင့်ကြွ၍ မင်း၏အနီး တွင် သက်ဆင်းရပ်လေသည်။ တိဿအမတ်သည် မထေရ်ထံမှ သပိတ်ကိုယူ၍မင်းကြီးအားအပ်သည်။ မင်းကြီးသည်အလွန်ဝမ်း မြောက်ဝမ်းသာဖြစ်သည်ဖြစ်၍ လှူရန်သတ်မှတ်ထားသော အဖို့ သာမက မိမိစားရန်အဖို့ကိုပါထည့်၍ လောင်းလှူလိုက်သည်။ တိဿအမတ်ကလည်း မိမိအဖို့ကိုမစားဘဲ လောင်းလှူသည်။

မြင်းမကိုပေးသော အဖို့တွင်လည်းမြင်းမက လှူလိုသော အခြင်းအရာကိုပြသဖြင့် မြင်းမအတွက်ပါ (၄) ဖို့လုံး လောင်းလှူ လိုက်လေသည်။

သပိတ်၌ဆွမ်းပြည့်သော် မင်းကြီးသည်မိမိကိုယ်တိုင် မထေရ်မြတ်ကို ဆွမ်းသပိတ်ဆက်ကပ်သည်။

မထေရ်မြတ်သည် ကောင်းကင်ခရီးဖြင့်ပြန်ကြွပြီး မိမိ၏ ဆရာအား သပိတ်ကိုကပ်လေသည်။

ဂေါတမမထေရ်သည်လည်း ဆွမ်းစားဆဲဖြစ်သော ရဟန်း ငါးရာကိုပေးမျှ၍ ပေးလှူသည်။

ဒုဋ္ဌဂါမဏိမင်းသည် ဆာလောင်သဖြင့် ရဟန္တာမထေရ် တို့က ဆွမ်းကျန်လေးပေးလျှင် ကောင်းမှာဘဲဟု စိတ်အကြံဖြစ်မိ လေသည်။

ဂေါတမ,မထေရ်သည် ရဟန်းတို့မှ ကြွင်းသောဆွမ်းကို သပိတ်တွင်ထည့်၍ ဒုဋ္ဌဂါမဏိမင်းထံသပိတ်ကို ပစ်လွှတ်ပေးလိုက်

သည်။ သပိတ်တော်ကောင်းကင်မှလာသည်ကို **တိဿအမတ်မြင်** လေလျှင် ယူငင်ပြီး မင်းကြီးအား ဆက်သသည်။

မင်းကြီးသည် ဝမ်းမြောက်ဝမ်းသာဖြစ်ပြီးလျှင် သပိတ်ကို ယူ၍ မိမိလည်းစား တိဿအမတ်လည်းစား မြင်းကိုလည်း စားစေသည်။

ထမင်းစားပြီးသော် သပိတ်တော်ကိုဆေး၍ မိမိခါး၌ စည်းထားသော နူးညံ့သောအပတ်ကိုသပိတ်သုတ်ပုဝါပြု၍ ရစ်ပတ်ပြီးလျှင် ကောင်းကင်သို့ပြန်ပစ်တင်ပေးလိုက်သည်။

ထို့နောက် ဒုဋ္ဌဂါမဏိသည် ဇီဝမာလိမှသည် မဟာဂါမသို့ ပြန်လာခဲ့၍ ရောက်သောအခါ ရဲရင့်သော ဗိုလ်ပါခြောက်သောင်း စုစည်းပြီးလျှင် စစ်ဆင်ရာသို့သွား၍ စစ်၏စည်သံကိုပြုလေသည်။

ညီတော်တိဿလည်း ကဏ္ဍုလဆင်ကိုစီး၍ ခံသည်။ မင်းကြီးကမြင်းမကိုစီး၍ စစ်မျက်နှာကိုဆိုင်ပြီးလျှင် ကဏ္ဍုလဆင်ကို မြင်းမဖြင့်လှည့်ပတ်သည်။ ဤသို့လှည့်ပတ်လျက် လက်နက်လွှတ်ခွင့်ကိုမရလျှင် မြင်းမကိုဆင်၏ ကျောထက်သို့ခုန်တက်စေပြီး ညီတော်၏ကျောက်ကုန်းနားသို့ကျအောင် လှံမကိုလွှတ်လေသည်။

ကဏ္ဍုလဆင်သည် တိဿမင်းသည် ဆင်စီးခြင်း၌ မလိမ္မာသောကြောင့်မြင်းမသည် ငါ၏ကျောပေါ်သို့ ခုန်တက်သည်ကို ငါခံရသည်ဟု အမျက်ထွက်သဖြင့် တိဿမင်းကိုဆင်ပေါ်မှ ကျစေရန် ဆတ်ဆတ်ခါခြင်းကိုပြုပြီး သစ်ပင်တစ်ပင်သို့ကပ်လေသည်။

မင်းသားသည် သစ်ပင်ကိုလှမ်းဆွဲပြီးနေရသည်တွင် ကဏ္ဍုလဆင်သည် မိမိ၏အရှင်သခင်ဖြစ်သော ဒုဋ္ဌဂါမဏိမင်းထံသို့ ကပ်သွားလေသည်။

ဤစစ်ပွဲ၌ တိဿမင်းကြီး၏စစ်သည်တော် တစ်ထောင်မကကျဆုံး၍ စစ်ပျက်ကာထွက်ပြေးကြလေသည်။

ဒုဋ္ဌဂါမဏိမင်းကြီးသည် ကဏ္ဍုလဆင်ကိုစီး၍ ပြေးလေသော ညီတော်တိဿနောက်လိုက်လေသော် ညီတော်သည် အလွန်ကြောက်ရကာ ကျောင်းထဲသို့ပြေးဝင်ပြီး ညောင်စောင်းအောက်၌ အိပ်နေသည်။

မထေရ်ကြီးက ညောင်စောင်းကိုသင်္ကန်းဖြင့် အုပ်ထားလေသည်။

"အရှင်ဘုရား . . တိဿသည် အဘယ်မှာနည်း" မေးလျှောက်သည်။

"မင်းကြီး . . . တိဿသည် ညောင်စောင်းထက်၌မရှိ။" ဟုအဖြေပေးသည်။

မင်းကြီးသည် ညောင်စောင်းအောက်၌ရှိသည်ကိုသိလျက်ပင် မသိချင်ယောင်ဆောင်ပြီး ထွက်သွားသည်။ ကျောင်းထက်ဝန်းကျင်၌ အစောင့်အရှောက်ကိုပေးထားသည်။

ရဟန်းတော်တို့က တိဿမင်းသားကို ညောင်စောင်းထက်၌ အိပ်စေ၍သင်္ကန်းခြုံလွှမ်းပြီးလျှင် ရဟန်းငယ် (၄)ပါးတို့အား ညောင်စောင်းခြေကိုကိုင်စေ၍ ရဟန်းသေကိုထုတ်သောဟန်ဖြင့် ကျောင်းပြင်ပသို့ ထုတ်လေသည်။

ဒုဋ္ဌဂါမဏိမင်းသည် ထိုအမူအရာဖြင့် သိတော်မူ၍-

"ဟယ် . . . တိဿ နင်သည်အမျိုးတို့၏ နတ်ဖြစ်သော အရှင်တို့၏ဦးခေါင်းထက်၌စီး၍ သင်ထွက်သည်တကား၊ ငါသည် ဘိုးဘေးအစဉ်ဖြင့် သခင်ပြုသောအရှင်မြတ်တို့၏လက်မှ ဗလက္ကာရ

မူ၍ ဖမ်းယူခြင်းကိုမပြုပြီ။ ဤကျေးဇူးကိုထောက်မျှော်၍ အမျိုးတို့၏နတ်ဖြစ်သော သံဃာတော်တို့၏ဂုဏ်ကိုအဖန်တလဲလဲ အောက်မေ့ပါလော့"
ဟုဆိုကာ ထိုကျောင်းအရပ်မှခွါ၍ မဟာဂါမသို့မယ်တော်ကို ခေါ်ဆောင်ကာပြန်ကာခဲ့လေသည်။

ညီတော်တိဿသည် ရဟန်းကိုထုတ်ဆောင်၍ ပြင်ပသို့ရောက်သောအခါ မိမိနေရာဖြစ်သော ဒီဃဝါပီအရပ်သို့ပြန်ခဲ့သည်။

တစ်လခန့်ကြာသောအခါ မင်းသားသည် ဂေါဓဝတ္တ တိဿမထေရ်ထံသို့ချဉ်းကပ်၍-

"အရှင်ဘုရား. . . တပည့်တော်သည် နောင်တော်အား ပြစ်မှားသည်ကို ကန်တော့လိုပါသည်။ အရှင်ဘုရားဆောင်ယူ၍ ပို့ပေးတော်မူပါ။"
ဟု တောင်းပန်လျှောက်ထားလေသည်။

မထေရ်သည် တိဿမင်းသားကို ဝေယျာဝစ္စကရတပည့် အသွင်ပြုပြီး ရဟန်းငါးရာတို့ကိုပါခေါ်၍ မင်းကြီးထံသို့သွားလေသည်။ မင်းနန်းတော်သို့ရောက်သောအခါ မင်းသားကိုနန်းတော် စောင်းတန်းဦး၌ထားခဲ့ပြီး သံဃာ(၅၀၀)နှင့်အတူ မင်းကြီးထံဝင်လေသည်။

မင်းကြီးသည် သံဃာများကိုနေရာထိုင်ခင်းကောင်းစွာစီမံပေးပြီး သီတင်းသုံးစေသည်။ ပြီးနောက် ယာဂုသုံးဆောင်ရန် ဆောင်ယူပြီး သပိတ်၌လောင်းလှူရန် စီမံသည်။

မထေရ်က သပိတ်တော်ကိုမဖွင့်ဘဲနေသည်။

"အရှင်ဘုရား. . . အဘယ်ကြောင့်သပိတ်ကို မဖွင့်ပါသနည်း။"

"ဒါယကာ. . . မင်းကြီး ညီတော်တိဿသည် မင်းကြီးကို ကန်တော့လိုလှသည်ဖြစ်၍ ငါတို့ဆောင်ခဲ့ရသည်။ ညီတော်၏ အပြစ်ကို သည်းခံပါလော့"

"အရှင်ဘုရား. . . ညီသားတိဿသည် အဘယ်မှာနည်း"

"စောင်းတန်းဦး၌ ထားခဲ့ပါသည်"

မယ်တော်ဝိဟာရဒေဝီသည် ထိုသတင်းကိုကြားသော် သားငယ်တိဿထံအမြန်သွားပြီးအဝတ်ဖြင့်ဖုံးလွှမ်းကာ ရွေးထွေးစွာဖက်ထားသည်။

"အရှင်ဘုရားတပည့်တော်သည် ရဟန်းသံဃာတော်တို့၏ ကျွန်အဖြစ်ကို ငယ်စဉ်ကတည်းကပင် ခံယူထားပါသည်။ ဤအမှုသည် ယခုထင်ရှားပါပြီ။ အရှင်မြတ်တို့သည် ခုနှစ်နှစ်အရွယ်သာမဏေငယ်ကိုမျှ စေလွှတ်၍ပြောကြားပါသော်လည်း စကားတော်ကိုမလွန်ဆန်ပါပြီ။ ရဲမက်ဗိုလ်ပါ များစွာပျက်စီးခြားခဲ့သော်လည်း ညီတော်အား ခိုက်ရန် မပြုတော့ပါပြီ။ အရှင်ဘုရားတို့ ဆုံးမရာကိုနာခံ၍ သင့်မြတ်ပါမည်။"
ဟုလျှောက်ထားဝန်ခံသည်။

ထိုအခါကျမှ ရဟန်းတော်များက ယာဂုခဲဘွယ်တို့ကို အကပ်ခံ၍ ဘုဉ်းပေးကြသည်။

ထို့နောက် ညီတော်ကိုခေါ်စေ၍ သံဃာတော်များ အလယ်တွင် ညီတော်၊ နောင်တော်အတူနေစေ၍ ထမင်းအတူတူ စားစေသည်။ မထေရ်ကြီးသည် ညီတော်၊ နောင်တော်တို့ကို ဆိုဆုံးမ၍ ပြန်ကြွသွားကြသည်။

ညီတော် နောင်တော်သင့်မြတ်ကြ၍ တစ်လမြောက်ရှိသောအခါ ညီတော်တိဿကို ဒီဃဝါပိသို့ပြန်လွှတ်ပြီး စားနပ်ရိက္ခာအတွက် ဆန်၊ စပါးများစွာတို့ကို စိုက်ပျိုးပြုလုပ်စေသည်။

နယ်သူနယ်သားများကိုလည်း စည်လည်စေ၍ ဆန်၊စပါးပဲတို့ကို အပြည့်အဝစိုက်ပျိုးလုပ်ကိုင်စေသည်။

မိမိ၏ပိုင်နက်အတွင်း၌ စားနပ်ရိက္ခာပြည့်စုံစေရန် စီမံပြီးလျှင် မင်းမှုထမ်းနှင့် စစ်သူရဲတို့ကိုလည်း အသီးသီးချီးမြှောက်ခြင်းကို ပြုတော်မူသည်။

ဤသို့ဖြင့် ဒုဋ္ဌဂါမဏိမင်းသည် ဗုဒ္ဓသာသနာကို ထွန်းပအောင်မပြုလုပ်နိုင်ခင် မိစ္ဆာကျည်းတို့ကို နှိမ်နင်းနိုင်ရန်အတွက် မျိုးရိက္ခာ၊ လက်နက်၊ စစ်သူရဲ လျှသူတို့ကို အချိန်ယူ၍စုဆောင်းလုပ်ကိုင်နေလေသည်။

## ဌောရကျေးမင်းနှင့်မျိုးနွယ်

လင်္ကာဒီပတွင် ရှင်မဟိန္ဒမထေရ်မြတ် သံဃမိတ္တာထေရီမတို့နှင့် ဗုဒ္ဓသာသနာတော်အခြေချပြီး တည်တံ့ပြန့်ပွားအောင်ကြိုးစားခဲ့သော ဒေဝါနံ ပိယတိဿမင်းကြီးသည် နှစ်ပေါင်း (၄၀) မင်းပြုပြီးနောက် နတ်ရွာစံလွန်တော်မူသည်။

ထိုမင်းတွင် သားထောက်သမီးခံမရှိ၍ မင်း၏ညီတော်ရင်းဖြစ်သော မုဋ္ဌသီဝမင်း၏သားတော် ဥတ္တိယမင်းသားသည် ထီးနန်းအရိုက်အရာကို ဆက်ခံယူရသည်။

ထိုဥတ္တိယမင်းသည် ရှင်မဟိန္ဒအဆုံးအမကိုခံယူ၍ လင်္ကာဒီပ၌ ဗုဒ္ဓသာသနာတော်ကို ထွန်းကားအောင်ဆောင်ရွက်ခဲ့

သည်။ ရှင်မဟိန္ဒကိုလည်း ဘုရားရှင်ကဲ့သို့ သဘောထားပြီး ကိုးကွယ်ဆည်းကပ်ခဲ့သည်။

ထိုမင်းနန်းစံ (၈)နှစ်မြောက်တွင် ရှင်မဟိန္ဒပရိနိဗ္ဗာန်စံဝင်တော်မူသလို နောက်နှစ်တွင် သံဃမိတ္တာထေရီမကြီး ပရိနိဗ္ဗာန်စံဝင်တော်မူသည်။

ထိုဥတ္တိယမင်းသည် လင်္ကာဒီပ၌ (၁၀) နှစ်မင်းပြုပြီးသော် နတ်ရွာစံသည်။ ထိုမင်း၏ညီတော်ဖြစ်သော မဟာသီဝမင်းဆက်လက်နန်းတက်သည်။

ထိုမဟာသီဝမင်းကား အလွန်နူးညံ့သောနှလုံးရှိသည်။ သူတော်ကောင်းတို့ကို အလွန်မြတ်နိုးတတ်သည်။ အလျှုဝတ်တို့ကို မပြတ်ပြု၍ ချီးမြှောက်သည်။ ဘဒ္ဒသာလမထေရ်၌ အလွန်ကြည်ညိုမြတ်နိုးသဖြင့် အနုရာဓမြို့အရှေ့အရပ်၌ နာဂရင်္ဂဏာမည်သောကျောင်းကိုဆောက်လုပ်လှူဒါန်းခဲ့သည်။ နန်းစံ (၁၀)နှစ်ကြာခဲ့သည်။

ထိုမဟာသီဝမင်းနတ်ရွာစံသော် ညီတော်သူရတိဿနန်းတက်သည်။ ထိုမင်းသည်လည်း ရတနာသုံးပါး၌ ကြည်ညိုသည်။ ကောင်းမှုတို့ကိုအလွန်အားထုတ်တော်မူသည်။ ဒေသအသီးသီး၌ ကျောင်းပေါင်း (၅၀၀)တို့ကို ဆောက်လုပ်လှူဒါန်းခဲ့သည်။

မင်းမဖြစ်မီကလည်း လင်္ကာဒီပကျွန်း၏အလယ်၌ စီးဆင်းသောဂင်္ဂါမြစ် ဤမှာဘက်ကမ်း အနီးဖြစ်သောထိုထိုအရပ်တို့၌ ဇရပ်၊ တန်ဆောင်းဆောက်၍ လာသမျှသော ရဟန်းရှင်လူတို့အား လှူဒါန်းမှုကို ပြုခဲ့သူဖြစ်သည်။ ထိုအချိန်က သုဝဏ္ဏပိဏ္ဍတိဿ အမည်ရသည်။

မင်းအဖြစ်သို့ရောက်သောအခါ သူရတိဿဟူသော အမည်ကို ခံယူရရှိလေသည်။

ထိုသူရတိဿမင်း မင်းသားဘဝ၌ရှိစဉ် ဒမိဠခေါ် ကျေးလူမျိုးတစ်ယောက်ကို လှေသူကြီးခန့်ထားခဲ့သည်။ ထိုလှေသူကြီး၌ သေနနှင့်ဂုတ္တအမည်ရှိသော ခွန်အားကြီးသောသား (၂)ယောက် ရှိလေသည်။

သူရတိဿမင်းဖြစ်သောအခါ ထိုညီနောင် (၂)ဦးကို လူယုံတော်အဖြစ် မင်းတံခါး၌ စားနေထိုင်ရသည်။

ထိုညီနောင်သည် မင်း၏မိဖုရားနှင့် ချစ်ကျွမ်းဝင်၍ မင်းကိုလုပ်ကြံကာ ထီးနန်းကိုယူလေသည်။

သူရတိဿမင်းကား (၁၀)နှစ်နန်းစံခဲ့သည်။ သေနဂုတ္တ ကျေးညီနောင်တို့က (၂၈) နှစ်ပတ်လုံး မင်းပြုကြသည်။

ထိုမှနောက်တွင် မုဋသီဝ၏သားတော်အငယ်ဆုံးဖြစ်သော အသေလမင်းသားသည် ထိုကျေးမင်းတို့ကိုဖမ်းယူ၍ အနုရာဓထီးနန်းကို ဆက်လက်နန်းစံခဲ့ပြန်သည်။

ထိုအခါ ဖြောင့်မတ်သောစိတ်သဘောထားရှိသော ဧဠာရ အမည်ရှိသော ကျေးမင်းသည်-

"ငါ၏အနွယ်ဖြစ်သော သေနဂုတ္တတို့၏စည်းစိမ်ကို ပြန်ယူမည်။"

ဟုကြံစည်နှလုံးသွင်းပြီး စောဠတိုင်းသို့ထွက်ခွာသွားကာ ထိုအရပ်တွင် စစ်သည်ဗိုလ်ပါစုဆောင်းပြီးလျှင် အသေလမင်းကိုတိုက်လေသည်။ အသေလမင်းသည် နန်းစံ(၁၀)နှစ်တွင် ဧဠာရမင်းကို စစ်ရှုံး၍ နတ်ရွာစံရလေသည်။

ဥဒေါ့ရကျေးမင်းကား ရတနာသုံးပါးကို မယုံကြည်၊ မကိုးကွယ်၊ မိမိ၏မျိုးရိုးအကျင့်ကိုသာလိုက်၍ သဗ္ဗဂါတိ်ကို မညှင်းဆဲမနှိပ်စက်ခြင်း၊ ဖြောင့်မတ်စွာစီမံအုပ်ချုပ်ခြင်းတို့ဖြင့်သာ မင်းပြုလေသည်။

ထိုမင်းသည် တရားစီရင်သောအခါ မိတ်ဆွေဟူ၍လည်းကောင်း၊ ရန်သူဟူ၍လည်းကောင်း၊ ဆွေမျိုးဟူ၍လည်းကောင်း၊ သူစိမ်းဟူ၍လည်းကောင်း၊ ကျောသားရင်သားမခွဲခြားဘဲ တရားလမ်းအတိုင်းသာ စီရင်လေသည်။ ဥစ္စာတံစိုး၊ မျက်နှာတံစိုး၊ စသည်လိုက်စားခြင်းမရှိ မိမိကိုယ်တိုင်တရားစီရင်လေ့ရှိသည်။

တရားအဆုံးအဖြတ်ခံယူလိုသောပြည်သူ ပြည်သားတို့ လျှောက်ထားလွယ်စိမ့်သောငှါ မိမိအိပ်ရာဘေးအသက်၌ ခေါင်းလောင်းဆွဲထားပြီး ကြိုးရှည်ဆွဲထားလေသည်။ ထိုကိစ္စကို ပြည်သူများသိအောင်လည်း ကြေငြာပေးထားသည်။

ထိုသို့ တရားဖြောင့်မတ်စွာ စီပံသောကြောင့် မြို့စောင့်နတ်ဖြစ်သော ဘုမ္မစိုးနတ်၊ ရုက္ခစိုးနတ်တို့က ကောင်းချီးပေးကြသည်။ အခြေ(၄) ချောင်း၊ အခြေ (၂)ချောင်းရှိသောတိရစ္ဆာန်၊ ကျေးငှက်တိရစ္ဆာန်တို့ကလည်း အလွန်နှစ်သက်မြတ်နိုးကြသည်။

ထိုမင်းနှင့်ပတ်သက်၍ လက်ာဒီပ၌ တိရစ္ဆာန်နှင့်လူမင်းသားအမှုဖြစ်မှုတွင် တရားစီရင်ထုံးသည် သမိုင်းဝင်မှတ်တမ်းမှတ်တမ်းတင်ကျန်ရစ်ခဲ့သည်။

ဥဒေါ့ရကျေးမင်းတွင် သားတော်တစ်ပါး၊ သမီးတော်တစ်ပါးရှိသည်။

တစ်နေ့သောအခါ မင်းသားသည် ရထားစီး၍ တိဿဝါပိ ရေကန်သို့သွားသော် လမ်းခရီး၌သားငယ်နှင့်တကွ အိပ်နေသော နွားမတစ်ကောင်နှင့်ဆုံမိသည်။ နွားမကရှောင်လိမ့်မည်ဟု နှလုံးသွင်း၍ မရပ်တန့်ဘဲ ရထားကိုပြင်းစွာနှင်လေသော် နွားငယ်အိပ်ပျော်နေခိုက်ကျသဖြင့် မရှောင်နိုင်၍နွားငယ်သည်လည်ကို ရထားနင်းမိပြီး သေဆုံးလေသည်။

အမိနွားမသည် သားငယ်ကိုနမ်းကြည့်၍ သေမှန်းသိသော် သည်းမခံနိုင်လှသောကြောင့် မင်းထံသို့သွား၍ ခေါင်းရင်း၌ဆွဲထားသော တရားကြီးခေါင်းလောင်းကို ဦးချိုဖြင့်တွေ့ခတ်လေသည်။

ဧဠာရကျေးမင်းသည် ခေါင်းလောင်းသံကြား၍-

"အဘယ်လူမျိုး တီးခတ်သနည်း။"

ဟုမေးသည်။

အစောင့်လူတို့က နွားမသည်ချိုနှင့် တွေ့လာသောကြောင့် လျှောက်ထားကြသည်။ ထိုနွားမကိစ္စကိုသိရအောင် မင်းချင်းတို့ကို စုံစမ်းစေသည်။ နွားမနောက်သို့လိုက်ကြည့်ရာ နွားငယ်သေကြောင်း သိရ၍မင်းထံအကြောင်းကြားလျှောက်ထားသည်။

ဤလမ်းခရီးကို မည်သူသွားသနည်းဟု စုံစမ်းစေသော် နံနက်အခါက သားတော်သွားကြောင်းကိုလျှောက်ထားကြသည်။ သားတော်ကိုခေါ်၍မေးသည်။ သားတော်ကလည်း အမှန်ပင် လျှောက်ထားသည်။

"သားတော်ကို နွားငယ်၏နေရာ၌အိပ်စေ၍ နွားမရှေ့တွင် ရထားနှင့်နင်းစေ"

ဟု အမိန့်ကျချမှတ်လိုက်သည်။

"အရှင်မင်းကြီး. . . ဤနွားမအား သားငယ်အသက်ရှင်သော်လည်း အမိကိုလုပ်ကျွေးပြုစုဖော်မရပါ။ လုပ်ကျွေးပြုစုပေးသော တစ်အိမ်ထောင်ကိုပေး၍ သားတော်ကိုလွှတ်ပေးသင့်ပါသည်"
ဟု အမတ်တို့က အကြံပေးတောင်းပန်လျှောက်ထားသော်လည်း မင်းကြီးကအခွင့်မပြုပေ။"

"အရှင်မင်းကြီး. . . ယူဇနာ (၈၄၀၀၀)နက်သော သမုဒ္ဒရာထဲမှ ပုလဲရတနာကို ရလာသကဲ့သို့လည်းကောင်း၊ ဝေပုလ္လတောင်မှ မရ၊ ဖူးမြဲသောမနောမယပတ္တမြားရတနာကို ရလာသကဲ့သို့လည်းကောင်း၊ အာကာသဠ္ဌရတနာတွင် အာနိပုလဲကိုမရဖူးမြဲရလာသကဲ့သို့လည်းကောင်း၊ ရတောင့်ရခဲသောသားကောင်ရတနာကို ပမာဏမပြုလောက်သော နွားငယ်မျှနှင့်ထပ်တူမပြုသင့်ပါ။ နွားမတစ်သက်တာတွင် ချမ်းသာအောင်ပြုစုလုပ်ကျွေးလျှင် လွှတ်လပ်ခွင့်ပေးသင့်ပါသည်။"
ဟု အထပ်ထပ်တောင်းပန်ကြသည်။

"ငါထားသောတရားခေါင်းလောင်းကို ငါမဖျက်ကောင်းပေ"
ဟုဆို၍ သားငယ်ကိုနွားငယ်နေရာ၌ အိပ်ပျော်စေ၍ ရထားနှင့်နင်း၍လည်ကိုနင်း၍ လည်ကိုဖြတ်စေဟု စီရင်တော်မူခဲ့သည်။

တစ်ခါ၌လည်း ထန်းပင်ထက်၌အသိုက်လုပ်နေသော ငှက်ငယ်ကိုငန်းမြွေတစ်ကောင်ကတက်၍ စားမျိုသည်။ ထိုသည်ကို ငှက်မကမကျေနပ်၍ တရားဆုံးဖြတ်သောခေါင်းလောင်းကို နှုတ်သီးဖြင့် ခေါက်သည်။ ထိုအသံကိုကြား၍ စုံစမ်းသော် ထိုအကြောင်း

ကိုသိ၍ မြွေကိုဖမ်းစေကာ မြွေဝမ်း၌ရှိသော ငှက်ငယ်ကိုထုတ်၍ မြွေ၏ပါးပြင်၌ သံချိန့်နှက်ပြီးမြွေကိုထန်းပင်၌ ဆွဲထားစေသည်။

ရတနာသုံးပါး၌ မကြည်ညိုသော်လည်း ဧဠာရကျေးမင်းသည် တရားကိုဖြောင့်စွာစောင့်သည်။

အလားတူ အခါကာစ်ပါးတွင် ဂိုဏ်းဝင်ရဟန်းတို့နှင့် စကားပြောဟောပြီး စီမံသင့်သည်ကိုစီမံကာ ရထားစီးလျက်ပြန်လာစဉ် ဗုဒ္ဓဘာသာဘုရားစေတီ တစ်ခုပ်သောအစွန်ကိုရထားထမ်းပိုးဖြင့် တိုက်မိ၍အုပ်ချပ်တို့ ပျက်စီးလေသည်။

"အရှင်မင်းကြီးသည် ကျွန်ုပ်တို့ ကိုးကွယ်ရာဖြစ်သော စေတီကိုဖျက်စီးချေသည်။ ကျွန်ုပ်တို့မနှစ်သက်ပါ။"
ဟု အမတ်တို့က လျှောက်ထားသည်။

ဧဠာရကျေးမင်းသည် စေတနာမရှိဘဲ မတော်တဆတိုက်မိခဲ့သည်ဖြစ်သော်လည်း ပြစ်ပြစ်ခံမည်သော်ငှါ ရထားမှဆင်းသက်ပြီး-

"ငါ၏ဦးခေါင်းကို ရထားလှည်းဘီးဖြင့် ဖြတ်ကြလော့"
ဟုမိန့်ကြားပြီး လမ်းခရီးမ၌ အိပ်နေလေသည်။

"မြတ်သောမင်းကြီး. . . ကျွန်ုပ်တို့ဆရာ မြတ်စွာဘုရားသည် သူတစ်ပါးတို့အား ညှင်းဆဲသတ်ဖြတ်ခြင်းကို အလိုမရှိပါ။ သို့အတွက် မင်းကြီး၏ကိုယ်တော်ကို ထိခိုက်အောင်မပြုလိုပါ။ စေတီပျက်သောနေရာ၌ ပြကတေ့အတိုင်း ပြုပြင်၍ကန့်တော့ပေးပါ။"
ဟု အမတ်တို့က လျှောက်ထားသည်။

မင်းကြီးသည်ကောင်းပြီဟုဝန်ခံ၍ ထိုစေတီပျက်ကျသော နေရာ၌ (၁၅)ချပ်သော ကျောက်ဖျာတို့ကို ပြုပြင်ထားရန် အသပြာ (၁၅၀၀)ကို ပေးလေသည်။

တစ်ခါသော် အနုရာဓမြို့၌နေသော အဖွားအိုတစ်ယောက်သည် စပါးကိုနေလှမ်းရာ အခါမဟုတ်မိုးရွာ၍ စပါးများမိုးစိုသဖြင့် မင်းကြီး၏ခေါင်းလောင်းကြီးကို သွားရောက်ဆွဲလှုပ်သည်။

မင်းကြီးကခေါ်ယူစီစစ်မေးသော်-

"အရှင်မင်းမြတ်. . . ကျွန်ုပ်သည် ငယ်သောအခါမှစ၍ ယနေ့အဖွားအိုဘဝရောက်သည့်အထိ အချိန်မဟုတ်သောနေ့၌ မိုးရွာသည်ကိုမတွေ့ရပါ။ ယခုမိုးရွာ၍ ကျွန်မ၏စပါးများ မိုးရေစိုစွတ်ရပါသည်။ ယင်းမှာမင်းပြုသောသူတို့မှာ တရားမစောင့်သောကြောင့်ဖြစ်သည်ဟု ကြားဖူးပါသည်။ ထို့ကြောင့် အရှင်မင်းကြီး တရားစောင့်သော်ငြါ လာရောက်လျှောက်ထားလို၍ ခေါင်းလောင်းကို တီးခတ်ပါသည်။"

ဟု လျှောက်ထားလေသည်။

ဋ္ဌောရကျေးမင်းသည် အလွန်ရှက်ရကား အဖွားအိုကိုပြန်လွှတ်ပြီးလျှင်-

"မင်းတို့၏ကျင့်ရိုးဖြစ်သော တရားကိုသာလျှင် ကောင်းစွာကျင့်သောငါသည် သင့်တင့်သောအခါ၌သာလျှင် မိုးရွာခြင်းကိုရအောင်ကျင့်အံ့"

ဟု ဆုံးဖြတ်ပြီးလျှင် ထိုအဖွားအို၏တရားကိုဆုံးဖြတ်ရန် ဥပုသ်ကျင့်သုံးလျက် ဆားပါသောအစာကိုမစားဘဲ လဲလျောင်းနေလေသည်။

ဋ္ဌောရကျေးမင်း၏ သစ္စာ, သီလတန်ခိုးလှမ်းမိုးနှိပ်စက်ခံရသော အပူဇော်ခံနတ်သားသည်မနေနိုင်၍ စတုမဟာရာဇ်နတ်မင်း

တို့ထံသွား၍ ထိုအကြောင်းကိုလျှောက်ထားသည်။ စတုမဟာရာဇ် နတ်မင်းတို့ကလည်း နတ်သားကိုခေါ်၍ သိကြားမင်းထံသို့သွားကာ အကြောင်းအကျိုးလျှောက်ထားကြသည်။

သိကြားမင်းသည် ပဇ္ဇုန္နမိုးနတ်သားကိုခေါ်ကာ-

"အမောင်သည် ဧဠာရကျေးမင်းနိုင်ငံ၌ ညဥ့်ယံ၌သာမိုး ရွာပါစေသား"

ဟုစေခိုင်းသည်။

နတ်သားသည် သိကြားမင်းထံမှအကြောင်းကိုသိသော ဧဠာရကျေးမင်းထံသို့လာပြီး ထိုအကြောင်းကိုပြောကြားသည်။

ထိုအချိန်မှစ၍ ဧဠာရကျေးမင်းနိုင်ငံ၌ နေ့အခါမိုးရွာခြင်း မရှိ ညဥ့်အခါ၌သာလျှင် အစဉ်မပြတ်ရွာလေသည်။

ဧဠာရကျေးမင်းသည် အယူအားဖြင့် မိစ္ဆာဒိဋ္ဌိအယူရှိလျက် အာဂတိလေးပါးမလိုက်စားတော့ဘဲ တရားဆုံးဖြတ်ခြင်း၌ မှန်ကန်သောသစ္စာရှိခြင်း မေတ္တာပို့ခြင်းတည်းဟူသော ဓမ္မတာသီလကြောင့် မိုးနတ်မှသည်အလိုကိုလိုက်၍ ရွာချပေးရခြင်းဟူသော တန်ခိုး အထူးကို ရရှိရလေသည်။

ကောင်းမြတ်သောအယူဖြင့် ဖြူစင်သောစိတ်နှလုံးရှိလျက် ရတနာသုံးပါး၌ ယုံကြည်လက်ခံသောမင်းတို့သည် အဂတိမလိုက် ဘဲဖြောင့်မှန်စွာ ကျင့်ပါကလိုရာဆန္ဒပြီးကြသည်သာ ဖြစ်ကြပါသည်။

# အခန်း ( ၃ )

# ဒုဋ္ဌဂါမဏိမင်း၏ သာသနာပြုဘက် စစ်သူရဲကောင်းများ

## (က) သုရနိမ္မလစစ်သူရဲကောင်း

သီဟိုဠ်ကျွန်း ဒုဋ္ဌဂါမဏိမင်းကြီး ထီးနန်းစိုးစံစဉ် ထိုမင်းကြီး၌ ပြည်ထောင်ဘက် စစ်သူရဲကောင်း သုရနိမ္မလဟူသော စစ်သူရဲကြီး တစ်ဦးရှိခဲ့သည်။

ထိုစစ်သူရဲကြီး၏ အတိတ်ဘဝပြုခဲ့သောဒါနမှာ ဉာဘဒ္ဒကမ္ဘာတွင်သုံးဆူမြောက်ကဿပဘုရားပွင့်တော်မူသော အချိန်ကာလဖြစ်သည်။

ရှာစွန်ရှာဖွားခြဲ၌နေသော တစ်ယောက်သော ယောကျာ်းသည် တောခြဲ့သားသမင်, ဝက်တို့ကိုဖမ်းယူ၍ ခြဲ၌လှောင်ထားပြီး သားသတ်ရောင်းသောအမှုကိုပြု၍ အသက်မွေးလေသည်။

တစ်နေ့သောအခါ ဆွမ်းခံကြွလာသော ရဟန်းမြတ် တစ်ပါးကိုမြင်၍ အလွန်ကြည်ညိုသောစိတ်ဖြစ်ပေါ်လာပြီးလျှင် ထိုရဟန်း ကိုရှိခိုးပင့်ဖိတ်ကာ ကောင်းမွန်သောသမင်သား, ဝက်သား ဟင်း ဆွမ်းတို့ဖြင့်လည်း သား၏ဟင်းချိုတို့ဖြင့်လည်းကောင်း ဆက်ကပ်လှူဒါန်းလေသည်။

ဆွမ်းလှူဒါန်းပြီးသောအခါ ရဟန်းမြတ်က ဆွမ်းဒါယကာ မုဆိုးကိုဆိုဆုံးမလိုသည်ဖြစ်၍ ငါးပါးသီလတရားကိုဟောကြားရာ-

"ဒါယကာ. . . သတ္တဝါဟုဆိုအပ်သောလူသည် လူအဖြစ် ရခဲသည်ကိုရပြီးဖြစ်ပါလျက် သူတစ်ပါးအသက်ကိုသတ်၏။ သူတစ်ပါးဥစ္စာကို အရှင်မပေးဘဲခိုးယူ၏။ သူသားအိမ်ယာကို ပြစ်မှား၏။ မမှန်သောစကားကိုပြောဆို၏။ သေရည်သေရက်သောက် စားမူးယစ်၍နေ၏။ ထိုသူသည်အပါယ်လေးဘုံ၌ကြီးစွာသော ဆင်းရဲကိုမုချခံစားရသည်ဖြစ်လတ့်"

"ဒါယကာ. . . သူအသက်သတ်ခြင်း၌ အင်္ဂါနှင့်အပြစ်တို့ သည်ရှိပါ၏။ ဤသည်များကို သင်သိထားပါလော။"

သူတစ်ပါးအသက်ကိုသတ်ရာ၌-

- သတ္တဝါလည်းဖြစ်
- သေစေလိုသော စေတနာရှိသည်။
- ကိုယ်လက်လှုပ်ရှားသောလှုံ့လပယောဂလည်းရှိသည်။
- ထိုပယောဂဖြင့် အသက်သေသည်။
- မိမိလက်ဖြင့် ကိုယ်တိုင်သတ်ခြင်းဟူသော

ဤအင်္ဂါငါးပါးနှင့်ညီက သူအသက်သတ်ခြင်းအင်္ဂါမြောက် ပေသည်။

- အကြင်သတ်ခြင်း၊ သေစေခြင်းငှာစေစားခြင်းသည် လည်းကောင်း၊
- ထိုစေခိုင်းသည့်အတိုင်း ဝန်ခံခြင်းလည်းကောင်း၊
- ဝန်ခံသည့်အတိုင်း မချွတ်မယွင်းစေဘဲ သတ်ခြင်းကို ပြုခြင်းသည်လည်းကောင်း၊

ဤသုံးပါးတွင် ကိုယ်တိုင်လှုပ်ရှားခြင်း ပယောဂကိုနှုတ်က သူတစ်ပါးစေခိုင်းသတ်ရာ၌ အင်္ဂါ (၆)ပါးရှိပါသည်။

- လက်၊ ခြေစသည်တို့ကို အဖြတ်ခံရတတ်သည်။ ကြိမ်၊ လှံတံစသည်တို့ဖြင့် ပုတ်ခတ်ခံရတတ်သည်။

ကျားကိုက်၊ မြွေကိုက်စသော ဥပါဒ်ကိုခံရတတ်သည်။

သူ့အသက်ကိုသတ်သော လူယုတ်မာသည် ဖြစ်လေတိုင်း သောဘဝ၌ နုနယ်ငယ်သောအရွယ်၍ သေခြင်းသို့ရောက်တတ် သည်။

အမိဝမ်းအောင်းစဉ်၌သော်လည်းကောင်း၊ အရွယ်ကောင်း စဉ်၌လည်းကောင်း၊ အားခွန်ရှိသောအခါ၌လည်းကောင်း၊ သေခြင်း သို့ ရောက်တတ်သည်။

ဦးခေါင်းပျက်စီး၊ ဝမ်းစသောအနာရခြင်းသည် လည်းကောင်း အမာရွတ်အထပ်ထပ်ရှိခြင်းသည်လည်းကောင်း၊

ဝဲ, ယားနာစသော အနာနှိပ်စက်ခြင်းသည်လည်းကောင်း ကြံ့လှီပုကွရခြင်းသည်လည်းကောင်း၊

ဆေး, မန္တာန်စသည်တို့ဖြင့် မကုစားနိုင်သော အနာရောဂါ တို့စုဝေးရောက်ရခြင်းသည်လည်းကောင်း၊

သားမယား၊ ဆွေမျိုးတို့နှင့်ကွေကွင်းရခြင်း၊ စိုးရိမ်ရခြင်း၊ ထိတ်လန့်သောနှလုံးရှိခြင်းသည်လည်းကောင်း၊ ဖြစ်ရပါသည်။

ဒါယကာ. . . ဤသည်တို့မှာ သူ့အသက်သတ်ခြင်း၏ ခံစားရမည့်ဆိုးကျိုးများ ဖြစ်လေသည်။

ဒါယကာ. . . သူတစ်ပါးဥစ္စာပစ္စည်းခိုးယူရာ၌လည်း အင်္ဂါ (၅)ပါးရှိသည်။

-သူတစ်ပါးသိမ်းဆည်းထားသော ဥစ္စာပစ္စည်းလည်းဖြစ်စေ

- သူတစ်ပါးသိမ်းဆည်းထားသော ဥစ္စာဟုအမှတ်ရှိသည် လည်းဖြစ်စေ၊

- ခိုးလိုသောစိတ်ရှိသည်လည်းဖြစ်စေ၊

- နေရာမှရွေ့သွားသည်လည်းဖြစ်စေ၊

- ကိုယ်လက်လှုပ်ရှားမှုပါသည်ဖြစ်စေ

ဤအင်္ဂါ (၅)ပါးသည် သူတစ်ပါးပစ္စည်းခိုးယူရာ အင်္ဂါမြောက်ပါသည်။

- အကြွင်အလိုရှိတိုင်းစေခိုင်းခြင်းသည်လည်းကောင်း၊

-စေခိုင်းသည့်အတိုင်းဝန်ခံပြီး ခိုးယူခြင်းသည်လည်းကောင်း

- ခိုးခြင်း (၅)ပါးတွင် ရွေ့ရှားစေခြင်းကိုနှုတ်၍ သူတစ်ပါး စေခိုင်းခိုးယူရာ၌ အင်္ဂါ (၆)ပါးရှိပါသည် ဒါယိကာ။

ဒါယကာ သူတစ်ပါးပစ္စည်းကိုခိုးယူသောသူသည်-

- ဆင်းရဲသောဘဝရောက်ရသည်။

- အထီးကျန်ဘဝရောက်ရသည်။

- သူတစ်ပါးထံခယတောင်းစားရသည်။

- ခွက်လက်စွဲကာ တောင်းစားရသည်။

- ကောင်းသောအစားအစာ 'အဝတ်တို့ကိုဝတ်ချင်စားချင် လျက် စားခွင့်ဝတ်ခွင့် မရကြပါ။

- ဖြစ်လေတိုင်းသောဘဝ၌ သူတစ်ပါးအလုပ်ကိုသာလုပ်သော အစေအပါးဖြစ်ရသည်။

"ဒါယကာ ဤသည်မှာ သူတစ်ပါးပစ္စည်းခိုးယူမှု အပြစ်တည်း"

ဒါယကာ. . . သူတစ်ပါးသားမယားကို ပြစ်မှားစော်ကားရာ၌ အင်္ဂါနှင့်အပြစ်များရှိပါသည်။

- သူတစ်ပါး၏သားမယားဖြစ်စေ။
- သူတစ်ပါး၏သားမယားဟုအမှတ်ရှိသည်လည်းဖြစ်စေ
- လွန်ကျူးသောစိတ်ရှိသည်လည်းဖြစ်စေ၊
- စိတ်ရှိသည့်အတိုင်း လွန်ကျူးသည်လည်းဖြစ်စေ

ဤအင်္ဂါလေးပါးရှိပါသည်။ ထိုသူသားအိမ်ယာကျူးလွန်သောသူကို လူ၊ နတ်၊ တိရစ္ဆာန်တို့သည် မနှစ်သက်မမြတ်နိုးကြပါ။ သူယုတ်မာအဖြစ် ဆဲရေးခံရတတ်သည်။ လက်၊ ခြေ၊ လှံတံစသည်တို့ဖြင့် ရိုက်နှက်ပုတ်ခတ်ခံရသည်။ သူတစ်ပါးတို့ပစ်ခတ်သော တုတ်၊ လှံတံ, အိုခြမ်းကွဲစသည်တို့ကျတတ်သည်။ မင်းဘေး၊ ခိုးသူဘေး၊ စသည်ကြောင့်ဖြစ်သော ကြောက်ရွံ့ထိတ်လန့်ခြင်းမျိုးကိုလည်းကောင်း၊ ကျား၊ သစ်စသော တိရစ္ဆာန်လည်းကောင်း၊ လောင်မီး၊ မိုးကြိုးစသည်ကြောင့်ဖြစ်သော ကြောက်ရွံ့ထိတ်လန့်ခြင်းကိုလည်းကောင်း ရရှိခံစားရတတ်ပါသည်။

ကုဋ္ဌနူနာ၊ အိုင်အနာ၊ မွေးညင်းအနာ၊ ချောင်းဆိုးအနာ၊ ပန်းနာ၊ ဝက်ရူးပြန်ရောဂါ၊ ဆေးကု၍မရနိုင်သောရောဂါတို့သည် သူတစ်ပါး သားမယား ကျူးလွန်သူတွေ ကျရောက်ခံစားရတတ်ပါသည်။

ဒါယကာ. . . သူတစ်ပါးမယားကို ခိုးသောသူသည်-
- အဆင်းမလှခြင်း
- အရုပ်သဏ္ဌာန်ဆိုးဝါးခြင်း
- အင်္ဂါချို့တဲ့ခြင်း
- အမြင်ဆိုးဝါးခြင်း
- အသားကပ်၊ ပိန်ညှောင်ရိုး၊ ပြိတ္တာအရိုးစုကဲ့သို့ ရောက်တတ်သည်။

မိန်းမသည် သူတစ်ပါးလင်ကို ပြစ်မှားမိက-
- မိန်းမအဖြစ်မှ မလွတ်မြောက်နိုင်
- ယောက်ျားသည်သူတစ်ပါးမယားကိုပြစ်မှားမိပါက မိန်းမအဖြစ်သို့လည်းကောင်း၊ နပုန်းအဖြစ်သို့ လည်းကောင်း၊ ပဏ္ဍုတ်အဖြစ်သို့လည်းကောင်း၊ ရောက်ရပါ၏။

အသင်ဒါယကာသည် သူတစ်ပါးသားမယားကျူးလွန်ခြင်းကို ရှောင်ကြဉ်ရာ၏။

ဒါယကာ. . . လိမ်ညာပြောဆိုခြင်း၌လည်း အင်္ဂါနှင့် အပြစ်များရှိပါသည်။
- မိမိအယူဝါဒကို လှို့ဝှက်လိုသောစိတ်ရှိသည်လည်း ဖြစ်စေ၊
- ထိုစိတ်နှင့်လိုက်လျော်စွာသော စကားလည်းရှိစေ၊
- ထိုစကား၏အဓိပ္ပာယ်ကိုသိသည်လည်းဖြစ်စေ၊

မုသာဝါဒအင်္ဂါ (၃)ပါးရှိပါသည်။

လိမ်ညာပြောဆိုခြင်း၌ မွေ့လျော်သောသူသည်-
- သွား-နှုတ်ခမ်းချို့တဲ့ခြင်း

- ဖြစ်လေရာဘဝ၌ လျှာမှအရည်တရွှဲရွှဲယိုစီးကျခြင်း
- နားပင်းခြင်း၊ ဆွံ့အခြင်းသို့ရောက်တတ်သည်။

ပျက်စကား၊ ဝှက်စကား၌မွေ့လျော်သောသူသည် ကောင်းသောစကားကိုဆိုပါလျက် ကြားရသောသူ၌ ဆူးငြောင့်တံကျင်းကဲ့သို့ ရောက်တတ်၏။ မုသားဆိုသူကို လူတကာကမနှစ်သက်တတ်၊

မုသားဆိုဖူးသောသူ၏စကားသည် ထိုမုသားဆိုသူထံသို့တစ်ဖန် ပြန်ရောက်တတ်၏။

မုသားဆိုသောသူအား ဖြစ်လေရာဘဝတိုင်းတို့၌ ခံတွင်းမှ အပုပ်နံ့သည်လှိုင်စွာထွက်တတ်၏။ သေသောအခါ အပါယ်ဘုံသို့ကျရောက်တတ်၏။

“ဒါယကာ. . . ဤသည်တို့မှာ လိမ်ညာပြောဆိုသောသူတို့ ရရှိခံစားရသော အပြစ်တို့ဖြစ်ပါသည်”

“ဒါယကာ. . . အရက်သေစား သောက်စား၌လည်း အင်္ဂါနှင့်အပြစ်များရှိပါသည်”

သေအရက်ကိုသောက်သောသူသည် မျက်မှောက်ဘဝ၊ တမလွန်ဘဝ ကြမ်းတမ်းသောဆင်းရဲကိုခံစားရ၏။

စင်ကြယ်သည် မစင်ကြယ်သည်ကိုမသိနိုင်၍ မပျံ့လွင့်သောစိတ်ရှိသည်ဖြစ်ရာ၏။ ရှူးသွပ်နေသော ခွေးကဲ့သို့ဖြစ်ရာ၏။

ထိုသေရည်သောက်သောသူယုတ်ကို မိမိ၏သားမယားနှင့် တစ်ပါးသူတို့က ရှုတ်ချကဲ့ရဲ့အပြစ်တင်ခြင်း ခံရတတ်ပါ၏။

ပညာအမြော်အမြင်မှလည်း ကင်းဆိတ်ရသည်။

“ဒါယကာ. . . အရက်သောက်သောသူသည် ဤသို့သော ဆိုးကျိုးများကို ခံစားရတတ်ပါသည်”

ရဟန်းတော်သည် ငါးပါးသီလ၏အင်္ဂါ အကျိုးအပြစ်တို့ကို ဟောပြောပြရာ မုဆိုးသည် တရားတော်ကိုကြားနာရလျှင် နူးညံ့သောစိတ်ရှိသည်ဖြစ်၍ သုံးရက်ပတ်လုံးထိုရဟန်းကို အလှူပေးသည်။ ငါးပါးသီလကိုဆောက်တည်သည်။ ထိုငါးပါးသီလစတင်ဆောက်တည်သောနေ့မှစ၍ ကုသိုလ်ကောင်းမှုတို့ကိုသာ ပြုလုပ်ဆောင်ရွက်နေလေသည်။

အသက်တမ်းပြည့်၍ သေဆုံးသောအခါ နတ်ပြည်ဝယ်ကြီးစွာသောနတ်စည်းစိမ်တို့ကို ခံစားရလေသည်။

ဂေါတမဘုရား ပရိနိဗ္ဗာန်စံဝင်သော် ထိုနတ်သားသည် နတ်သက်စေ့၍ လက်ာဒီပကျွန်း၊ ကောင်္ကပါသဇနပုဒ် ခန္ဓကဝိဂန္တိမည်သောရွာ၌ဥစ္စာပစ္စည်း၊ ကြွယ်ဝသောသူဌေး၏အိမ်၌ သူကြွယ်၏သားဖြစ်လာလေသည်။

ထိုသူငယ်သည် ကြီးစွာသော စွမ်းအားသတ္တိနှင့်ခွန်အားရှိသည်။ ဆင်ဆယ်စီးအားကိုဆောင်နိုင်၍ သူ့ကိုနိမ္မလ-ဟူသောအမည်ကိုပေးကြသည်။

(ကြီးပြင်းသောအခါ ဒုဋ္ဌာဂါမဏိမင်းကြီးက တစ်ဆယ်ခြောက်ကွမ်းစားအိုးအပြည့်ရှိသော ပြင်းသောအရက်ကိုသောက်စေသည်။ ထိုအရက်ကို သောက်သောနေ့မှစ၍ သူ့ကိုသုရနိမ္မလ-ဟုခေါ်ကြသည်။)

သုရနိမ္မလ (၁၆)နှစ်သားရှိသော ကာကဝဏ္ဏတိဿမင်းကြီးသည် ဒမိဠလကျည်းကုလားတို့ တိုက်ခိုက်လာမှုကို ကာကွယ်ရန်မဟာဂင်္ဂါရေဆိပ်တို့၌ ကာကွယ်ရေး၊ လုံခြုံရေး၊ အစောင့်တို့ကို စီမံချထားလေသည်။

ကာကဝဏ္ဏတိဿမင်းကြီး၏ ကိုယ်လုပ်တော်မိဖုရားမှ မွေးသော သားတော်ဒီဃာဘယကို ကစ္ဆပအမည်ရှိသော ရေဆိပ်၌ ချထားသည်။

ဒီဃာဘယသည် ထက်ဂန်းကျင် (၆) ယူဇနာအတွင်းရှိ အရပ်တို့၌ ကြီးမြတ်သောအမျိုးတို့မှ အမျိုးကောင်းသားတစ်ယောက် စီကိုလွှတ်ပေးရန် သူကြွယ်တို့ထံတမန်ကို စေလွှတ်လိုက်သည်။

ထိုအခါ သုရနိမ္မိလ၏ဖခင်သူကြွယ်သည် တမန်၏စကားကို ကြားသော် မိမိ၏သား (၇) ယောက်ကိုခေါ်ယူကာ တမန်၏ စကားကိုပြောကြား၍-

"အမောင်တို့ . . သား (၇) ယောက်တွင် မည်သူသည် ခင်းမှုထမ်းလိုသနည်း။"

ဟု မေးသည်။

ထိုအခါ သားကြီးတို့က-

"ဖခင် . . . ဖခင်၏သားငယ်ဖြစ်သော ညီနိမ္မိလသည် အဝတ်ပုဆိုးကောင်းဝတ်၊ အစားကောင်းစားပြီး ဘာမျှစားဝတ်နေ ရေးမလုပ်၊ လပ်ယားလပ်ယားနေသည်။ ထိုညီငယ်သည်သာ မင်း မှုထမ်းထမ်းပါစေ။ ကျွန်တော်တို့က ဖခင်နှင့်အတူ လယ်ယာကုန် သွယ်လုပ်၍ ဖခင်၊ မိခင်တို့အား လုပ်ကျွေးပါမည်။"

ဟု ပြောကြားကြလေသည်။

ထိုအခါ ဖခင်ကသားထွေး နိမ္မိလကိုမင်းမှုထမ်းရန် မေတ္တာ ရပ်ခံသည်။ နိမ္မိလသည် မိမိ၏စကားကိုခြောက်ယောက်က မိမိကို လိုတမာချောက်တွန်းစကားပြောကြားသည်ဟု မှတ်ထင်ကာ စိတ်ဆိုးပြီးလျှင် နံနက်စောစောအိမ်မှ ထွက်ခဲ့သည်။

ခြောက်ယူဇနာခရီးကိုလွန်၍ နေဝင်လုနီး၌ ကစ္ဆပဆိပ်ဒီဃဘယမင်းသားထံသို့ ဆိုက်ရောက်သွားလေသည်။

မင်းသားသည် နိမ္မလ၏ခြောက်ယူဇနာခရီးကို နေချင်းပေါက်ယောနိုင်သည်ကို အလွန်အံ့ဩသွားမိလေသည်။ နိမ္မလကို ဆက်လက်စုံစမ်းလိုသဖြင့်-

"အမောင်နိမ္မလ. . . စေတိယတောင်၏အနီး ဒွါရမဏ္ဍလရွာမှ ငါ၏မိတ်ဆွေ ကုဏ္ဍလအမည်ရှိသောပုဏ္ဏားတစ်ယောက်ရှိသည်။ ထိုပုဏ္ဏားထံ၌ သမုဒ္ဒရာတစ်ဘက်ကမ်းရှိ ဘဏ္ဍာတို့ကိုပေးလိုက်ပါလို့ပြောပါ။ ပြီးလျှင် သူပေးလိုက်သောဘဏ္ဍာတို့ကိုယူ၍ အမြန်ပြန်လာပါ။"

ဟု စေခိုင်းလေသည်။

မင်းသားသည် နိမ္မလကိုထမင်းကျွေးပြီးလျှင် အမှာစာကိုပေးကာ စေလွှတ်လိုက်လေသည်။

နိမ္မလသည် ယူဇနာခရီးကိုသွားပြီးသော် အနုရာဓမြို့သို့ နံနက်စောစောရောက်ပြီး ကုဏ္ဍလပုဏ္ဏားကိုတွေ့ဆုံသည်။ ပုဏ္ဏားကိုစာပေး၍ အကျိုးအကြောင်းပြောပြသည်။ ပုဏ္ဏားသည်စာကိုဖတ်ပြီးသော်-

"အမောင်လုလင်. . . ရေမိုးသုံးသပ်ပြီးပါဦး၊ ဆက်သရန်လက်ဆောင်နှင့်အမှာစာကို နောက်မှပေးပါမည်။"

ဟု ပြောပြီး ရေသွားချိုးခိုင်းသည်။ နိမ္မလသည် အနုရာမမြို့သို့ တစ်ခါမျှလည်းမရောက်ဘူး၊ ရေချိုးရမည့် ရေကန်လည်းမသိ၍ မြို့ကိုလှည့်ပတ်ရင်း ရေကန်ကိုရှာသည်။ ထို့နောက် ရေကန်တွေ့၍ရေချိုးသည်။ ရေကန်မှအပြန် ဘောဓောဓိနှင့်ထူပါရာမစေတီကို ဝင်ဖူးသည်။ ထို့နောက် အနုရာဓမြို့ဈေးတဲသို့လျှောက်၍

လှည့်ပတ်ကြည့်ရှုသည်။ မြို့ကိုအားရအောင် လှည့်ပတ်ပြီးမြို့မှ ထွက်ကာ ပုဏ္ဏားရှိရာရွာသို့ ပြန်ခဲ့လေသည်။

"အမောင်လုလင်. . ဘယ်ကို လျှောက်သွားနေပါသနည်း" ဟု မေးသော် နိမ္မလသည်မိမိသွားရောက်ခဲ့ရာနေရာအကြောင်းစုံ တို့ကို ပြောပြသည်။

ပုဏ္ဏားသည် နိမ္မလ၏ခရီးစဉ်သွားလာရာအရပ်နှင့် ပြန် ရောက်ပုံအချိန်ကို တွက်ချက်စဉ်းစားမိ၍ အလွန်ပင်အံ့ကြမိကာ

"ဤလုလင်ကား ယောကျာ်းမြတ်အာဇာနည်ပါတကား" ဤလုလင်ကို ဇလာရကျေးမင်းတို့အား သိကြားစေခြင်းငှါမတိုက်၊ မလျှောက်ပတ်ချေ။ ဒမ္မိကျေးမင်းအရိုင်းအစိုင်းတို့အနီး၌ တစ်ခဏ မျှနေခြင်းငှါ အလိုမရှိအပ်၊ မနှစ်သက်အပ်ချေ။" ဟု စဉ်းစားမိပြီး မင်းအားဆက်သရန် ကမ္ဗည်းစာတွင်-

"အရှင်သား. . . နိမ္မလသည် ဒမ္မိလကျည်းရိုင်းတို့အနီး၌ နေခြင်းငှာမသင့်ပါ၊ အရှင်သား၏ ဖခမည်းတော်ယံ၌သာလျှင်မနေ ခြင်းငှာ ထိုက်ပါသည်။" ဟု ကမ္ဗည်းစာတွင် ရေးပေးလိုက်သည်။

ထို့နောက် များစွာကုန်သော အမွေးနံ့သာ၊ ဥစ္စာရတနာ၊ အဝတ်တန်ဆာ၊ လက်ဆောင်တို့ကိုစီမံ၍ နိမ္မလကိုကောင်းစွာ ကျွေးမွေးပြီးလျှင် ပြန်လွှတ်လိုက်လေသည်။

နိမ္မလသည် မွန်းလွဲသောအခါ၌ မင်းသားထံပြန်ရောက် လာပြီး ကမ္ဗည်းစာနှင့်လက်ဆောင်တို့ကို ပေးဆက်အပ်လေသည်။

မင်းသားသည် အမှာစာကိုဖတ်ပြီးလျှင် ဝမ်းမြောက်ဝမ်း သာ နှစ်သက်ရွှင်လန်းပြီး နိမ္မလလုလင်ကို အသပြာတစ်ထောင် ဆုချလေသည်။

ထိုအခါ မင်းခ,စားလုလင်အများတို့က ထိုတစ်ထောင်ပေးသည်ကို မနှစ်သက်၍-

"ဤသူအား အသပြာတစ်ထောင်ပေးခြင်းငှါ မထိုက်တန်ပါဘူး"

ဟူ၍ ပြက်ရယ်စကားပြောဆိုပြုကြသည်။

ထိုစကားကို မင်းသားကကြားသိ၍ တစ်ဖန်တစ်သောင်းထပ်မံ၍ ပေးပြန်သည်။ ဆံမုတ်ဆိတ်တို့ကိုပြုပြင်စေ၍ အဝတ်၊ အစားသစ်၊ အမွှေးနံ့သာတို့ကို လိမ်းကျံစေပြီးလျှင် ဦးခေါင်းကိုဘွဲ့ဖြူပုဆိုးဖြင့် ရစ်ပေါင်းစေသည်။

ထို့နောက်မင်းသားစားသော အစာကိုစားစေသည်။ အဖိုးတစ်သောင်းထိုက်သော ပြတ်သောအိပ်ရာ၌ အိပ်စေသည်။

နောက်နေ့နံနက်လင်းသော် ဒီဃာဘယမင်းသားသည် နိမ္မလကိုအဝတ်တန်ဆာဆင်ယင်စရာကိုလည်းကောင်း၊ ဥစ္စာတစ်သောင်းကိုလည်းကောင်း၊ အခြံအရံလူတို့ကိုလည်းကောင်းပေး၍ ခမည်းတော်ကာကဝဏ္ဏတိဿမင်းထံသို့ စေလွှတ်လေသည်။

ထိုအခါ နိမ္မလသည်မင်းသားက ချီးမြှင့်သည်တို့ကို မိဘတို့ထံပို့စေပြီး နံနက်အချိန်၌ပင်လျှင် မဟာဂါမမြို့အနီးသို့ အရောက်သွားပြီး မင်းကြီးကိုဖူးတွေ့လေသည်။

ထိုအချိန်တွင် မင်းကြီးသည် ပန်းပဲတို့ကိုစုဝေးစေပြီး လက်နက်လုပ်ရာတင်းကုပ်၌ရောက်နေခိုက်ဖြစ်သည်။ မင်းကြီးသည် နိမ္မလကို ထိုလက်နက်ပြုလုပ်ရာနေရာသို့ စေလွှတ်လေသည်။ နိမ္မလသည် မင်းကြီးအားရှိခိုးပြီး ပန်းပဲလုပ်ရာနေရာသို့ လာခဲ့သည်။

ပန်းပဲသမားတို့သည် နိမ္မလလုလင်ကိုမြင်သော်-

"အသက်အရွယ်နုပျိုသော ဤသူငယ်ဖြစ်လျက် သူရဲသူခက်ဖြစ်ဘိတကား။ ဤသူငယ်သည် သူရဲသူခက်တဲ့ဟေ့၊ ကြည့်ကြကုန်လော့"

ဟု အချင်းချင်းပြက်ရယ်စကားကို ပြောဆိုကြလေသည်။

မင်းကြီးသည် ထိုပျက်ရယ်စကားကိုကြားသော်လည်း အရေးမယူဘဲ နိမ္မလကိုသာအဖော်ခေါ်ကာ အလျား (၄)တောင်၊ အနံ (၁၆) လက်သစ်၊ ချိန်ဝန်အားဖြင့် (၁၂)ပိုစင်ရှိသော အသွားမဖော်ရသေးသော သန်လျက် (၁၆) အရိုင်းတို့ကို နိမ္မလအားပေးတော်မူပြီး အသွားဖော်၍ ထက်မြင်အောင်သွေးစေသည်။ မိမိကမူ ပန်းပဲတင်းကုပ်၌ လမ်းလျှောက်ရင်းနိမ္မလအကဲကို ကြည့်ရှုနေသည်။

နိမ္မလသည် သန်လျက်တို့ကိုယူ၍ ဓားသွေးကျောက်၌ ပြေပြစ်ချောမောစွာသွေးပြီးလျှင် အသွားထက်အောင်ပြုလုပ်သည်။

"ဒါကဲ့သို့သောသူကို ဤပန်းပဲတို့သည် ရယ်သွမ်းသွေးကြလေသလော"

ဟု အမျက်ထွက်၍ ပန်းပဲငါးရာတွင် အစွန်း၌နေသောပန်းပဲကို ရည်မှန်းပြီး သန်လျက်ကိုပစ်လွှတ်သည်။ သန်လျက်သည်အစဉ်အတိုင်းနေသော ငါးရာသောပန်းပဲတို့၏ ကိုယ်ကိုဖြတ်၍သွားလေသည်။

မင်းကြီးသည် ထိုအလုံးစုံကိုမြင်၍ အလွန်ဝမ်းမြောက်ကျေနပ်နှစ်သက်သွားလေသည်။

ထို့နောက်မင်းကြီးသည် နိမ္မလကိုကြီးကျယ်များပြားစွာသော စည်းစိမ်တို့ကိုပေး၍ ခရီးလမ်းမ၏အနီး၌ အိမ်ကိုဆောက်စေပြီးနေစေသည်။ နေ့စဉ်နေ့တိုင်းရိက္ခာတော်တစ်ထောင်ချီးမြှင့်ထားလေသည်။

နောင်သောအခါ ဒုဋ္ဌဂါမဏိမင်းသည် ဒမိလကျည်းအရိုင်းတို့နှင့် စစ်ထိုးသောအခါ နိမ္မလသည် ဒမိဠကတို့ကို အပြတ်ချေမှုန်းတိုက်ခိုက်သတ်၍ ဝိဇိတမြို့သို့ သိမ်းသောအခါ (၁၈)တောင်မြင့်သော မြို့တံတိုင်းကိုခုန်ဝင်ပြီးလျှင် ကြီးမှားသောသန်လျက် ခုတ်ဖြတ်သတ်၍အောင်နိုင်ခဲ့သည်။

အနုရာဓမြို့ကိုတိုက်သော အခါ၌လည်း ကျည်းတို့၏စစ်သူရဲကောင်း ဒီဃဇန္တုနှင့်ယှဉ်ပြိုင်တိုက်ခိုက်ခဲ့ရာ ဒီဃဇန္တုကိုအနိုင်တိုက်ခိုက် သတ်ဖြတ်နိုင်ခဲ့သည်။ နိမ္မလသည်ဒမိလကျည်းတို့ကိုအပြတ်ရှင်းလင်းတိုက်ခိုက်နိုင်ပြီးလျှင် လင်္ကာဒီပသီဟိုဠ်ကျွန်း၌ ဒုဋ္ဌဂါမဏိမင်းကို တစ်ဦးတည်းပိုင်မင်းအဖြစ် ဘိသိက်သွန်းပေးနိုင်ခဲ့လေသည်။

နိမ္မလသည် ဒုဋ္ဌဂါမဏိမင်း အဘိသိက်သွန်းသောနေ့မှစ၍ မင်းနှင့်အတူအလျှုစသော ကောင်းမှုတို့ကိုပြုနေ၍ အသက်ယက်ဆုံးအခါ ကံအလျောက်ဖြစ်ရလေသည်။

ထိုနိမ္မလကိုအကြောင်းပြု၍ ဆရာတို့က-

"သာဓု၊ ပညာကိုယ်အားရှိကြသော ပညာရှိတို့သည် ငရဲသို့လားစေတတ်သော မကောင်းမှုတို့ကိုပယ်စွန့်၍ ဘုရားရှင်ချီးမွမ်းအပ်သော ကုသိုလ်ကောင်းမှုတို့ကိုပြု၍ လူ့နတ်တို့၏သဘင်အလယ်၌ ဘဝမြတ်ကိုရရှိခံစားကြရသည်သာဖြစ်သည်"

(သုရနိမ္မလသူရဲကောင်းဝတ္ထု)

## (ခ) မဟာသောဏသူ့ရဲ့ဝတ္ထု

ဤဘဒ္ဒကမ္ဘာဝယ် တတိယမြောက်ကဿပဘုရားပွင့်၍ ပရိနိဗ္ဗာန်စံဝင်ပြီးနောက် ထင်ရှားသောအမျိုးသားတစ်ယောက်သည် တရားတော်ကိုနာရ၍ ဘုရားသာသနာတော်၌ကြည်ညိုသဖြင့် သံဃာတော်ကိုရည်မှတ်၍ မယောင်းဘစ်ပါးကို နို့စားရေးတံဆွမ်းကို နေ့စဉ်လှူဒါန်းလေသည်။

ထိုယောက်ျားသည် ထိုစာရေးတံဆွမ်းအလှူကြောင့် နတ်ပြည်ဝယ် (၁၂)ယူဇနာအပြောကျယ်သော ရွှေဗိမာန်၌ဖြစ်၍ နတ်သမီးတစ်ထောင်အခြံအရံဖြင့် နတ်စည်းစိမ်ကိုခံစားရလေသည်။

တစ်ဖန်နတ်သက်ကုန်၍ လူ့ပြည်၌ဖြစ်ပြန်သော် ချမ်းသာမှုကြီးကျယ်သောအမျိုး၌ဖြစ်၍ ကြီးကျယ်သောစည်းစိမ်ချမ်းသာကိုခံစားရသည်။

ကဿပ၊ ဂေါတမနှစ်ဆူသောဘုရားတို့အကြားဝယ် လူ့ပြည်နတ်ပြည်တို့၌ ကူးချည်သန်းချည်ဖြင့် ချမ်းသာစွာကျင်လည်နေရသည်။

ဂေါတမဘုရားပွင့်တော်မူပြီး ပရိနိဗ္ဗာန်စံဝင်ပြီးသောအခါ သီဟိုဠ်ကျွန်းရောဟနဇနပုဒ် ကာဒမ္ဗဂေါဏ္ဏိယတုနာရီအမည်ရှိသော ရေကန်ကြီးအနီးရှိရွာ၌ တိဿအမည်ရှိသောသူ၏ (၈)ယောက်မြောက် သားတွေးလာဖြစ်လေသည်။

ထိုသားထွေးကိုမိဘတို့ 'သောဏ' ဟူသောအမည်ကိုမှည့်ကြသည်။ ထိုသူငယ်သည် အစဉ်သဖြင့်ကြီးလာ၍ (၇)နှစ်အရွယ်ရောက်လတ်သော် အလွန်အားကောင်းမောင်းသန်ဖြစ်ပြီး ထန်းပင်

ငယ်တို့ကို အရင်းအမြစ်မှနှုတ်ပယ်နိုင်သည်။ ထိုထက်ကြီးပြင်းသော် ၁၂-နှစ်အရွယ်၌ ထန်းပင်၊ သစ်ပင်တို့ကို လက်မောင်းလက်ရုံးတို့ဖြင့် တွန်းဖြိုလှဲချနိုင်စွမ်းရှိလေသည်။ ထိုမှအရွယ်ကြီးပြင်းသော် အလွန်အဆင်းလှပသည်။ ဆင်ဆယ်စီးအားရှိသည်။

ထိုသောဏလုလင်၏ အားခွန်ဗလအစွမ်းရှိသည်အဖြစ်သည် သီဟိုဠ်တစ်ကျွန်းလုံး ပျံ့နှံ့ကျော်ကြားလေသည်။

ထိုအကြောင်းကို ကြားသိသော ကာကဝဏ္ဏတိဿမင်းကြီးသည် သောဏဖခင်ဟိဿကို အသပြာတစ်ထောင်၊ စားကျေးရွာ၊ လယ်ယာမိုးမြေတို့ကိုပေး၍ သားကိုမိမိထံခ,စား အမှုထမ်းစေရန် အကြောင်းကြားသည်။

ဖခင်ဟိဿသည် မင်း၏အမိန့်အတိုင်း သားကိုစေလွှတ်ပေးသည်။ မင်းကြီးသည် သောဏကိုမင်းလမ်းမအနီး၌ အိမ်ရာကိုဆောက်လုပ်ပေးပြီး အခြံအရံများနှင့်တကွမျိုးရိက္ခာ နေ့စဉ်တစ်ထောင်ပေးလေသည်။

နောင် ဒုဋ္ဌဂါမဏိမင်းကြီးက ဒမိဠကကျည်းကို့ကို စစ်ထိုးသောအခါ ဝိဇိတနဂရမြို့သိမ်းတိုက်ပွဲ၌ ကျည်းတို့ကိုထန်းပင်နှုတ်ပစ်သကဲ့သို့ ပုတ်ခတ်တိုက်ခတ်၍ အောင်ပွဲကိုရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

နောက်တွင် အနုရာဓမြို့၌ ဒုဋ္ဌဂါမဏိမင်းနှင့်အတူ လူအပေါင်းအကျိုး သာသနာတော်၏အကျိုးတို့ကို သည်ပိုးဆောင်ရွက်တော်မူလေသည်။

အသက်၏အဆုံးဝယ် ကံအားလျော်စွာလားရလေသည်။ ထိုသောဏစစ်သူရဲကောင်းနှင့်ပတ်သက်၍ ပညာရှိတို့က-

"ရှေးကပြုခဲ့ဘူးသော ကောင်းမှုအစွမ်းကြောင့် လူ၏စည်းစိမ်ကိုလည်းကောင်း၊ စွမ်းပကားခွန်အားကိုလည်းကောင်း ရသည်ဖြစ်၍ ပညာအမြော်အမြင်နှင့်ပြည့်စုံသော အမျိုးကောင်းသားသည် အထူးထူးသော မှားယွင်းသောအယူရှိကုန်သော ကျည်းအရိုင်းတို့ကို တိုက်ခိုက်အောင်မြင်သဖြင့် မြတ်စွာဘုရား၏သာသနာတော်ကြီးပွားစည်ပင်ခြင်းကိုလည်းကောင်း၊ ပြုလုပ်ပေးနိုင်ခဲ့ပါ၏။

(မိစ္ဆာအယူရှိသောသူတို့ကို ဖယ်ရှားသဖြင့် အပြစ်မရှိဟု ဆိုပါသည်။)

(မဟာသောဏသူရဲကြီး)

## (ဂ) ကောင္ငယိမ္မရ သူရဲကောင်း

ဤဘဒ္ဒကမ္ဘာ၌ ကဿပဘုရားရှင်ပွင့်တော်မူသောအခါ အမျိုးသားတစ်ဦးသည် ဘုရားရှင်၏တရားဒေသနာကို ကြားနာရလျှင်ကြည်ညိုသော သဒ္ဓါတရားရှိသည်ဖြစ်၍ သံဃာတော်တို့အား နို့ရည်နှင့်တကွသော စားရေးတံဆွမ်းကို အမြဲဝတ်ပြုလှူခဲ့သည်။ ထိုမှတစ်ပါး ရဟန်းတို့၏ခါးပန်းကြိုး၊ တောင်ဝှေးစသော ပရိက္ခရာတို့ကိုလည်းကောင်း ပေးလှူခဲ့သည်။

အသက်ထက်ဆုံးကောင်းမှုပြုခဲ့ပြီး ကွယ်လွန်သောအခါ နတ်ပြည်ဝယ်မနိုင်းယှဉ်အပ်သော နတ်စည်းစိမ်ကိုရရှိခံစားရလေသည်။

ဤသို့ဖြင့် ကဿပဘုရားနှင့်ဂေါတမဘုရားရှင်နှစ်ဆူ၏ ကာလကြားဝယ်လူစည်းစိမ်တို့ကို အကြိမ်ကြိမ်ခံစားပြီးနောက်

ဂေါတမဘုရားရှင်ပရိနိဗ္ဗာန်စံလွန်ပြီးသောအခါ သီဟိုဠ်ကျွန်း၊ ရောဟနဇနပုဒ်၊ နိဂ္ဂုလဝေဠုက အမည်ရှိသောရွာ၌ စည်းစိမ်ဥစ္စာကြွယ်ဝသော နာဂသူဌေး၏ခုနစ်ယောက်မြောက် သားထွေးအဖြစ်မွေးဖွားလာခဲ့သည်။ ထိုသားကို မိဘတို့က အဘယ ဟူသောအမည်ကို အမည်ပေးကြသည်။

အဘယအရွယ်ရောက်သော် ကိုယ်ကာယသည် ကွနေသောသဘောရှိ၍ အစ်ကို (၆)ယောက်က ကဋကော(ကွေးယေ်)ဟူ၍ နောက်ပြောင်ခေါ်ဝေါ်ရာမှ အဘယနာမည်ပျောက်ပြီး ကောဋက ဟူသောအမည်သည် တွင်သွားလေသည်။

တစ်နေ့တွင် အစ်ကို (၆)ယောက်သည် ပဲစိုက်ရန်အတွက်တောသို့သွား၍ ခုတ်ထွင်ရှင်းလင်းကြသည်။ ထိုအထဲတွင် ညီငယ်ကောဋကကပါမလာ၍ သူအတွက်ရှင်းရန် တစ်ခုထားခဲ့ပြီး မိမိတို့တာဝန်ပြီးသောအခါ အိမ်သို့ပြန်လာခဲ့ကြသည်။ ကောဋကကိုလည်းတောခုတ်ရှင်းရန်တစ်ခုချန်ထားခဲ့ကြောင်း၊ ထိုတောသို့ သွားရောက်ရှင်းပါ ဟု ပြောဆိုကြသည်။

ကောဋကသည် ချက်ချင်းပင် တောသို့သွား၍ မိမိအတွက်ချန်ထားသောတောကိုနှုတ်ပစ်ရှင်းလင်း၍ မြေကို ညီညွတ်အောင်ပြုပြီး အိမ်သို့ပြန်လာ၍ အစ်ကိုတို့ကို ပြီးစီးကြောင်း ပြောပြသည်။

အစ်ကို (၆)ယောက်သည် ကောဋကသွားလုပ်သည်မှာ ခဏတာမျှဖြစ်၍ မယုံကြည်သောကြောင့် တောသို့ချက်ခြင်းသွားကြည့်ကြသည်။ ကောဋက၏အံ့ဖွယ်သရဲလုပ်ဆောင်ထားချက်ကိုတွေ့ကြသောအခါ အလွန်အံ့သြကြပြီး ညီငယ်ထံသို့ပြန်လာကြပြီး ကောဋကယိမ္မရ ဟုခေါ်ဝေါ်ကြပြန်သည်။

(ဥတ္တရဝိဟာသီ မြောင်ကျောင်းရပ်၌နေကြသော သခင်မြတ်တို့ကမူ ကောဋ္ဌကသည့် ငယ်စဉ်ကအဘယအမည်ရှိသည်။ အရွယ်ရောက်သောအခါ မုဆိုးတို့နှင့်အတူ သမင်တောသို့သွား၍ သမင်ထောင်ဖမ်းသည်။ ပိုက်ကွန်သို့မဝင်သောသမင်တို့ကို ကောဋ္ဌကလိုက်ဖမ်းပြီး ခြေနှစ်ချောင်းကိုမိမိဦးခေါင်းထက်၌ဝှေ့ရမ်းပြီးလျှင် ထန်းငုတ်၊ သစ်ငုတ်စွန်းတို့၌ ပုတ်ခတ်သဖြင့် နှစ်ပိုင်းကျိုးပဲ့စေသည်။ ထိုအချိန်မှစ၍ ကောဋ္ဌကယိမ္ဗရဟု အမည်တွင်သည်ဟုဆိုပါသည်။)

ထိုအချိန်မှတွင် ဒုဋ္ဌဂါမဏိမင်းကြီးက -

"ဒမိဠကကျည်းကုလားအရိုင်းတို့နှင့် စစ်ထိုး၍အနုရာဓမြို့၌ ထီးဖြူဆောင်မည်။ အလုံးစုံသောယောကျ်ားကောင်း၊ သူရဲကောင်းတို့သည် မဟာဂါမ၌ စုဝေးကြကုန်လော"

ဟုစည်ကိုလည်စေသည်။

ထိုမင်း၏အမိန့်ကိုကြားလျှင် ကောဋ္ဌယိမ္ဗရသည် မဟာဂါမမြို့သို့သွား၍ အဘယမင်းကြီးကိုဖူးတွေ့ပြီးလျှင် ထိုမင်းနှင့်တကွလူအပေါင်း၏သည်လည်းကောင်း၊ သာသနာတော်၏လည်းကောင်း ကြီးပွားတိုးတက်မှုကိုပြုအံ့ ဟုကြံစည်ဆုံးဖြတ်ချက်ချပြီးလျှင် အခြံအရံအပေါင်းနှင့်တကွ အနုရာဓမြို့သို့ ချီတက်လေသည်။

လမ်းခရီးကပ္ပရကန္ဒအမည်ရှိသောမြစ်ဘေးရှိကျောင်းသို့ ဝင်၍ အဘယအမည်ရှိသော သာမဏေစိုက်ပျိုးအပ်သော အုန်းတောကြီးကိုမြင်၍ နောက်လိုက်တို့က အုန်းသီးစားလိုကြောင်းပြောကြသည်။

ကောဏ္ဍယိမ္ဗရသည် သင်တို့စားလိုလျှင် စားရမည်ဟုပြော ပြီး အုန်းပင်တို့ကို ကိုင်လှုပ်၍အသီးတို့ကို ကြွေကျစေသည်။ ခြေ ဖနှောင့်ဖြင့်အခွံကိုခွာ၍ အုန်းသီးဆံတို့ကို မိမိနောက်လိုက်တို့အား ကျွေးမွေးသည်။

ထိုနေ့ညတွင် ထိုကျောင်း၌ပင် ညအိပ်ကြသည်။

ကောဏ္ဍယိမ္ဗရအုန်းသီးခြွေချချိန်တွင် ထိုအုန်းခြံပိုင်ရှင် သာမဏေသည် ကိစ္စတစ်ခုဖြင့် ရွာထဲသွားနေ၍ မသိလိုက်ရ၊ ပြန်အလာတွင် မိမိ၏အုန်းသီးများခြွေချစားကာသွားကိုတွေ့၍-

"ငါ၏အုန်းသီးတို့ကို အဘယ်သူခြွေချ၍စားသနည်း။" ဟုမေးသည်။

အခြွေအရံတို့က အိပ်နေသောကောဏ္ဍယိမ္ဗရကို လက်ညှိုး ထိုးပြပြီး သူလုပ်ကြောင်း ပြောပြသည်။ ရှင်သာမဏေသည် ကောဏ္ဍိယိမ္ဗရ၏ခြေသလုံးကို ခြေမဖြင့်ညှပ်ယူပြီး ကျောင်းဥပစာ ဝန်းကျင်၌ ဒရွတ်ဆွဲကာလှည့်လည်လေသည်။ ကောဏ္ဍယိမ္ဗရ တပည့်များက တားဆီးကြသော်လည်း အဘယသာမဏေက လက်နှစ်ချောင်းဖြင့်ဆီးကာရာ တပည့်တို့မှာလက်ဒဏ်ရာကြောင့် ဖူးဖူးယောင်ထကြလေသည်။

ထို့နောက် ကျောင်းနေ ရဟန်းတော်များက ဝိုင်းပြီး တောင်းပန်မှ လွှတ်လိုက်လေသည်။ ထိုအချိန်မှစ၍ ကောဏ္ဍယိမ္ဗရ နှင့် အဘယသာမဏေတို့သည် မိတ်ဆွေအပေါင်းအသင်းဖြစ်သွား လေသည်။

ကောဏ္ဍယိမ္ဗရသည် မဟာဂါမသို့ဆက်လက်သွားကာ ဒုဋ္ဌဂါမဏိမင်းကြီးကို ဖူးတွေ့သည်။ မင်းကြီးသည်အကြောင်းစုံကို

စုံစမ်းမေးမြန်းပြီးလျှင် ကောဋ္ဌယိမ္ဗရကိုလမ်းမ၌ အိမ်ဆောက်ပေးပြီး တစ်နေ့ရိက္ခာအသပြာတစ်ထောင်နှင့် အခြံအရံတို့ကိုပေး၍ ပြုစုထားလေသည်။

ဒုဋ္ဌဂါမဏိမင်းကြီးသည် ၃၂-ယောက်သော ဒမိဠကကျည်းအရိုင်းတို့နှင့် စစ်ထိုးသောအခါ မဟာကောဋ္ဌပတ္တာနမြစ်ဆိပ်၌ (၁၇) ယောက်သော ဒမိဠကကျည်းမင်းတို့၏တပ်နှင့် ရင်ဆိုင်တွေ့ပြီး တိုက်ခိုက်ရသည်။

ကောဋ္ဌယိမ္ဗရသည် ကျည်းအရိုင်း (၁၀၀၀)ကိုသတ်ဖြတ်၍ ခေါင်းဆောင် (၁၇)ဦး၏ ဦးခေါင်းတို့ကို ဖြတ်ယူပြီးလျှင် ဒုဋ္ဌဂါမဏိမင်းကြီးအား ဆက်သသည်။ ထို့နောက် ဒမိဠကကျည်းအရိုင်းတို့၏ ဝံရှေးတန်းခံစစ်တို့ကို တိုက်ဖျက်ပြီး ဝိဇိတနဂရ ကျည်းမင်းတို့၏ မြို့တော်ကိုသိမ်းပိုက်သောတိုက်ပွဲကို ဆင်နွှဲသည်။ ကောဋ္ဌယိမ္ဗရသည် မိမိတာဝန်ကျရာမြို့မျက်နှာစာမှ မြို့တံခါးကိုချိုးဖျက်ပြီးလျှင် မြို့ဝင်းသို့ဝင်ကာ တွေ့သမျှသောအုန်းပင်တို့ကို နုတ်ယူပြီးလျှင် ကျည်းအရိုင်းတို့ကို ထိုအုန်းပင်ဖြင့် ရိုက်ပုတ်နှိမ်နင်းလေသည်။

နောက်ဆုံးစစ်သူရဲတို့၏စုပေါင်းအားဖြင့် ကျည်းမင်း၏ ဝိဇိတမြို့ကိုအောင်ပြီးလျှင် အနုရာဓမြို့၌ ဒုဋ္ဌဂါမဏိမင်းကြီးကို တစ်ဦးတည်းသော သီဟိုဠ်မင်းအဖြစ် အဘိသိက်သွန်းပေးကြသည်။

ဒုဋ္ဌဂါမဏိမင်းကြီးသည် ကောဋ္ဌယိမ္ဗရအားမြို့တွင် မင်းလမ်းမ၌ အိမ်ကိုပေး၍ များစွာသောအခြံအရံတို့ကိုလည်းပေး၍ ချီးမြှင့်မြှောက်စားသည်။

ကောဋ္ဌယိမ္ဗရသည် စည်းစိမ်ချမ်းသာကို ခံစားရင်း ရေချိုးခြင်း၊ ဦးခေါင်းလျှော်ခြင်း၊ ဟူသောကိစ္စအတွက် အနုရာဓမြို့နှင့်

တစ်ယူဇနာဝေးသော "တိဿဝါပိ" မည်သောရေကန်သို့ မပြတ်သွားလေသည်။

ထိုရေကန်ထိပ်၌ ကျောင်းရှိသည်။ ထိုကျောင်း၏အဝင်ဝတွင် လှည်းအစီး (၆၀)တိုက် ဝါးရုံသည်ပိတ်၍ပေါက်နေသည်။ ထိုကျောင်းတွင် သီတင်းသုံးသော မထေရ်မြတ်သည် ထိုဝါးရုံကို ခုတ်ထွင်ရှင်းလင်းရန် ဓါး၊ ပေါက်ဆိန်တို့ကိုယူ၍ လူအများနှင့်လာကြသည်။

ကောင္မယိမ္မရသူရဲကောင်းသည် ရေကန်သွားရင်း မထေရ်မြတ်နှင့် လူတို့ကိုတွေ့၍ အကျိုးအကြောင်းမေးသည်။ မထေရ်မြတ်က ဝါးရုံကိုရှင်းရန်လာကြောင်း မိန့်ကြားသည်။

"အရှင်ဘုရား. . သားရေလွန်ကိုဆောင်ယူပါစေလော့" ဟုလျှောက်ထားပြီး သားရေလွန်ကိုယူစေသည်။ ရလာသောအခါ သားရေလွန်ကို ဝါးရုံအရင်း၌ချည်နှောင်၍ လက်ဝဲလက်ဖြင့် ငင်ယူကာ မိမိဦးခေါင်းထက်၌ လှည့်ပတ်စေပြီး အဝေးသို့လွှင့်ပစ်လိုက်လေသည်။ လူအားလုံးတို့က ကောင်းချီးသြဘာပေးကြလေသည်။

ကောင္မယိမ္မရသည် နောင်အခါ အနုရာဓမြို့တွင်း၌ ဘုံသုံးဆင့်ရှိသော ကြီးကျယ်စွာသောပြဿာဒ်ကိုဆောက်၍ နတ်၏စည်းစိမ်ကဲ့သို့ စည်းစိမ်ကိုခံစား၍နေလေသည်။

တစ်နေ့တွင် ဟင်းလင်းပြင်ကွက်လပ်တစ်ခု၌ ကြီးစွာသော မဏ္ဍပ်ကြီးကိုဆောက်လုပ်စေပြီးလျှင် ပုဆိုးဗိတာန်တို့ကိုထိုးပြီး ဆန်းကြယ်သောမွှေးကြိုင်သောပန်းတို့ဖြင့် တန်ဆာဆင်စေသည်။ သောက်ရေအိုး၊ သေရည်အိုးများ အပြည့်ထားစေသည်။ မိမိနှင့် မိမိ၏မယားက နတ်စစ်သူကြီးအသွင်ဝတ်ဆင်ပြီး ပလ္လင်ပေါ်၌

အတူ ငါး၊ အမဲတို့ကို အကြော်အလှော်၊ အချက်အပြုတ်တို့ဖြင့် ပြည့်စုံစွာစိမ်ထားသည်။ ထိုင်သည်။ လှပတင့်တယ်သော အမျိုးသမီးများကို နတ်သမီးကဲ့သို့ဝတ်စားဆင်ယင်စေပြီး သီဆိုတီးမှုတ်ကခုန်စေသည်။ တာဝတိံသာရှိ သိကြားမင်းကဲ့သို့ စည်းစိမ်ကိုခံစားသည်။

ထိုအချိန်တွင် အရိဋ္ဌပဗ္ဗတမည်သောတောင်၌နေသော ဇေယသေနမည်သော များစွာသောဘီလူးအပေါင်းခြံရံလျက် သီဟိုဠ်ကျွန်းသားတို့ လူသေကောင်မြှပ်ရာဖြစ်သော သချိုင်းသို့ ကောင်းကင်ခရီးဖြင့်လာသည်။

ထိုကောဋ္ဌယိမ္ဗရစစ်သူရဲ၏ ပွဲသဘင်ကျင်းပရာအနီးသို့ ရောက်လျှင် နံ့သာအနံ့၊ ပန်းအနံ့၊ ကြိုင်လှိုင်သည်ကိုလည်းကောင်း ကခြင်း၊ တီးမှုတ်ခြင်း၊ အသံတို့ကိုကြား၍လည်းကောင်း၊ ထိုမဏ္ဍပ်အနီးသို့လာခဲ့သည်။ မဏ္ဍပ်တွင်စားဘွယ်၊ သောက်ဖွယ်တို့ဖြင့် ပျော်မြူးနေကြပြီး နတ်၏တင့်တယ်ခြင်းကဲ့သို့ တင့်တယ်စွာထိုင်နေသော ကောဋ္ဌယိမ္ဗရလင်မယားကို မြင်လေသည်။

ဇေယျသေနဘီလူးသည်ကောဋ္ဌယိမ္ဗရမယား၌ တပ်စွန်းသောစိတ်ရှိလာသဖြင့် ထိုမယား၏ကိုယ်ထဲသို့ဝင်ပူးလေသည်။

မယားသည် သေခွက်ကိုချသည်။ မိန်းမောလှည့်လည်၍ လူးလဲသောကိုယ်၊ ပြူးသောမျက်စိရှိလျက် ပက်လက်အိပ်ကျသွားသည်။ လင်ဖြစ်သူကောဋ္ဌယိမ္ဗရ၍မြင်၍ နှလုံးမသာမယာဖြစ်မိသည်။ ပလ္လင်မှချက်ခြင်းထသည်။ ဘီလူးဖမ်းသည်အဖြစ်ကိုလည်း သိသည်။

သို့အတွက် အမျက်ထွက်ကာ-

"ဟယ်. . . ကျွန်ယုတ်၊ သူခိုး၊ ဘီလူးယုတ်၊ အစေ့အပါး ကျွန်စုတ်၊ ဘီလူး၊ သင်သည် လူများမမြင်အောင်ဖုံးကွယ်၍ ငါကဲ့သို့

သော ယောက်ျားကောင်း၏မယားကို အဘယ်ကြောင့် ညှင်းဆဲ တတ်ပါသလဲ။ ထင်ရှားသောကိုယ်ဖြင့် အလိုရှိတိုင်း ညှင်းဆဲမှု ပြုပါလော့၊ လက်ဝဲခြေဖြင့် ပုတ်ခတ်ကျောက်ကန်မိလျှင် သင်ဘီလူး၏ ကိုယ်သည် ပြာဖြစ်လိမ့်မည်။

ဘီလူး သင်သည် ယောက်ျားကောင်း စစ်စစ်ဖြစ်ကာ သင်၏ယောက်ျားကောင်း၏ အစွမ်းသတ္တိကိုငါရှုမြင်လိုပါ၏။ သင်ဘီလူးသည် ငါတို့အား ဖုံးကွယ်ဝှက်၍မလာပါနှင့်။ နှစ်ယောက် သော သင်နှင့်ငါသည် စစ်လက်ဝှေ့ထိုးခြင်းကို ထိုးသတ်ကြပါကုန်စို့" ဟု ခြိမ်းခြောက်ပြောကြားသည်။

ထိုစကားကိုကြားလျှင် ဘီလူးသည်မာန်တက်သည်ဖြစ်၍ မိန်းမကိုယ်မှဖွဲ့ခွါသွားပြီးလျှင် ကြီးစွာသောကိုယ်ကိုဖန်ဆင်းလျက် ကြီးစွာသောအရွယ်ကိုမြင်စေပြီး ကြောက်မက်ဖွယ်သော မျက်လုံး တို့မှ မီးအလျှံတောက်သကဲ့သို့ ကိုယ်ကိုပြကာ-

"ဟဲ့. . . အယုတ်မနုကွ နင်မျှသောလူသည်လျှင် ငါကဲ့ သို့သော ဘီလူးနှင့်စစ်မှုလက်ဝှေ့ ထိုးသတ်လိုသလော၊ ငါလိုဘီလူး ကို နင်လိုငကွကများ ကိုယ့်ကိုယ်ကိုယောက်ျားကောင်းဆိုပြီး မာန် တက်နေသည်မှာ အံ့သြဖွယ်ပင်ဖြစ်ပေသည်။ နင်ကြုံးဝါးသော စကားသည်လည်း ရယ်ဖွယ်သာဖြစ်သည်။ ကြုံးဝါးသောမြေခွေး သည် ခြသေ့်ကိုဘယ်တုန်းကများ အောင်ခဲ့ဖူးပါသလဲ။ ငါ့ထံသို့ ရောက်လာသော သတ္တဝါဟူသမျှမည်သူမျှ ငါ့ကိုမအောင်နိုင်စဖူးပါ။ အလုံးစုံသောစစ်ထိုးရာသဘင်၌ ရအပ်သောအောင်ခြင်းရှိသော ကြောင့် ငါ့ကိုဇယသေန ဟူ၍သိကြသည်။

"ငကွလူချို့တဲ့. . . သင်ငါ့ကို အချည်းနှီးမကြိမ်းဝါးလေနှင့် မယောင်ယမ်းလေနှင့်၊ ဆင်ပြောင်ကြီးနှင့်စစ်ထိုးသော ယုန်သူငယ်

သည် ဘယ်အခါမှာအောင်မြင်မှုရပါသလဲ”
ဟု ဘီလူးက ကြွားဝါခြိမ်းခြောက်ပြောဆိုလေသည်။

“ဟဲ့ဘီဘူး. . . သင်သည် ငါ့ကား ကြီးသောကိုယ်ရှိသော ဘီလူးမင်းဖြစ်သည်ဆိုပြီး ငါ့ကိုမကြိမ်းဝါးမခြိမ်းခြောက်လေနှင့်၊ နေမင်းလာသော်မှောင်တိုက်သည် ပျောက်ရသကဲ့သို့ ငါသို့သော သူကား ကိုယ်လက်ကွသော်လည်း နေမင်းနှင့်တူ၏။ သင်ကား အမိုက်တိုက်နှင့်တူ၏။

မြင့်မိုရ်တောင်ကို ဆိတ်ချိုလေး၊ ဝရဇိန်လက်နက်လေးဖြင့် ပစ်ခတ်ဖြိုခွင်းမရသလို ငါသို့သောသူကား မြင့်မိုရ်တောင်၊ သင်ကား ဆိတ်ချိုလေးခွ၊ သဘောသာရှိသည်။

ဟဲ့ဘီလူး. . . သင်၏ကိုယ်ကို ငါ၏လက်တစ်ဆစ်မျှဖြင့် မွမွကြေစေအံ့၊ ယခုလာပါ၊ သင်နှင့်ငါသတ်ပုတ်ကြပါကုန်စို့။”

“ကောင်မှုယိမ္ဗရ. . . ယခုငါသည် သင်နှင့်စစ်မထိုးလိုသေး သင်သည် ယောကျ်ားကောင်းဖြစ်သော် ဤနေ့မှနောက်ခုနှစ်ရက် မြောက်သောနေ့၌ ငါတို့ဘီလူးများစုဝေးရာ တမ္ဗပါဏိမည်သော သုသာန်သို့လာခဲ့ပါ။ သင်နှင့်ငါ စစ်ထိုးခြင်းကို ဘီလူးအပေါင်းတို့ မြင်ကြပါစေ၊ ထိုအခါကျမှ ရှုံးခြင်း၊ အောင်ခြင်းကိုမသိနိုင်၍ ယခု တည်းက အမွေခံတို့ကိုစီမံပါ။ ဆွေမျိုးများကို ပေးကမ်းပါ။ တမလွန် သွားအံ့သောအစီအမံကိုပြုပြီးမှ စစ်ထိုးသွားရခြင်းသည် မြတ်လှ ပါ၏။”

“ဇေယသေနဘီလူး. . . သင်၏ ဘီလူးအစွမ်းသတ္တိသည် ငါ့အားအဘယ်သို့ပြုနိုင်ပါအံ့နည်း၊ စစ်ထိုးသောအခါကျမှသာ သင်၏အစွမ်းသတ္တိပြဘွယ်ရာကို ငါမြင်ရတော့မည်။ ယခုကြုံးဝါး မနေပါနှင့်၊ အေးဆေးစွာပြန်ပါ။”

ကိုအား၊ ဇေယသေနဘီလူးသည် ထွက်ခွါသွားပြီးနောက် မိမိ၏အပေါင်းအသင်းဘီလူးတို့ကို နောက်(၇)ရက်မြောက် တမ္ပပါဏိသုသာန်၌ ဘီလူးအစည်းအဝေးပြုစဉ် ကောဋ္ဌယိမ္ဗရ စစ်သူရဲကောင်းနှင့် လက်ဆွေ့ထိုးသတ်မည်အကြောင်းကို ပြောပြသည်။

ကောဋ္ဌယိမ္ဗရသည်လည်း ခုနှစ်ရက်ပတ်လုံးစည်းစိမ်ကို ခံစားပျော်ပါးလျက်နေလေသည်။

ခုနှစ်ရက်မြောက်သောနေ့တွင် တမ္ပပါဏိသုသာန်၌ ဘီလူးအပေါင်းသည် စည်းဝေးကြပြီး ကောဋ္ဌယိမ္ဗရသူရဲကောင်းကို စောင့်မျှော်နေကြသည်။

ကောဋ္ဌယိမ္ဗရသည်လည်း ခုနှစ်ရက်စည်းစိမ်ခံစားပြီး၍ ထိုချိန်းဆိုချက်ကို သတိရကာ စစ်ဝတ်ရုံအသံကိုက်ကိုဝတ်ပြီး နံနက်စောစောလျှင် ထိုသချိုင်းသို့ သွားလေသည်။

ယမ်းခရိုး၌တွေ့ကြသော နတ်ဘီလူးတို့က ကိုယ်ထင်ပြလျက် -

"အမောင်ကောဋ္ဌယိမ္ဗရ. . . ဤအရပ်သို့ အဘယ်ကြောင့် လာပါသလဲ"

ဟုမေးကြသည်။

"အရှင်ဘီလူးတို့. . . ငါသည် ဇေယသေနဘီလူးနှင့် စစ်လက်ဆွေ့ထိုးခြင်း ဤအရပ်သို့လာခဲ့ပါသည်။"

"အိုကောဋ္ဌယိမ္ဗရ . . . သင့်မှာ အသိဉာဏ်မိုက်မဲမှု ဝင်နေပါသလား။ ဒါမှမဟုတ် ယနေ့တွင်ယင်ရှေးကပြုခဲ့ဘူးသော ကုသိုလ်ကောင်းမှုကံသည် ကုန်နေပြီလော။ သင်မှာ သင်၏အကျိုး

စီးပွားကိုအလိုရှိ၍ ဆိုဆုံးမတတ်သော အဆွေခင်ပွန်းချစ်ကျွမ်းဝင်သူတို့ မရှိကြပါကုန်သလော၊ ဒါမှမဟုတ် အကျိုးစီးပွားအလိုရှိကုန်သော ဆုံးမတတ်သောဆွေမျိုးကို့သည် မရှိကြပါကုန်သလော၊ သင်အကျိုးစီးပွားကို အလိုရှိသောဆွေမျိုးဉာတိ မိတ်ဆွေတို့သည် ဤဘီလူးနှင့်စစ်ထိုးခြင်းကို မပြုအပ်ဟုမတားမြစ်ကြကုန်ဘူးလော၊

ဖေယသေနဘီလူးကား ခွန်အားကြီးလှ၏။ ထိုခွန်အားကြီးသောဘီလူးကို စစ်ရှုံးစေခြင်းငှါ မတတ်နိုင်ပါ။ သူသည်အမြဲအောင်နိုင်သူဖြစ်ပါသည်။ ထို့ကြောင့် သူ့ကိုဖေယသေန ဟူ၍ခေါ်ကြပါသည်။

သင်ကောင္ဒယိမ္ဗရသည် အသက်ကိုမချစ်ပြတ်နိုးသူဟူ၍ ငါတို့အောက်မေ့ပါ၏။ ယနေ့မှစ၍ သင်၏စည်းစိမ်ဥစ္စာတို့သည်လည်းကောင်း၊ ဆွေမျိုးတို့သည်လည်းကောင်း၊ မရှိကုန်လတ့်၊

ကြမ်းတမ်းခက်ထန်လှသော ဘီလူးနှင့်စစ်တက်ခတ့်ထိုးသတ်ခြင်းသည် သင့်အားမထိုက်တန်ပါလော၊ ပြန်သွားပါ။ သင်သည်

တူညီသောလူသားနှင့်သာ လူသားအချင်းချင်းသာစစ်ထိုးသင့်ပါသည်။

ဤလက်စွေ့ စစ်ထိုးပွဲသို့အညီအညွတ်လာကြကုန်သော ဘီလူးအပေါင်းတို့ ငါစကားကိုနားထောင်ကြပါကုန်၊ နေသည်အကြွင်မျှလောက်သော ကာလပတ်လုံးမထွန်းပပေ၊ ထိုမျှလောက်သော ကာလပတ်လုံးပိုးစုန်းကြူးသည် ထွန်းပသောအားရှိပါသည်။ လူငယ်သည် ငှက်ပျောပင်၊ ကြက်ဆူပင်ကို ပိုင်းဖြတ်နိုင်သောအားရှိလျက် ငါသို့သောယောကျ်ားဟု ကြုံးဝါးပြီးအနှစ်ပြည့်လာသော

ရှားတောသို့ရောက်သောအခါ ငါကဲ့သို့သောယောကျ်ားဟု မကြုံးဝါးနိုင်သကဲ့သို့လည်းကောင်း၊

ငယ်သောရေကွင်း၊ ရေကန်၊ ချောင်းတို့ကိုခြောက်သွေ့ နိုင်သောနေမင်းသည် လွန်စွာနက်ရှိုင်းသော သမုဒ္ဒရာကိုခန်းခြောက် မည့်ထား၊ ပူစေခြင်းငှါမျှမတတ်နိုင်သကဲ့သို့လည်းကောင်း၊

ပင့်ကူချည်မျှင်တို့ကို ဖြတ်နိုင်၊ သစ်ရွက်သစ်ညွန့်တို့ကို ခွဲပွဲဖျက်စီးနိုင်သော လေသည်မြင့်မိုရ်တောင်ကို တုန်လှုပ်ခြင်းငှါ မတတ်နိုင်သကဲ့သို့လည်းကောင်း၊ အကြွင်သူသည် ငါသည်အား ကြီးဟုအောက်မေ့၏။ ထိုသူသည် မိမိထက်အားကြီးသောသူကို မတွေ့သေး၍သာ မိမိကိုယ်ကိုအထင်ကြီးနေပါသည်။ ယနေ့ ငါ၏ စွမ်းအားကိုမြင်ရ၍ ထိုသို့အထင်ကြီးခြင်းမာန်ကို စွန့်ရလတ့်၊ သင်တို့သည် မစိုးရိမ်ကြကုန်လင့်။ ယနေ့င်သည် ထိုဇေယသေနဘီလူး နှင့် ပြုဘွယ်ကိစ္စချိန်းထားသည့်အကိုင်းပင် ပြုပါမည်။"

ကောဋ္ဌယိမ္မရသည် ဤသို့ပြောဆိုပြီးလျှင် ဇေယသေန ဘီလူးထံသို့သွား၏။ ဇေယသေနဘီလူးကလည်း ကောဋ္ဌယိမ္မရကို မြင်၍အနီးသို့ချဉ်းကပ်လာပြီး စစ်ထိုးရန်ဖိတ်ခေါ်သည်။

"ဤစစ်ထိုးလက်ဝှေ့ပွဲသို့ ရောက်ကြကုန်သော ဘီလူး အပေါင်းတို့ ငါ၏စကားကိုနားဆင်ကြပါလော၊ ငါသို့သောသူအား တစ်စုံတစ်ခုသော အပြစ်သည်မရှိအောင်ခြင်း၊ ရှုံးခြင်းကိုရှုကြည့် ကြပါ။ ငါသို့သောယောကျ်ားသည် ဇေယသေနဘီလူး၏ လက်ခြေ တို့ဖြင့် ထိခိုက်ပုတ်ခတ်ခွင့်ကို ယုံးဝမပေးပါ။ ငါ့မှာလက်ဘက်ခြေ၏၊ ခြေချောင်းများရှိပါသည်။ ထိုခြေချောင်းတို့ဖြင့်သာလျှင် ဇေယသေန ဘီလူးအပေါ် ငါပြုမည့်ကိစ္စကိုသိကြပါလိမ့်မည်။"
ဟု ကောဋ္ဌယိမ္မရက ကြွေးကြော်ဟစ်လေသည်။

ထိုအခါ ဇေယသေနဘီလူးသည်လည်း ကြုံးဝါးလျက် လက်ခမောင်းခတ်ကာ ကောင္ဍယိမ္ဗရထံသို့ပြေးလာသည်။ ကောင္ဍယိမ္ဗရသည် မိမိရပ်မြဲနေရာ၌ရပ်လျက် လျင်စွာကောင်းကင်သို့ပျံတက်ပြီးလျှင် လက်ငဲခြေချောင်းတို့ဖြင့် ဘီလူး၏မေးရိုးကိုကန်ကျောက်ခတ်လိုက်သည်။ ဘီလူး၏ဦးခေါင်းသည် ထန်းသီးလုံးကဲ့သို့ပြတ်၍ တစ်ကောသကွာဝေးသောအရပ်သို့ကျရောက်သွားလေသည်။

ဘီလူးတို့သည် ကြွေးကြော်ဩဘာပေးကြသည်။ နတ်တို့က-

"ကောင္ဍယိမ္ဗရ. . . သင်၏ ဤသို့ကြီးမားသော ခွန်အားအစွမ်းသတ္တိနှင့်ပြည့်စုံခြင်းသည် ကဿပဘုရားရှင်၏ သာသနာတော်၌ သံဃာတော်များကိုကြည်မှတ်၍ လှူအပ်သော နို့ရည်စာရေးတံဆွမ်းအလှူ၏ ကောင်းမှုအကျိုးတည်း"

ဟု သာဓုကောင်းချီးပြုကြလေသည်။

ကောင္ဍယိမ္ဗရသည် ဇေယသေနဘီလူးကို အောင်ပွဲခံပြီးနောက် အိမ်သို့ပြန်လာကာ ခုနှစ်ရက်ပတ်လုံး ဇေယသုရပါန ဟူသော အောင်သောက်ခြင်းပွဲကို ကျင်းပလေသည်။

အရက်သောက်ကာ ယစ်သည်ဖြစ်၍ များစွာသောသူရဲကောင်းအပေါင်းတို့ခြံရံလျက် ကခုန်သီဆိုမှုတို့ဖြင့် ထိုထိုအရပ်မျက်နှာတို့ကို လှည့်လည်ပျံ့နှံ့စေပြီးလျှင် ဝတ်စားဆင်ယင် တန်ဆာဆင်ပြီး မင်းကြီးကိုဖူးမြင်အံ့ ဟုဆိုကာသွားလေသည်။

မြို့တွင်းသို့ရောက်လျှင် အုတ်အုတ်ကြွက်ကြွက်သံကို မင်းကြီးကကြား၍-

"ဤအသံသည် အဘယ်သို့သောအသံနည်း"
ဟုမေးသည်။ အမတ်တို့က-
"အရှင်မင်းကြီး. . . ကောင္ဒယိမ္ဗရသူရဲကောင်းသည် ဇေယသေနဘီလူးကိုအောင်ပြီး ခုနှစ်ရက်အောင်ပွဲသဘင်ကျင်းပ ကာ သောက်စားနေခဲ့ပါသည်၊ ယခုသေရက်သောက်စားမူးယစ် စေ၍ အရှင်မင်းကြီးကို ဖူးမြင်ရန်လာပါသည်။"
ဟု လျှောက်ထားကြသည်။
"ထိုမူးယစ်သောသူကို ငါ့အားဖူးမြင်စိမ့်သောငှာ ခွင့်မပေး ကုန်လင့်၊"
ဟု အမတ်တို့ကို တားမြစ်စေသည်။
အမတ်တို့က သွားရောက်တားမြစ်ပြောဆိုသောအခါ
"ယခုနေ့မှစ၍ ငါသည်လည်း အရှင်မင်းကြီးကို မဖူးတွေ့ရ ပြီ၊ ငါ့ကိုလည်း အရှင်မင်းကြီး မြင်တော်မူရခြင်းမရှိပြီ"
ဟု ဆိုကာ မိမိ၏အိမ်သို့ပြန်လာခဲ့သည်။
အိမ်သို့ရောက်သော် မိမိသားမယား၊ ခြွေရံတို့ကိုပြုဖွယ် ကိစ္စတို့ကို စီမံစီရင်ပေးသည်၊ ထို့နောက် အိမ်မှဆက်လက်ထွက် ခွာခဲ့လေသည်။
(၁၂)ယူဇနာခရီးကို နေ့ချင်းရောက်အောင်သွားသဖြင့် နာဂဒိပအမည်ရှိသော ကျွန်းငယ်သို့ရောက်သွားလေသည်။ ထိုမှ တစ်ဖန် သမုဒ္ဒရာသို့ရောက်လေသည်။ (၂၄)ယူဇနာအပြောကျယ် သော သမုဒ္ဒရာကိုကူးခတ်ပြီး ကာဝိရအမည်ရှိသော ရေဆိပ်သို့ ဆိုက်ရောက်သည်။

"အမောင်တို့ . . ဘုရားရှင်၏ သားတော်ရဟန်းတော်များ နေရာကိုသိကြပါကုန်သလော၊ သိပါကငါ့ကို ထိုနေရာသို့လမ်းညွှန် မှုပြုကြပါကုန်သော"

ဟု ပြောကြားသည်။

"အို-သူတော်ကောင်း. . . ဟိမဝန္တာတောင်ဝယ် (၁၂)ယူ ဇနာအဝေးပြောကျယ်သောလိုဏ်၌ သီတင်းသုံးကုန်သော ရဟန္တာ မထေရ်မြတ်တို့သည် ကောင်းကင်ခရီးဖြင့်ကြွလာပြီးလျှင် ကျုံမည် သောအရပ်၌ သက်ဆင်း၍ဆွမ်းခံကြပါကုန်၏။ ဆွမ်းခံပြီးသော အခါ ကျုံမည်သောအရပ်၌တန်၍ ကောင်းကင်ခရီးဖြင့်သာ ပြန်ကြွ သွားကြပါသည်။"

ဟု ပြောပြကြသည်။ ကောဋမ္ဗိယမှူးရသည် ကောင်းပါပြီဟု ပြောပြီး ဟိမဝန္တာသို့ ရှေ့ရှုသွားလေသည်။

လမ်းတွင်ရဟန္တာတို့ ဆွမ်းခံကြသောရွာများကိုတွေ့သော် ရဟန္တာတို့၏နေရာကို မေးမြန်းစုံစမ်းသည်။ သူတို့လမ်းညွှန်သော အစဉ်အတိုင်းဆက်လက်လိုက်လာခဲ့သည်။

ဟစ်ခုသောဟောင်ကြားအရပ်ရောက်သည်တွင် ကမ်းပါး ပြတ်တစ်ခုတွင် ရဟန္တာမထေရ်တို့သီတင်းသုံးရာလိုဏ်ကို တွေ့ရ လေသည်။ ကောဋမ္ဗိယမှူးရသည် ကမ်းပါးပြတ်ထိပ်သို့တက်သော ထိုလိုဏ်ကို လှမ်းကြည့်သည်။ နှလုံးမွေ့လျော်ဖွယ်ရာ ကျောင်းတို့ကို တွေ့ရသည်။ ထိုနေရာသို့သွားရန် လမ်းကိုရှာသော် သားသမန်လူ တို့ သွားနိုင်ရာလမ်းစအခွင့်အရေးလုံးဝမရှိသည်ကို တွေ့ရသဖြင့် အလွန်ပင်စိတ်ဆင်းရဲကြီးစွာ ခံစားရလေသည်။

"ငါသည် အရိယာအရှင်မြတ်တို့ကို ဖူးမြင်လိုသောကြောင့် ဆင်းရဲပင်ပန်းစွာလာခဲ့ပါသော်လည်း အရှင်မြတ်တို့ကို မမြင်ရပါကလား၊ ငါ၏လာရကျိုးသည် မနပ်ပါကလား၊ အရိယာအရှင်မြတ်တို့ကို မဖူးမြင်ရသော် ငါ၏အသက်ရှင်ခြင်းသည် အဘယ်အကျိုးရှိပါအံ့နည်း၊ သေရသည်သာ မြတ်ပါသေးသည်။"
ဟု ကြံစည်အောက်မေ့လျက် အသက်ကိုစွန့်၍ ကမ်းပါးပြတ်မှ ခုန်ချလေသည်။

ကမ်းပါးပြတ်မှကျလာသော ကောဋ္ဌယိမ္ဗရကိုရဟန္တာတစ်ပါးသည်မြင်၍ လက်တော်ကိုဆန့်တော်မူလျက်ဆောင်ယူပြီးလျှင် မေးသည်။

"ဘုန်းရှိသောဒါယကာ. . . သင်သည်ငါတို့၏နေရာသို့ အသက်စွန့်၍လာခြင်းသည် အဘယ်သို့သောအကြောင်းအရာရှိပါသနည်း။"

ထိုအခါ ကောဋ္ဌယိမ္ဗရသည် မိမိဘဝအကြောင်းစုံကို လျှောက်ထားပြပြီးလျှင် ရဟန်းပြု၍လာကြောင်းလျှောက်ထားပြလေသည်။

ရဟန္တာမထေရ်မြတ်တို့သည် ကောဋ္ဌယိမ္ဗရ၏အကြောင်းစုံကိုသိပြီးသော် ရဟန်းပြုပေးလိုက်ကြလေသည်။ ရဟန်းဖြစ်ပြီး ဝိပဿနာတရားအားထုတ်ရာ မကြာခင်ကိလေသာကုန်ခမ်း၍ ရဟန္တာဖြစ်ရလေသည်။

ရဟန္တာဖြစ်ပြီးသော ကောဋ္ဌယိမ္ဗရသည် ပီတိပါမောဇ္ဇ ဟုဆိုအပ်သော ဖလသမာပတ်ချမ်းသာဖြင့် နေ့ရက်တို့ကိုကုန်စေ ပြီး ဤသို့ဥဒါန်းကျူးရင့်လေသည်။

"ရဲရင့်စွာထသော၊ လှုံ့လလည်းရှိသော ကျည်းအရိုင်းတို့ကို နှိမ်နင်းနိုင်သောခွန်အားကြီးသော ရန်သူတစ်ပါးတို့မနှိပ်စက်နိုင်သော စစ်ထိုးမှု၌ရဲစွမ်းသတ္တိရှိသော သူရဲကောင်းသည် ကြမ်းကြုတ်စွာထသော ဇေယသေနအမည်ရှိသောဘီလူး၏ဦးခေါင်းကို ဖြတ်ရပြီးလျှင် နောက်၌အလုံးစုံသော ကိလေသာတို့ကို ဖျောက်ဖျက်နိုင်ခဲ့၏။"

"ရှေးသောအခါ စူးစမ်းဆင်ခြင်၍ ရဟန်းမြတ်တို့၌ အလှူကိုပေးလှူခဲ့ဖူးသောကြောင့် နတ်စည်းစိမ်ကိုလည်းကောင်း၊ လူစည်းစိမ်ကိုလည်းကောင်း၊ ခံစားခဲ့ရဖူးပြီ မြတ်သောသာသနာကိုချီးမြှောက်ခြင်းကို ပြုခဲ့ဦး၍ အဆုံး၌သေခြင်းကင်းရာ မြတ်နိဗ္ဗာန်ကို ရသကဲ့သို့ ဤအတူသူတော်ကောင်းတို့သည် အဆုံး၌သေခြင်းကင်းရာနိဗ္ဗာန်သို့ရောက်ကုန်လတံ့"

(ကောဋ္ဌယိမ္ဗရသူရဲကောင်း)

## (ဃ) ထေရပုတ္တာအဘယသူရဲကောင်း

ကဿပဘုရားရှင်ပွင့်တော်မူသော အချိန်ကာလဖြစ်သည်။

သူကြွယ်တစ်ဦးသည် ဘုရားရှင်၏တရားကိုနာရပြီးလျှင် ရအပ်သော သဒ္ဓါတရားရှိသည်ဖြစ်၍ ဘုရားရှင်သာသနာတော်၌ ကြည်ညိုသောစေတနာဖြင့် ရဟန်းသံဃာများကိုပင့်ဖိတ်၍ အလှူကြီးကိုပေးလှူခဲ့သည်။

ထိုအလှူပေးသောနေ့မှစ၍ အနှစ်နှစ်သောင်းပတ်လုံး အသက်ထက်ဆုံးနွားနို့ရည်နှင့်တကွသော စာရေးတံဆွမ်းကို ရဟန်းသံဃာတို့အား ကပ်လှူလေသည်။ ထိုမှတစ်ပါးသောကောင်းမှုအစုစုတို့ကိုလည်း ပြုစုလှူဒါန်းလေသည်။

ထိုဒါယကာသည် စုတေသော်နတ်ပြည်ဝယ် ထိုကုသိုလ်တို့၏အစွမ်းကြောင့် များစွာသောအခြံအရံဖြင့် ရွှေဗိမ္မာန်၌ နတ်စည်းစိမ်ကိုရရှိခံစားရလေသည်။

ကဿပနှင့်ဂေါတမဘုရားရှင်တို့ကြားဝယ် မွန်မြတ်သော နတ်စည်းစိမ်၊ လူစည်းစိမ်တို့ကိုအလှည့်ကျ ခံစားနေရသည်။

ထိုသူသည် ဂေါတမဘုရားရှင်ပရိနိဗ္ဗာန်စံဝင်ပြီးနောက် သီဟိုဠ်ကျွန်း ရောဟနဇနပုဒ်ဝယ် ကောဋ္ဌတောင်၏အနီး တိတ္ထိဂါမအမည်ရှိသောရွာကို အပိုင်စားရပြီး အစိုးရသော ရောဟနသူကြွယ်၏ သားလာဖြစ်ပြန်သည်။

မိဘတို့သည် ဂေါဓာဘယမင်း၏အမည်ကိုယူ၍ ဂေါဓာဘယဟူ၍ အမည်ပေးကြသည်။

ထိုသားအသက် (၁၂)နှစ် အရွယ်သို့ရောက်သော် အဘသည် (၂၈)လက်သစ်အလုံးရှိပြီး (၁၆)တောင်ရှည်သော လက်နက်ကိုပြုလုပ်၍ သားကိုပေးထား၏။

ထန်းပင်၊ အုန်းပင်တို့ကို ဘွန်းလှဲ၍သွားသောကြောင့် ထိုဂေါဓာဘယကို သူရဲကောင်းဟူ၍ ဆင်ရှားခေါ်စမှတ်ပြုလာကြသည်။

ထိုအချိန်၌အဘသည် မဟာသုမနမထေရ်မြတ်ကို အမြဲပစ္စည်းလေးပါးဖြင့်လုပ်ကျွေးလျက်နေသည်။

တစ်နေ့တွင် မထေရ်၏တရားကိုနာရပြီး အိမ်ရာတည်ထောင်သော လူ့ဘောင်၏အပြစ်ကိုမြင်၍ ရဟန်းပြုခြင်း၏အကျိုးကိုမြင်၍ ရဟန်းပြုလေသည်။

"ငါ၏သားသည်လည်း အရာမဟုတ်သည်၌ ပျက်စီးရာ၏။ ထိုသို့ပျက်စီးခြင်းသည် မသင့်ဘော်"

ဤသို့ကြံစည်ပြီးလျှင် သားကိုရဟန်းပြုစေပြီး အတူနေသည်။ အဘသည် ဝိပဿနာကိုပွားများရာ မကြာခင်ရဟန္တာအဖြစ်သို့ ရောက်ရှိလေသည်။

ထို့ကြောင့် ဝေါဓာဘယကို ထေရပုတ္တာဝေါဓာဘယဟူသော အမည်သစ်တွင်ပြန်လေသည်။

ထိုမထေရ်သည် နောက်ကာလတွင် ကပ္ပကန္ဒရကျောင်း၌ အဘယသာမဏေနှင့် အတူနေလေသည်။

အဘယသာမဏေသည် ရဟန်းသံဃာတို့အတွက် ကြီးစွာသော အုန်းပင်တောကြီးကို စိုက်ပျိုးထားလေသည်။

တစ်နေ့အဘယသာမဏေသည် ကိစ္စတစ်ခုရှိ၍ ရွာထဲသို့ သွားနေစဉ် ကောဠယိမ္ဗရသူရဲကောင်းတို့အဖွဲ့ရောက်လာပြီး တပည့်များက အုန်းသီးစားလိုသည်ဆို၍ ကောဠယိမ္ဗရကအုန်းပင်များကို လှုပ်ခါ၍ကျစေပြီး ခြေဖနောင့်ဖြင့်ခွဲကာ ကျွေးခဲ့သည်။

အဘယသာမဏေပြန်လာသောအခါ မိမိအုန်းခြံနှင့် အုန်းသီးများ ဖရိုဖရဲပြန့်ကျဲနေသည်ကို တွေ့မြင်သော်စုံစမ်းမေးမြန်းသည်။ ကောဠယိမ္ဗရ၏တပည့်များက တစ်နေရာတွင်အိပ်နေသော ကောဠယိမ္ဗရကိုညွှန်ပြကြသည်။ ထိုအခါ အဘယသာမဏေသည် ကောဠယိမ္ဗရ၏ခြေသလုံးကို ခြေမနှင့်ညှပ်ပြီး မညီညာသောမြေ

ပြင်တွင် ဒရွတ်တိုက်ဆွဲသည်။ ကောဋ္ဌယိမ္ဗရသည် လွတ်အောင် ကြိုးစားသော်လည်း မလွတ်မြောက်နိုင်၊ နောက်ဆုံးကောဋ္ဌယိမ္ဗရ ကိုယ်တိုင်နှင့် ရဟန်းများကတောင်းပန်မှလွတ်ပေးသည်။

ထိုအချိန်မှစ၍ ကောဋ္ဌယိမ္ဗရနှင့် အဘယသာမဏေတို့ သည် အပေါင်းအသင်းမိတ်ဆွေဖြစ်ခဲ့ကြသည်။

ကောဋ္ဌယိမ္ဗရမင်းကြီးထံ ခ,စားသောအခါ မင်းကြီးက သင်ကဲ့သို့သော အားကောင်းမောင်းသန်လူမျိုးတွေရှိပါသေးသလား ဟုမေးရာ ကောဋ္ဌယိမ္ဗရက အဘယသာမဏေအကြောင်းကို အကြောင်းစုံလျှောက်ထားပြသည်။

"သင်သည်ပင်လျှင် ထိုသာမဏေကို ခေါ်ပါချေ"

ဟု ဒုဋ္ဌဂါမဏိမင်းကြီးက အဘယသာမဏေကိုခေါ်ရန် ကောဋ္ဌယိမ္ဗရ ကို စေလွှတ်သည်။

ကောဋ္ဌယိမ္ဗရသည် မင်းကြီးထံမှဥစ္စာများစွာယူခဲ့ပြီးလျှင် ကပ္ပကန္ဒရကျောင်းသို့သွားကာ ထိုကျောင်းရှိရဟန်းသံဃာများကို ကြီးစွာသောအလှူကိုပေးလှူပြီးလျှင် အဘယသာမဏေထံသို့ သွားရောက်ကာ-

"အရှင်သာမဏေ. . . ယခုအရှင်သည် သာသနာ၌ရဟန်း တို့ကျင့်ရာ ပဋိပတ်အကျင့်ကိုမကျင့်ပါနှင့်ဦး၊ လူအဖြစ်နှင့်တည်၍ ကုသိုလ်ကောင်းမှုပြုပြီး၊ နတ်စည်းစိမ်ကိုခံစားထိုက်ပါသေးသည်။ ယခုလူ့ဘဝတွင် အမျိုးဘာသာ၊ သာသနာအကျိုးသည်ပိုးဆောင် ရွက်ရင်း ကုသိုလ်ကောင်းမှုပြုပါလော့၊ ပြည်ထဲသခင်အရှင်မင်းကြီး က သင့်ကိုဖူးမြင်ခြင်းငှါ အလိုရှိပါသည်။ ပင့်လျှောက်ခိုင်း၍ တပည့်တော်လာပင့်ရပါသည်။"

ဟု တောင်းပန်လျှောက်ထားသည်။

"သူရဲကောင်း. . . ငါသည် ဘုရားပွင့်သောခဏနှင့်ကြုံ တွေ့နေခဲ့ရပြီ၊ လူအဖြစ်ကိုလည်းရအပ်ပြီ၊ ဘုရားသာသနာတော်၌ အလွှန်ရခဲသော ရှင်ရဟန်းအဖြစ်ကိုလည်းရနေပြီ၊ ငါသည်သန့်ရှင်း စင်ကြယ်သောသီလကိုစောင့်ရှောက်၍ ဘဝကိုကုန်လွယ်စိမ့်သောငှါ အားထုတ်နေရပြီ။ ထိုစောင့်ရှောက်အပ်သော သံဝရသီလသည် ကာမဂုဏ်အာရုံတို့ကို စင်စစ်မစွန့်နိုင်ဆဲရှိပါအံ့နည်း။ ထိုကာမဂုဏ် အာရုံတို့ကို မစွန့်နိုင်လျှင်လည်း ရှိပါအံ့နည်း၊ ထိုကာမဂုဏ်အာရုံ တို့ကို မစွန့်နိုင်လျှင်လည်း သံသရာ၌ဆင်းရဲခြင်းဖြစ်ကြောင်းကို မြင်သိအပ်ပြီးသော သူတော်ကောင်းသည် ဆင်းရဲဖြစ်ကြောင်းဖြစ် ရာကို အဘယ်သို့သက်ဆင်းပါမည်နည်း၊ နေ့အခါတွင်းကိုမြင်ပြီး သောသူသည် ညဥ့်အခါ၌တွင်းထဲသို့ကျရန် အကြောင်းမရှိပါ။"

"အမောင်သာမဏေ. . . ကြီးလှစွာသော ရေအယဉ်တို့ ဖြင့် မျောလေကုန်သူတို့ကိုမြင်သော အကြင်သူသည် ထိုမျောလေ သူတို့ကို မကြည့်ရှုကရုဏာမရှိသောသူဟူ၍ လူအပေါင်းတို့က သိမှတ်ကြပါကုန်၏။"

"ယခုခါ သီဟိုဠ်ကျွန်း၌ ကျည်းအရိုင်းတို့သည် ဗောဓိ ညောင်တို့ကို ခုတ်ပိုင်းဖြတ်ကုန်လျက် များစွာကုန်သော စည်းခုံ၊ ပုထိုးတို့ကိုလည်းကောင်း၊ ဆင်းတုတို့ကိုလည်းကောင်း၊ ဖျက်ဆီး ကြပါကုန်၏။ မြတ်စွာဘုရား၏ သားတော်အစစ်ဖြစ်ကုန်သော သီလစောင့်စည်းခြင်းရှိကုန်သော ရဟန္တာဖြစ်ကုန်သော၊ ရဟန်းတို့ သည် ရှိကြပါကုန်၏။ ထိုရဟန်းမြတ်တို့သည် လုယက်ခံနေရသော ကြောင့် ပစ္စည်းလေးပါးပြတ်နေကြရသည်။ ဟိုဟိုဒီဒီ ပြေးလွှား နေကြရပါသည်။

တောကိုကြီးစွာသောမီးကြီးလောင်သကဲ့သို့ အလုံးစုံသော ဤသီဟိုဠ်ကျွန်းကိုလည်း ကျည်းအရိုင်းတို့သည် လောင်ကျွမ်းနေပါ၏။ တစ်စုံတစ်ယောက်သောသူမျှ ထိုကျည်းအရိုင်းမီးကို မငြိမ်းစေနိုင်ခဲ့ပါ။ အလုံးစုံသောရွာတို့သည် ရွာမဟုတ်တော့ဘဲ ပျက်စီးရကုန်လေပြီ၊ တိုင်းနိုင်ငံမြို့ပြ၌နေကြကုန်သော သူတို့သည်လည်း ပျက်စီးပြုန်းတီးရကုန်လေပြီ။ ယခုဒုဋ္ဌဂါမဏိမည်သော မင်းသည် ပျက်စီးယိုယွင်းမီးလောင်နေသော ဤသီဟိုဠ်ကျွန်းကို ငြိမ်းစေခြင်းငှါ စွမ်းနိုင်ပါလိမ့်မည်။

“ငါတို့၏ ဘုရားသခင်သည် ဒီပင်္ကရာဘုရား၏ခြေတော်ရင်း၌ရအပ်သော နိဗ္ဗာန်ချမ်းသာကိုပယ်စွန့်ရာ သံသရာဝဋ်အတွင်း၌ ဆင်းရဲရောက်ကြကုန်သော သတ္တဝါတို့ကိုမြင်၍ဘဝကြီးငယ်အသွယ်သွယ်၌ ကျင်လည်၍ပါရမီတို့ကို ဖြည့်ခဲ့ပါသည်။ ဤအတူသာလျှင် ဒုဋ္ဌဂါမဏိမင်းနှင့်အဆွေခင်ပွန်းဖွဲ့သဖြင့် ဘုရားရှင်၏ချမ်းမြေ့စွာသော သာသနာတော်ကို သန့်ရှင်းစင်ကြယ်အောင်ပြုပါဦး”

ကိုယ်၏အကျိုး၊ သူခပ်သိမ်းတို့၏ အကျိုးတို့ကိုပြုပြီးမှသာလျှင် အရှင်သည်တဏှာကင်းရာ အမှုကိစ္စတို့ကို စိတ်ချမ်းသာစွာနှင့်ပြုပါလေလော”

ကောင္ဒယိမ္ဗရသည် အထူးထူးသောအကြောင်းတို့ဖြင့် တိုက်တွန်းနှိုးဆော်သောအခါ အဘယသာမဏေသည် သင်္ကန်းတူပြီးလူထွက်ကာ ကောင္ဒယိမ္ဗရထံသို့ လိုက်လာလေသည်။

ကောင္ဒယိမ္ဗရသည် အဘယကိုမိမိအိမ်တွင်ခေါ်ထားပြီး ဆံပင်ရှည်သောအခါမှ ဒုဋ္ဌဂါမဏိထံရှေ့သို့ ခေါ်ဆောင်သွားလေသည်။

မင်းကြီးသည် အဘယကိုတွေ့မြင်နေသော် အလွန်ဝမ်း မြောက်ဝမ်းသာဖြစ်၍ လမ်းမ၌အိမ်ဆောက်ကာ တစ်နေ့တစ်ထောင် ရိက္ခာနှင့်အခြံအရံများပေး၍ ခ,စားစေသည်။

နောက်ကာလ ဒုဋ္ဌဂါမဏိမင်းနှင့်အတူ ကျည်းအရိုင်းတို့ ကိုစစ်ထိုးသည်။ ဝိဇိတမြို့ကိုသိမ်းသောအခါ အစောက်အနံ့ထူ ထည်းသောမြို့ရိုးကိုဖြိုဖျက်၍ မြို့တွင်းသို့ဝင်ပြီးလျှင် (၁၆)တောင် အရှည်ရှိသော ဓား၊ သန်လျက်ဖြင့် ကျည်းအရိုင်းတို့ကို ခုတ်ဖြတ် နှိမ်နင်းလေသည်။

ထို့နောက် ဒုဋ္ဌဂါမဏိမင်းကြီးကို သီဟိုဠ်ကျွန်း၌ ဧကရာဇ် မင်းအဖြစ် တင်မြှောက်ပေးခဲ့သည်။

အဘယသူရဲကောင်းသည် လူအပေါင်း၏အကျိုးစီးပွား သာသနာတော်၏ အကျိုးစီးပွားကိုဆောင်ရွက်ရင်း အနုရာဓမြို့၌ နေခဲ့သည်။

နောက်တွင်ဒုဋ္ဌဂါမဏိမင်းက အသီးသီးသော သူရဲကောင်း တို့အား ကြီးမားမြင့်မြတ်သောတရားထူး အနန္တရများကို ချီးမြှင့် သောအခါအဘယသူရဲကောင်းက -

"အရှင်မင်းကြီး. . . ကျွန်ုပ်အား ရာထူးဌာနန္တရဖြင့် အလိုမရှိပါ။"

ဟုလျှောက်ထားသည်။

"သူရဲကောင်းအဘယ. . . သင်သည်ရာထူးဌာနန္တရကို အဘယ်ကြောင့် အလိုမရှိပါသနည်း။"

"အရှင်မင်းကြီး. . . ကျွန်ုပ်အား တစ်ပါးသောစစ်ထိုးရန် အရေး ရှိပါသေးသည်"

"သူရဲကောင်းအဘယ. . . သင့်အားမချစ်မနှစ်သက်သော ရန်သူသည် အဘယ်သူနည်း"

"အရှင်မင်းကြီး. . . ကျွန်ုပ်၏ကိုယ်တွင်း၌ ပုန်းအောင်းနေသော ကိလေသာရန်သူနှင့်တူသော တစ်ပါးသောရန်သူမည်သည် မရှိပါ။ ထိုကိလေသာဟူသော အတွင်းရန်သူကို များစွာသောသတ္တဝါတို့သည် အောင်မြင်ခြင်းငှါ မတတ်နိုင်ပါ။ ထိုသို့မတတ်နိုင်သောကြောင့် သံသရာဝဋ်ဆင်းရဲ၌ တဝဲလည်လည်ရှည်မြင့်စွာသော ကာလပတ်လုံး ထိုကိလေသာရန်သူ၏ နှိပ်စက်ခြင်းကိုခံကြရကုန်၏။

ကျွန်ုပ်သည်ကား ထိုကိလေသာရန်သူအနှိပ်စက်မခံရလေအောင် တွန်းလှန်ပယ်ချိုးစစ်ထိုးခြင်းအမှုကို ပြုလိုပါသောကြောင့် ထိုကိ လေသာဟူသော ရန်သူကိုစစ်ထိုးရန် ခွင့်ပေးတော်မူပါဘုရား"

ဒုဋ္ဌဂါမဏီမင်းကြီးသည် အဘယသူရဲကောင်းတောင်းပန်လျှောက်ထားသည်ကို ခွင့်ပြုတော်မူသည်။

ထိုအခါ အဘယစစ်သူရဲကောင်းသည် တစ်ဖန်ရဟန်းပြုပြီး ဝိပဿနာတရားတို့ကို ကြိုးစားအားထုတ်တော်မူရာမကြာမြင့်မီ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာအဖြစ်သို့ရောက်တော်မူသည်။

တပည့်ငါးရာအခြံအရံဖြင့် သီဟိုဠ်ကျွန်းဝယ်နေ-လကဲ့သို့ ထင်ရှားလေသည်။

ထိုအဘယမထေရ်ကိုအကြောင်းပြု၍ ပညာရှိတို့က-

**"သနားခြင်းကရုဏာ အလေ့ရှိသော အကြင်သူတစ်တော်ကောင်းသည် မိမိ၏အကျိုးစီးပွားကိုလျှင်စွန့်၍ သူတစ်ပါး၏အကျိုးစီးပွားကျင့်ခြင်း အလေ့ရှိပါသည်။ ထိုသူသည် ပစ္စုပ္ပန်သံသရာအစီးအပွားကိုလည်းကောင်း၊ ကျော်စောခြင်းကိုလည်းကောင်း၊ ရောက်ရကုန်ရာ၏။**

**စင်စစ်ခွန်အားအစွမ်းနှင့်လျော်သော စည်းစိမ်ကိုရပြီးလျှင် သင်တို့သည်ကမ္ဘာပတ်လုံးတည်သော ကျော်စောခြင်းနှင့်တကွဖြစ်သော မိမိအကျိုး၊ သူတစ်ပါး၏အကျိုးတို့ကိုသာလျှင် ပြုကြကုန်ရာ၏။"**

ဟူ၍ ဆိုဆုံးမခဲ့ပါသည်။

(ထေရပုတ္တာဘာယသူ့ရဲကောင်း)

## (င) ဘရဏသူ့ရဲကောင်း

ကဿပဘုရားရှင် ပွင့်တော်မူသောအချိန်ကာလဖြစ်သည်။ ထိုအချိန်တွင် ပစ္စန္တရာဇ်ရွာစွန်၌နေသော တစ်ဦးသောသူကြွယ်သည် ဘုရားရှင်ဟောကြားသောတရားကို နာပြီးလျှင် သာသနာတော်၌ ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍ သံဃာတော်ကိုရည်မှတ်ပြီး နွားနို့စာရေးတံဆွမ်းကို မိမိအသက်ထက်ဆုံးလှူဒါန်းလေသည်။

ထိုသူကြွယ်သည် ဤဘဝမှစုတေသော် နတ်ပြည်ဝယ် (၁၂)ယူဇနာအပြောကျယ်သော ရွှေဗိမာန်၌နတ်သမီးတစ်ထောင် ခြံရံကာ ခံစားစံစားရလေသည်။

ထိုသူသည် ဘုရားနှစ်ဆူကြားကာလဝယ် နတ်စည်းစိမ်၊ လူစည်းစိမ်တို့ကို အကြိမ်ကြိမ်ခံစားပြီးနောက် ဂေါတမဘုရားရှင် ပရိနိဗ္ဗာန်စံလွန်ပြီးသောအခါ လင်္ကာဒီပကျွန်း ရောဟနဇနပုဒ် ကပ္ပကန္ဒရရွာ၌ ကုမ္မာရအမည်ရှိသော သူကြွယ်၏သားအဖြစ်မွေးဖွားလာသည်။

ထိုသူငယ်ကိုယ်ဝန်ရင့်၍ ဖွားမြင်သောအခါ၌ မိဘတို့ကို ကျွေးမွေးရန် တန်ဆာဆင်ရန်အတွက် ကြီးစွာသောရွှေအိုးသည်

ရောက်လာခဲ့သည်။ ထိုရွှေအိုးရောက်လာသောကြောင့် မိဘတို့က ရတနာရွှေအိုးကို သယ်ဆောင်ယူလာသောသူဟု နှစ်သက်ဝမ်း မြောက်ကြသဖြင့် "ဘရဏ"ဟူသော အမည်ကိုမှည့်ကြလေသည်။

ထိုသူငယ် (၁၂)နှစ်အရွယ်သို့ရောက်သော် သူငယ်၏ဗလ ခွန်အားကြီးမားသောအဖြစ်သည် သိဟိုဠ်ကျွန်း၌ထင်ရှားလေသည်။

သူငယ်တို့နှင့် တောလိုက်သွားပြီး များစွာကုန်သောယုန် တို့ကို လိုက်လေသည်။ ယုန်တို့ကို ခြေဖြင့်ခတ်၍ မြေ၌ကျစေသည်။

(၁၆)နှစ်အရွယ် ရွာသားများနှင့်အတူတောသို့လိုက်ပြီး များစွာသောသမင်၊ စိုင်၊ ဝက်တို့ကို ခြေဖြင့်ခတ်၍လည်ကျစေသည်။ သို့အတွက် ဘရဏကို သူရဲကောင်းဟူ၍ ထင်ရှားကျော်စောလာ လေသည်။

ဒုဋ္ဌဂါမဏီမင်းသည် ဘရဏ၏စွမ်းအားဂုဏ်ကိုကြား တော်မူလျှင် ခေါ်တော်မူ၍ နေရာထိုင်ခင်း၊ အခြံအရံ၊ လစာရိက္ခာ တို့ကိုပေးပြီး မိမိထံတွင်နေ၍စဉ် ခစားစေသည်။

ဒုဋ္ဌဂါမဏီမင်းက ကျည်းအရိုင်းတို့ကို စစ်ထိုးသောအခါ ဘရဏသူရဲကောင်းသည် တိုက်ပွဲပေါင်း(၂၈) ကြိမ်တိုင်တိုင်အောင် မြင်ခဲ့သည်။

ထို့နောက် ဒုဋ္ဌဂါမဏီမင်းကြီးသည် သိဟိုဠ်၌ဧကရာဇ်မင်း အဖြစ် သို့ရောက်သောအခါ မင်းကြီးကကြီးစွာသော စည်းစိမ်ချမ်း သာ ရာထူးတို့ကိုပေးသဖြင့် အနုရာဓမြို့တွင် ချမ်းသာစွာခံစားရင်း ကုသိုလ်ကောင်းမှုတို့ကို အသက်ထက်ဆုံးပြုလုပ်၍နေလေသည်။

အသက်ကုန်ဆုံးသောအခါ ဘုံအားမြောက်စွာဖြစ်ရလေ သည်။

ထိုဘာရဏသူရဲကောင်းကိုအကြောင်းပြု၍ ပညာရှင်တို့က-

"ကောင်းစွာပညာရှိသောသူသည် ကုသိုလ်တရားတို့ကို ကောင်းစွာပြုသဖြင့် နှလုံးမွေ့လျော်ဖွယ်ရာ နတ်ပြည်၌နတ်စည်းစိမ်ကိုခံစားရသလို လူအဖြစ်၌လည်း လွန်သောအားအစွမ်းနှင့် ပြည့်စုံသူ ဖြစ်ရလေသည်။ ထို့ကြောင့် သင်တို့သည် ထိုသို့သဘောရှိသော ကုသိုလ်ကောင်းမှု၌ နှလုံးမွေ့လျော်ပျော်ကုန်ရာ၏။" ဟူ၍ ဆိုဆုံးမခဲ့ကြလေသည်။

(ဘာရဏသူရဲကောင်း)

## (စ) ဝေဠုသုမနသူရဲကောင်း

ကဿပဘုရားရှင်လက်ထက်ဖြစ်သည်။

သူကြွယ်တစ်ဦးသည် ဘုရားရှင်၏တရားတော်ကိုနာရလျှင် သဒ္ဓါတရားအလွန်ရှိသည်ဖြစ်၍ ဤသို့ကြံစည်မိလေသည်။

"သူတစ်ပါးတို့ကို နှိပ်စက်ညှင်းပန်းသဖြင့်လည်းကောင်း၊ ခိုးဝှက်သဖြင့်လည်းကောင်း၊ ရသောပစ္စည်းကိုအရင်းမူလျက် ပေးလှူခြင်းသည် အကျိုးမကြီးနိုင်ရာ၊ စင်ကြယ်သောမိမိ၏လုပ်အားဖြင့်ရသော ပစ္စည်းတို့ဖြင့်ပေးလှူမှသာ များစွာသောအကျိုးဖွံ့ဖြိုးကြီးမြတ်ပေမည်။

သူကြွယ်သည် ဤသို့ကြံစည်ပြီးလျှင် ဖြူစင်သန့်ရှင်းအပြစ်ကင်းသော ဥစ္စာတို့ကိုသိုးသန့်ရှာဖွေပြီးလျှင် ရဟန္တာမထေရ်မြတ်တစ်ပါးဆွမ်းခံလာသည်ကို ပင့်ဖိတ်၍အထူးထူးသောခဲဘွယ်ဘောဇဉ်အရသာတို့ဖြင့် လုပ်ကျွေးလှူဒါန်းလေသည်။

ထိုသူကြွယ်သည် ထိုကောင်းမှုကြောင့် အသက်တမ်းကုန်ဆုံးသောအခါ အိပ်သောယောကျ်ားနိုးသောလားကဲ့သို့ နတ်ပြည် ဝယ်ယူဇနာအပြောကျယ်သော ရွှေဗိမာန်တွင် နတ်သားဖြစ်ရသည်။ အထောင်မကများစွာသော နတ်သမီးကချေသည်တို့သည် တီးမှုတ်ခြင်းကပြသီဆိုခြင်းတို့ဖြင့် ဖျော်ဖြေခံရလေသည်။

ဘုရားနှစ်ဆူကြားဝယ် လူစည်းစိမ်၊ နတ်စည်းစိမ်တို့ကို အကြိမ်ကြိမ်ခံစားခဲ့ပြီးနောက် ဂေါတမဘုရားရှင်ပရိနိဗ္ဗာန်စံဝင်ပြီးသော် သီဟိုဠ်နိုင်ငံ၌ကာကဝဏ္ဏမင်းကြီးလက်ထက် ဂီရိမည်သော ဇနပုဒ်၌ ကုဋုမ္ဗိယဂဏာရွာ၌ ဝသဘအမည်ရှိသော သူကြွယ်၏သားအဖြစ် မွေးဖွားလာခဲ့သည်။

ထိုသူကြွယ်၏မယား ဝေဒ္ဓဇနပဒိကမှ သားငယ်ဖွားသောသတင်းကိုကြားကြ၍ တစ်ရွာလုံးသည် ဝမ်းမြောက်ဝမ်းသာဖြစ်ကြလေသည်။

ဝသဘသူကြွယ်၏ အဆွေခင်ပွန်းဖြစ်ကြသော ဝေဠုအမည်ရှိသော ဇနပုဒ်အပိုင်စားနှင့် သုမနအမည်ရှိသော ဂိရိရွာစားတို့သည် ဝသဘသားဖွားသည်ကြား၍ လာရောက်ကြကာ များစွာသောလက်ဆောင်ပဏ္ဏာတို့ကို ပေးကြသည်။

ကလေးကိုအမည်ပေးအံ့သောနေ့၌ မိတ်ဆွေနှစ်ယောက်တို့သည် သူငယ်အားမိမိတို့နှစ်ဦး၏အမည်ကိုပေါင်း၍ ဝေဠုသုမနဟူ၍အမည်ပေးကြလေသည်။

ကလေးကြီးပြင်းလာသောအခါ ဂိရိရွာစားသည် ထိုကလေးကို မိမိအိမ်တွင်ခေါ်ထားပြီး မွေးစားလေသည်။

ထိုဂီရိရွာစားအိမ်တွင် သိန္ဓောမြင်းငယ်တစ်ကောင်ရှိသည်။ ထိုမြင်းငယ်သည် မည်သူကိုမျှ အစီးမခံသဖြင့် မြင်းဆိုးအဖြစ်သတ်မှတ်ထားကြလေသည်။

တစ်နေ့တွင် ထိုမြင်းသည်ဝေဠုသုမနကိုမြင်သော်-

"ဤသူသည် ငါ့ကျော၌တက်စီးရန် ထိုက်သောသူတည်း" ဟု ရွှင်ကြည်အားရကာ ပြင်းပြသောအသံဖြင့် ဟီသံကိုပြုသည်။

ထိုမြင်း၏ပြင်းပြသောဟီသံကိုကြားလျှင် ဂီရိရွာစားသည်

"ဤမြင်းသည် စင်စစ်မိမိအရှင်ကိုမြင်အပ်လေသည်ဖြစ်မည်။"

ဟု ကြံစည်မိလျက် ဝေဠုသုမနကိုခေါ်ကာ-

"ချစ်သား . . ဤမြင်းကိုစီးလေလော့"

ဟုဆိုကာ ပေးအပ်လေသည်။

ဝေဠုသုမနသည် ထိုမြင်းကိုမြင်းဝတ်တန်ဆာ ဆင်စေပြီးလျှင် အဝိုင်းမြင်ခင်းပြင်၌ ပြေးသွားစေလျက်စီးသည်။ စီးရာတွင် တဖြည်းဖြည်းလျင်မြန်စွာစီးပြရာ မြင်း၏ခေါင်းအမြီးဆက်သကဲ့သို့ တစ်ဆက်တည်းမြင်ရသကဲ့သို့ စီးပြနိုင်သည်။ ညဉ့်အခါ ပတ်ပတ်ချာလည်စေသော မီးစက်ဝန်းကဲ့သို့ လည်စေ၏။ ပုဏ္ဏားကဘီလူးသည်စိတ်၏အလိုတိုင်းလျင်စွာ သိန္ဓောမြင်းကိုစီးနှင်မောင်းနှင်ဘိသကဲ့သို့ ရှုံ့ကြောက်ခြင်းမရှိဘဲ ဝေဠုသုမနသည် မြင်းကိုကျောကုန်းပေါ်၌ ရပ်၍လည်းကောင်း၊ ထိုင်၍လည်းကောင်း စီးပြ၏၊ မြင်းပြေးလွှားလျက်ပင် မိမိ၏အဝတ်ကိုပြေ၍လည်းကောင်း၊ ပြန်လည်ပြင်ဆင်ဝတ်ပြ၍လည်းကောင်း စီးပြသည်။

မြင်ကြသောလူအပေါင်းသည် ကောင်းချီးကြွေးကြော်ခြင်း လက်ခမောင်းခတ်တီးခြင်း၊ ဦးရစ်ခေါင်းပေါင်းတို့ကိုချွတ်၍ ဝှေ့ရမ်းပြခြင်း စသည်တို့ကိုပြုကြသည်။

ထိုအခါ ဂီရိန္ဒြာစားသည် အဿမိုရ်မြင်းကောင်းကို စီးနင်းမောင်းနှင်နိုင်သော သားဝေဠုသုမန၏ အံ့ဘွယ်သရဲ မဖြစ်ဖူးမြဲဖြစ်သော အခြင်းအရာတို့ကိုမြင်လျှင် ကြည်လင်ဝမ်းမြောက်ကာ-

"ငါ့သားသုမနကား မင်းအားသာလျှင် ထိုက်လျှောက်သောသူပေတည်း။"

ဟု ကြံစည်အောက်မေ့လျက် ဝေဠုသုမနအား ဥစ္စာတစ်သောင်းပေးပြီး ဒုဋ္ဌဂါမဏိမင်းကြီးထံသို့ ပို့ပေးလေသည်။

မင်းကြီးသည် ဝေဠုသုမန၏အစွမ်းကို သိသောအခါ၌ နန်းတော်ဝင်သောလမ်းမခရီးဝယ် ကြီးကျယ်သောအိမ်ကို ဆောက်လုပ်ပေးပြီး နေစေသည်။ ဘစ်နေ့ကို ရိက္ခာတစ်ထောင်ပေးသည်။ များစွာသောအခြံအရံများကိုလည်း ပေးလေသည်။

ထိုအခါမှစ၍ ဝေဠုသုမနသည် မင်းကြီးအားမပြတ်ခစားရ၍ ဒုဋ္ဌဂါမဏိမင်းကြီး ကျည်းအရိုင်းတို့ကို စစ်ထိုးသောအခါ၌ ပါဝင်စစ်ထိုးပြီး အောင်ပွဲရသည့်အထိ ဆောင်ရွက်ပေးခဲ့သည်။

စစ်ပွဲပြီး၍ ဒုဋ္ဌဂါမဏိမင်းကြီး အနုရာဓမြို့၌ ထီးနန်းစိုက်ထူသောအခါ ဝေဠုသုမနစစ်သူရဲကို ကြီးမြတ်သောစည်းစိမ်ချမ်းသာတို့ကိုပေး၍ ချီးမြှောက်တော်မူသည်။

ထိုဝေဠုသုမနသည် မင်းကြီးနှင့်အတူ သီဟိုဠ်ကျွန်း၌ ဗုဒ္ဓသာသနာတော်ပြန်လည် ထွန်းလင်းရေးအတွက် ဆောင်ရွက်ခဲ့ သည်။ ကုသိုလ်ကောင်းမှုတို့ကိုလည်း ပြုလုပ်ဆောင်ရွက်ခဲ့သည်။

ထိုကိုယ်အဖြစ်မှ စုတေသော်နတ်ပြည်၌ နတ်သားဖြစ်ရလေသည်။

ထိုဝေဠုသုမနစစ်သူရဲနှင့်ပတ်သက်၍ ပညာရှင်တို့က-

"မကောင်းမှု၌ အလွန်မွေ့လျော်သောသူအား ဤသို့လျှင် အထူးထူးအပြားပြားဖြစ်သော နတ်တို့၏အသရေသည်လည်းကောင်း၊ ခွန်အားသည်လည်းကောင်း၊ အကြင်ကြောင့်မဖြစ်၊ ထို့ကြောင့် နတ်ပြည်နိဗ္ဗာန်တို့၌ ရောက်ကြောင်းဖြစ်သော ကံ၏ အကျိုးဟူသော အသရေကိုအောက်မေ့သည်ဖြစ်၍ မမေ့မလျော့လျှင် ကာယ, ဝစီ, မနောဟူသော သုစရိုက်ကောင်းမှုတို့ကို ကျင့်ရာ ဆည်းပူးရာ၏။"

ဟူ၍ ဆိုဆုံးမခဲ့ပါသည်။

(ဝေဠုသုမနသူရဲကောင်း)

## (ဆ) ခဋ္ဋဒေဝသူရဲကောင်း

ဤဘဒ္ဒကမ္ဘာ၌ ကဿပဘုရားရှင်ပွင့်တော်မူသော အချိန်ကာလဖြစ်သည်။

ထိုအချိန်တွင် တစ်ဦးသောယောက်ျားသည် မြတ်စွာဘုရား၏ တရားတော်ကိုကြားနာရပြီးလျှင် ဘုရားရှင်သာသနာတော်၌ ကြည်ညိုသောစိတ်သဒ္ဓါတရားဖြစ်၍ တောထဲတွင် သစ်ရွက်မိုးတဲ ကျောင်းဇရပ်တစ်ဆောင်ဆောက်လုပ်သည်။ ထိုကျောင်းဇရပ်၌ သောင်စောင်းအင်ပျဉ်၊ အိုးခွက် အစရှိသောအသုံးအဆောင်တို့ကို ပြည့်စုံအောင်ထားပေးသည်။

ထို့နောက် ရဟန်းတစ်ပါးကို တောင်းပန်လျှောက်ထား သိတင်းသုံးစေပြီး နေ့စဉ် ယာဂု၊ ဆွမ်းစသော ခဲဘွယ်ဘောဇဉ်တို့ကို မပြတ် ဆည်းကပ်လှူဒါန်းလေသည်။

ဝါကျွတ်၍ ထိုရဟန်းဒေသစာရီခရီးလှည့်လည်သည်ရှိသော် ရဟန်းမြတ်ကိုသင်္ကန်း (၃)ထည် လှူဒါန်းခဲ့လေသည်။

ထိုသူကြွယ်သည် ဤမျှသောကောင်းမှုကိုပြု၍ ကွယ်လွန်သောအခါ နတ်ပြည်ဝယ် (၁၂)ယူဇနာရှိသော ရွှေဖြင့်ပြီးသော ဗိမာန်၌နတ်သမီးတစ်ထောင်ခြံရံလျက် ကြီးစွာသောနတ်စည်းစိမ်ကို ခံစားရလေသည်။

ဂေါတမဘုရား ပွင့်တော်မူပြီး ပရိနိဗ္ဗာန်စံဝင်ပြီးသည်၏နောက်ကာလဝယ် ဂင်္ဂါဒီပကျွန်း ဂီရိမည်သောဇနပုဒ်၌ ဒေါဏိရွာ၌ အဘယအမည်ရှိသောသူကြွယ်၏ ခုနှစ်ယောက်သောသားတို့တွင် အငယ်ဆုံးသားထွေးလာဖြစ်လေသည်။

ထိုသားငယ်ကို မိဘတို့က "ဒေဝ" ဟူ၍အမည်ပေးကြသည်။ ထိုဒေဝ သားငယ်သည် အလွန်ခွန်အားကြီးသည်။ သို့သော် အနည်းငယ်ခြေခွင်သောကြောင့် ခဥ္ဇဒေဝ ဟူ၍ရွာသူရွာသားတို့က ခေါ်ဆိုကြလေသည်။

သူသည်ခွန်အားကြီးသည့်အလျှောက် တောအရပ်သို့ဝင်၍ တွေ့မြင်ကြသော ကျွဲရိုင်း၊ သမင်တို့ကိုအမှီလိုက်ပြီး ခြေနှစ်ချောင်းကိုင်ကာ မိမိ၏ဦးခေါင်းထက်၌ မွှေ့ရမ်းပစ်နိုင်သည်။ အရိုးတို့ကို မှုန့်မှုန့်ညက်ညက်ကျေအောင်၊ ပြုလုပ်နိုင်သည်။

သူသည် လေး၊ မြား၊ အတတ်၌အလွန်ကျွမ်းကျင်သည်ဖြစ်၍ ငယ်စဉ်ကပင် သူ့ကိုသူရဲကောင်းဟူ၍ အသိအမှတ်ပြုကြရသည်။

ကာကဝဏ္ဏတိဿမင်းကြီးသည် ထိုခဥ္ဇဒေဝသူရဲကောင်း အကြောင်းကိုကြားသိရသဖြင့် မိဘတို့ထံများစွာလက်ဆောင်ပေး၍ ခဥ္ဇဒေဝကိုခေါ်ယူကာ သားတော်ဂါမဏိထံ၌ ခ,စားလေသည်။

ဂါမဏိမင်းသားသည် ထိုခဥ္ဇဒေဝကို များစွာသောအခြံ အရံတို့ကိုပေး၍ မင်းလမ်းမ၌အိမ်ကိုကောင်းစွာ ဆောက်လုပ်ပြီး ထားပေးသည်။ စားနပ်ရိက္ခာအတွက် တစ်နေ့တစ်ထောင်ချီမြှင့် ပေးလေသည်။

နောင်အချိန် ဒုဋ္ဌဂါမဏိမင်းသားနန်းတက်၍ ကျည်းရိုင်း တို့ကို စစ်ထိုးသောအခါ စစ်ပွဲ၌ပါဝင်ဆင်နွှဲပြီး ကျည်းရိုင်းတို့ကို မှုန့်မှုန့်ညက်ညက်ဖြစ်အောင် ချေမှုန်းတိုက်ခိုက်ပြီး အောင်ပွဲအလီ လီကို ရစေသည်။ နောက်ဆုံးကျည်းအရိုင်းတို့ကို အောင်မြင်ပြီး ဒုဋ္ဌဂါမဏိမင်းကို သီဟိုဠ်၌ဧကရာဇ်မင်းအဖြစ် တင်မြှောက်ပေးခဲ့ သည်။

ခဥ္ဇဒေဝသည် အသက်ထက်ဆုံးကောင်းမှုပြုနေပြီး ကွယ် လွန်သောအခါ နတ်ပြည်သို့တစ်ဖန်လားရောက်ရပြီး နတ်စည်းစိမ် ကိုခံစားရလေသည်။

ထိုခဥ္ဇဒေဝသူရဲကောင်းနှင့်ပတ်သက်၍ပညာရှိတို့က-

**"ဤသို့နှစ်သက်ဖွယ်ရှိသော တုသိတာနတ်ပြည်၌ ရှည် လျားစွာဖြစ်လတ့်သော အကျိုးရှိသော၊ နှစ်သက်မွေ့လျော်ပျော် ဖွယ်ကိုသာ ဆောင်တတ်သော သာသနာတော်နှင့်စပ်သော ဒုဿီလဖြစ်သော သူတို့ကိုနှိမ်နင်းခြင်းဟူသော ကောင်းသော အကျင့်ကိုပြု၍ လူဘုံ၊ နတ်ဘုံတို့၌ အလုံးစုံသောစည်းစိမ် ချမ်းသာကို လည်းကောင်း၊ ထိုမှနောက်ဆုံး၌ နိဗ္ဗာန်ချမ်းသာကို လည်းကောင်း၊ ခံစားရလတ့်၊**

ထို့ကြောင့် လူပေါင်းအပေါင်းသည် အလုံးစုံသောဘဝတို့၌ ကြံတိုင်းကိုပင်ပြီးစေနိုင်သော ပတ္တမြားမြတ်နှင့်တူစွာသော နတ်၏မန္တရားနှင့်တူသော ဒါန, သီလ, ဘာဝနာစသည်ကိုလည်းကောင်း၊ ထိုအတူတကွ လေ့လာကျင့်လည်ဘက်ဖြစ်သော ဆေးသမားနှင့်တူစွာသော အလှူပေးခြင်းဟူသော အဆွေခင်ပွန်းမြတ်ကို ဆည်းကပ်ပါလော”

ဟူ၍ ဆိုဆုံးမထားပါသည်။

(ခဋ္ဋဒေဝသူရဲကောင်း)

## (၉) ဥမ္မာဒဖုဿဒေဝသူရဲကောင်း

ဤဘဒ္ဒကမ္ဘာဝယ် ကဿပဘုရားရှင်ပွင့်တော်မူသောအချိန်ကာလဖြစ်သည်။ ကဿပဘုရားရှင်သည် လူ, နတ်, နဂါး, သိကြား, ဗြဟ္မာ, အသူရာ, ဂန္ဓဗ္ဗစသော ပရိတ်သတ်တို့အား တရားဟောစဉ် သူကြွယ်တစ်ဦးသည် ပရိသတ်အစွန်း၌နေလျက် ဘုရားရှင်၏အဆင်းသဏ္ဌာန်ကိုမြင်၍လည်းကောင်း၊ ဟောအပ်သောတရားကိုနာရသဖြင့်လည်းကောင်း၊ အလွန်ကြည်ညိုမြတ်နိုးလှသဖြင့် သဒ္ဓါတရားပေါက်ဘာ နက်ဖြန်အလို့ငှာ ဘုရားအမှူးရှိသော ရဟန်းသံဃာအပေါင်းကို ဆွမ်းဖိတ်ပြီးလျှင် ကြီးစွာသောအလှူကိုပြုလေသည်။

ထိုမှနောက် အနှစ်နှစ်သောင်းတို့ကာလပတ်လုံး ပစ္စည်းလေးပါးတို့ဖြင့်လည်းကောင်း၊ စာရေးတံဆွမ်းတို့ဖြင့်လည်းကောင်း မပြတ်အလှူပေးခဲ့သည်။

ထိုကုသိုလ်ကောင်းမှုတို့ကြောင့် သက်တမ်းကုန်သော် တာဝတိံသာနတ်ပြည်ဝယ် ယူဇနာ(၃၀)ကျယ်ဝန်းသော ရွှေဗိမာန်၌ အခြံအရံစည်းစိမ်များစွာ ခံစားရသောနတ်သားဖြစ်ရလေသည်။

ကဿပဘုရားရှင်နှင့် ဂေါတမဘုရားကြားကာလဝယ် လူ၊နတ်တို့ဘဝ၌ စည်းစိမ်အမျိုးမျိုးကိုခံစားရလေသည်။

ဂေါတမဘုရားရှင်ပွင့်တော်မူ၍ ပရိနိဗ္ဗာန်စံဝင်ပြီးသော် လက်ာဒီပသီဟိုဠ်ကျွန်း၊ ရောဟနဇနပုဒ်ဝယ် စိတ္တလပဗ္ဗတောင် ကျောင်း၏အနီးဖြစ်သော "ဂမိတ"ရွာ၌ ဆန်၊ရေ၊ စပါး ဥစ္စာများ စွာကြွယ်ဝသော ဥပ္ပလသူဌေးအိမ်၌ သားအဖြစ်မွေးဖွားလာခဲ့လေ သည်။

ထိုသားမွေးလာသောအခါ မိဘတို့သည် ဘိုး၊ ဘွား စသောအနွယ်မှ ဆင်းသက်လာသောအမည်ကိုမမှည့်ဘဲ ဖုဿ နက္ခတ်နှင့်ယှဉ်၍ ဖွားမြင်သောကြောင့် ဖုဿဒေဝလုလင်ဟူ၍ အမည်ပေးကြသည်။

ဖုဿဒေဝခုနှစ်နှစ်သားအရွယ်တွင် ရွာရှိများစွာသော သူငယ်များနှင့်ပျော်ရွှင်ကစားလျက် စေတိယကျောင်းရပ်သို့သွား၍ ဗောဓိရင်ပြင်၌ထားသော ခရုသင်းကိုမှုတ်ပေးရာ အရာထောင် မကသော မိုးကြိုးတို့ထစ်ကြိုးမြည်ဟီး ပွဲတင်ဟီးသော အသံကဲ့သို့ ပြင်းထန်သောအသံ ဖြစ်ပေါ်လေသည်။

ထိုခရုသင်းကိုကြားရသဖြင့် ကစားဖော်ကလေးတို့မှာ ပြင်းပြစွာကြောက်လန့်စိတ်ရှိလျက် သတိလက်လွတ်ကမူးရှူးထိုး မြေပြင်သို့ တုံးလုံးမှောက်ခုံလဲကျကြသည်။ အချို့လည်း ကြောက် လန့်တကြား ထိုထိုအရပ်တို့သို့ ပြေးလွှားကြသည်။

ကောင်းကင်တွင်ပျံနေသောငှက်တို့သည် ထိုခရုသင်းသံကို ကြားသဖြင့် နားပွင့်မတတ်ထိတ်လန့်ကြောက်ရွံ့လျက် ကောင်းကင်မှမြေသို့ ကျရောက်ကုန်သည်။

သမင်, ကျွဲ, နွား စသောသတ္တဝါတို့သည်လည်း ကြောက်ရွံ့တုန်လှုပ်ကုန်လျက် ခြေဦးတည်ရာထွက်ပြေးကြလေသည်။

ထိုအခါမှစ၍ ဖုဿဒေဝအားများစွာသော တိရစ္ဆာန်၊ သတ္တဝါတို့နှင့်တကွ သူငယ်ဖော်တို့အား သတိကင်းလွတ်ရူးသွပ်မေ့လျော့ခြင်းကို ဖြစ်စေတတ်သောကြောင့် ဖုဿဒေဝမှနေပြီး ဥမ္မာဒဖုဿဒေဝဟူ၍ ပြောင်းလဲခေါ်ကြလေသည်။

ဥမ္မာဒဖုဿဒေဝအသက် (၁၂)နှစ်ရှိသောအခါ ဖခင်သည် အမျိုးအနွယ်မပျက်၊ အဆက်ဆက်မှဆင်းသက်သင်ကြားမြဲဖြစ်သော လေးအတတ်တို့ကို သင်ကြားစေသည်။

ဥမ္မာဒဖုဿဒေဝသည် လေးအတတ်၌ တစ်ဘက်ကမ်းခတ်တတ်မြောက်လေသည်။

- အသံကြားကာမျှဖြင့် မှန်အောင်ပစ်နိုင်သည်။
- လျှပ်စစ်ပြက်ခိုက်အလွန်တိုသောအချိန်ကာလ၌ ခုနှစ်ကြိမ်တိုင်တိုင် ပစ်နိုင်သည်။
- အလွန်နူးညံ့သိမ်မွေ့သောသားမြီးယပ်များကို ထွင်းဖောက်
ပစ်နိုင်သည်။
- သဲဖြင့်ပြည့်သောလှည်းသားရေချပ်လွှာ ထပ်တစ်ရာထပ်ထားသည့်အထပ်လွှာ၊ လက်ရှစ်သစ်အထုရှိသော ပိတောကပျဉ်၊ (၁၆)သစ်အထုရှိသော ရေသဖန်းပျဉ်၊

လက်လေးသစ်အထုရှိသောသံပြား၊ ကြေးပြားကွပ်သော ပျဉ်တို့ကို ထိုးဖောက်ပစ်ခွင်းနိုင်သည်။

- ထို့ပြင်မြှားကိုမြှားချင်း ထိုးဖောက်အောင်ပစ်နိုင်သည်။
- ကုန်းပေါ်၌ရှစ်ဥသဘ၊ ရေထဲ၌တစ်ဥသဘတိုင်သွားသည်အထိ ပစ်နိုင်သည်။

ထိုမှတစ်ပါး အခြားအံ့ဘွယ်သော အတတ်ပညာတို့ကိုလည်း ဥမ္မာဒဖုသဒေဝသည် တတ်မြောက်လေသည်။

ထို ဥမ္မာဒဖုသဒေဝ၏ ကျော်စောသတင်းသည် ကာကဝဏ္ဏမင်းကြီးနားသို့ ပေါက်ကြားလာသောအခါ မင်းကြီးက အဖဖြစ်သော ဥမ္မလသူကြွယ်ထံ လက်ဆောင်ပဏ္ဏာများစွာနှင့် အမှာစာရေးပြီးပို့ကာ တောင်းယူသည်။

ဥမ္မာဒဖုသဒေဝကို မင်းကြီးသည်နန်းတော်ဝင်ရာခရီးလမ်းမ၌ ကြီးစွာသောအိမ်ကို ဆောက်လုပ်ပေးပြီး များစွာသော အခြံအရံဖြင့်ထားပေးသည်။ တစ်နေ့ရိက္ခာတစ်ထောင်ထုတ်ပေးပြီး သားတော်ဒုဋ္ဌဂါမဏိထံတွင် ခ,စားစေသည်။

ဒုဋ္ဌဂါမဏိမင်း ကျည်းအရိုင်းတို့နှင့် စစ်ထိုး၍အနုရာဓမြို့ သိမ်း တိုက်ပွဲ၌ကျည်းအရိုင်းတို့ကို သတ်ဖြတ်နှိမ်နင်း၍ ဒုဋ္ဌဂါမဏိနှင့် ယှဉ်ပြိုင်ရင်ဆိုင်သောကျည်းအရိုင်းခေါင်းဆောင် ဘလ္လကကို ဒုဋ္ဌဂါမဏိ၏နားရွက်ဘေးမှနေပြီး လေးနှင့်ပစ်ခွင်းပြီး ကျဆုံးစေခဲ့သည်။

ဒုဋ္ဌဂါမဏိမင်းသီဟိုဠ်ကရာဇ်မင်းဖြစ်သောအခါ ဥမ္မာဒဖုသဒေဝအား ကြီးစွာသောရာထူးဌာနန္တရအဆောင်အယောင်တို့ဖြင့် မင်းကြီးကချီးမြှင့်ပေးသနားသည်။

ဥမ္မာဒဖုဿဒေဝသည် မင်းကြီးနှင့်အတူသီဟိုဠ်ကျွန်း၌ ဗုဒ္ဓသာသနာထွန်းလင်းပြန့်ပွားရေးအတွက် အတူလက်တွဲဆောင် ရွက်ရင်း ကုသိုလ်ကောင်းမှုတို့ကို သေတပန်သက်တစ်ဆုံးပြုလုပ်ခဲ့သည်။ သက်တမ်းကုန်၍ သေဆုံးသောအခါ နတ်ပြည်၌ဖြစ်ရလေသည်။

ဥမ္မာဒဖုဿဒေဝ စစ်သူရဲကောင်းနှင့်ပတ်သက်၍ ပညာရှိတို့က-

"လူအပေါင်းတို့ ဖုဿဒေဝသည် ကဿပဘုရားရှင်လက်ထက်က ဤသို့သောအလှူဝတ် သုစရိုက်တို့ကိုပြု၍ နတ်စည်းစိမ်ကို ဝမ်းမြောက်ဝမ်းသာ ခံစားခဲ့ရလေပြီ"

ထို့ကြောင့် သင်တို့သည် ကြီးမြတ်သော လူ၊ နတ်စည်းစိမ်နှင့် နိဗ္ဗာန်ကိုပေးတတ်သော ရတနာသုံးပါး၌ ပျင်းရိခြင်းငွေခြင်းမရှိမူ၍ ကောင်းမှုတို့ကို ကြိုးစားပြုရာ၏။"

ဟူ၍ ဆိုဆုံးမခဲ့ပါသည်။

(ဖုဿဒေဝဝတ္ထု)

## (၅) ဿဘိယဝိသဘာသူရဲကောင်း

ကဿပဘုရားရှင်ပွင့်တော်မူပြီး သတ္တဝါအများတို့အား တရားရေအေးအမြိုက်ဆေးတိုက်ကျွေးနေသော အချိန်ကာလဖြစ်သည်။

ထိုအချိန်ဝယ် တစ်ဦးသောသူကြွယ်သည် ဘုရားရှင်၏ တရားတော်ကို နာကြားရမြီးလျှင် ကြည်ညိုသောသဒ္ဓါတရားရှိသည်

ဖြစ်၍ တစ်နေ့သောအခါတွင် ထောပတ်၊ ပျားသကာတို့ဖြင့် ပြုပြင် စီရင်ထားသောနို့ဃနာဆွမ်းကိုပြုလုပ်ပြီး အ၀တ်စကိုသပိတ်ခွေ ပြုကာ ရဟန်းသံဃာကို သပိတ်အပြည့်၊ သပိတ်ခြေနှင့်အတူ လှူ လိုက်လေသည်။

ထိုနေ့မှစ၍ ထိုသူကြွယ်သည် အနှစ်နှစ်သောင်းတို့ကာလ ပတ်လုံး ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ခဲ့သည်။ သက်တမ်းကုန် သောအခါ နတ်ပြည်၀ယ်ကြီးကျယ်သော နတ်စည်းစိမ်နှင့်ဘုံဗိမာန် တို့ကို ရရှိခံစားရလေသည်။

သူသည် ကဿပဘုရားနှင့် ဂေါတမဘုရားကြားကာလ ၀ယ် လူစည်းစိမ်၊ နတ်စည်းစိမ်တို့ကို အလှည့်ကျခံစားလာခဲ့ရသည်။

ဂေါတမဘုရားပွင့်၍ ပရိနိဗ္ဗာန်စံယူသောအခါ သီဟိုဠ်၌ လည်း ဗုဒ္ဓသာသနာတော် ထွန်းကားလာပြီး ကာကဝဏ္ဏမင်းကြီး နန်းစံချိန်၀ယ် ရောဟနဇနပုဒ် မဟာဂါမရွာ၌ ဥစ္စာပစ္စည်းနှင့်ပြည့် စုံသော မုတ္တာအမည်ရှိသော သူကြွယ်၏သားဖြစ်လာသည်။

မိဘတို့ကသူ့ကို ၀သဘ ဟူသောအမည်ကို မှည့်ကြသည်။ ၀သဘ သည်အရွယ်ရောက်သော် အတိတ်ဘ၀ကပြုခဲ့သောဒါန, စောင့်ထိန်းခဲ့သောသီလကုသိုလ်တို့ကြောင့် အလွန်အဆင်းလှပသူ ဖြစ်သည်။ သူ၏နှာသီးနှာရိုးသည် အစဉ်အတိုင်းဖြိုးဖြိုးစုံ့စုံ့တက် သည်။

- မုတ်ဆိတ်သည် လယ်ခေါင်ရမ်းပွင့်၊ အပြင်ကဲ့သို့သော အခြင်းအရာရှိ၏။
- ခံတွင်း, နှုတ်ခမ်းသည် အရုဏ်ရောက်အဆင်းကဲ့သို့ ၀င်း၀င်းနီမောင်း၏။

- သွားတို့သည် ညီညွတ်မြဲမြံစွာတည်ရှိပြီး ပုလဲသွယ်ကဲ့သို့ ပြိုးပြိုးပြက်အရောင်ထွန်းပကုန်သည်။
- သူ၏ကိုယ်သည် ကောင်းမြတ်တင့်တယ်သောကြန်အင်လက္ခဏာနှင့် ပြည့်စုံပြီးရွှေအဆင်းနှင့်တူသည်။
- ပေါင်တို့သည် အစဉ်အတိုင်း ငှက်ပျောပင်စည်ကဲ့သို့ အစဉ်အတိုင်းလျှောက်၍ ဖွံ့ဖြိုးသွယ်သပ်ကုန်သည်။
- သူ၏မြင်းခေါင်းဒူးသည် ဧကိမည်သောသားကောင်၏ မြင်းခေါင်းနှင့်တူသည်။
- ဖမျက်တို့သည် ကျင်လုံးနှင့်တူကုန်သည်။ ခြေဖမိုးတို့သည် ရွှေလိပ်ကျောကုန်းနှင့်တူသည်။
-လက်ချောင်း၊ ခြေချောင်းတို့သည် လုံးပြီးရှည်သွယ်သည်။
- သူ၏ခြေဖဝါး အပြင်တို့သည် ကြာပွင့်ချပ်၏အရောင်ရှိကုန်သည်။ အလွန်နူးညံ့သည်၊ သိမ်မွေ့သည်၊ အညစ်အကြေးကင်းသည်။
- လက်ရုံးလက်မောင်းတို့သည် ရွှေပန်းတန်ဆာတို့ဖြင့် ဆင်ထားသကဲ့သို့ရှိသည်။

ထို့ကြောင့် ထိုလုလင်၏အဆင်းသဏ္ဌာန်၏ပြည့်စုံမှုကို အကြောင်းပြု၍ လူတို့သည် သဘိယဝသဘ ဟူ၍ခေါ်ဆိုကြလေသည်။

ထိုသဘိယဝသဘသည် အစဉ်သဖြင့်ကြီးပြင်းလတ်သော် ဆင်ပြောင် (၁၀) စီးအားရှိသည်။

သူသည် လေးအတတ်၌လည်း အလွန်တတ်ကျွမ်းသည်။ ထိုသဘိယဝသဘသည် လယ်မြေ၌ရေကိုအလိုသဖြင့် ရေကန်

တစ်ခုကိုတူးဖော်သည်။ သူသည် အဖော်နှစ်ယောက်သုံးယောက် သာခေါ်ပြီးတူးသည်။ သဘိယဝသဘသည် ယောက်ျား(၁၀) ယောက်၊ (၁၂)ယောက် တူးဖော်မ,ချီရသော မြေစိုင်မြေခဲတို့ကို တစ်ယောက် တည်းတူးဖော်ချီမ သယ်ယူ၍ ဆည်ကိုဖို့သည်။

ထို့ကြောင့် လင်္ကာဒီပဝယ် သဘိယဝသဘ၏ ခွန်အားကြီး မှုသည် ထင်ရှားကျော်ကြားလာလေသည်။

ထိုသတင်းကို ကာကဝဏ္ဏတိဿမင်းကြီးကြားသော် လက်ဆောင်ပဏ္ဏာများစွာနှင့် အမှာစာပေးပို့ခေါ်ယူပြီးလျှင် ကြီးစွာ သော စည်းစိမ်ဥစ္စာရတနာ ရွှေငွေ၊ အခြံအရံ ကျေးကျွန်တို့ကို ပေးပြီး ချီးမြှောက်ထားလေသည်။

မင်းကြီးက စစ်ပညာအတတ်ဟူသမျှတို့ကိုလည်း တတ် မြောက်ကျွမ်းကျင်အောင် သင်စေသည်။ သဘိယဝသဘသည် လေးအတတ်၌ တစ်ဘက်ကမ်းခတ် တတ်မြောက်သည်။

ကာကဝဏ္ဏတိဿမင်းကြီးသည် သဘိယဝသဘကိုသား တော်ဂါမဏိထံ၌ ခ,စားအမှုထမ်းစေသည်။

ဒုဋ္ဌဂါမဏိမင်းသား မင်းဖြစ်သော်လည်း ကျည်းအရိုင်းတို့ ကို စစ်ထိုးသည်။ သဘိယဝသဘသည် ကျည်းအရိုင်းမင်း (၃၂)ဦး တိုက်ခိုက်ဖမ်းဆီးပြီးလျှင် မင်းကြီးကိုဆက်သသည်။ အနုရာဓမြို့ သိမ်းတိုက်ပွဲတွင် ကျည်းအရိုင်းတို့ကို အပြတ်နှိမ်နင်းပြီးအောင်ပွဲခံ စေခဲ့သည်။

ဒုဋ္ဌဂါမဏိမင်းကြီး လင်္ကာဒီပ၌ ဧကရာဇ်မင်းဖြစ်သော အခါ မင်းကြီးကကြီးကျယ်သောရာထူးဌာနန္တရ၊ စည်းစိမ်တို့ကိုပေး ၍ ချီးမြှောက်လေသည်။

သဘိယဝသဘသည် မင်းကြီးနှင့်အတူ လင်္ကာဒီပဦဗုဒ္ဓသာသနာတော် တွန်းလင်းတောက်ပအောင် လက်တွဲဆောင်ရွက်ရင်း ကုသိုလ်ကောင်းမှုတို့ကို သေတပန်သက်တစ်ဆုံးပြုစုလှူဒါန်းခဲ့လေသည်။

အသက်တိုင်းနေ၍ သေလွန်သော်ကံအားလျော်စွာ နတ်ပြည်သို့လားရောက်ရလေသည်။

ထိုသဘိယဝသဘစစ်သူရဲကောင်းကို အကြောင်းပြု၍ ပညာရှိတို့က-

“ဝသဘသည် ရှေးသောဘဝ၌ဘုရားရှင်၏သားတော်ဖြစ်သောသံဃာတော်မြတ်တို့အား အလှူကိုပေးလှူ၍ ပဥ္စသီလကို အကျိုးမပေါက်၊ မပျောက်မကြားရလေအောင် စောင့်ရှောက်ခဲ့သည်။'

ထို့ကြောင့် အဆင်းအဝါသည်လည်းကောင်း၊ ခွန်အားသည်လည်းကောင်း၊ အခြွေအရံအကျော်အစောသည်လည်းကောင်း၊ စည်းစိမ်ချမ်းသာသည်လည်းကောင်း၊ ပြည့်စုံစွာရရှိသကဲ့သို့ ဤအတူသင်တို့သည် အလှူကိုပေး၍ သီလကိုဆောက်တည်၍ အဆင်း၊ ခွန်အား၊ အခြံအရံ၊ စည်းစိမ်ချမ်းသာကို ရကြပါမည်။”

ဟူ၍ ဆိုဆုံးမခဲ့လေသည်။

(သဘိယဝသဘဝတ္ထု)

ဘဒ္ဒကမ္ဘာဝယ် တတိယမြောက် ကဿပဘုရားထင်ရှား ပွင့်သည်ရှိသော် ဇနပုဒ်ရွာ၏အကြီးအကဲဖြစ်သော ဒါယကာတစ်ဦး သည် ကဿပဘုရားရှင်၏တရားတော်ကို နာကြားရပြီးလျှင် ရှင်လန်းသောသဒ္ဓါတရားရှိသည်ဖြစ်၍ သံဃာတော်များကို ရည်မှတ်ပြီး ကောင်းမွန်စွာစီရင်အပ်သော နွားနို့ဆွမ်း စာရေးတံကို လှူဒါန်းလေသည်။

ထို့ပြင် ပစ္စည်းလေးပါးနှင့် အထူးထူးသောကောင်းမှုတို့ကို အနှစ်နှစ်သောင်းကာလတိုင်အောင် ပြုလုပ်လှူဒါန်းခဲ့လေသည်။

ထိုသူသည် ထိုပြုလုပ်အပ်ခဲ့သော ကောင်းမှုကြောင့်သေ လွန်သော် နတ်ပြည်ဝယ်နတ်သမီးတစ်ထောင်အခြံအရံ တူရိယာ ငါးပါး၊ ဖျော်ဖြေရေးတို့နှင့်အတူ ကြီးကျယ်ခမ်းနားသောဘုံဗိမာန်၌ ကြီးကျယ်သောနတ်၏စည်းစိမ်ကို ခံစားရလေသည်။

ကဿပဘုရားရှင်နှင့်ဂေါတမဘုရားရှင်တို့၏ ကြားကာ လတွင် လူစည်းစိမ်၊ နတ်စည်းစိမ်တို့ကို အကြိမ်ကြိမ်ခံစားရလေ သည်။

ဂေါတမဘုရားပွင့်၍ ပရိနိဗ္ဗာန်စံဝင်ပြီးသော် လက်ာဒီပ ကျွန်း၌ ကာကဝဏ္ဏတိဿမင်းကြီး ထီးနန်းစံသော် ရောဟနဇနပုဒ် ကုဋုမ္ဗရွာ၌ စည်းစိမ်ချမ်းသာနှင့်ပြည့်စုံသော အမျိုးအိမ်၌မွေးဖွား ခဲ့သည်။

မိဘတို့က သတို့သားကို "ဒါဌသေန" ဟူ၍အမည်ပေး ထားကြသည်။

ထိုဒါဠသေန (၁၆) နှစ်အရွယ်သို့ရောက်သော် ယောက်ျား မြတ်တို့၏ အဆင်း၊ အင်္ဂါလက္ခဏာနှင့် ပြည့်စုံသည်။ လွန်ကဲလှပ သော ရုပ်အဆင်းသဏ္ဍာန်နှင့် ပြည့်စုံ၏။ တင့်တယ်သောကိုယ် အင်္ဂါအလုံးအရပ်ရှိသည်။ ခွန်အားကြီး၍ အစွမ်းသတ္တိနှင့်လည်း ပြည့်စုံသည်။

တစ်နေ့တွင် ဒါဠသေနသည် မိမိ၏အစွမ်းသတ္တိကိုစုံစမ်း လိုသည်ဖြစ်၍ ရွာ၏ရေကန်အနီးရှိ ဂီရိဂါမလ အမည်ရှိသော တောင်ထိပ်သို့တက်ကာ ကြီးမားသောနွယ်တို့ကိုနုတ်ယူပြီး ကွန်ကဲ့ သို့ ရက်လုပ်သည်။ ထိုအထဲသို့ လူတစ်ထောင်မထုတ်ယူနိုင်သော ကျောက်ခဲ, ကျောက်စိုင်တို့ကို ထိုနွယ်ပိုက်ကွန်ထဲသို့ထည့်ပြီးလျှင် အစွန်းနှစ်ဘက်ကို တစ်ပေါင်းကည်းကိုင်လျက် ဦးခေါင်းထက်၌ ချာချာလှည့်လေသည်။

ဒါဠသေနသည် မိမိ၏အစွမ်းကိုစုံစမ်းပြီးသော် အိမ်သို့ ပြန်ပြီးလျှင် မိဘတို့ကိုရှိခိုးသည်။

"မိခင်၊ ဖခင်တို့ . . ကျွန်ုပ်သည် မိဘတို့၏ခြေအစုံကိုရှိခိုး လျက် ကိစ္စတစ်ခုကိုပြောလိုပါသည်။ ကျွန်ုပ်ပြောစကားကို နားထောင်ပေးကြပါ။ ကျွန်ုပ်တို့၏ဘုရားရှင်သည် ပါရမီသုံးဆယ် တို့ကို ဖြည့်ကျင့်၍ဘုရားအဖြစ်သို့ရောက်ကာ သတ္တဝါလောက၏ အစီးအပွားကို ပြုတော်မူပြီး ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့ပါပြီ"

"ထိုမြတ်စွာဘုရား၏ တရားတော်နှင့်တပည့်သားသံဃာ တော်တို့သည် လူ၊ နတ်၊ ဗြဟ္မာအား အခါခပ်သိမ်းနတ်ချမ်းသာ ဗြဟ္မာချမ်းသာကိုပေးတော်မူလျက် လူပြည်၌ထွန်းလင်းတောက်ပ နေပါသည်။

"မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်ကပင် လက်ာဒီပကျွန်းကို ကြွလာတော်မူ၍ ဘီလူးတို့၏မာန်ယစ်ခြင်းကိုဆုံးမပြီး လူ၊နတ်တို့အား ချမ်းသာကိုပေးတတ်သော အဆုံးအမသာသနာကို ကောင်းစွာတည်စေခဲ့ပါသည်။

"ယခုခါ ဘုရားရှင်၏သာသနာတော်ကို ကျည်းအရိုင်းဖြစ်ကုန်သော ကြမ်းကြုတ်ကုန်သောလူတို့သည် လာရောက်ဖျက်ဆီးနေကြပါပြီ။ ထိုထိုအရပ်၌ရှိသောဘုရား၊ ဆင်းတု၊ စေတီတော်တို့ကို ဖျက်ဆီးနေကြပါပြီ။ ဗောဓိပင်တို့ကိုလည်း ဖြတ်တောက်သတ်နေကြပါပြီ။ စာပေကျမ်းဂန်တို့ကိုလည်း မီးတိုက်ဖျက်ဆီးနေကြပါသည်။ ရဟန်းယောကျ်ား၊ ရဟန်းမိန်းမတို့ကို ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲဖြစ်အောင်ပြုလုပ်နေကြပါပြီ။ သပိတ်၊ ထီး၊ စသည်တို့ကိုလည်း ခွဲစိတ်ဖျက်ဆီးနေကြပါပြီ။ ကျွန်ုပ်ကဲ့သို့ စွမ်းအားရှိသောသူသည် ထိုဖျက်ဆီးမှုတို့ကို လျစ်လျူရှုနေခြင်းငှာ မသင့်ဟုထင်ပါသည်။

"ကျွန်ုပ်သည် မင်းအားသွားရောက်ခ,စားပြီး မင်း၏သူရဲကောင်းတို့နှင့်အတူ အင်အားကြီးမားလှသော ကျည်းအရိုင်းတို့ကို သုတ်သင်ရှင်းလင်း၍ လက်ာဒီပကိုဘေးရန်မရှိအောင်ပြုပြီး လူ၊နတ်တို့၏ ကိုးကွယ်ရာဖြစ်သော ဘုရားရှင်၏သာသနာတော်ကို ကြာမြင့်စွာတည်တံ့အောင် ပြုပါရစေ"

ထိုဒါဌသေန၏စကားကိုကြားလျှင် မိဘတို့ကလည်း ဝမ်းမြောက်ဝမ်းသာဖြစ်၍ သွားခွင့်ပြုလေသည်။ ဒါဌသေနသည် မိဘတို့ကိုရှိခိုး၍ ကာကဝဏ္ဏတိဿမင်းကြီးနန်းစိုက်ရာ မဟာဂါမသို့ သွားလေသည်။

ဒါ၄သေနဆိုက်ရောက်သောနေ့တွင် မင်းကြီးသည်ပန်းပဲသမားငါးရာတို့နှင့်အတူ လက်နက်များပြုလုပ်နေခိုက်ဖြစ်သည်။

မင်းကြီးသည် ဒါ၄သေန၏နေရပ်၊ အမျိုးအမည်နှင့်လာရောက်ခဲ့,စားသော အကြောင်းအရာတို့ကို စုံစမ်းမေးမြန်းပြီးလျှင် ဒါ၄သေန၏စွမ်းအားကိုသိလိုသဖြင့် ကျောက်မတင်ရသေးသော အရိုင်းမျှသာရှိသေးသော (၆၀)မျှသော ဓား, သန်လျက်တို့ကိုပေးကာ-

"ဤဓား, သန်လျက်တို့ကို ထက်မြက်စွာသွေး၍ ငါ့အားဆက်သပါလေ"

ဟု မိန့်ကြားပြီးသွေးခိုင်းသည်။

ဒါ၄သေနသည် ထို (၆၀)သော ဓား, သန်လျက်တို့ကို မင်းကြီးပန်းပဲဖိုမှ မပြန်ခင်အပြီးသွေး၍ဆက်အပ်လေသည်။

မင်းကြီးသည် ဒါ၄သေန၏စွမ်းအားကို တွေ့မြင်ရသော် အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ပြီးလျှင် မိမိထံခဲ့,စားစေရန် အခွင့်ပေးတော်မူသည်။ ကြီးစွာသောအခြံအရံနှင့်တကွ အိမ်ဆောက်ပေးပြီး ရိက္ခာလစာတစ်နေ့ တစ်ထောင်ချီးမြှင့်ထားလေသည်။

နောင် ဒုဋ္ဌဂါမဏိမင်း မင်းပြုစဉ်ကျည်းအရိုင်းတို့ကို စစ်ထိုးသောအခါတွင် ကျည်းအရိုင်းတို့၏ ခံတပ်မမောလမြို့ကို ဒုဋ္ဌဂါမဏိမင်းကြီးသည် တစ်ကျိပ်သောသူရဲကောင်းများနှင့်အတူ စစ်ထိုးဝိုင်းရံသည်။

မမောလမြို့သည်ကား ခိုင်ခံ့သောမြို့ခြေ၊ တံခါးရင်တားရှိသည်။ မြို့တံတိုင်းကား (၁၆)တောင်မြင့်သည်။ ရေကျုံး၊ ညွန်ကျုံး ချောက်ကျုံးဟူသော ကျုံး(၃)တန်ဖြင့် ရံထားသည်။ ရဲစွမ်းသတ္တိရှိကာ

လှံ့လဝိရိယကြီးသော ကျည်းစစ်သူရဲကောင်းများ စောင့်ရှောက်နေသည်။ မည်သည့်ရန်သူမျှ မထိုးဖောက်နိုင်သော မြို့တစ်မြို့ဖြစ်သည်။

ထိုခံတပ်မြို့တိုက်ပွဲတွင် ဒါဠသေနသည်-

"ငါမှတစ်ပါးသောသူသည် ထိုးထွင်းဖောက်ခြင်းငှာ မတတ်နိုင်ရာ၊ ငါကိုယ်တိုင်ပင် မြို့ကိုခုန်ကျော်ဝင်၍ဖြိုအံ့။"

ဟု ကြုံးဝါးလျက် လက်ခမောင်းခတ်ကာ-

"ဟေ့. . . ကျည်းအရိုင်းတို့ ငါဟာဒါဠသေနဘဲကွ"

ဟု ဟစ်အော်ကြုံးဝါးပြီးလျှင် အတောင် (၈၀) ကောင်းကင်သို့ခုန်တက်ပြီးလျှင် မြို့ခြေရင်းကိုဖနောင့်ဖြင့် ကန်ကျောက်၍တွန်းချလေသည်။ (၁၆)တောင်အစောက်၊ အတောင် (၃၀)ရှိသောတံတိုင်းသည် မြို့တွင်းသို့ပြိုကျလေသည်။ မြို့ပေါက်သော် ဒါဠသေနသည် မြို့တွင်းသို့ဝင်၍ ကျည်းအရိုင်းတို့ကို ငှက်ပျောပင်တောကို ရှင်းသကဲ့သို့ရှင်းကာ မမောလမြို့ကို သိမ်းပိုက်နိုင်ခဲ့လေသည်။

အနုရာဓမြို့ကိုတိုက်သောအခါ၌လည်း တောင်(၂)လုံးကြား၌ ၃၂-တပ် အဟပ်ထပ်ချထားသော ကျည်းတို့၏ခံတပ်၌ရှိစစ်သည်တို့ကို ဓား, သန်လျက်ဖြင့် ဗူး၊ ဖရုံတို့ကို ဖြတ်သကဲ့သို့ ငါ.ဒါဠသေနကွ ဟု မိမိအမည်ကိုကြွေးကြော်လျက် ဦးခေါင်းတို့ကိုခုတ်ဖြတ်သတ်လေသည်။

အနုရာဓမြို့ မြို့သိမ်းတိုက်ပွဲပြီးသောအခါ ကျည်းအရိုင်းတို့ကိုအောင်သော အောင်ပွဲသည်ပြီးမြောက်ပြီး ဒုဋ္ဌဂါမဏိမင်း သည် လင်္ကာဒီပ၌ ဧကရာဇ်မင်းအဖြစ် နန်းစံရလေသည်။

ဒုဋ္ဌဂါမဏိမင်းကြီးသည် မိမိ၏စစ်သူရဲကောင်းများကို ကြီးစွာသောရာထူးဌာနန္တရ စည်းစိမ်ဥစ္စာ၊ အခြွေအရံတို့ကိုပေး၍ ကောင်းစွာချီးမြှင့် မြှောက်စားထားလေသည်။

စစ်သူရဲကောင်းတို့သည် မင်းကြီးနှင့်အတူ လင်္ကာဒီပ၌ ဗုဒ္ဓသာသနာထွန်းလင်းရေးကို အတူလက်တွဲဆောင်ရွက်နေကြသည်။

တစ်နေ့သောအချိန်တွင် ဒါဌသေနကို မနာလိုသူတစ်စုသည် မင်းကြီးကို-

"ဒါဌသေနသူရဲကောင်းသည် မိမိအားအစွမ်းကို အားကိုးလျက် မင်းကြီးကိုပြစ်မှား၏။ မင်းအဖြစ်ကိုတောင့်တ၏။"

ဟူ၍ ဂုံးချောစကားလျှောက်ထားကြသည်။

ဒုဋ္ဌဂါမဏိမင်းကြီးသည် သူဖျက်တို့၏စကားကိုကြားရ၍-

"ဒါဌသေနသည် စွမ်းအားကြီး၏။ ငါ့အားရန်မူလိုက ရန်မူနိုင်၏။ သူတို့ဆိုသည့်အတိုင်းမှန်ခြေရာ၏"

ဟု စဉ်းစားဆင်ခြင်မိလျက် ကြောက်ရွံ့စိတ်ဝင်ကာ ဒါဌသေနကို သတ်လေကုန်ဟု အမတ်တို့ကိုစေလေသည်။

ထိုအချိန်တွင် ဒါဌသေနသူရဲကောင်းသည် စစ်သည်သူရဲကောင်းများစွာ အခြံအရံရှိသောသူဖြစ်သည်။ မင်းကြီးကိုအံတုမည်ဆိုက အံတုနိုင်လေသည်။

မင်းကြီးကသတ်ရန်စေခိုင်းသောအချိန်တွင် ဒါဌသေနသူရဲကောင်းသည် မိမိ၏စီးမြဲဆင်ဖြင့် ဦးခေါင်းလျှော်၊ ရေချိုးလိုသည်ဖြစ်၍ တိဿဝါပိမည်သော ရေကန်သို့သွားနေသည်။

ထိုအခါ မင်းကြီးစေလွှတ်သောအမတ်တို့သည် တောင်တံခါးကနေပြီး သံချောင်း၊ ကျည်ပွေ့လက်စွဲကုန်လျက် နေရာသုံး

နေရာ၌ အမုန်ယိုသောဆင်ကိုထားပြီး မိမိတို့ကမူ ဓား၊ လက်နက် စွဲကိုင်ပြီး အခြံအရံနှင့်တကွ ပုန်းအောင်းနေလေသည်။

ဒါဌသေနသည် ရေချိုးပြီး၍ခပ်သိမ်းသောအမတ်တို့ ဆင်ယင်မြဲဖြစ်သော တန်ဆာတို့ကိုဆင်ယင်ပြီး မိမိစီးသောဆင်ကို စီးကာ များစွာသောစစ်သည်အခြံအရံဖြင့် တောင်တံခါးသို့ရောက် လာသည်။

ထိုအခါ အမတ်တို့က အမုန်ယစ်သောဆင်တို့ကိုလွှတ်ပြီး ဒုဋ္ဌဂါမဏိမင်းကြီး၏အမိန့်ကိုလည်းအော်ဟစ်ပြောကြားကြသည်ကို မင်းအမိန့်ကြား၍ ဒါဌသေနစစ်သားတို့သည် ထွက်ပြေးကြလေ သည်။ ဝါးအစည်းပြေသကဲ့သို့ ဖြစ်နေသည်။

ထိုအခါ ဒါဌသေနသည် ထွက်ပြေးနေသော စစ်သည် များကိုမြင်တွေ့၍

"အမောင်တို့. . အဘယ်ကိုမြင်၍ပြေးကြလေသနည်း" ဟုမေးသည်။

"အရှင်ကိုသတ်စိမ့်သောငှာ မင်းကြီးသည် အမုန်ယစ် သောဆင်ကို လွှတ်စေပါသည်။"

ထိုစကားကိုကြားသော် ဒါဌသေနစစ်သူရဲသည် ဆင်ပေါ် မှသက်ဆင်း၍ အမုန်ယစ်သောဆင်ရှေ့သို့သွားကာ ရှေ့ရှုရပ်နေ သည်။ ဆင်သည် ဒါဌသေနကိုမြင်သော် အသံမြည်ဟစ်၍ ရှေ့ လက်ကိုမြှောက်၍ ပုတ်ခတ်ပြီးပြေးလာသည်။

ဒါဌသေနသည် မိုးကြိုးကျသကဲ့သို့ ဖနောင့်ဖြင့်မြေကို တိုက်၍ပြေးပြီးလျှင် ဆင်၏အစွယ်နှစ်ချောင်းကိုကိုင်ကာ ပြောင်း ပြန်လှန်ပြီး ငှက်ပျောတုံးမှထုတ်နှုတ်သကဲ့သို့ အလွယ်တကူနှုတ်ပစ် လိုက်သည်။ ထို့နောက် နှာမောင်းမှကိုင်ကာ မိမိ၏ဦးခေါင်းပေါ်

တင်ပြီး ချာလပတ်လည် မွေယမ်းပြီးအရိုးအသားများကြေမွသွား အောင် ပြုလုပ်လိုက်သည်။

မင်းကြီးစေလွှတ်လိုက်သော အမတ်နှင့်စစ်သားတို့သည် ထိုအခြင်းအရာကိုမြင်၍ ထိတ်လန့်ကြောင်ရွံ့ကုန်ကာ ထွက်ပြေး ကြလေသည်။

ထိုအခါ ဒါဠသေနသည်ထိုအရပ်၌ တည်လျက်စဉ်းစား သည်။

"ငါသည် စည်းစိမ်ချမ်းသာကို ပေးတတ်သောမင်းကြီးအား ဆန့်ကျင်ဘက်ပြုခြင်းငှါ မတတ်ကောင်း၊ ယခုထိုအရှင်သခင်ထံ သွားဖို့လည်းအခွင့်မရှိတော့၊

ငါသည် မင်းကိုသတ်၍ ဤအနုရာဓမြို့ကို ငါ့အလိုဖြစ် အောင်ပြုနိုင်ပါ၏။ ထိုသို့တတ်နိုင်သော်လည်း ငါကဲ့သို့သော ယောကျာ်း၏ ကိုယ်အားသည်ရှိသလို ထိုကိုယ်အားနှင့်တူသော ဉာဏ်အားသည်လည်းရှိပါ၏။ ထိုနှစ်အားနှင့်တူသော ဉာဏ်အား သည်လည်းရှိပါ၏။ ထိုနှစ်အားနှင့်တူသော လုံ့လ၊ ဝိရိယလည်းရှိ ပါ၏။ ထိုသို့ရှိသော်လည်း မင်းသည်ငါအား ကျေးဇူးကြီးလှပေ၏။ ငါ့ကိုကျွေးမွေးပြုစုခဲ့၏။ စည်းစိမ်ချမ်းသာ အခြံအရံတို့ကိုပေးခဲ့၏၊ ရတနာသုံးပါး၌ကြည်ညိုမြတ်နိုးသောသူလည်းဖြစ်၏။ သာသနာ တော်ဝယ် ကျေးဇူးများသောသူဖြစ်လေသည်။

ထို့ကြောင့် ယခုငါသည် ရေးမြွအရှင်သခင်ကို ပြစ်မှား ခြင်းငှာ မသိုက်၊

"လောကလူ့ပြည်၌ ပညာရှိသောအဘယ်မည်သော ယောကျာ်းမြတ်သည် အမျက်ဒေါသ၏အလိုသို့ လိုက်ရအံ့နည်း"

"အကြင်သူသည် အမျက်၏အလိုသို့လိုက်၏။ ထိုသူသည် ငရဲသို့ရောက်ရလေ၏။ ဤသို့ဆင်းရဲမှုလည်းကောင်း၊ ကဲ့ရဲ့ခြင်းမှုလည်းကောင်း၊ မျက်မှောက်၌မလွတ်မြောက်နိုင်ရာ၊"

"အကြင်သူသည် ရာဂ, ဒေါသ, မောဟတည်းဟူသော ရန်သူတို့ကို စင်စစ်အောင်နိုင်၏။ ထိုကိလေသာတည်းဟူသော ရန်သူတို့ကိုအောင်ခြင်းငှါ စွမ်းနိုင်၏။ ထိုစွမ်းနိုင်သောသူသည် မကောင်းသောအလားကို စင်စစ်အောင်နိုင်ရာ၏။"

"ထိုသူသည်သာလျှင် ရဲစွမ်းသောသူရဲကောင်းမည်ပါသည်။ ထိုသူသည်သာ ဘုံသုံးပါးကိုအောင်နိုင်သူဖြစ်ပါသည်။ ထိုသူသည်သာလျှင် ကိုယ်စိတ်ငြိမ်သက်သည်။ ချမ်းသာသည်။ အေးငြိမ်းသည်။ အသက်ရှည်သည်။ ဘေးဥပါဒ်ကင်းသည် ဖြစ်ပါ၏။"

"ထို့ကြောင့် ငါသည်ထိုလောဘ, ဒေါသ, မောဟတို့၏ အလိုသို့မလိုက်မူ၍ ဤအနုရာဓမြို့မှ ထွက်ခွါ၍ ချမ်းသာစွာနေရသောနေရာ၌ ငါ့ဘဝကိုတည်ဆောက်နေရန်သင့်၏။"

ဒါဌသေနသူရဲကောင်းသည် ဤသို့ကြံစည်ပြီးလျှင် သံဝေဂဉာဏ်ထိတ်လန့်သော စိတ်ရှိသည်ဖြစ်၍ သားမယား, ဆွေမျိုး, ကြီးစွာသောစည်းစိမ်၊ အခြံအရံတို့ကိုပယ်စွန့်ကာ တစ်ယောက်တည်းတည်းသာလျှင် ထွက်လာခဲ့လေသည်။

မင်္ဂလာအမည်ရှိသောရွာ ရောက်ရှိလာခဲ့သည်။ ထိုရွာမှာ သမုဒ္ဒရာ၏အနီးအနား၌ မဟာဇလ္လိကအမည်ရှိသော တံငါရွာသည်တည်ရှိသည်။ ထိုရွာသို့ဆက်လက်ထွက်ခွာလာခဲ့သည်။

ထိုရွာ၌ တံငါကြီး၏သားမဟာဇလ္လိကသည် ခွန်အားဗလနှင့် ပြည့်စုံသည်။ မဟာဇလ္လိကသည် အလွန်ကြီးသောပိန်ကော

လှေဖြင့် မွှည်ကျက်သောသဲတို့ကို သမုဒ္ဒရာမှသယ်ယူပြီး ဗောဓိပင် အပြင်၌ကြဲဖြန့်၏။ ရေသယ်ပိန်ကောလှေဖြင့် သမုဒ္ဒရာရေကိုသယ် ယူကာ ဗောဓိပင်ကိုရေသွန်းလောင်း၏။ (ထိုဗောဓိပင်မှာ ဒေဝါနံ ပိယတိဿမင်းကြီးသည် မဟာဗောဓိ၏ဒက္ခိဏသာခါ သင်္ဃမိတ္တာ ရဟန္တာမအစောင့်ထည့်၍ယူလာသောအခါ၌ အသီးမှည့်ပါလာ၍ သီဟိုဠ်ကျွန်းသို့ရောက်လျှင် မင်း၏ရှေ့တော်တွင် ကြွေကျ၍ ထိုဗောဓိစေ့ကို စိုက်ပျိုးထားသော ဗောဓိပင်ဖြစ်လေသည်။)

ဒါဌသေနသည် မဟာဇလ္လိကကို ထိုဗောဓိပင်ရင်း၌ တွေ့ ဆုံမိကြသည်။ မဟာဇလ္လိကသည် ဒါဌသေနကိုစုံစမ်းမေးမြန်း၍ စစ်သူရဲကောင်းမှန်းသိသောအခါ ဒါဌသေန၏အစွမ်းကို စုံစမ်း လိုသဖြင့် အိမ်သို့ခေါ်ဆောင်လာခဲ့သည်။ အမြတ်တနိုးပူဇော်သည်။

ထို့နောက် ဒါဌသေန၏အားအစွမ်းကို သိလိုသောကြောင်း ပြောပြသည်။

"ထိုသို့ သင်သည် ငါ၏အစွမ်းကိုသိလိုပါက ပြောင်းဆန် တို့ကို ခုနှစ်ကွမ်းစားချက်ပါ။ ထို့နောက် ဆီးသီးအနုကို အခွံခွါ ထောင်းပြီး ရသောဆီဖြင့်နယ်ကာ ထမင်းဆုပ် (၇)ဆုပ်ပြုပါ။" ဟုစေခိုင်းသည်။

ထိုထမင်းလုံးဆုပ် (၇) လုံးပြုပြီးသောအခါ ဒါဌသေန သည် မဟာဇလ္လိကကိုခေါ်ကာ-

"သင်သည် ငါ၏လည်ပင်းကို သင်၏လက်နှစ်ဘက်ဖြင့် မြဲကိုင်စွာဆုပ်ကိုင်၍ ညှစ်ကာငါ့ကိုသတ်ပါလော။ ငါကားထမင်း ဆုပ်ကို မျိုပါမည်"

ဟုစေခိုင်းသည်။ မဟာဇလ္လိကသည် ကောင်းပါပြီဟုဝန်ခံ၍ သင့်ကို

ထမင်းလုံးဆုပ်ကို မျှိခွင့်မပေးဟုဆိုပြီး လည်ပင်းကို မိမိ လက်ဖြင့် တအားညှစ်လေသည်။

ဒါဌသေနသည် ထမင်းဆုပ်တစ်ဆုပ်ကိုယူ၍ မျို လေသည်။ မဟာဇလ္လိကသည် သူရဲကောင်း၏လည်ပင်းကို စွဲမြဲစွာ မ,ကိုင်၍ လည်မှလက်လွှတ်ပြီး မိမိအိမ်တံခါးဝသို့ လွင့်စင်ကျသွား လေသည်။

ဒါဌသေနသည် မဟာဇလ္လိကကို ပြန်ခေါ်ကာ-

"ယခု သင်သည်ငါ၏လည်ကို လျော့လျော့ကိုင်၍ဖြစ်မည်။ မြဲမြဲစွာကိုင်ပါဦး။"

ဟု ထပ်မံပြောပြီး ထပ်မံ၍လည်ကို ကိုင်စေသည်။

ထိုအခါ ဒါဌာသေနသည် ထမင်းလုံးဆုပ် (၂)ဆုပ်ကိုမျို လေသည်။ မဟာဇလ္လိကသည် လက်ကိုမြဲစွာမကိုင်နိုင်။ အိမ် အလယ်နေရာမှ ယခင်ကထက် ဝေးသောနေရာသို့ လွင့်စင်၍ ကျသွားလေသည်။

ဒါဌသေနက တစ်ဖန်ပြန်ခေါ်ပြီး-

"အချင်း. . . သင်သည် လွန်ကဲသောမာန်ကိုဖြစ်စေပြီး ငါလည်ကိုကိုင်ညှစ်ပါ။"

ဟု ဆိုပြန်သည်။ မဟာဇလ္လိကသည် မိမိ၏အားကုန်လည်ကို ညှစ်၍ကိုင်သည်။

"ဒါဌသေနသည် ကျန်သောထမင်းဆုပ်တို့ကို ဆီးသီးနှ ဆီဖြင့်နယ်ကာ တစ်လုံးတည်းပြုပြီး မျိုချလေသည်။

မဟာဇလ္လိကသည် လည်ကိုစွဲမြဲစွာကိုင်ခြင်းငှာ မတတ်နိုင်၊ ညွတ်ကိုင်ဖြင့်ပုတ်ခတ်မိသော သမင်ကဲ့သို့ ခြံစည်းဝသို့လွင့်စင်ကျ သွားလေသည်။

မဟာဇလ္လိကသည် လွင့်စင်ရာမှ ထ,လာပြီးလျှင် အမတ်စစ်သူရဲကိုရှိခိုးကာ-

"အရှင်. . . ကျွန်ုပ်၏အပြစ်ကို သည်းခံပါ။"

ဟုဆိုကာ ကန်တော့လေသည်။

ဒါဌသေနသည် မဟာဇလ္လိကကို နှစ်သက်ဝမ်းမြောက်စွာ ပြောပြ၍ ကျေနပ်နှစ်သိမ့်စေသည်။

"အဆွေ မဟာဇလ္လိက. . . ငါ့အားလှေတစ်စီးကို ပေးပါလေ"

ဟု တောင်းသည်။

"အမတ်ကြီး. . . လှေဖြင့်အဘယ်အရပ်သို့ သွားလိုပါသနည်း။"

"အဆွေ. . . လှေဖြင့် သမုဒ္ဒရာဘက်သို့ကူးလိုပါသည်"

ထိုအခါ မဟာဇလ္လိကသည် လှေတစ်စီးကိုဒါဌသေနအား ပေးလိုက်သည်။ ဒါဌသေနသည် ထိုလှေစီး၍ ခြေဖြင့်ကမ်းကို လှော်ရာ လေ၏အဟုန်ဖြင့်ပြေးသကဲ့သို့ ပြေးသွားလေသည်။ တစ်ချက်တည်းဖြင့်ပင် နာဂဒီပမည်သောကျွန်းသို့ ရောက်ရှိလေသည်။

ဒါဌသေနသည် လှေမှတက်ပြီးလျှင် ပုဆိုးကိုမြဲမြံစွာဝတ်သည်။ ဆံပင်ကိုလုံးကျစ်စွာထုံးပြီးလျှင် (၁) ယူဇနာကွာဝေးသော မဟာသမုဒ္ဒရာကို လက်ပစ်ကူးလေသည်။ စောဠတိုင်းဂါဝီရမည်သော ဆိပ်ကမ်းသို့ဆိုက်ရောက်သွားလေသည်။

ဆိပ်ကမ်းရှိလူတို့သည် လက်ပစ်ကူးလာသော ထိုသူရဲကောင်းကိုမြင်ကြ၍ အံ့ဩဘနန်းဖြစ်ကြကာ ကောင်းချီးဩဘာပြုပြီး ပူဇော်ကြ ကျွေးမွေးကြ ပြုစုကြလေသည်။

"အမောင်တို့. . . ယခုခါ ဘုန်းကြီးသောရဟန္တာတို့ အဘယ်မှာရှိပါသနည်း။"

"အဆွေ. . . ဤအရပ်မှ (၁၂)ယူဇနာကွာဝေးသော အရပ်၌ တက္ကသိုလ်မြို့ရှိပါသည်။ ထိုမြို့အနီးကျောင်းတိုက်ကြီး၌ ရဟန္တာမထေရ်မြတ်တို့ ရှိကြပါသည်။"

ထိုစကာကိုကြားသော ဒါဌသေနစစ်သူကြီးအမတ်သည် အခွန့်ရှည်သော (၁၂)ယူဇနာခရီးကို သွားလေရာအဆောတလျင် ပင်ရောက်လေသည်။ မြို့သို့ရောက်လျှင်-

"အချင်းတို့. . . ရာဂကင်းကုန်သော ဘုရားရှင်၏သား တော်တို့သည် အဘယ်အရပ်၌ သီတင်းသုံးနေကြပါသနည်း။" ဟု မြို့ထဲ၌တွေ့သောသူတို့ကို မေးမြန်းစုံစမ်းသည်။ မြို့သူမြို့သား တို့ကလည်း ဒါဌသေနစစ်သူရဲအမတ်ကို ထူးဆန်းစွာတွေ့ကြ၍ စုံစမ်းမေးမြန်းကြသည်။

ထို့နောက် တက္ကသိုလ်မြို့၏ ပတ်ဝန်းကျင်ရှိ တော,တောင် ရေမြေသဘာဝ, ပန်းမာန်, ကျေးငှက်သာရကတို့အကြောင်းတို့ကို လည်းကောင်း၊ ထိုကျောင်းတို့၏သာယာကြည်နူးဖွယ်ရာရှိသည်တို့ ကိုလည်းကောင်း၊ ထိုကျောင်းတို့၌ ရာဂကင်းသောရဟန္တာမထေရ် တို့ သီတင်းသုံးပုံအကြောင်းစုံတို့ကိုလည်းကောင်း၊ ပြောပြကြသည်။

ထိုရဟန္တာမထေရ်အများထဲတွင်မှ ဝရုဏအမည်ရှိသော ရဟန္တာမထေရ်မြတ်သည် မြတ်စွာဘုရားတော်ထင်ရှားရှိသကဲ့သို့ အလွန်မြတ်သောပုဂ္ဂိုလ်ဖြစ်သည်။ လူအပေါင်း၏စိတ်နှလုံးကို သဒ္ဓါတရားကိုတိုးပွားအောင်၊ နတ်ရွာနိဗ္ဗာန်သို့ရောက်စေအောင် ဟောပြောပြနိုင်သော မထေရ်ဖြစ်ကြောင်း ပြောကြားကြသည်။

ဒါဌသေနအမတ်ကြီးသည် မြို့သူမြို့သားတို့၏ စကားကို ကြားရလျှင် အလွန်နှစ်သက်ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ မြို့သူမြို့သားတို့ညွှန်ပြအပ်သော ခရီးစဉ်ဖြင့်ပင် မဟာဝရုဏမထေရ် သီတင်းသုံးသော အနိဝတ္တိယမည်သော ကျောင်းသို့သွားလေသည်။

ရောက်သောအခါ မထေရ်ကိုရှိခိုး၍ သင့်တင့်လျှောက် ပတ်သောအရပ်၌ နေလေသည်။ မထေရ်မြတ်သည် ဝမ်းမြောက် စွာ နှုတ်ဆက်စကားဆိုရာ

"အသင်ဒါယကာ. . . အသင်သည်ကား အဘယ်သူ၏ သားနည်း။ အဘယ်အကျိုးငှါ ဤအရပ်သို့လာပါသနည်း။" ဟုမေးသည်။

ဒါဌသေနအမတ်ကြီးသည် မိမိဘဝအကြောင်းစုံကို လျှောက်ထားပြီးလျှင် ရဟန်းပြုလိုကြောင်း လျှောက်ထားတောင်း ပန်သည်။

မထေရ်မြတ်က သင်ရဟန်းပြုလိုသောစိတ်ရှိက ကောင်းပြီ ဟု ဝန်ခံတော်မူ၍ အမတ်ကြီး၏ဆံမုတ်ဆိတ်တို့ကို ပယ်စေကာ ရှင်အဖြစ်၊ ရဟန်းအဖြစ် ပြုလုပ်ပေးသည်။

ထို့နောက် စရိုက်နှင့်လျော်သော ကမ္မဋ္ဌာန်းကို သင်ကြား ပေးပြီးတရားကို အားထုတ်စေသည်။

ဒါဌသေနရဟန်းအား ကမ္မဋ္ဌာန်းကိုကြိုးစားအားထုတ်ပါ သော်လည်း သမာဓိမရနိုင် ဖြစ်နေသည်။

သို့အတွက် ထိုအနိဝတ္တိယကျောင်း၌ တစ်ရက်နှစ်ရက်မျှ သာနေ၍ ဥပဇ္ဈာယ်ဖြစ်သော အရှင်ဝရုဏမထေရ်မြတ်ထံသို့ ပြန် သွားကာရှိခိုးပြီး အကျိုးအကြောင်းလျှောက်ထားပြသည်။

"အနိဝတ္တိယကျောင်းအရပ်သည်ကား တောတောင်အလွန်နက်စွာလှ၏။ ဆွမ်းခံရွာသည်လည်း သုံးယူဇနာရှိ၏။ တောကျောင်း၏အင်္ဂါရပ်နှင့် ပြည့်စုံပါ၏။ သို့ဖြစ်လျက် ဤရဟန်း၏စိတ်သည် ကမ္မဋ္ဌာန်း၌မမွေ့လျော်သည်ကား အကြောင်းဘယ်သို့ဖြစ်လေသနည်း။"

ဟု ဥပဇ္ဈာယ်ဆရာက ဆင်ခြင်သည်။

"ဤနေရာ၌ ရဟန်းများစွာတို့ စုပေါင်းနေ၍သာ မမွေ့လျော်နိုင်သည် ဖြစ်ရာ၏။"

ဟု သိတော်မူ၍-

"အို-ရဟန်း. . . ငါတို့နေရာအရပ်၌ မမွေ့လျော်သည်ဖြစ်အံ့၊ ဤနေရာမှယူဇနာ (၆၀) ကွာဝေးသောအရပ်၌ ဝေဠုဝလောကဝိဟာရမည်သော ကျောင်းတော်ရှိသည်။ ထိုကျောင်းကိုသိကြားမင်းသည် စီမံဖန်ဆင်းထားအပ်သည်။ ထိုကျောင်း၌ယခုခါ ရဟန်းအိုကြီးတစ်ပါးနှင့် သာမဏေငယ်တစ်ပါးသာ သီတင်းသုံးနေပါသည်။ ထိုအရပ်သို့သွား၍ မိမိ၏ချမ်းသာရာ၊ ထောက်တည်ရာကိုရှာပါလေ"

ဟုဆိုပြီး လွှတ်လိုက်လေသည်။

ဒါဌသေနရဟန်းသည် ကောင်းပါပြီဟုဝန်ခံ၍ ဥပဇ္ဈာယ်ဆရာကိုရှိခိုးကာ သပိတ်, သင်္ကန်းကိုယူပြီးလျှင် ခရီးထွက်ခဲ့သည်။

ထိုဝေဠုဝကျောင်းအနီးသို့ရောက်လျှင် တောင်ကိုတက်အံ့သောငှါ မတတ်နိုင်သည်ဖြစ်၍ရပ်လျက်ပင် နေလေသည်။ ထိုအခါကျောင်း၌အမြဲသီတင်းသုံးနေသောရဟန်းသည်မြင်၍ လက်ခုပ်တီး၍ သာမဏေကိုလှမ်း၍ခေါ်သည်။

"သာမဏေငယ်. . . တောင်အောက်၌ရှိသော ရဟန်းကို ပင့်ဆောင်၍ သင့်တင့်လျှောက်ပတ်သောကျောင်းအိပ်ရာ နေရာကိုပေးပါ"
ဟု စေခိုင်းလေသည်။

ဒါဌသေနရဟန်းသည် ထိုနေရာ၌ ကမ္မဋ္ဌာန်းတရားကို အားထုတ်သော်လည်း စိတ်အကြံအစည်များပြားနေ၍ သမာဓိမရနိုင်ဖြစ်နေရသည်။

ထို့ကြောင့် နှစ်ရက်မျှတရားထိုင်ပြီးသော် သမာဓိမရ၍ မထေရ်မြတ်ထံသို့ ချဉ်းကပ်ရှိခိုးပြီး-

"အရှင်ဘုရား. . . တပည့်တော်အား ဤကျောင်း၌တရားအားထုတ်ပါသော်လည်း စိတ်နှလုံးချမ်းသာခြင်းမဖြစ်ပါ။ သမုဒ္ဒရာ၌ လှေသင်္ဘောလှော်ခြင်းကိုသာ အာရုံထင်နေပါသည်။ စိတ်သည် တည်ကြည်ခိုင်ခံ့သော သမာဓိကိုမရပါ။ ချမ်းသာစွာနေရသော အခြားဘာစ်နေရာသို့ အရှင်ဘုရားညွှန်ကြားပေးပါ။"
ဟု လျှောက်ထားသည်။

"နတ်ပြည်နှစ်ထပ်ကို အစိုးရသောသိကြားမင်း ဖန်ဆင်းပေးအပ်ပြီး နှစ်သက်မွေ့လျော်ဖွယ်ကောင်းသော ဤကျောင်း၊ ဤကျောင်းကိုပင်လျှင် ဤအမတ်ကြီးရဟန်း၏စိတ်သည် မနှစ်သက်
လိုသေး။ စင်စစ်နှစ်သက်အံ့သောနေရာကား လောဟကုဋ္ဋမည်သော တောင်၌တည်သောကျောင်းသည် သူ့အတွက်ချမ်းသာရာ ဖြစ်လတ္တံ့။"
ဟု စိတ်အကြံဖြစ်ပြီးလျှင် ဤနေရာမှ (၁၅) ယူဇနာဝေးသော

လောဟကုင္ရပဗ္ဗကကျောင်း၏ သာယာဖွယ်၊ လှပတင့်တယ်မှု၊ သစ်ပင်ပန်းမာန်တို့ပြည့်စုံမှုတို့ကိုပြောပြပြီး ကိုနေရာသို့သွားရောက်၍ တရားအားထုတ်ရန်လမ်းညွှန်လေသည်။

ထိုနေရာရောက်က ကျောင်း၏အစွန်း၌ရှိသော လေတိုက်က ကိုင်းညွှတ်ကျလာသော ညောင်ကိုင်းကိုစွဲကိုင်ဘတ်ရန်ပါ မှာလိုက်လေသည်။

ဒါဌသေနသည် ကောင်းပါပြီဟုဝန်ခံ၍ ထိုအရပ်သို့ကြွလေသည်၊ ရောက်သောအခါ ထိုကျောင်းရှိရာတောင်ထိပ်သို့ လေတိုက်၍ကျလာသော ညောင်ကိုင်းကိုကိုင်ပြီး တက်သည်။ သပိတ်တို့ကိုနေရာတကျထားပြီးလျှင် ခေါင်ရမ်းပွင့်ကို ခင်းသကဲ့သို့လည်းကောင်း၊ သန္တာကျောက်ကိုခင်းထားသကဲ့သို့လည်းကောင်း၊ အလွန်နူးညံ့သော အခင်းရှိသောအပြင်ရှိသောနေရာ၌ ထက်ဝယ်ဖွဲ့ခွေနေပြီးလျှင်-

"ငါ၏စိတ်သည် အာသဝမှအကြွင်းမျှလောက် ကာလပတ်လုံးမလွတ်သေး၊ ထိုမျှလောက်ကာလပတ်လုံး ထက်ဝယ်ဖွဲ့ခွေနေခြင်းကို ငါမဖျက်ပြီ"

ဟု အဓိဋ္ဌာန်ဆောက်တည်ပြီးလျှင် မိမိကိုယ်ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူသော လက္ခဏာရေးသုံးပါးကိုတင်လျက် အနုလုံ၊ ပဋိလုံအသွားအပြန် ဆင်ခြင်သည်။

တစ်ရက်၊ နှစ်ရက်၊ သုံးရက်အားထုတ်၍ လေးရက်မြောက်သောနေ့၌ကား ပဋိသမ္ဘိဒါမဂ်လေးပါးနှင့်တကွ ရဟန္တာအဖြစ်သို့ရောက်ရှိလေသည်။ ထိုသို့ရဟန္တာအဖြစ်သို့ရောက်ရှိသောအခါ ထိုတောင်၌နေကြကုန်သော နတ်၊ နဂါး၊ ဂဠုန်၊ ဘီလူးတို့သည် သာဓုခေါ်ကာ ပူဇော်ကြသည်။

ထိုအခါ ဒါဠှသေနသည် ရဟန္တာမထေရ်မြတ်သည် ထိုနေရာ၌ထိုင်လျက်ပင် မြေကြီး၌ငုပ်လျှိုး၍ မိမိ၏ဥပဇ္ဈာယ်ဆရာဖြစ်သော မဟာပရက္ကမထေရ်ခြေရင်း၌ပေါ်လျက်ရှိခိုးကာ လျှောက်ထားသည်။

ထို့နောက် ဋ္ဌေပဟာသ်မင်းကဲ့သို့ ကောင်းကင်ပျံတက်ပြီးလျှင် မိမိနေရာလောဟကူဋတောင်သို့ ပြန်ကြွလာခဲ့သည်။

ထို့နောက် ဒါဠှသေနရဟန္တာသည် တောင်ထိပ်၌ရပ်လျက် ပတ်ဝန်းကျင်ရှိရဟန္တာများ မိမိတောင်သို့ကြွရောက်ရန် ကြွေးကြော်ဖိတ်ကြားလေသည်။ မကြာခင်ပင် (၃)သောင်းမျှအရေအတွက်ရှိသော ရဟန္တာတို့သည် ကြွလာကြသည်။

ထိုအခါ ဒါဠှသေနရဟန္တာသည် ကဿပဘုရားရှင်လက်ထက်ကမိမိပြုခဲ့သော ကောင်းမှုတို့ကို လျှောက်ထားပြပြီး-

"အရှင်ဘုရားတို့ . . တပည့်တော်သည် နွားနို့ဟူသော စာရေးတံဆွမ်းကိုလှူဘူးသော ကုသိုလ်ကံကြောင့်ကိုယ်အားနှင့် ပြည့်စုံခြင်းကိုလည်းကောင်း၊ ပဋိသန္ဓေအဖန်ဖန်နေခြင်းမှကင်း သော သံသရာဝဋ်ဆင်းမှလွတ်မြောက်ရာ နိဗ္ဗာန်ကိုရနိုင်ရာပေသည်" ဟု လျှောက်ထားပြီးလျှင် တောင်ထိပ်၌ပင် ပရိနိဗ္ဗာန်ပြုလေသည်။

ဒါဠှသေနမထေရ်မြတ်နှင့်ပတ်သက်၍ ပညာရှိတို့က-

"ဤသို့အပြားရှိသော အကျိုး၏ဖြစ်ထွန်းခြင်းကို ဆောင်တတ်သောကောင်းမှုကို ဆည်းပူးအပ်၏။ ထိုဆည်းပူးအပ်သော အလှူဒါယကာသည် ထိုသို့သောကောင်းမှုကံတို့ကိုပြု၍ တင့်တယ်စွာသော နတ်ပြည်သို့လည်းကောင်း၊ နိဗ္ဗာန်သို့ လည်းကောင်း၊ ထိုဒါဠှသေနရဟန္တာသည် ရောက်ရ၏။

သင့်အလှူရှင်အပေါင်းတို့သည် ထိုဒါဠသေနရဟန္တာတို့ကဲ့သို့ ကောင်းမှုကိုပြုကြပါကုန်လော"
ဟူ၍ ဆိုဆုံးမခဲ့ပါသည်။

(ဒါဠသေနအာဖတ်သူရဲကောင်းဝတ္ထု)

(၄) မဟာနေလသူရဲကောင်း

သီဟိုဠ်ကျွန်း၌ ရောဟနမည်သောဇနပုဒ်တွင် ကပ္ပန္တရ အမည်ရှိသောမြစ်တစ်ခု၏ကမ်းနား၌ ကျောင်းကန်ဇရပ်မျိုးနှင့် ပြည့်စုံပြီးသံဃာတစ်သောင်းတစ်ထောင်ကျော်ရှိသော ဥတ္တရဝိဟာရ အမည်ရှိသော ကျောင်းတစ်ကျောင်းရှိသည်။

ထိုကျောင်းသို့တစ်ယောက်သော ဂုရုဒေဝအမည်ရှိသော သူတောင်းစားသည် ဆွေမရှိမျိုးမရှိ၍ ဆွမ်းကျန်၊ဟင်းကျန်တို့ကို လာရောက်တောင်းစားပြီး ကျောင်းဇရပ်၊ သစ်ပင်တစ်နေရာတွင် အမြဲအိပ်နေလေ့ရှိသည်။ ကျောင်းဝေယျာဝစ္စ၊ အမှိုက်၊ မြက်သန့်ရှင်းရေးကိုမူ ဘာတစ်ခုမျှမလုပ်ပေ၊ ဤသို့ဖြင့်နေလာခဲ့ရာ အချိန်အတော်ကြာခဲ့သည်။

တစ်နေ့တွင် ကျောင်းမထေရ်ကြီးသည် ကျောင်းဝင်းသို့ လှည့်လည်သည်ရှိသော် ဝမ်းပြည့်အောင်စားပြီး သစ်ပင်ရင်း၌အိပ်နေသော ထိုသူတောင်းစားဂုရုဒေဝကိုမြင်၍ ဆင်ခြင်ကြည့်သည်။

"ဤသတ္တဝါသည် ဤအရပ်မှသေသော် အဘယ်သို့ ရောက်မည်နည်း။"

ဟု ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် ရှုကြည့်သည်။

"ဤသတ္တဝါသည် ခုနှစ်ရက်လွန်လျှင် သေ၍ငရဲ၌ဖြစ်မည်"
ကို မြင်တော်မူသည်။

ထိုအခါ မထေရ်မြတ်သည် သနားသဖြင့် ထိုဂုရုဒေဝကို နှိုးပြီး-

"အိုဂုရုဒေဝ. . . သင့်မှာယခုအချိန်၌ မိဘ, ဆွေမျိုး, သားသမီးလည်းမရှိ ရွှေ ငွေ၊ ဥစ္စာလည်းမရှိ အဝတ်အစားကောင်းလည်းမရှိ အိပ်စရာနေစရာ ဖျာစုတ်သော်မျှမရှိ သင်သည်ရှေးဘဝက အလှူဒါနမရှိခဲ့၍ ယခုဘဝ၌ကဲ့သို့သော ဘဝမျိုးရောက်ပြီး ပိန်ခြောက်ကာပြိတ္တာဘဝမျိုး ရောက်နေရသည်။ ရှေးဘဝက ကုသိုလ်မရှိ၍ ယခုဘဝ၌ကဲ့သို့ နေရ၊ စားရသည်။ ယခုဘဝတွင်လည်း တောင်းစားပြီးအိပ်နေသည်။ ဘာအကုသိုလ်မျှမရှိဘဲနေဘိ၏။ ဤလောကတွင် သင်နှင့်တူသောမိမိဘဝရန်သူသည်မရှိပါတကား။"

ဟု ရှည်လျားစွာ ဆုံးမစကားပြောကြားသည်။

"အရှင်ဘုရား. . . တပည့်တော်သည် ဥစ္စာမရှိ အထီးကျန်ဘဝ၊ ဆင်းရဲပင်ပန်းစွာ တောင်းစားနေရသူဖြစ်ပါသည်။ အဘယ်ကုသိုလ်ကို ပြုနိုင်ပါအံ့နည်း၊ အရှင်ဘုရား အကြင်အမှုကိုပြု၍ နိဗ္ဗာန်သို့သွားနိုင်မည်။ ထိုနိဗ္ဗာန်သို့သွားနိုင်မည့်အမှုကို တပည့်တော်အား ပြောကြားပေးပါလော့"

ဟု လျှောက်ထားသည်။

"ဂုရုဒေဝ. . . ဤကျောင်းအနီးရှိမြစ်ကမ်းနားမှာ ငါးပေါင်းများစွာနေပါသည်။ ထိုငါးတွေကို သင်၏ထမင်းကျန်ကို ပစ်ချကျွေးပြီး အလှူဒါနပြုပါလား၊ ဒါလည်း အလှူမည်ပါသည်။ ဤအလှူသည် သင့်ကိုနတ်ပြည်ရောက်အောင် ပို့နိုင်ပါသည်။ ထို့ပြင်သင်သည် စားပြီးအိပ်နေမည့်အစား ငါးပါးသီလကိုစောင့်ထိန်းပါလော၊

ထိုသို့စောင့်ထိန်းလျှင် သင့်မှာ ဘဝဆက်တိုင်းဆက်တိုင်း စည်းစိမ်ချမ်းသာပြည့်စုံပါလိမ့်မည်။"

ဤစကားကို ကြားရလျှင် ဂုရုဒေဝသည် အလွန်နှစ်သက်သဘောကျသဖြင့် မထေရ်မြတ်ကိုရှိခိုးလျက် ငါးပါးသီလကိုခံယူဆောက်တည်သည်။ မထေရ်ဆုံးမသောနေ့မှ၍ တောင်း၍ရအပ်သော ထမင်းအချို့ကို မိမိစား၍ အချို့ကိုဆောင်ယူကာ မြစ်သို့သွား၍ ငါးတို့ကိုကျွေးမွေးဒါနပြုလေသည်။

ဤသို့ သီလစောင့်ထိန်းဒါနပြု၍ (၇) ရက်လွန်သော် မထေရ်မြတ်မြင်သည့်အတိုင်း စုတေသည်ရှိသော် မဟာဂါမမြို့အနီးရွာတစ်ခု၌ စည်းစိမ်ဥစ္စာကြွယ်ဝသောသူ၏သားအဖြစ် မွေးဖွားရလေသည်။

ထိုသူငယ်အမည်ပေးအံ့သောနေ့၌ များစွာသောလူတို့သည် ကြာပွင့်အဆုပ်အစည်းတို့ကိုယူ၍လာသော နိမိတ်ကိုအစွဲပြု၍ မိဘတို့က "မဟာနေလ" ဟု အမည်ပေးကြသည်။

မဟာနေလသည် အစဉ်သဖြင့် ကြီးလာလတ်သော် လှပတင့်တယ်ခြင်းနှင့်ပြည့်စုံသည်။ ကြီးသောခွန်အားအစွမ်းသတ္တိလည်းရှိသည်။

သို့သော်သူသည် အိမ်အလုပ်၊ လယ်ယာအလုပ်၊ အရောင်းအဝယ်အလုပ်တို့ကို ဘာတစ်ခုမျှစိတ်မဝင်စား၊ လုပ်လည်းမလုပ်စိတ်ချမ်းသာစွာဖြင့် စား၊ လည်၊ အိပ်ဖြင့် အချိန်ကုန်နေသည်။

သို့အတွက် သူ့အထက်က အစ်ကို (၆)ယောက်တို့သည် မကျေမနပ်ဖြစ်ကာ မိမိတို့သာအလုပ်လုပ်နေရသည်။ ညီငယ်ကျတော့ ဘာမျှမလုပ်ခိုင်းဘဲ စား၊ လည်၊ အိပ်နေခိုင်းသည်ဟု ပြစ်တင်စကား ပြောကြားလာကြသည်။

ထိုသို့အစ်ကိုတွေက စကားဆိုလာကြ၍ မိဘတို့က မဟာနေလကိုခေါ်ကာ-

"ချစ်သား. . . အဘယ်ကြောင့် ချစ်သားသည် လယ်လုပ်ခြင်း၊ ကုန်သွယ်ခြင်းစသောအမှုတို့ကို မပြုဘဲကြောင့်ကြမဲ့နေပါသနည်း။ ဤသို့ပျင်းရိနေလျှင် အဘယ်သို့လျှင် အမျိုးစဉ်ဆက်ကို ပွားစေနိုင်မည်နည်း။"

ဟု ပြောကြားကြသည်။

"မိခင်ဖခင်တို့ ယောကျ်ားမြတ်တို့မည်သည်ကား ဤကဲ့သို့သောအမှုကို မပြုကုန်၊ ကျွန်ုပ်သည် ယောကျ်ားမြတ်အမျိုးအစားတွင် ပါဝင်ပါသည်။ ထို့ကြောင့်လယ်လုပ်၊ ကုန်သွယ်အလုပ်ကို မလုပ်လိုပါ။"

ဟု ပြန်ပြောလေသည်။

မိဘတို့သည် မဟာနေလစကားကိုကြားလျှင် စိတ်နှလုံးမသာမယာဖြစ်၍-

"သား. . . သင်ကယောကျ်ားထူး ယောကျ်ားမြတ်ဟုဆိုလျှင် ယောကျ်ားထူး ယောကျ်ားမြတ်တို့၏နေရာ၌ တည်စေအံ့" ဟုဆို၍ သားဖြစ်သူမဟာနေလကိုခေါ်ကာ မဟာဂါမမင်းဖြစ်သော ဒုဋ္ဌဂါမဏိမင်းထံသို့သွားကာ ရှိခိုးပြီးလျှင်-

"အရှင်မင်းကြီး. . . ဤမဟာနေလသည် ကျွန်တော်မျိုးတို့၏ သားဖြစ်ပါသည်။ မင်းကြီး၏ခြေတော်ရင်း၌ ခ,စားခွင့်ပြုတော်မူပါဘုရား"

ဟု လျှောက်ထားပြီးအပ်နှံသည်။ မင်းကြီးလည်း ကောင်းပြီဟုဝန်ခံ၍မဟာနေလကို သဲတောခရီးလမ်းမ၌ ရှေးသူရဲကောင်းတို့၏

နေရာအိမ်တွင်နေစေပြီး လစာ၊ စားနပ်ရိက္ခာတို့ အပြည့်အစုံ ထောက်ပံ့ ပေးကမ်းချီးမြှင့်ထားလေသည်။

မဟာနေလသည် ထိုနေ့မှစ၍ ဒုဋ္ဌဂါမဏိမင်းထံ အမြဲခ, စား၍ နေလေသည်။

တစ်နေ့သောအချိန်တွင် နက္ခတ်ကိုသိကြသော ပညာရှိတို့သည် လကြတ်၊ နေကြတ်၊ နက္ခတ်ချင်းထိပါးခြင်း၊ ခွင်ခြင်း၊ နင်းခြင်း၊ တော်လဲခြင်း၊ မြေတုန်လှုပ်ခြင်း၊ အစရှိသောမကောင်းသော နိမိတ်တို့ကိုမြင်ကုန်သည်ဖြစ်၍ မင်းကြီးထံသို့သွားကာ-

"အရှင်မင်းကြီး. . . နောင်အခါ တိုင်းပြည်၌ဒုဗ္ဘိက္ခန္တရ ငတ်မွတ်ခြင်းကပ် ဆိုက်ရောက်လတ့်"

ဟု လျှောက်ထားကြသည်။

ထိုအခါ မင်းကြီးသည် ကိုယ်တိုင်ကန်တူး၊ ကန်ဖော်ပြု၍ ဆန်၊ရေ၊စပါးတို့ကို ပြုလုပ်သည်။ ပြည်သူ၊ ပြည်သားတို့ကိုလည်း ပြုလုပ်ဆောင်ရွက်စေသည်။

တစ်နေ့မင်းကြီးကိုယ်တိုင် ပေါက်တူးကိုင်၍ ရေမြောင်း တူးနေစဉ် မဟာနေလသည် လက်ပိုက်၍ကြည့်နေသည်ကို မင်းကြီးကမြင်၍-

"အချင်းနေလ. . . အဘယ့်ကြောင့် လက်ပိုက်ရပ်ကြည့် နေပါသလဲ၊ ငါနှင့်အတူ မြောင်းတူးအမှုကို လာလုပ်ပါလော"

ဟု မိန့်ကြားသည်။

"မင်းမြတ်. . . ဤကဲ့သို့သောအလုပ်မျိုးကို ကျွန်ုပ်ကဲ့သို့သော ယောက်ျားမြတ်တို့က မပြုလုပ်ပါ၊ ပြုလုပ်၍လည်းမတင့်တယ်ပါ၊ အားသေးသောသတ္တဝါတို့၏ဦးနှောက်ကို ဖောက်စား

သော ခြသေ့်တို့မည်သည် ငတ်မွတ်ခြင်းနှိပ်စက်သော်လည်း မြက်ကိုမစားမူသကဲ့သို့ ယောကျ်ားမြတ်တို့သည် ဤအလုပ်မျိုးကိုမပြုလုပ်ကြပါ”

ဟု ပြန်လျှောက်ထားလေသည်။

“ဤမဟာနေလကို နောင်အခါအရေးပေါ်မှသုံးမည်”

ဟု မင်းကြီးသည်ဆင်ခြင်၍ ဘာမျှပြန်မပြောဘဲ ဆိတ်ဆိတ်နေလိုက်သည်။

တစ်နေ့သောအချိန်တွင် မင်းကြီးသည် အနုရာဓမြို့နေ မိမိ၏မိတ်ဆွေထံသို့ အမှာစာကိုရေးကာ မဟာနေလကိုခေါ်ပြီးလျှင်

“အမောင်လုလင်. . . ဤအမှာစာကိုယူ၍ အနုရာဓမြို့ရှိ ငါ၏မိတ်ဆွေကုန်သည်ထံသွားပါ။ ဤစာကိုပြပြီး အကြင်ဘဏ္ဍာထုပ်ကို သင်အားပေးလိမ့်မည်။ ထိုဘဏ္ဍာထုပ်ကိုယူ၍ အမြန်ပြန်လာခဲ့ပါ။”

ဟု စေခိုင်းသည်။

မဟာနေလသည် ကောင်းပါပြီ-ဟုဝန်ခံ၍ မင်းကြီးအားရှိခိုးပြီးထွက်လာခဲ့သည်။ မိဘအိမ်ဝင်ပြီး ထမင်းထုပ်ကိုယူသည်။ ထို့နောက် ခရီးဆက်လက်ထွက်ခွာခဲ့ရာ နံနက်စောစောပင် ဒီဃဝါပိ ရေကန်ရှည်သို့ရောက်သည်။ ထိုမှ ဆက်လက်ထွက်ခွာခဲ့ရာ ဂင်္ဂါမြစ်၊ ဝမ္မမာဒန မည်သောရေဆိပ်သို့ရောက်သည်။ ထိုနေရာတွင် မျက်နှာသစ်၊ ပလုပ်ကျင်းပြီးပါလာသောထမင်းထုပ်ကို နံနက်စာအဖြစ်စားသည်။

ထိုမှ ဆက်လက်သွားသော် မဟာပါဠိ ဟူသောရဟန်းတို့ဆွမ်းလောင်းလျှုရာမဏ္ဍပ်သို့ရောက်သည်။ ရဟန်း၊ သံဃာတို့ဆွမ်း၊ ခံသောအချိန်တွင် အနုရာဓမြို့သို့ရောက်လေသည်။

မဟာနေလသည် ဤမျှဝေးကွာသောခရီးကို တစ်မနက်ချင်းဖြင့်ရောက်၍ ကုန်သည်သူဌေးထံဝင်ကာ စာကိုပေးသည်။ ကုန်ပစ္စည်းများကို အမြန်ထုပ်ပိုးထားရန်လည်းမှာသည်။

ထို့နောက် အနုရာဓမြို့မှ (၅) ယူဇနာကွာဝေးသော အဖ၏ဆွေမျိုးများရှိရာ ဂေါဂါမရွာသို့သွား၍ ဆွေမျိုးများကိုသွားရောက်တွေ့ဆုံနှုတ်ဆက်သည်။ ထိုအိမ်မှ ထမင်းစားခဲ့ပြီး အနုရာဓမြို့ရှိကုန်သည်ထံပြန်လာခဲ့သည်။

ကုန်သည်ကြီးသည် အထည်မျိုးစုံ၊ ကရမက်၊ စန္ဒကူးမျိုးစုံဆေးဝါးမျိုးစုံ၊ ကမ္ဗလာ၊ မွေ့ယာတို့ကို အသီးသီးထုပ်ပိုးပြီး ပေးသည်။ မဟာနေလသည် ထိုအထုပ်မျိုးစုံကို တစ်ထုပ်တည်းပြုသည်။ အလေးချိန်သည် စပါး(၁၃)တင်း၊ (လှည်းတစ်စီးဝက်တိုက်)ရှိလေသည်။

မဟာနေလသည် ထိုအထုပ်ကိုလက်ကဆွဲပြီး ပြန်လာခဲ့ရာညနေချမ်းအခါ မဟာဂါမရွာသို့ပြန်ရောက်လာပြီး မင်းကြီးအားအထုပ်ကိုဆက်သလေသည်။

မင်းကြီးသည် မဟာနေလ၏ခွန်အားနှင့်စွမ်းအားကိုအားရနှစ်သက်တော်မူ၍ အသပြာ(၁၀၀၀၀)နှင့်တကွ၊ အခွန်များစွာထွက်သောရွာကြီး၊ များသောအခြံအရံတို့ကို ပေးသနားလေသည်။

မဟာနေလသည် ထိုအချိန်မှစ၍ စည်းစိမ်ဥစ္စာနှင့်ပြည့်စုံသည်ဖြစ်၍ မင်းကြီးအားမပြတ်ခစားလေသည်။

နောင်ဒုဋ္ဌဂါမဏိမင်းကြီးက ကျည်းအရိုင်းတို့ကို စစ်ထိုးသောအခါ အတူတကွစွမ်းစွမ်းတမံ စစ်ပွဲဆင်နွှဲခဲ့ပြီး ကျည်းအရိုင်းတို့ကို အောင်ပွဲအလီလီနိုင်ခဲ့သည်။

ထို့နောက် ဒုဋ္ဌဂါမဏိမင်းကြီးကို ကေရာဇ်မင်းအဖြစ်တင်မြှောက်ပြီးလျှင် မင်းကြီးနှင့်အတူ အမျိုးဘာသာ၊ သာသနာထွန်းကားရေး၊ တိုင်းပြည်ပြန်လည်ထူထောင်ရေးတို့ကို လက်တွဲဆောင်ရွက်ခဲ့သည်။ မင်းကြီးနှင့်အတူ အလှူပေးခြင်း၊ သီလဆောက်တည်ခြင်းတို့ကိုပြုလုပ်ခဲ့သည်။

သက်တမ်းစေ့၍ ကွယ်လွန်သောအခါ နတ်ပြည်၌ဖြစ်ရလေသည်။ ထိုမဟာနေလသူရဲကောင်းကို အကြောင်းပြု၍ ပညာရှိတို့က-

“မဟာနေလသည် အတိတ်ဘဝက ငါးပါးသီလကိုကောင်းစွာဆောက်တည်၍ ရေပိုးမွှားတို့နှင့် ငါးသတ္တဝါတို့ကို အနည်းငယ်သောထမင်းအလှူကို ပေးလှူခဲ့သောကြောင့် ဤဘဝတွင်ပြန်မြောသောစည်းစိမ်ဥစ္စာနှင့် ခွန်အားဗလကိုရရှိပြီး သေသောအခါတွင်လည်း နတ်ပြည်သို့ရောက်ရလေသည်။”

ဟူ၍ ဆိုဆုံးမခဲ့သည်။

(မဟာနေလဝတ္ထု)

## (၄) နန္ဒမိတ္တစစ်သူရဲကောင်း

ဗြောရကျေးမင်း၏ စစ်သူရဲကြီးဖြစ်သော မိတ္တအမတ်သည် မိမိ၏နှမကို စိတ္တတောင်၏အနီးရှိ ရွာတစ်ရွာကိုအပိုင်စားပေး၍ နေစေသည်။

ထိုနှမ၏သားသည် အအိမ်ဖြင့်ဖုံးလွှမ်းသော လျှို့ဝှက်သော အင်္ဂါရှိသည်။ အလွန်ကြီးမား‌သောခွန်အားနှင့်စွမ်းရည်သတ္တိနှင့် ပြည့်စုံသောကြောင့် ဦးရီးစစ်သူကြီး၏အမည် "မိတ္တ"ကိုယူ၍ မိတ္တ ဟု အမည်ပေးထားသည်။

ထိုသူငယ်သည် (၇)နှစ်သားအရွယ်တွင် လမ်းတကာ လျှောက်ပြီး လည်ပတ်နေတတ်သောကြောင့် မိဘတို့သည် လိုက်၍ ခါးဌကြိုးစွာသောကြိုးလွန်းဖြင့်ချည်နှောင်၍ခေါ်ယူရသည်ကများသည်။

အိမ်သို့ရောက်လျှင် တံခါးခုံကိုလွန်သောအခါ ရုန်း၍ကြိုး လွန်ကိုပြတ်စေပြီး ထွက်ပြေးတတ်သဖြင့် သူ့ကို 'နန္ဒိမိတ္တ' ဟူ၍ ခေါ်ဝေါ်ကြသည်။

ထိုနန္ဒိမိတ္တသည် အရွယ်ရောက်သောအခါ ဆင်ပြောင် ဆယ်စီးအားကိုဆောင်နိုင်သဖြင့် မြို့သို့လာပြီးလျှင် ဦးရီးစစ်သူကြီး ထံတွင်နေသည်။

သူသည် ဗုဒ္ဓသာသနာတော်ကို ကြည်ညိုလေးမြတ်သည်။ သူသည် အနုရာဓမြို့အနီးအပါး၌ရှိသော ဘုရားစေတီစသည်တို့ကို ဖောက်ဖျက်သောကျေးကုလားများ၊ ဘုရားကိုမပူဇော်ဘဲ ပျက်ချော် ကဲ့ရဲ့ပြောဆိုကြသော ကျေးကုလားတို့ကို မိမိရှေ့တွင်ရှိပါက ချက် ချင်းဖမ်းပြီး ပေါင်တစ်ဘက်ကိုခြေဖြင့်နင်းလျှင် လက်ဖြင့်ပေါင်တစ် ဘက်ကိုကိုင်၍ ဝါးခွဲသကဲ့သို့ခွဲပစ်ပြီး လွင့်ပစ်သည်။

ထိုလွှင့်ပစ်သော အလောင်းကောင်တို့ကို နတ်တို့ကကွယ်ပျောက်စေသဖြင့် အလောင်းရှာမရချေ။ ကျေးကုလားတို့သည် ကုန်ပျောက်ခြင်းများလာသဖြင့် ကျေးမင်းအား လျှောက်ထားကြသည်။ ထိုအခါမင်းက နန္ဒိမိတ္တကိုဖမ်းယူရန် အမိန့်ပေးလေသည်။

ကျေးကုလားတို့သည် နန္ဒိမိတ္တကိုဖမ်းယူရန် မတတ်နိုင် နန္ဒိမိတ္တသည် ဤသို့စဉ်းစားမိသည်။

ဗုဒ္ဓဘာသာကို စော်ကားသမျှကျေးကုလားတို့ကို သတ်ဖြတ်သဖြင့် လူကုန်ခြင်းသာဖြစ်ရာသည်။ သာသနာတော်ထွန်းပခြင်းငှါ မဖြစ်နိုင်ရာ၊ ရတနာသုံးပါးကိုကြည်ညိုသောမင်းတို့သည် ရောဟနဇနပုဒ်၌ အုပ်စိုးကြသည်။ ငါသည် ထိုမင်းတို့ထံခ,စား၍ ဤကျေးကုလားတို့ကို တိုက်ခိုက်သတ်ဖြတ်ကာပြည်ကို ထိုဗုဒ္ဓဘာသာမင်းအားအပ်ပြီးလျှင် ဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပအောင်ငါပြုအံ့။"

နန္ဒိမိတ္တသည် ဤသို့ကြံစည်ပြီးလျှင် ဂါမဏိမင်းသားထံသို့လာရောက်ခ,စားသည်။

ဂါမဏိမင်းသားသည် မယ်တော်ဝိဟာရဒေဝီနှင့်တိုင်ပင်၍ နန္ဒိမိတ္တအား သိမ်းပိုက်ပြီးလျှင် များစွာသောအခြံအရံစည်းစိမ်ပေး၍ ချီးမြှောက်ထားလေသည်။

(နန္ဒိမိတ္တဝတ္ထု)

# အခန်း ( ၄ )

# ဒုဋ္ဌဂါမဏိမင်း၏စစ်ပွဲများနှင့် သာသနာပြုပုံများ

## ကျေးတို့နှင့်စစ်ပြိုင်ပွဲ

ဒုဋ္ဌဂါမဏိမင်းကြီးသည် မိမိ၌စစ်လက်နက်၊ စားနပ်ရိက္ခာ၊ စစ်သူရဲကောင်းနှင့် စစ်သည်ဗိုလ်ပါပြည့်စုံအောင် မိစ္ဆာဒိဋ္ဌိဖြစ်သော ဧဠာရကျေးမင်းကိုစစ်ပြုရန် စီမံဆုံးဖြတ်ချက်ချသည်။

မိစ္ဆာဒိဋ္ဌိဖြစ်သော ဧဠာရကျေးမင်းကို သုတ်သင်၍လင်္ကာဒီပတစ်ကျွန်းလုံး ဗုဒ္ဓသာသနာပြန်လည်ထွန်းပရေးအတွက် မိမိစွဲကိုင်သောလှံ၌ ဘုရားဓာတ်တော်ကို ဌာပနာပြီးလျှင် သာသနာတောင်အတွက် သစ္စာအဓိဋ္ဌာန်ပြုလေသည်။

ဧဠာရကျေးမင်းသည်လည်း ဒုဋ္ဌဂါမဏိမင်း၏ဘုန်းတန်ခိုးကြီးခြင်းကို တစ်စတစ်စကြားလာရာမှ မိမိ၏မြို့ကြီး (၈)မြို့ကို အမြင့် (၁၈)တောင်၊ အထု (၉)တောင်ရှိသော မြို့ရိုးတို့ကို တည်ဆောက်စေသည်။ ကျုံးသုံးတန်၊ တူးဖော်ထားသည်။ မြို့တံခါးကိုသံဖြင့်

ခိုင်ခံ့စွာပြုလုပ်ထားစေသည်။ မြို့ငယ်(၂၄)မြို့ကိုလည်း သစ်တပ်၊ မြေတပ်တို့ဖြင့် ဝန်းရံ၍ ခိုင်မာစွာစီမံခန့်ခွဲထားလေသည်။

ဒုဋ္ဌဂါမဏိမင်းကြီးသည် စစ်ထွက်မည်ပြုသောအခါ ဆင်၊ မြင်း၊ ဗိုလ်ပါတို့နှင့်တကွ တိဿအမည်ရှိသော ကျောင်းကြီးသို့သွား၍ သံဃာတော်တို့အားရှိခိုးပြီးလျှင်-

"အရှင်ဘုရားတို့ . တပည့်တော်သည်ဘုရားသာသနာ ကို ထွန်းပစိမ့်သောငှါ ဂင်္ဂါမြစ်တစ်ဘက်သို့ စစ်ချီသွားပါအံ့၊ ရဟန်းသံဃာတို့ကို အမြဲဖူးမြင်နေရခြင်းသည် တပည့်တော်အား မြတ်သောမင်္ဂလာဖြစ်ရပါသည်ဘုရား၊ ဘေးရန်အစောင့်အရှောက်လည်း ဖြစ်ရပါသည်ဘုရား၊ သို့အတွက်တပည့်တော်မပြတ်ဖူးမြင်မှုရအောင် ဒါနကောင်းမှုတို့ကို ပြုလုပ်နိုင်ရန် ရဟန်းသံဃာတော်အချို့ကို ထည့်ပေးစေလိုပါသည်ဘုရား၊"

ဟု လျှောက်ထားလေသည်။

သံဃမဟာထေရ်ကြီးသည် ပျို့မြစ်သောရဟန်းငါးရာတို့ကို လိုက်ပါစေရန် ရွေးချယ်ပေးလိုက်လေသည်။ မင်းကြီးသည်ထိုရဟန်းတို့ကို ဆင်ထက်တွင်တင်၍ပင့်ကာ မိမိကိုယ်တိုင်ကဏ္ဍုလဆင်ကို စီးလျက် နန်းစံရာ မဟာဂါမမှဂုတ္တဟာလကရွာအထိ စစ်သည် အင်အား အကြားမရှိပြည့်နေသည်။ ထိုရွာမှဆက်လက်၍ထွက်ခဲ့ရာ မဟိယင်္ဂဏအရပ်သို့ဆိုက်ရောက်သည်။

- မဟိယင်္ဂဏကိုစစ်ထိုးရာ မကြာခင်အောင်မြင်၍ "ဆတ္တာ" မည်သော ကျေးမင်းကိုဖမ်းမိပြီး အခြံအရံဖြစ်သောကျေးမင်းတို့ကို သတ်ရလေသည်။

ထို့နောက် ဂင်္ဂါမြစ်တစ်ဘက်ရှိ ကျုံးတို့ဖြင့်ရံကာစီမံထားသော အဗ္ဗတိတ္ထိမြို့ကိုဝိုင်း၍ စစ်ထိုးသည်။ မြို့ကအစီအမံကောင်း၍ (၄)လတိုင်တိုင် မြို့ကိုမသိမ်းပိုက်နိုင်ချေ။

မယ်တော်ဝိဟာရဒေဝီ မိဖုရားနှင့်လက်ဆက်လိုသည်ဟု ပရိယာယ်ဆင်ကာ အဗ္ဗတိတ္ထကျေးမင်းနှင့်စစ်မပြုရေး ညှိနှိုင်းစေ့စပ်ပြီးမှ ထိုမင်းကိုခေါ်ယူသည်။ ထိုမင်းကသဘောတူ၍ ဝိဟာရဒေဝီကိုလာရောက်ဆောင်ယူသောအခါ စစ်ပြု၍ထိုအဗ္ဗတိတ္ထကျေးမင်းကိုအရ ဖမ်းယူသည်။

ထိုနေ့မှာပင် အခြားစွမ်းအားကြီးလှသော ကျေးမင်း(၇)ယောက်တို့ကိုလည်း တစ်နေ့ချင်းအပြီးဖမ်းယူနိုင်ခဲ့သည်။

မင်းကြီးသည်စစ်အောင်နိုင်ခြင်းများရကာ အားရတော်မူ၍ တိုက်ခိုက်မှု၌ပါဝင်ကြသော ဗိုလ်ပါတို့အားများစွာသော ရွှေ ငွေ ဆုလာဘ်တို့ကို ပေးကမ်းချီးမြှင့်သည်။

ထိုအရပ်ကိုလည်း ခေမာရာမဟု အမည်သစ်ပေးခဲ့သည်။

ထိုနောက်များစွာထုံးအိုင်မ၊ များစွာသောကျိုကျဘဏ္ဍာရှိသော ဝေါဏမြို့၌အုပ်စိုးသော ဂရဝမည်သော ကျေးမင်းကိုလည်းကောင်း၊

- ဟာလကောလမြို့၌ ဣဿရိသမည်သော ကျေးမင်းကိုလည်းကောင်း၊
- နာဠိသောမ္မမြို့၌ နာဠိကျေးမင်းကိုလည်းကောင်း
- ဒီဃာဘယဂလ္လမြို့၌ ဒီဃာဘယကျေးမင်းကိုလည်းကောင်း၊
- ကစ္ဆတိတ္ထမြို့၌ ကပိသီသကျေးမင်းကိုလည်းကောင်း၊

လေးလအတွင်း စစ်ပွဲဆင်ပြီးဖမ်းဆီးအောင်နိုင်လေသည်။

ထို့နောက် မိမိ၏စစ်သူရဲကောင်းတို့ကို အသီးသီးနေရာသတ်မှတ်ပြီးကျန်သောကျေးမင်းတို့ကို တိုက်ခိုက်သိမ်းယူစေရာ
- ကောင္ဓမြို့၌ကောင္ဓကျေးမင်း
- ဟလဝဘာဏကမြို့၌ဟလဝဘာဏကကျေးမင်း
- ဝဟိဋ္ဌမြို့၌ ဝဟိဋ္ဌကျေးမင်း
- ဂါမဏိမြို့၌ ဂါမဏိကျေးမင်း
- ကုမ္ဘရွာ၌ ကုမ္ဘကျေးမင်း
- နန္ဒိရွာ၌ နန္ဒကျေးမင်း
- ခါဏုရွာ၌ ခါဏုကျေးမင်း
- တမ္ဗရွာ၌ တမ္ဗကျေးမင်း
- ဥဏ္ဏမရွာ၌ ဥဏ္ဏမကျေးမင်း
- တမ္ဗကုန္နမရွာ၌ ဦးရီးနှင့်တူဖြစ်သောကျေးမင်း (၂)ဦးတို့ကို တိုက်ခိုက်ဖမ်းဆီး သိမ်းပိုက်နိုင်ခဲ့သည်။

ယင်းသို့ စစ်ထိုးရာတွင် ဒုဋ္ဌဂါမဏိမင်းကြီး၏ စစ်သည်တော်တို့သည် များလှသောကြောင့် သူ့စစ်သည် ကိုယ့်စစ်သည် မခွဲခြားနိုင်ဘဲ အချင်းချင်းသတ်မိကြသောသတင်းကို မင်းကြီးကြားရလေလျှင်-

"ငါယခု စစ်ထိုးခြင်းသည် မင်းချမ်းသာကိုခံယူလိုသောလှံ့လဖြင့်စစ်ထိုးသည်မဟုတ်၊ လူ၊ နတ်တို့၏ မှီရာဘုရားသခင်၏ သာသနာတော်ကို ကောင်းစွာထွန်းပပြီး တည်တံ့စေလို၍သာ စစ်ပြုသည်မှန်ပါ၏။

ဤသစ္စာစကားကြောင့် ငါ၏စစ်သည်တော်တို့၏ ကိုယ်၌ဆင်သောတန်ဆာသည် မီးအလျှံဝါကဲ့သို့ ထွန်းလင်းစွာဖြစ်စေသတည်း။"

ဟု သစ္စာပြုလေသည်။

မင်းကြီး၏ သစ္စာစကားအာနုဘော်ကြောင့် မင်းကြီး၏ စစ်သည်တော်များ၏ တန်ဆာသည်မီးအလျှံကဲ့သို့ တောက်ပကြကုန်သည်။

ဂင်္ဂါ၏အနီးဖြစ်သော မြို့ရွာတို့မှစစ်ရှုံး၍အသတ်မခံ၊ ထွက်ပြေးကြသောကျေးတို့သည် မိမိတို့ဘဝလွတ်မြောက်ရေးနှင့် ကိုးကွယ်ရာအဖြစ် ဝိဇိတာမြို့သို့ စုပေါင်းပြေးဝင်ကြလေသည်။

## နန္ဒိမိတ္တစစ်သူရဲနှင့် ဝိဇိတာမြို့သိမ်းတိုက်ပွဲ

ဒုဋ္ဌဂါမဏိမင်းကြီးသည် ဂင်္ဂါမြစ်အနီးမြို့၊ရွာ၊ ကျေးတို့ကို တိုက်ခိုက်သိမ်းပိုက်ပြီးနောက် ဆက်လက်၍ဝိဇိတာမြို့ကို ချီတက်၍ လေးကန်သောအရပ်၌ စစ်တပ်ချကာ မြို့ကိုဝိုင်းထားသည်။

"ဤဝိဇိတာမြို့ကို ကျွန်တော်မျိုးသိမ်းယူဆက်ပါမည်။" ဟု နန္ဒိမိတ္တသူရဲကောင်းက လျှောက်ထားပြီး မိမိ၏အရံနှင့်တကွ ထွက်သည်။

ထိုအခါ မင်းကြီးကနန္ဒိမိတ္တ၏ခွမ်းအားသတ္တိကို စမ်းလိုသဖြင့် မိမိ၏ဆင်တော် ကဏ္ဍုလကို-

"သင်သည် နန္ဒိမိတ္တကို ဖမ်းပါချေ"

ဟု စေလွှတ်သည်။ ဆင်တော်သည် လျင်စွာသွား၍ သူရဲကိုဖမ်းမည်ပြုသော် နန္ဒိမိတ္တသည် ရုတ်ချည်းလက်ခမောင်းခတ်ပြီး ဆင်အစွယ် (၂)ချောင်းကိုကိုင်ပြီး နောက်သို့တွန်းလိုက်သည်။ ဆင်မင်းသည် ခွေးကဲ့သို့ဆောင့်ကြောင့်ထိုင်လျက်ကျသည်။

"ဟယ်. . . ကဏ္ဍုလ သင်သည်အရှင်၏ကျွန်ရင်းဖြစ်သောကြောင့်သာ ငါညှာတော့သည်။ ခြေဖြင့်ခတ်ရသော် သင်ခါးပြတ်ထွက်ပေလိမ့်မည်။"

ဟု ကြုံးဝါးပြောဆိုပြီး လွှတ်ပေးလိုက်သည်။

ဆင်နှင့်နန္ဒမိတ္တ ထိုးစစ်ထိုးသောနေရာကို 'ဟိတ္တိပေါရ' ဟူသောအမည်ရှိသော ရွာကိုတည်ခဲ့သည်။

ကဏ္ဍုလဆင်သည် နန္ဒမိတ္တသည် ငါ့ကိုအရှက်ခွဲသည်ဟု ဆိုကာ စိတ်ထဲတွင်မကျေမနပ်ဖြစ်နေလသည်။

## ဝိဇိတမြို့တိုက်ပွဲ

ဒုဋ္ဌဂါမဏိမင်းကြီးသည် စစ်သူရဲများ၏အစွမ်းသတ္တိတို့ကို လေ့လာပြီးလျှင်-

- ကဏ္ဍုလဆင်၊ နန္ဒမိတ္တစစ်သူရဲ၊ နိမိလသူရဲတို့က မြို့တော်၏ တောင်မျက်နှာရှိ တံခါးဟုံဖျက်၍ဝင်ရန်
- ဝေဠုသုမန၏မြင်းတပ်က အရှေ့တံခါးကနေထွက်ပြေးလာသော ကျေးတို့ကိုသတ်ရန်
- မစာသောဏစစ်သူရဲနှင့် အဖွဲ့ကမြို့၏မြောက်ဘက်တံခါးကို ဖျက်၍ဝင်ရန်
- ကောဋ္ဌတိမ္ဗရနှင့် ထေရပုတ္တာဘယစစ်သူရဲတို့က မြို့၏ အနောက်ဘက်တံခါးကို ဖျက်ဝင်ရန်

အသီးသီးတာဝန်ပေးပြီး ဝိဇိတမြို့သိမ်းတိုက်ပွဲကို ဆင်နွှဲလေသည်။

ကဏ္ဍုလဆင်သည် မြို့၏တောင်ဘက်တံခါးရှိ အုတ်ကျောက်၊ အင်္ဂတေတို့ဖြင့် စီမံထားသော သံတံခါးကိုဖြိုဖျက်ရန် ပုဆစ်တုပ်၍ အုတ်၊ ကျောက်ခဲ၊ အင်္ဂတေတို့ကို အစွယ်ဖြင့်ထိုးကော် ထုတ်သည်။

ထိုအခါ အထက်တံခါးမှုခ်၌နေကြသော ကျေးကုလားစစ်သည်တို့က အထူးထူးသောဓား, လှံ, လက်နက်တို့ဖြင့် ပစ်ခတ်ခြင်းဖြင့်လည်းကောင်း၊ တောက်ပြောင်သောသံထွေး၊ သံခဲတို့ဖြင့် ပစ်ခတ်၍လည်းကောင်း။ ပွက်ပွက်ဆူသော ပွဲညက်ရည်တို့ဖြင့် လောင်းချ၍လည်းကောင်း၊ တိုက်ခိုက်ကြသည်။

ဆင်၏ကျောကုန်းပေါ်ဝယ် ပွဲညက်ရေတို့သည် အခိုးအငွေ့ ခြောင်းခြောင်းထလျက် ဆင်၏ကျောပြင်ကိုကပ်လေရာ၊ ဆင်မင်းသည် အပူဒဏ်ကိုမခံနိုင်၍ ကျုံးရေရှိရာသို့သွား၍ရေကန်၌ ငုပ်လေသည်။

ထိုသို့ ဆင်မင်းရေငုပ်သည်ကိုမြင်လျှင် ကောဋ္ဌယိမ္ဗရသူရဲက-

"ဟယ်. . . ဆင်ကြီး ဤရေကန်သည် သံကံခါးဖျက်ဆီးနိုင်အောင်ထားအပ်သော သေရည်အဖျော်မှတ်နေသလား၊ မင်း၏အချီးအမြှောက်ကို ခံယူစားလျက် တံခါးတစ်ပေါက်ကိုမျှ သင်မဖျက်နိုင်သော် ရှက်ဖွယ်ရာမဟုတ်ပါလော၊ လျှင်မြန်စွာသွား၍ တံခါးကိုဖျက်ပါလေ"

ဟု အော်ဟစ်ပြောဆိုလေ၏။

ထိုစကားကိုကြားလျှင် ဆင်မင်းသည် ကြုံးကြာသံကိုပြုလျက် ရေမှတက်ခဲ့ပြီး မိမိကျောပေါ်တွင် ကပ်နေသောပွဲညက်တို့ကိုဆေးပေးစေလိုသော အမူအရာကိုပြသည်။

ဒုဋ္ဌဂါမဏိမင်းကြီးသည် ဆင်မင်းကိုပြုစုစေပြီး ဆေးဝါးလိမ်း

ပေးစေပြီးလျှင် ဆင်မင်း၏ဦးကင်းကိုလက်ဖြင့် သုံးသပ်၍-

"ချစ်သား. . . ကဏ္ဍာလ ကြီးပမ်း၍အစွမ်းကို ထုတ်ပါလေ၊ ဤလက်ဘဒီပကျွန်း၌ မင်းအဖြစ်ကိုသင်အားငါပေးမည်။"
ဟု မိန့်ကြားကာ ချိုမြိန်သောအစားအစာတို့ကို ကျွေးသည်။ နူးညံ့သောပုဆိုးဖြင့် ကိုယ်ကိုရစ်ပတ်၍ ချပ်တန်ဆာကိုကျောပြင်၌ ကောင်းစွာတပ်ဆင်ပေးသည်။ ကျွဲရေခုနစ်ထပ်ကိုဖွဲ့၍ ဆီစွတ်ထားသော သားရေတို့ကိုလွှမ်းခြုံပြီး လွှတ်ပေးလေသည်။

ကဏ္ဍာလဆင်မင်းသည် မိုးကြီးသံကဲ့သို့သောအသံကိုပြုပြီး လျှင်မြန်သောအဟုန်ဖြင့်သွား၍ သံတံခါးအတွင်းပျဉ်ချပ်ကို အစွယ်ဖြင့်ထိုး၍ တံခါးခုံကိုခြေဖြင့်နင်းဖျက်သည်။

တံခါးဘောင်နှင့်တကွ ထိုတံခါးသည်ကြောက်မက်ဖွယ်သော အသံမြည်ဟီးလျက် တဝုန်းဝုန်းပြိုကျလေသည်။

နန္ဒိမိတ္တသူရဲသည် ဆင်ကျောကုန်းပေါ်သို့ ကျသမျှသော အုတ်၊ ကျောက်စသော အဆောက်အအုံပျက်တို့ကို လက်ရုံးဖြင့်သာ ပုတ်ခတ်၍ ထိုထိုအရပ်သို့လွင့်ကျစေသည်။

ထိုသို့ပြုသော အမှုအရာကိုဆင်မင်းမြင်သော် နန္ဒိမိတ္တ အပေါ်ထားခဲ့သော ရန်ငြိုးသည်ပြေပျောက်လေသည်။

ဆင်မင်းသည် မိမိဖွင့်ခဲ့သောတံခါးအပေါက်ဖြင့် ဝင်စိမ့်သောငှါ ကြိုးကြာသံကဲ့သို့မြည်လျက် နောက်ပါသူရဲတို့ကို လှည့်ကြည့်သည်။

"ဟယ်ကဏ္ဍာလ. . . သင်ဖွင့်သော တံခါးဖြင့်ဝင်ရပါမူ ငါယောကျ်ားကောင်း မည်ပါတော့မည်လော၊ သင်ကြည့်ဦးလော့"
ဟု နန္ဒိမိတ္တသူရဲသည်ကြုံးဝါးအော်ဟစ်ပြီး အမြင့်(၁၈)တောင်၊ ထု(၉)တောင်ရှိသော မြို့တံခါးတိုင်ကို လက်မောင်းဖြင့်ခတ်သည်။ (၈) ဥဿဘသောအရပ်သည် ကျိုးပျက်ပြိုကျလေသည်။

ထိုသို့ပြုလုပ်ပြီး နန္ဒိမိတ္တကသူရဲနိမ္မလကို လှမ်းကြည့်သည်။
"သင်တို့ဖျက်ဆီးသောနေရာက ငါမဝင်လို"
ဟု အော်ဟစ်ဆိုပြီး မြို့ရိုးကိုခုန်ကျော်ကာ ဝင်လေသည်။

အလားတူ အနောက်မျက်နှာမှ မြောက်မျက်နှာမြို့ရိုးတို့မှ တာဝန်ကျသော ကောဋ္ဌတိမ္ဗရနှင့် မဟာသောဏသူရဲတို့ကလည်း မိမိတို့တာဝန်ကျရာ တံခါးများကိုဖြိုဖျက်ပြီး မြို့ထဲသို့ဝင်ရောက် တိုက်ခိုက်ကြသည်။

ထိုသို့တိုက်ကြသောအခါ ကဏ္ဍုလဆင်မင်းက ရထားဘီးကို နှာမောင်းဖြင့်ချီကိုင်၍-

- နန္ဒိမိတ္တက အိမ်တိုင်ကိုင်၍
- ကောဋ္ဌယိမ္ဗရက အုန်းပင်ကိုကိုင်၍
- နိမ္မလက အလျား(၃)တောင်၊ ဗျက် (၁၆) သစ်ရှိသော သန်လျက်ကိုကိုင်၍
- မဟာသောဏအား ထန်းပင်ကိုကိုင်၍
- ထေရပုတ္တာဘယက ဆောက်ပုတ်ကြီးကိုကိုင်၍

မြင်မြင်သမျှ ကျေးကုလားတို့ကို ထိုးနှက်တိုက်ခိုက်သတ်ဖြတ်လေသည်။

ကျေးကုလားတို့သည် ကြောက်လန့်တကြား အရှေ့ဘက်မြို့တံခါးကိုဖွင့်၍ ထွက်ပြေးကြလျှင် ဝေဠုသုမနတို့က မြင်းနှင့်လိုက်သတ်ရာ အလောင်းချင်းထပ်ထပ်ကြမ်းရှိတော့သည်။

ဝိဇိတမြို့တိုက်ပွဲသည် (၄)လကြာတိုက်ပြီးနောက် ဒုဋ္ဌဂါမဏိမင်းကြီးက အောင်ပွဲခံခဲ့သည်။

မင်းကြီးသည် ဂိရိလကမြို့ကို ဆက်လက်တိုက်ခိုက်ပြီးလျှင် မင်းပြုသောသူတို့ကို ဖမ်းယူ၍သတ်လေသည်။

ထိုမြို့မှတစ်ဖန် မဟောကမြို့သို့ ချီတက်သည်။ ထိုမြို့သည်လည်း ကျုံး(၃)တန်ဖြင့် ဝန်းရံထားသည်။ ထိန်ပွင့်နှင့်တူသော အပွင့်ရှိသော ဆူးနွယ်ခြံတို့ဖြင့် ကာရံထားသည်။ တံခါးတစ်ပေါက်သာရှိသည်။ ရန်သူများဝင်ရန် ခက်ခဲသောမြို့ဖြစ်သည်။

ဒုဋ္ဌဂါမဏိမင်းကြီးသည် မြို့ကိုဝိုင်းရံထားပြီး မြို့သူမြို့သားတို့ကို ရေပါး၊ ဆန်၊ ထင်း၊ ရေတို့ကို ဖြတ်တောက်ပစ်သည်။

မြို့သူမြို့သားတို့သည် ငတ်မွတ်ဘေးကြောင့် ဒုဋ္ဌဂါမဏိမင်းထံ အညံ့ခံကြသည်။ မင်းကြီးသည် မဟောကမင်းကို ဖမ်းယူ၍ မြို့ကို သိမ်းပိုက်ရယူလေသည်။

မဟောကမြို့ကိုအောင်လျှင် ဒုဋ္ဌဂါမဏိသည် အနူရာဓမြို့ကို ဆက်လက်ချီတက်၍ ကာသတောင်၏တစ်ဘက်၌ သစ်တပ်တည်၍ နေလေသည်။

နယုန်လ၊ ဝါဆိုလတွင် ပဍ္ဍောတမည်သော တစ်ဘက်ဆည်ကန်ကြီးကို တည်ဆောက်၍ပေါ်သာနမည်သောရွာသူတို့နှင့် ရေသဘင်ပွဲကို ကစားလေသည်။

ဧဠာရကျေးမင်းသည် ဒုဋ္ဌဂါမဏိမင်းစစ်ချီ၍ ဝိုင်းလာကြောင်းသိသော် မှူးမတ်တို့ကို စည်းဝေးခေါ်၍-

"အချင်း ဗိုလ်ပါ၊ အမတ်တို့ . . . ဒုဋ္ဌဂါမဏိမင်းသည် စစ်ထိုးရန်ငါတို့ထံသို့လာပါသည်။ ထိုမင်းသည် ကိုယ်တိုင်စစ်ထိုးလေ့ရှိပါသည်။ အစွမ်းကောင်းရှိသော စစ်သူရဲတို့လည်း များလှသည်။ ငါတို့သည် အဘယ်သို့ပြုသော် သင့်မည်နည်း၊ စစ်ကိုပြင်သင့်သလော၊ သူ့ထံသို့ ဝင်သင့်သလော"

ဟု တိုင်ပင်လေသည်။

"အရှင်မင်းမြတ်. . . သူထံဝင်သော်လည်း အသတ်ခံရမည်ဖြစ်၍ စစ်ထိုးခြင်းသာအသင့်တော်ဆုံး ဖြစ်ပါသည်။"
ဟု လျှောက်ထားကြသည်။

စစ်သူကြီး ဒီဃဇင္ဃသူရဲနှင့်တကွ အခြားစစ်သူရဲတို့ကလည်း နောက်နေ့တွင် စစ်ထွက်၍ထိုးပါမည်ဟု လျှောက်တင်ကြသည်။

ဒုဋ္ဌဂါမဏိမင်းသည် မယ်တော်နှင့်တိုင်ပင်သော်-

"မြို့ရင်းသို့သွား၍ စစ်မထိုးသင့်၊ ဤနေရာကသာ ခံစစ်ပြု၍ စစ်ထိုးသင့်သည်။ သို့ရာတွင် ကျေးမင်းမှာအသက်စွန့်၍အမှုထမ်းမည့်သူရဲကောင်းလည်း များလှသည်။ ဥပါယ်တံမျဉ်ဖြင့်ပြုမှသင့်မည်။ (၃၂)ခုသော ဗိုလ်တဲတို့ကိုပြုလျက် တစ်ခုတစ်ခုသောဗိုလ်တဲ၌ထီးဖြူဆောင်းသော မင်း၏အရုပ်ကိုထား၍ ရဲမက်အများ ရံလျက်နေစေရမည်။ သင်ကအတွင်းဗိုလ်တဲ၌ သူရဲကြီးတို့နှင့်သာ နေစေရမည်။"
ဟု စီမံအကြံပေးသည်။

ဒုဋ္ဌဂါမဏိမင်းသည် အကြံပြုသည့်အတိုင်း စီမံပြီးလျှင် တိုက်စည်တီး၍ အချိန်းအချက်ပေးသည်။

ဧဠာရကျေးမင်းသည် ကိုယ်ချပ်တန်ဆာဖွဲ့လျက် တောင်ငယ်မျှရှိသော မဟာပဗ္ဗတဆင်ကို စီးပွားလျှင် ဗိုလ်ပါဝန်းရံလျက် ထွက်လာခဲ့သည်။

ဒုဋ္ဌဂါမဏိမင်း အနောက်ဘက်ပိုင်းတပ်နှင့် မျက်နှာဆိုင်မိသော် ဆင်ပြောက်ငါးစီးအားကိုဆောင်နိုင်သော စစ်သူကြီး ဒီဃဇင္ဃသူရဲကြီးသည် လက်တစ်ဘက်ကသန်လျက် လက်တစ်ဘက်က ကာကိုယူ၍ ကြောက်မက်ဖွယ်ကြုံးဝါးပြီးလျှင် ဗိုလ်တဲပေါ်မှာ

ထီးဖြူဆောင်းကာနေသော မင်းရုပ်ကို (၁၈)တောင်မြင့်သော ကောင်းကင်မှခုန်၍ခုတ်ပြီးလျှင် ဗိုလ်တဲတစ်ခုပြီးတစ်ခု ခုတ်ဖြတ်ဖျက်ဆီးသည်။ နောက်ဆုံးဒုဋ္ဌဂါမဏိမင်းရှိရာ ဗိုလ်တဲသို့ကပ်ရောက်လာသည်။

ထိုအခါ သူရနိမိလစစ်သူရဲက လျင်မြန်စွာထပြီး လက်ခမောင်းခတ်ပြီးလျှင်-

"ဟဲ့. ငမိုက်သား. . ဒီဃဇန္တု ငါ့ကိုသူရနိမိလဆိုတာ သင်မကြားဘူးသလော၊ ငါထင်ရှားရှိလျက် သင်အဘယ်သို့သွားအံ့နည်း၊"

ဟု ကြိမ်းဝါး၍ဆိုသည်။

ထိုစကားကိုကြားသော် ဒီဃဇန္တုသည် ဒေါသအမျက်ပြင်းစွာထွက်၍ သူရနိမိလကိုသတ်ဖြတ်ရန် ကောင်းကင်သို့ခုန်တက်ပြီး သန်လျက်ရွယ်ကာ ဆင်းလာသည်။ သူရနိမိလသည်ကာဖြင့် ခံသည်၊ ကာကိုသန်လျက်ဖြင့်ခုတ်သော် ကာကိုလွှတ်လိုက်သောကြောင့် ဒီဃဇန္တုသည်အားလွန်၍ ထိုနေရာ၌လဲကျလေသည်။

သူရနိမိလသည်လည်း လဲကျသောဒီဃဇန္တုကို လျင်မြန်စွာလှံဖြင့်ထိုးလေသော် ထိုနေရာ၌ပင် ဒီဃဇန္တုကျဆုံးရလေသည်။

ထိုအချိန်တွင် ဖုဿဒေဝသည် ခရုသင်းကိုမှုတ်သည်ရှိသော် ဧဠာရမင်း၏စစ်သည်တို့သည် အသံကိုမခံနိုင်ဘဲပြိုကွဲ၍ဖရိုဖရဲဖြစ်ကာ ထွက်ပြေးကြတော့သည်။ ဒုဋ္ဌဂါမဏိစစ်သည်တို့က အတင်းလိုက်၍သတ်ဖြတ်ကြရာ ကျေးကုလားတို့အလောင်းချင်းတပ်မျှ သေဆုံးကြလေသည်။

ဧဠာရကျေးမင်းသည် မြို့ဘက်သို့ပြန်ဝင်ပြေးရသည်။ သတ်ရသောကျေးကုလားတို့၏ သွေးလူးသောဓား, လှံတို့ကို

ရေကန်တစ်ခု၌ ဆေးကြောရာကန်တစ်ခုလုံး သွေးအတိဖြစ်သွားရသည်။

(ထိုကန်ကို ယခုခါ 'လှံဆေးကန်' ဟူ၍ခေါ်ဝေါ်ကြပါသည်)

## ဌွောရကျေးမင်းနှင့်တိုက်ပွဲ

ဒုဋ္ဌဂါမဏိမင်းသည် ဗိုလ်မှူး၊ ဗိုလ်ချုပ်စစ်သူရဲတို့ကို စုဝေးစေပြီး-

"ဘုရင်ဌွောရကျေးမင်းကိုမည်သူမျှမသတ်ရ၊ ငါကိုယ်တော်တိုင် ယှဉ်ပြိုင်တိုက်ပြီး သတ်မည်။"

ဟု ပြောကြားကာ ဗိုလ်ပါအားလုံးသိစေရန်စည်ကို လည်စေသည်။

ဒုဋ္ဌဂါမဏိမင်းသည် ကဏ္ဍုလဆင်ကိုစီးပြီး သူရဲကြီးတို့က အသီးသီးသောဗိုလ်ပါဖြင့် ခြံရံကာလိုက်စေပြီး ဌွောရကျေးမင်းထွက်ပြေးရာနောက်သို့ အားချင်းလိုက်လေသည်။

အနူရာဓမြို့တောင်တံခါးအနီးတွင်မှီ၍ ဌွောရကျေးမင်းက မဟာပဗ္ဗတဆင်ကိုစီး၍ ခံသည်။

မင်းနှစ်ပါးကိုစစ်မျက်နှာဆိုင်မိလျှင် ကျေးမင်းကလှံမကို လွှတ်သည်။ ဒုဋ္ဌဂါမဏိမင်းက လှံကိုကာဖြင့် ခတ်ချ၍မိမိ၏ဆင်တော်အစွယ်ဖြင့် ကျေးမင်း၏ဆင်ကိုထိုးစေသည်။ မိမိ၏လှံဖြင့်လည်း ကျေးမင်းကိုထိုးချသည်။

ကျေးမင်းသည်ဆင်နှင့်တကွလဲကျ၍ သေလေသည်။ ထိုအခါခြံရံလျက်ပါလာသော ကျေးမင်းစစ်သည်တို့သည် မရှိဖရဲဖြစ်ကာ ကွဲပျက်လျက်ပြေးကြလေသည်။

ဒုဋ္ဌဂါမဏိမင်းသည် ကျေးမင်းကိုနိုင်သော် အနုရာဓမြို့ထဲ သို့ဝင်၍ ထက်ဝန်းကျင်စည်ကိုလည်စေသည်။ တစ်ယူဇနာအတွင်းရှိ သောလူများကို စုဝေးစေ၍ကျေးမင်း၏အလောင်းကို ကောင်းမွန် စွာ ပူဇော်စေပြီးလျှင် ထိုတိုက်ပွဲကျရာအရပ်၌ပင် စုလစ်မွတ်ချွန် တပ်သောပြသာဒ်ဆောင်ဖြင့် သင်္ဂြိုဟ်စေသည်။

ထိုအရပ်၌ စေတီတည်ပြီးလျှင် အနီးသို့ရောက်လာသမျှ သော သူတို့အားက၊ ခုန်၊ တီး၊ မှုတ်ခြင်းပြုကြရန် အမိန့်ထုတ်လေ သည်။

ဒုဋ္ဌဂါမဏိမင်းကြီးသည် (၃၂)ယောက်သော ကျေးမင်းတို့ ကို အောင်ပြီးသော် ဧကရာဇ်မင်း၏ထီးကို ဆောင်းတော်မူ၍ အနုရာဓမြို့၌ ရာဇဘိသိက်ကို ခံယူတော်မူသည်။

## ဘလ္လုကကျေးစစ်သူရဲကောင်းနှင့်နောက်ဆုံးစစ်ပွဲ

ဝိဇိတမြို့ပျက်စဉ်အခါ၌ ဒီယဇန္တုစစ်သူရဲက ဧဠာရကျေး မင်းကို မိမိ၏တူဖြစ်သော ဘလ္လုကစစ်သူရဲကို အနုရာဓမြို့သို့ ခေါ်ဆောင်ထားရန် အကြံပြုလျှောက်ထားသည်။ မင်းကြီးက သဘောတူ၍ ဘလ္လုကကို ရဲမက်နှင့်တကွအနုရာဓမြို့သို့လာစေရန် ဆင့်ခေါ်သည်။

ဘလ္လုကသည် စစ်သူရဲခြောက်သောင်းနှင့်အတူ အနုရာဓ မြို့သို့ချီတက်လာခဲ့သည်။ ဧဠာရကျေးမင်းကို မီးသင်္ဂြိုဟ်ပြီး၍ (၇) ရက်မြောက်သောနေ့တွင်မှ အနုရာဓမြို့သို့ ဆိုက်ရောက်လာသည်။

ဧဠာရကျေးမင်းကျဆုံးသွားပြီဖြစ်ကြောင်း ကြားသောအခါ

"စစ်မဖက်ဘဲဝန်ချမှုကို ငါတို့ရှက်လှသည်။ စစ်ဖက်ပြိုင်ဦးမည်"

ဟု ကြုံးဝါးလျက် မဟာတိတ္ထဆိပ်နှင့် အနူရာဓမြို့အကြား ကောင္ဗမ္ဗကာလကမည်သော အရပ်၌သစ်တပ်တည်၍ နေလေသည်။

ဒုဋ္ဌဂါမဏိမင်းသည် ထိုအကြောင်းကိုကြားသော် အလွန်ဝမ်းသာရွှင်လန်းသောစိတ်ရှိလျက် ဆင်စီးသူရဲ မြင်းစီးသူရဲ ရထားစီးသူရဲတို့ကို ဝန်းရံစေပြီးလျှင် စစ်ဝတ်ချပ်တန်ဆာကို တင့်တယ်စွာဆင်ယင်ကာ ကဏ္ဍုလဆင်ကိုစီး၍ ထွက်သည်။ ဖုဿဒေဝသူရဲကို မိမိနောက်မှအတူစီးပြီး ပါစေသည်။

ဘလ္လုကစစ်သူရဲကလည်း ဆင်စီး၊ မြင်းစီး သူရဲအပေါင်းခြံရံလျက် တပ်မှထွက်၍စစ်ရင်ဆိုင်လာသည်။

ကဏ္ဍုလဆင်တော်သည် ဘလ္လုကသူရဲကိုအဟုန်ညံ့စိမ့်သောငှါ တဖြည်းဖြည်းနောက်သို့ဆုတ်သည်။ စစ်သည်တော်တို့ကိုလည်း အလားတူဆုတ်စေသည်။

"အချင်းဖုဿဒေဝ. . . ရှေးကတိုက်ခဲ့သောစစ်ပွဲများ၌ ဤဆင်သည်နောက်သို့ဆုတ်ရိုးမရှိ၊ ရှေ့သို့သာတက်သည်။ ယခု အဘယ်အကြောင်းကြောင့်နောက်သို့ဆုတ်သနည်း။"

ဟု ဆင်ပဲ့စီးဖြစ်သော ဖုဿဒေဝကိုမင်းကြီးကမေးသည်။

"အရှင်မင်းကြီး. . . ဤဆင်သည် အောင်မြေအရပ်ကို အလွန်သိသည်။ အောင်မည့်နေရာ၌ ရပ်ပါလိမ့်မည်။ ကျွန်ုပ်တို့ မချွတ်အောင်မြင်ပါလိမ့်မည်။"

ဟု ဖုဿဒေဝကလျှောက်ထားသည်။

ကဏ္ဍာလဆင်မင်းသည် မဟာဝိဟာရသိမ်အနီးသို့ရောက်လျှင် ဘလ္လုကကိုရှေ့ရှုလျက် ကောင်းစွာရပ်သည်။ စစ်သည်တော်တို့လည်း ဆင်တော်၏လက်ဝဲဘက်၌ စီကာစီကာရပ်လေသည်။

ဘလ္လုကသည်မင်းသို့ရှေ့ရှုလာ၍ လေးကိုကိုင်လျက် မင်းကိုပျက်ရယ်ပြုလေသည်။ မင်းကြီးသည်ခံတွင်းကို သန်လျက်ဖြင့်ကာ၍ ဘလ္လုကကိုတိုက်ရန်ဖိတ်ခေါ်သည်။ ဘလ္လုကသည် မင်း၏ခံတွင်းသို့ရည်၍ မြားကိုလွှတ်လေသည်။ မြားသည်သန်လျက်ကိုထိပြီး မြေသို့ကျလေသည်။

ဘလ္လုကသည်လည်း မင်း၏ခံတွင်းကိုထိုးပြီဟူသော အမှတ်ဖြင့်မိမိခံတွင်းကိုဟ,ကာ ကြုံးဝါးကြွေးကြော်လေသည်။ မင်း၏နောက်မှလိုက်ပါသော ဖုဿဒေဝသည် မင်း၏နားတောင်းထိစေပြီး မြားကိုလွှတ်သည်။ မြားသည် ဘလ္လုက၏ခံတွင်းသို့ဝင်၍ ချက်ချင်းပင်နောက်သို့လန်၍လဲမည်ပြုသည်။

ဖုဿဒေဝသည် မင်းကိုခြေပြု၍လဲမကျစေလို၍ မြားတစ်စင်းကိုအားချင်းပြင်းစွာလွှတ်သော် ဘလ္လုက၏ပုဆစ်ထူးကိုထွင်း၍ မင်းကြီးရှိရာသို့ဦးခေါင်းပြုကာ လဲကျလေသည်။

ဘလ္လုကကျလေလျှင် အောင်ပြီ. . . အောင်ပြီ ဟူသော ကြွေးကြော်သံသည် ဘဝဂ်ဤမျှဖြစ်လေသည်။ ဘလ္လုက၏စစ်သည်များလည်း မရှိဖရဲဖြစ်ကာ ထွက်ပြေးကြလေသည်။

ဖုဿဒေဝသည် ထိုအရပ်၌ပင်မိမိ၏နားရွက်စွန်းကိုလှီး၍ မင်းကြီးအားသွေးကိုကိုင်ပြပြီးသော်-

"အရှင်မင်းကြီး. . ကျွန်ုပ်အား မင်းဒဏ်ကိုထားပါလော" ဟု လျှောက်ထားသည်။

"သင်အား အဘယ်အပြစ်ရှိ၍ ဤသို့ပြုသနည်း။"

"အရှင်မင်းကြီးနားတော်ကိုထိ၍ မြားကိုလွှတ်မိသော အပြစ် ဖြစ်ပါသည်။"

"ကိုယ်အပြစ်မဟုတ်သည်ကို အပြစ်ဟူသောအမှတ်ဖြင့် အဘယ်ကြောင့်ပြုဘိသနည်း။ ဤအောင်ပွဲသည် သင်၏အောင်ပွဲ ဖြစ်သည်တကား၊ သင်သည်မြားနှင့်တကွရွှေပုံ၊ ငွေပုံကိုရလတံ့"

ထို့နောက်မင်းကြီးသည် စစ်မြေပြင်အရပ်မှနေ၍ စစ်အောင်

ပွဲဆင်ယင်ပြီး အနုရာဓမြို့သို့ ပြန်လာလေသည်။

ထိုအချိန်မှစ၍ လင်္ကာဒီပတွင် ဒုဋ္ဌဂါမဏိမင်းကိုပြိုင်ဘက်ဖြစ်သော တစ်စုံတစ်ယောက်သောရန်သူသည် ပေါ်မလာတော့ချေ၊

မင်းကြီးသည် ပြည်သူ-ပြည်သားတို့အား များစွာသော အောင်ပွဲသဘင်များဖြင့် ပျော်ရွှင်စေကုန်သည်။

တစ်နေ့သောအခါ မင်းကြီးသည် ဖုဿဒေဝကို မြားကို ယူဆောင်စေပြီး လာစေရန်ခေါ်သည်။ ဘလ္လကခံတွင်းကိုဝင်သော မြားတစ်စင်းပုဆစ်ဒူးကို ဖောက်ထွင်းသောမြားတစ်စင်း ဤမြားနှစ်စင်းကိုဆက်၍ မတ်မတ်ထောင်စေပြီးလျှင် ထိုမြားကိုရွှေ၊ ငွေတို့ဖြင့် ဖုံးအောင်လွှမ်းပုံစေပြီး ဖုဿဒေဝကိုဆုချပေးလေသည်။

## မင်းကြီး၏သံသယကုက္ကုစ္စ

တစ်နေ့သောအခါ ဝေဇယန္တာပြသာဒ်၌ နတ်သမီးကချေသည် အမွှေးအထုံတို့ဖြင့်ပြည့်စုံစွာ ခံစားသကဲ့သို့သောအသွင်ဖြင့်

ခံစားရင်း အလွန်နူးညံ့သောအမွေ့အခင်းတို့ဖြင့်ပြည့်သော မင်း၏ နေရာ၌လျှောင်းစက်ရင်း-

"ငါသည် ဤသို့ကြီးမြတ်စွာသောမင်း၏ ချမ်းသာကိုရခြင်း သည် အပြစ်ကင်း၍ရသည်မဟုတ်၊ အကျွဘိဏ်မကသော ကျေးတို့ကို ပျက်စီးသေကြေအောင်ကြံဆောင်သဖြင့်သာ ရချေ သည်။ ဘုရားရှင်သာသနာတော်ကို ငါချီးမြှောက်ပြုစုငြားသော် လည်း အပါယ်လားခြင်းမှလွတ်နိုင်ရာ ငါပြုသောလုံ့လသည်မြဲ သောကံသာရှိသည် ဖြစ်လတံ့။"

ဟု ကြံစည်မိပြီး စိတ်ပူပန်မှုခံစားရကာ မအိပ်ပျော်နိုင်ဘဲရှိလေသည်။

ထိုအကြောင်းကိုသိယင်္ဂုကျွန်း၌သီတင်းသုံးနေတော်မူ ကြသော ရဟန္တာကြီးတို့သည် သူတစ်ပါး၏စိတ်အကြံကိုသိသော (ပရစိတ္တဝိဇာနန) ဉာဏ်အဘိညာဉ်ဖြင့် သိတော်မူကြသည်။

"သင်တို့ကြွသွား၍ မင်းကြီး၏ယုံမှားခြင်းသံသယကို ပယ် ဖျောက်ကြကုန်လော။"

ဟု မထေရ်ကြီးက ရဟန္တာ(၈)ပါးတို့ကို တာဝန်ပေးလေသည်။

ရဟန္တာ (၈)ဦးတို့သည် ကောင်းကင်ခရီးဖြင့် ကြွလာ၍ မရှိမယံ၌ မင်းအိမ်တံခါးဝသို့ သက်ဆင်းကြသည်။

နန်းတော်တံခါးစောင့်တို့အား မင်းကြီးထံဝင်လိုကြောင်း မိန့်ကြားကြသည်။ အခွင့်ရသော် နန်းပြာသဒ်သို့တက်၍ လျှောက် ပတ်သောနေရာ၌ သီတင်းသုံးကြသည်။

မင်းကြီးသည် ဝမ်းမြောက်စွာ ရဟန္တာတို့ကို ရှိခိုးပူဇော်ပြီး လျှင်-

"အရှင်မြတ်တို့ . အဘယ်အကျိုးငှါ ကြွလာကြပါသနည်း" ဟု မေးလျှောက်သည်။

"ဒါယကာတော်မင်းကြီးသည် မင်းနေရာထက်၌ လျှောင်းစက်ရင်းဆင်ခြင်သဖြင့် စိတ်ပင်ပန်းသောအကြံကို ပိယဂုံကျွန်း၌ သီတင်းသုံးကြသော ရဟန္တာအရှင်တို့ သိမြင်တော်မူသောကြောင့် သင့်ထံသွား၍တရားဟောချေ၍ စေသောကြောင့်ကြွလာပါသည်"

"အရှင်ဘုရား. . တပည့်တော်သည် အက္ခောဘဏီမက သော ကျေးအပေါင်းတို့ကို သတ်စေ၍ဤမင်းအဖြစ်ကိုရချေသည်။ သာသနာတော်ကို ငါချီးမြှောက်သော်လည်း အပါယ်မှငါမလွတ်နိုင် ဟု ကြံစည်မိသည်မှာ မှန်ပါသည်။"

"မင်းကြီး. . . ဤကျေးစစ်သည်တို့ကို သတ်ဖြတ်ခြင်းဟူ သောကံဖြင့် နတ်ထံသို့လာခြင်းကိုလည်း မတားမြစ်နိုင်မဂ်ဖိုလ်ရ ခြင်းကိုလည်း မတားဆီးနိုင်။ ထို့ကြောင့် သဂ္ဂန္တရာယ်၊ မဂ္ဂန္တရာယ် မဖြစ်ပါ။ သတ်ခဲ့ပြီးသောကျေးစစ်သည်အပေါင်းတို့တွင် လူတစ် ယောက်နှင့်တစ်ပိုင်းကိုသာသတ်မိ၍ အပြစ်ရှိသည်။ ဤမှတစ်ပါး သောသူကား မိစ္ဆာအယူလည်းရှိ၏။ ထိုသူတို့ကား သားတိရစ္ဆာန်၊ နွားနှင့်သာတူ၏။ သားတိရစ္ဆာန်ကိုလည်းကောင်း၊ နွားကိုလည်း ကောင်း သတ်သောအပြစ်မျှသာ ရှိသည်။

* အက္ခောဘိဏီ = ၂၁၈၇၀၀ (အမရဋီကာ)
မဟာအက္ခောဘိဏီ = ၁၃၂၁၂၄၉၀၀ (မဟာဝံသဋီကာ)

"ဒါယကာမင်းကြီး. . . ဘုရားရှင်၏သာသနာတော်ကို စင်ကြယ်စွာထွန်းပစေအံ့သောသူတည်း၊ ထိုသို့သာသနာတော်ကို ချီးမြှောက်သောကုသိုလ်ကံ၏ အန္တရာယ်ကိုဖြစ်စေခြင်းငှါ မစွမ်းနိုင်၊ ထို့ကြောင့် နှလုံးမသာမယာမရှိလင့်၊ ရှေးဦးစွာကြံစည်သောအတိုင်း ကျွန်းသူ၊ ကျွန်းသား အများသတ္တဝါတို့ ဘုရားရှင်၏သာသနာတော် သို့ ကောင်းစွာသက်ဝင်အောင် ဆောင်ရွက်တော်မူပါလော။"

“အရှင်မြတ်တို့ဘုရား. . . တပည့်တော်သတ်မိသော လူတစ်ယောက်တစ်ပိုင်းမျှသာ အပြစ်ရှိသည်ဟူ၍ အဘယ်ပါနည်းဘုရား။”

“မင်းကြီး. . . လူတစ်ယောက်ဟူသည် ငါးပါးသီလ၌တည်သောသူဖြစ်သည်။ တစ်ပိုင်းဟူသည် သရဏဂုံတည်သောသူဖြစ်ပါသည်။”

ထိုစကားကိုကြားရမှ မင်းကြီးသည် စိတ်သက်သာရာရတော်မူ၍-

“အရှင်ဘုရားတို့ ကြွလာတော်မူပါလော့”

ဟု လျှောက်ထားပြီး မင်း၏နေရာ၌လျောင်းအိပ်သည်။ ထိုသို့အိပ်ရင်းပင်-

“ငါတို့ညီအစ်ကို ငယ်စဉ်ကမယ်တော်၊ ခမည်းတော်တို့သည် ထမင်းခွံ့သောအခါ ငါတို့၏အမျိုးနတ်ဖြစ်သော သံဃာတော်နှင့်ကင်း၍ ထမင်းစသောအာဟာရကို တစ်ရံတစ်ဆစ်မျှမစားကြကုန်လင့်ဟု ဆုံးမပေးကြသည်။ ငါသည် ထိုဩဝါဒကိုမတည်ဘဲမည်သည့်အခါတွင်မှ သံဃာတို့နှင့်ကင်း၍ စားခြင်းကိုပြုမိဘူးပါသနည်း။”

ဟု ထပ်မံစဉ်းစားဆင်ခြင်ပြန်လေသည်။

စစ်ပွဲများဆင်နွှဲနေစဉ်အတွင်း နံနက်စာစားတော်ခေါ်ရာဝယ် သံဃာ၏အဖို့ကို မထားမူ၍ ဈေးမိသောငြုပ်သီးတစ်တောင့်ကိုမြင်တော်မူသည်။

“ထိုငြုပ်တစ်တောင့်၏အကျိုးငှါ ငါကိုယ်ငါဒဏ်ထားရပေမည်”

ဟု ကြံစည်မိပြီး စိတ်သက်သာရာနှင့် စက်တော်ခေါ်လေသည်။

နောင်အခါ ထိုနေရာ၌ကြီးစွာသောကျောင်းကိုဆောက်၍ သံဃာတော်တို့အား ကပ်လှူခဲ့သည်။

ထိုကျောင်းသည် ပရိမဝဋ္ဋ ကျောင်းဟူ၍ လင်္ကာဒီပ၌ ထင်ရှားသည်။

## ဒုဋ္ဌဂါမဏိမင်းကြီး၏ ဗုဒ္ဓသာသနာပြုစုပုံအစုံ

ဒုဋ္ဌဂါမဏိမင်းကြီးသည် ရန်သူအပေါင်းကို အောင်မြင်ပြီး သောအခါ လင်္ကာဒီပကျွန်း၌ ဧကရာဇ်မင်းအဖြစ် အဘိသိက်ခံ ယူတော်မူသည်။ အဘိသိက်ခံယူပြီးမှ စစ်သူရဲကြီးတို့အား အသီးသီး သောမြို့၊ ကျေးရွာဖြင့်ဌာနန္တရဝိသေသရာထူးများကို စီမံပေးတော် မူသည်။

ထိုအခါ ထေရပုတ္တာဘယ စစ်သူရဲကြီးသည် မင်းပေး သောရာထူးကို မယူဘဲနေသည်။

"အဘယ်ကြောင့် ငါပေးသောရာထူးဌာနန္တရကို မယူပါ သနည်း။"

"အရှင်မင်းကြီး စစ်ထိုးရန်ရှိပါသေးသလော။"

"သင့်တို့သခင် ငါသည် ဧကရာဇ်ဖြစ်နေလေပြီ၊ အဘယ် မည်သောစစ်ထိုးခြင်း ရှိသေးသနည်း။"

"မင်းမြတ်. . . ကျွန်ုပ်အား အလွန်အောင်နိုင်ခဲသော ကိလေသာတည်းဟူသော ခိုးသူတို့၏စစ်သည်ရှိပါသေးသည်။ ကိလေသာရန်သူတိုနှင့် စစ်မှုခြင်းကိုပြုပါအံ့၊ ကျွန်ုပ်အား ခွင့်လွှတ် တော်မူပါ"

ဟု စစ်သူရဲကအဖန်ဖန်အထပ်ထပ် တောင်းပန်လျှောက်သော် မင်းကြီးက ခွင့်ပြုသဖြင့် ထေရပုတ္တာဘယသည် ရဟန်းပြုလေသည်။

ရဟန်းပြုပြီး တရားကိုကြိုးစားအားထုတ်ခဲ့ရာ မကြာမီပင် ခင် ရဟန္တာအဖြစ်သို့ရောက်ပြီး ရဟန္တာ(၅၀၀) ခြံရံလျက်နေတော်မူသည်။

ထေရပုတ္တာဘယ ရဟန္တာဖြစ်သောအကြောင်းကို ကြားသော်

"ငါတို့စစ်ထိုးသောအမှုသည် သဂ္ဂန္တရာယ်မဖြစ်ဟု ရဟန္တာအရှင်မြတ်တို့ဟောကြားသောတရားသည် မှန်ပေသည်။"

ဟု မင်းကြီးသည် ဝမ်းမြောက်ဝမ်းသာဖြစ်လေသည်။

ဧကရာဇ်မင်းတို့၏ထီးဆောင်းခြင်း၊ အဘိသိက်ခံခြင်းတို့ကို ပြုတော်မူပြီးနောက် ခုနှစ်ရက်ငမြောက်သောအခါ မင်းကြီးသည် ကြီးလှစွာသောမင်း၏စည်းစိမ်ဖြင့် -

- ကစားပျော်ပါးခြင်းဖြင့်လည်းကောင်း၊
- အဘိသိက်ခံသောမင်းတို့၏ စာရိတ္တကိုစောင့်ရှောက်ခြင်းငါလည်းကောင်း၊

များစွာသောမင်းမိဖုရား၊ ကျေးကျွန်တို့ခြံရံလျက် တိဿာမိရေကန်သို့ထွက်တော်မူသည်။

တဲနန်းသို့ရောက်သောအခါ ထိုထိုမြို့ရွာမှ ဆက်သလာသော လက်ဆောင်ပဏ္ဏာတို့ကို ကျောင်းတည်အံ့သောနေရာ၌ စုပုံထားစေသည်။

မာတ်တော်ဥာပနာထားသော မိမိ၏လှံတံကိုမင်း၏တဲဦးနန်း၌ပင် ကိုယ်ရံတော်သားတို့စိုက်ထူထားစေသည်။

မင်းကြီးသည် မောင်းမများနှင့်တကွရေကစားတော်မူပြီး၍ တဲတော်သို့တက်၍စားဖွယ် သောက်ဖွယ်တို့ကို သုံးဆောင်ပြီးလျှင်

ညချမ်းသောအခါ ပြည်တော်ဝင်ရန် မင်းချင်းတို့အား ဆင့်ဆို၍ အဆောင်အယောင်တို့ကိုယူစေသော် လှံနှုတ်မရဘဲရှိလေသည်။

ထိုအကြောင်းကို မင်းကြီးအားလျှောက်ထားပြီး ဗိုလ်ပါအများဝိုင်း၍နှုတ်ကြသည်။ မနှုတ်နိုင်၊ အံ့ဘွယ်သရဲဖြစ်ခြင်းကိုမြင်၍

"ဤလှံတွင် ကိန်းဝပ်နေသော ဓာတ်တော်သည်ဤအရပ်၌သာ သီတင်းသုံးလိုသည် ဖြစ်ရမည်။"

ဟု စဉ်းစားဆင်ခြင်သဖြင့် အလုံးစုံသော စစ်သည်တော်တို့ကို ပန်းနံ့သာလက်စွဲလျက် ပူဇော်စေပြီးမှ လှံတော်ကိုအစောင့်အရှောက်နှင့်တကွထားခဲ့ပြီး နန်းတော်သို့ပြန်ဝင်လေသည်။

နောက်တစ်နေ့တွင် ဗိုလ်ပါတို့နှင့်ထွက်တော်မူ၍ လှံကိုကျောက်၊ အုတ်တို့ဖြင့်ဝန်းရံလျက် စေတီတည်တော်မူသည်။ ထိုစေတီအနီး၌ ကျောင်းကြီးကိုဆောက်လုပ်စေသည်။ (၃) နှစ်ကြာမှပြီးစီးသည်။

ကျောင်းပြီးသောအခါ ရဟန်းတစ်သိန်း၊ ရဟန်းမတစ်သိန်း၊ စည်းဝေးစေပြီး-

"အရှင်ဘုရားတို့ . တပည့်တော်သည် ငြုပ်သီးတစ်တောင့်ကိုမျှသာ သံဃာတို့အားအစဦးမလှူဘဲ စားခဲ့မိသောကြောင့် ဝှက်ထားသောအားဖြင့် နှလုံးမွေ့လျော်ဖွယ် တင့်တယ်သော ဤကျောင်းကိုဆောက်လုပ်ပြီးပါပြီ။ ဤပရိဝေဏ္ဍကျောင်းကို သံဃာတော်များအလှူခံ၍ သီတင်းသုံးကြပါဘုရား။"

ဟု လျှောက်ထားပြီး ရေစက်သွန်းချ လှူဒါန်းလေသည်။

ကျောင်းအာရာမ်၌လည်းကောင်း၊ ထက်ဝန်းကျင်အရပ်၌လည်းကောင်း၊ ကောင်းမွန်တင့်တယ်သော မဏ္ဍပ်ကြီးပြုစေပြီး သံဃာတော်တို့အား အလှူကြီးပေးသည်။

အဘယဝါမိရေကန်အလယ်၌ ကြီးကျယ်သော်မဏ္ဍပ်ကို ပြုပြီး သံဃာများသီတင်းသုံးစေကာ၊ ခုနှစ်ရက်ပတ်လုံး၊ အလှူကြီး ပေးသည်။ သံဃာတော်တို့အား ပရိက္ခရာတို့ကိုလှူစေရာ မထေရ် ကြီးတစ်ပါးသည်တစ်သိန်းထိုက်၏။ မထေရ်ငယ်သည် အသပြာ တစ်ထောင်ထိုက်သည်။

စေတီတည်သည်မှစ၍ ကျောင်းအနုမောဒနာပြုသည့်အထိ ရတနာသုံးပါးအလို့ငှါ လှူအပ်သောဥစ္စာတို့သည် အဖိုးအနဂ္ဃထိုက် သော ကျောက်၊ စိန်စသော ရတနာတို့ကိုလွှတ်၍ ဝယ်ယူအပ်သော ဥစ္စာသည်အသပြာ (၁၉) ကုဋေမျှရှိလေသည်။

## လောဟပါသာဒနှင့်မဟာစေတီတည်ခြင်း

ကောင်းမှု၌မွေ့လျော်၍ ကြီးသောပညာရှိသော မင်းကြီး သည်စေတီနှင့်ကျောင်းကို ပူဇော်တည်ထောင်ပြီးသောအခါ-

"ငါသည် အဘယ်အရာကိုဆက်လက်၍ ဗုဒ္ဓသာသနာ တော်အတွက် ကုသိုလ်ပြုအံ့နည်း"

ဟု ကြံစည်လေသည်။

"ဘေးတော်ဖြစ်သော ဒေဝါနံပိယတိဿမင်းကြီးအား အရှင်မဟိန္ဒရဟန္တာက-

"ဤမည်သောနေရာ၌ ဒါယကာမင်းကြီး၏မြေးတော်ဖြစ် သော ဒုဋ္ဌဂါမဏိအဘယမင်းသာ် ကြီးစွာသောစေတီကို တည် လတ့်၊ အထူးထူးသောရတနာတို့ဖြင့် တန်ဆာဆင်သောဉပုသ်သိမ် ကို ပြုလတ့်၊ လောဟပါသာဒကိုလည်းပြုလတ့်ဟု မိန့်ဆိုသော စကားကို ကြားဖူးပါသည်"

ဟူသော အစဉ်အလာကိုကြားရလျှင် မင်းကြီးသည် စူးစမ်းရှာဖွေစေသည်။ မင်းအိမ်တော်၌ အစဉ်ထားအပ်သော သံသေတ္တာ၌ ရှေးကရေးထားသော ရွှေစာအက္ခရာတို့ကို တွေ့ရလေသည်။

ထိုအက္ခရာကိုဖတ်စေသော်-

"ငါ၏နောက် နှစ်ပေါင်း (၁၄၆)နှစ်လွန်၍ သာသနာတော် (၃၇၂) နှစ်ရောက်သောအခါ ကာကဝဏ္ဏတိဿမင်း၏သားတော်ဖြစ်သော ဒုဋ္ဌဂါမဏိမင်းသည် ဘုရားရှင်သမာပတ်ဝင်စားရာဖြစ်သော ဤနေရာ၌သံတောင် (၁၂၀)မြင့်သော ဟေမမာလီ အမည်ရှိသော မဟာစေတီကိုတည်လတ့်၊ ဤမည်သောဌာန၌ ဉပုသ်သိမ်ကို တည်ဆောက်လတ့်၊ ဤမည်သောအရပ်၌ ဘုံကိုးဆင့်ရှိသောကြေးပြသာဒ်ကြီးကို ဆောက်လတ့်ဟု ရှင်မဟာမဟိန္ဒဗျာဒိတ်စကားထားခဲ့သည်။"

ဟု စာတွင်ပါရှိသည်။

"ငါသည် ရဟန္တာအရှင်မြတ်တို့၏ ဗျာဒိတ်စကားတွင် ပါဝင်သောသူ ဖြစ်လေသည်တကား"

ဟု မင်းကြီးသည် ဝမ်းသာစွာဖြင့် လက်ခမောင်းခတ်လေသည်။

နောက်နေ့စောစွာထ၍ မေဃဝန်ဉယျာဉ်သို့ ထွက်တော်မူ၍ မဟာဝိဟာရကျောင်းတိုက်နေ သံဃာများကိုစည်းဝေးစေပြီး

"အရှင်ဘုရားတို့ . . တပည့်တော်သည် အရှင်မြတ်တို့သီတင်းသုံးရန် နတ်ဗိမာန်နှင့်တူသော ပြသာဒ်ကိုပြုလုပ်ပါမည်။ အရှင်မြတ်တို့သည် နတ်ပြည်သို့ကြွတော်မူ၍ နတ်ဗိမာန်ပုံစံကို ရေးပေးတော်မူပါဘုရား"

ဟု လျှောက်ထားသည်။

ရဟန်းတော်တို့သည် ရဟန္တာ (၈)ပါးကို နတ်ပြည်သို့တက်စေပြီး ပုံစံရေးချေ-ဟု စေခိုင်းသည်။ ထိုအရှင်မြတ်တို့သည် စတုမဟာရာဇ်နတ်ပြည်ဝယ် လျှောက်ပတ်ဆန်းကြယ်ရှုချင်စဖွယ်ရှိသော ဘရဏီနတ်သမီး၏ပုံနှင့် ဗိမာန်ကိုပုရပိုဒ်ဖြူတွင် ဟင်္သာပြဒါးဖြင့် ရေးတင်၍ ယူလာပြီးလျှင် သံဃာကြီးတို့အား အပ်နှံလေသည်။

သံဃမထေရ်ကြီးတို့က မင်းကြီးထံသို့ပို့ပေးကြသည်။ မင်းကြီးသည် ထိုဗိမာန်ကိုမြင်လျှင် အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်၍ မဟာဝိဟာရကျောင်းတိုက်အတွင်း သာယာကောင်းမွန်သောမြေအရပ်၌ နတ်ပြည်မှဆောင်ယူခဲ့သော ပုံစံတူလောဟပါသာဒပြဿာဒ်ကို တည်ဆောက်စေသည်။

ပြဿာဒ်တည်ဆောက်သော အချိန်မှစ၍လက်သမားတို့အား လက်ခအလို့ငှါ မြို့တံခါးလေးမျက်နှာ၌ ကြီးစွာသောဘဏ္ဍာတိုက်ကိုပြုပြီး (ရှစ်သောင်းရှစ်သောင်း)သော ငွေအသပြာတို့ကိုလည်းကောင်း၊ တစ်ထောင်တစ်ထောင်သော အဝတ်ပုဆိုးတို့ကိုလည်းကောင်းထား၍ လုပ်အားအလိုက်လုပ်ခကို ပေးစေသည်။ ဆီ, ပျား, တင်လဲ, သကာပြည့်သော အိုးစရည်ကြီးတို့ကိုထား၍ အလိုရှိတိုင်း သုံးဆောင်စေသည်။

ထိုပြဿာဒ်ကြီးသည် ကြေးနီအုတ်ကြွပ်မိုးထား၍ လေဟပါသာဒ ဟူ၍အမည်တွင်သည်။

ထိုပြဿာဒ်ဆောက်လုပ်ရာတွင် ရတနာတို့ကိုထား၍ ငွေသားအသပြာ (၃၀) ကုဋေကုန်လေသည်။

မင်းကြီးသည် ပြဿဒ်ပြီးသောအခါ ကြီးစွာသောအလှူကိုပေး၍ ရေစက်ချလှူသည်။

ထိုပြဿာဒ်တွင်-
- ပထမဘုံ၌ ပုထုဇဉ်ရဟန်းများ
- ဒုတိယဘုံ၌ ပိဋကတ်သုံးပုံဆောင်ရဟန်းတော်များ
- တတိယဘုံ၌ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်
- အထက်ဆုံးဘုံ၌ ရဟန္တာအရှင်များ

အသီးသီး သီတင်းသုံးနေထိုင်စေသည်။

## မဟာစေတီတည်ခြင်း

ဒုဋ္ဌဂါမဏိမင်းကြီးသည် ပြဿာဒ်အနုမောဒနာပြုပြီးသော် ဘေးတော် ဒေဝါနံပိယတိဿ မင်းကြီးစိုက်ပျိုးခဲ့သော ဒက္ခိဏသာခါ ဗောဓိပင်ကိုပူဇော်ရန် ဗိုလ်ပါ၊ သင်းပင်းနှင့် ထွက်တော်မူ၍ တစ်သိန်း သောဥစ္စာဖြင့် ဗောဓိပင်ကိုတံတိုင်းကာခြင်း၊ တံခွန်ဆွဲခြင်း၊ ရွှေသလဲ ငွေသလဲခင်းခြင်း စသောပူဇော်အမှုကို ပြုတော်မူသည်။

ထိုသို့ပူဇော်အပြီး မြို့နန်းတော်သို့ဝင်ရာတွင် မဟာစေတီ တည်ရမည့်အရပ်၌ ဘေးတော်စိုက်ထူခဲ့သောကျောက်တိုင်ကို တွေ့ရသဖြင့် အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်လေသည်။ စေတီကို တည်ရန်လည်းဆုံးဖြတ်မိလေသည်။

မင်းကြီးသည် မိမိနေရာ၌လဲလျောင်းရင်း ကြံစည်မိပြန် သည်မှာ -

“ငါသည် ကျေးကုလားတို့ကို နှစ်နှစ်ကျော်အောင် နှိမ်နင်း ဖယ်ရှားရသဖြင့် ကျွန်သူကျွန်သားအပေါင်းတို့သည် ကျပ်တည်း ဆင်းရဲကြကုန်၏။ ထိုသူတို့အား အခွန်အထုပ်ကိုယူခြင်းငှါ မသင့်

လျှော်ချေ။ စေတီတည်ရန် အုတ်တို့ကိုတရားသဖြင့်ရရန် မည်ကဲ့သို့ လုပ်ရအံ့နည်း။"

မင်းကြီး၏အကြံကို နန်းတော်ပြသာဒ်၌နေသော ထီးချက်စောင့်နတ်ကသိ၍ နတ်ပြည်သို့ပြောကြားသော် သိကြားမင်းသည် သိ၍ ဝိသကြုံနတ်သားကိုခေါ်ကာ အုတ်တို့ကိုအုနုရာဓမြို့နှင့် တစ်ယူဇနာဝေးသော ဂမ္ဘီရမြစ်အနီး၌ ဖန်ဆင်းထားပေးရန် စေခိုင်းခဲ့သည်။

နောက်နေ့တွင် မုဆိုးတစ်ယောက်ကတွေ့၍ မင်းကြီးထံလျှောက်ထား၍ ထိုအုတ်တို့ကိုသယ်ယူစေသည်။

မင်းကြီး၏ ရှေးဘဝသာမဏေဖြစ်စဉ်က စေတနာအရင်းခံ၍ စောင့်တန်းလုပ်ခဲ့သောကုသိုလ်၊ သံဃာတော်တို့အား သောက်ရေသုံးရေတို့ကိုလှူခဲ့သော ကုသိုလ်၊ လူခပ်သိမ်းတို့သောက်သုံးရန် ရေတွင်းရေကန်ပြုလုပ်ခြင်း ကုသိုလ်တို့ကြောင့် မဟာစေတီတည်ရန် အုတ်၊ ရွှေညောက်၊ ကြေးနီညောက်၊ ပတ္တမြားကျောက်တိုင်၊ ငွေစိုင်ငွေခဲများ၊ ပတ္တမြားအသီးသီးတို့သည် ဒေသအသီးသီးမှ ပေါ်ထွန်းပေးရပြီး မင်းကြီးထံသို့ဆက်သခြင်းခံရလေသည်။

မင်းကြီးသည် စေတီတည်ရန် ပစ္စည်းစုံလင်သောအခါ ရဟန္တာမထေရ်ကြီးများနှင့် ညှိနှိုင်းတိုင်ပင်ပြီးလျှင် လူတို့၏ကုသိုလ်လုပ်အားဖြင့် စေတီတည်ဆောက်လေသည်။

စေတီတည်ဆောက်စဉ် စေတနာသဒ္ဒါတရားဖြင့် လုပ်အားပေးကြသောသူတို့သည် နောင်အခါသေလွန်သော် နတ်ပြည်သို့လားရောက်ကြသည်သာ ဖြစ်ကြသည်။

မဟာစေတီတည်၍ ပထမဌာပနာတိုက်စီမံပြီးသောအခါ ဘုရားရှင်၏ဓာတ်တော်တို့ကို ဌာပနာရန် ကာလနဂါးမင်းထံမှ

ဓာတ်တော်ကို ရဟန္တာဖြစ်သောဇာတုတ္တာရမထေရ်ကယူပေးပြီး ဌာပနာသွင်းသည်၊ မင်းကြီးသည် အလွန်ဝမ်းသာသဖြင့် စေတီကိုမင်းစည်းစိမ်ဖြင့် (၃)ကြိမ်ပူဇော်သည်။

(မဟာစေတီတည်ပုံ၊ ဌာပနာသွင်းပုံ၊ ရဟန္တာတို့ စောင့်ရှောက်ပုံအကျယ်ကို မဟာဝင်တွင်ရှုကြပါကုန်။)

# အခန်း ( ၅ )

# ဗုဒ္ဓသာသနာပြု ဗုဒ္ဓဂါမဏိမင်းသဝနိဝုံး

## ညီတော်တိဿကိုထီးနန်းလွှဲခြင်း

ဒုဋ္ဌဂါမဏိမင်းကြီးသည် မဟာစေတီကိုတည်ဆောက်နေရာတွင် အုတ်ရိုးသာပြီး၍ ထီးတင်ခြင်း၊ အင်္ဂတေအချောလိမ်းကျံခြင်းကိစ္စမပြီးခင်သေခြင်း အနီးရှိသောရောဂါသည် ပြင်းစွာကပ်ငြိတော်မူသည်။

ထိုအခါ ဒီဃဝါပီအရပ်၌နေသော ညီတော်တိဿကိုခေါ်တော်မူ၍-

"ဤစေတီ၌ မပြီးသမျှသောကိစ္စတို့ကိုပြီးအောင် ပြုပါလေ" ဟု မှာကြားသည်။

ညီတော်တိဿသည် နောင်တော်အလွန်နာမကျန်းဖြစ်ပြီး လွန်စွာအားနည်းသည်ကိုသိရှိပြီး မြန်စွာပြီးစီးသောစေတီတော်ကို နောင်တော်အားပြသရန် အပ်ချုပ်သမားတို့ကိုခေါ်၍ စင်ကြယ်

သော အဝတ်တို့ဖြင့်ရစ်ပတ်ပြီးလျှင် ဆေးရေးပန်းချီသမားတို့ကို ခြယ်သစေပြီး ပွတ်တိုင်တို့ကိုလည်းကောင်း၊ ရေပြည့်ရေအိုးတို့ကို လည်းကောင်း၊ တံခွန်ကုက္ကားစသည်တို့ကိုလည်းကောင်း တင့် တယ်စွာပြုစေသည်။

တောင်းယက်သမားတို့ကိုခေါ်ပြီး ဝါးဖြင့်ပြီးသော ထီးတော် ကိုလည်းကောင်း၊ ပဒုမ္မာကြာရွက်ဖြင့်ပြီးသော လဝန်းနေဝန်းတို့ကို လည်းကောင်း၊ အထက်ပွတ်တိုင်၊ ဆည်းလည်း၊ ညောင်ရွက်တို့ကို လည်းကောင်း၊ ပြုလုပ်စေသည်၊ ဆေးဖြင့်ခြယ်သစေသည်။

ထိုသို့အားလုံးစီမံပြီးသော် နောင်တော်ကိုစေတီတော်ကိစ္စ ပြီးစီးပါကြောင်း လျှောက်ထားလေသည်။

မင်းကြီးသည် စီးမြဲသောယာဉ်ဖြင့် လျောင်းလျက်ပင်ထမ်း စေ၍စေတီတော်ကို လက်ျာရစ်လှည့်ပတ်ခြင်းကိုပြုပြီး ရှိသေစွာ ရှိခိုးသည်။

တောင်တံခါးဝတွင် သန့်စွာခင်းထားအပ်သော မြေအခင်း ထက်၌ လက်ျာနံပါးဖြင့်လျောင်းလျက် မဟာစေတီကိုရှိခိုးသည်။

ထို့နောက် လက်ဝဲနံပါးဖြင့် လျောင်းပြန်လျက် လောဟ ပါသာဒကို ရှုမျှော်ပြီးရှိခိုးလေသည်။

မင်းကြီးနာမကျန်းဖြစ်သည် သတင်းကြား၍ အနယ်နယ် အရပ်ရပ်မှလာရောက် သတင်းမေးကြသော ရဟန်းသံဃာတို့က (၉၆) ကုဋေမျှရှိလေသည်။ ထိုရဟန်းတို့သည် အစုစုဖွဲ့၍ မင်းကြီးကို ပရိတ်ဖတ်ပေးခဲ့ကြသည်။

မင်းကြီးသည် ထိုကြွလာကြသော ရဟန်းပရိသတ်တို့တွင် ထေရပုတ္တာအဘယမထေရ်ကို မတွေ့မြင်မိ၍-

"အဘယအမည်ရှိသော သူရဲကြီးသည် ကျေးမင်းတို့နှင့် (၂၈)ကြိမ်တိုင်အောင် ကြီးစွာသောစစ်ထိုးခြင်းဖြင့် စစ်ထိုးသော အခါ၌ ငါမရှုံးအောင်ငါ့ထံ၌ဝန်းရံကာ အဖော်ပြုလုပ်ကြသည်။ ယခုခါသေမင်းနှင့် စစ်ထိုးရာ၌ ငါရှုံးလတံ့သည်ကိုမြင်၍ ငါ့ထံသို့ မလာခြင်းဖြစ်ပေမည်"

ဟု စိတ်အကြံဖြစ်မိလေသည်။

## ထေရပုတ္တအဘယမထေရ်တရားဟောခြင်း

မင်းကြီး၏စိတ်အကြံကို ကရိန္ဒမြစ်၏အစဖြစ်သော ပဥ္စလိ တောင်၌ သီတင်းသုံးနေသော အဘယမထေရ်သည် အဘိညာဉ် ဖြင့် သိတော်မူ၍ရဟန္တာငါးရာခြံရံလျက် ကောင်းကင်မှပျံလာပြီး မင်းကြီး၏အနီး၌ ရံလျက်တည်နေသည်။

မင်းကြီးသည် အဘယမထေရ်ကို ဖူးမြင်ရသော် ခင်မင် ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍ ရှေ့အနီးထိကြွစေသည်။

"အရှင်ဘုရား. . . တပည့်တော်သည် ရှေးအခါကသူရဲ တစ်ကျိပ်ဖြစ်သော အရှင်တို့နှင့်တကွ စစ်ထိုးရပေပြီး ယခုမူကား တပည့်တော်တစ်ယောက်တည်းသာ သေမင်းနှင့်စစ်ထိုးခြင်းငှါ အားထုတ်ရပါ၏။ သေမင်းတည်းဟူသောရန်သူကို အောင်နိုင်ဖို့မှာ မလွယ်ကူပါချေဘုရား။"

ဟု လျှောက်ထားသည်။

"မင်းကြီး. . . ကြောက်ရွံ့တော်မမူလင့်၊ ကိလေသာတည်း ဟူသော ရန်သူကိုမအောင်မြင်လျှင် သေမင်းတည်းဟူသောရန်သူ ကို မအောင်မြင်နိုင်ပါ။ အလုံးစုံသောရုပ်၊ နာမ်၊ ခန္ဓာ၊ သင်္ခါရတရား

တို့သည် အမြဲမရှိကုန်ဟူ၍ ဘုရားရှင်ဟောတော်မူခဲ့သည်။ ထို့ကြောင့် အလုံးစုံသောသင်္ခါရတို့သည် ပျက်ရမည်သာဖြစ်ပါသည်။ ဇရာ၊ မရဏတို့သည် ရှက်ခြင်း၊ ကြောက်ခြင်းမှကင်းသည်ဖြစ်၍ အတုမရှိသော တန်ခိုးရှင်ဘုရားသခင်ကိုယ်တော်ကိုလည်းကပ်၍ နှိပ်စက်ခဲ့ပါသည်။ ထို့ကြောင့် သင်းကြီးသည့် ငါ၏ရုပ်-နာမ်ခန္ဓာ ဟူသမျှတို့သည် အမြဲမရှိ ဆင်းရဲအတိသာ၊ အစိုးမရချေတကားဟု နှလုံးထားတော်မူပါလော"

ဟု မိန့်ကြားသည်။

"အရှင်ဘုရား. . . ယခုအခါ၌ ငိုကြွေးခြင်းစစ်သည်တို့ တည်ရှိပါ၏။"

- မသိခြင်းဗိုလ်ပါအစုအဖွဲ့သည် ဖွဲ့ပါ၏။
- ပြင်းစွာတွေဝေခြင်းလှံသည် ထ,ပါ၏။
- ယောင်ယမ်းမြည်တမ်းခြင်း အလံတံခွန်ကိုမြှောက်ထောင်ပါ၏။
- နှလုံးမသာယာခြင်း စည်ကိုတီးပါ၏။
- ရင်ကိုထုခြင်းတည်းဟူသော ကြေးနင်းခွက်ခွင်းသည် ဖြစ်ပါ၏။
- ပြင်းစွာပင်ပန်းခြင်းတည်းဟူသော ခရုသင်းကိုမှုတ်ကုန်၏။
- မျက်ရည်တည်းဟူသော သွေးတို့ယိုစီးကုန်၏။
- ဒုက္ခဝေဒနာတည်းဟူသော လှံဖြင့်ထိုးကုန်၏။
- စိတ်၌ဖြစ်သော ဒုက္ခတည်းဟူသော မိန်းတို့သည် ထိုးကုန်၏။
- ကာယိကဒုက္ခတည်းဟူသော ဆောက်ပုတ်လက်ရိုက်တို့ကို ဆောင်ကုန်၏။

- ပြီးပြွမ်းသောတံတွေးတည်းဟူသော ယိုစီးခြင်းရှိကုန်၏
- သံဝေဂတည်းဟူသော ဖ,ရင်းသည် လွှမ်းမိုး၏။
- သေခြင်းတည်းဟူသော မြားသည် စူးဝင်ပါ၏။
- မစ္စုကြည်းဟူသော ဆင်သည်နင်းနေပါ၏။
- ကုသိုလ်၊ အကုသိုလ်တည်းဟူသော သူရဲတို့သည် စစ်တိုက်ခိုက်နေပါ၏။
- ယမမင်း၏တမန်တို့သည် လှည့်လည်ကုန်၏။
- သေခြင်းတည်းဟူသော စစ်သည်ဖြစ်၏။
- ဤစစ်ကိုအောင်နိုင်ခြင်းငှါ စွမ်းနိုင်သောသတ္တဝါမည်သည် မရှိပါ။

"မြတ်သောမင်းကြီး သင်သည်နှစ်ခုမြောက်သော အတိတ်ဘဝ၊ သာမဏေဖြစ်စဉ်ကလည်း ကြီးစွာသောကုသိုလ်သမ္မာရ၊ သမ္ဘာဆန္ဒကြောင့် နတ်ပြည်သို့ရောက်ကြောင်းနိမိတ်သည်ထင်လျက် နတ်၏ချမ်းသာကိုပယ်လျက် ဤမင်း၏အဖြစ်သို့လာ၍ များစွာသောကောင်းမှုကိုပြုတော်မူသည်။ မင်းကြီး၏ဧကရာဇ်အဖြစ်ကို ရတော်မူခြင်းသည်လည်း ဘုရားရှင်၏သာသနာတော်ကို ထွန်းပစိမ့်သောငှါသာလျှင် ပြုတော်မူသည်။ အလွန်များလှသော ကောင်းမှုရှိသောမင်းကြီး သင်သည်ပြုအပ်ခဲ့ပြီးသော ကောင်းမှုတို့ကို အောက်မေ့ပါလော့၊ ထိုသို့အောက်မေ့တတ်က နတ်ချမ်းသာသည် လျင်စွာရောက်လာပါလိမ့်မည်။"

ထိုစကားကိုကြားသော်မင်းကြီးသည် အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ကာ-

"အရှင်ဘုရား. . . အရှင်မြတ်သည် တပည့်တော်၏(၂) ကြိမ်သောစစ်ပွဲ၌လည်း အဖော်သဟဲဖြစ်ခဲ့ပါပြီ။"
ဟု ရိုသေစွာရှိခိုးလျှောက်ထားပြီး ကောင်းမှုစာရင်းပုရပိုဒ်မှတ်တမ်းကို ယူစေပြီးဖတ်စေသည်။

## မင်းကြီးပြုစုခဲ့သော ကုသိုလ်စာရင်း

မင်းကြီးသည် အဘိသိက်ခံယူပြီးသည်မှနောက် လင်္ကာဒီပ၌ဗုဒ္ဓသာသနာတော်ထွန်းကားပြန့်ပွားရေးအတွက် အလှူအမျိုးမျိုးတို့ကို ပြုလုပ်၍လှူဒါန်းခဲ့ပါသည်။

လှူဒါန်းသည်များမှာ-

- သာသနာတော်၏အကျိုးငှါးပွားများစိမ့်သောငှါ ကျောင်းပေါင်း (၉၉) ကျောင်း ဆောက်လုပ်လှူဒါန်းခဲ့သည်။
- (၁၉) ကုဋေကုန်ကျသော မရိစဝဋ္ဋိကျောင်းဆောက်လုပ်လှူဒါန်းခဲ့သည်။
- ကုဋေ (၃၀)ကုန်သော နတ်ဗိမာန်နှင့်တူသော လောဟပါသာဒပြဿာဒ်ကို ဆောက်လုပ်လှူဒါန်းခဲ့သည်။
- မဟာစေတီတည်ဆောက်ရာ၌ အဖိုးမဖြတ်နိုင်သော အရာဝတ္ထု (၂၀)မျိုးတို့ကို လှူဒါန်းခဲ့သည်။
- မဟာစေတီတည်သည်မှစ၍ လှူသောပစ္စည်းတို့ ကုဋေ (၁၀၀၀) ရှိသည်။
- ရောဟနဇနပုဒ် မလယဉ၌ဒုဗ္ဘိက္ခန္တရကပ်ဆိုက်သောအခါ အဖိုးအနဂ္ဃထိုက်သော နားတောင်းတော် (၂)ခုကို သံဃာများအတွက် လှူခဲ့သည်။

- ညီတော်တိဿနှင့် စစ်ထိုး၍စစ်ရှုံး၍ပြေးစဉ် တစ်ယောက်စာ ထမင်းကိုရဟန္တာတို့အား လှူခဲ့သည်။
- လင်္ကာဒီပတစ်ကျွန်းလုံးရှိ သံဃာတော်များအားလုံးကို သုံးကြိမ်တိုင်တိုင် တိစီဝရိတ်သင်္ကန်းများလှူခဲ့သည်။
- လင်္ကာဒီပကျွန်း၌ အနှံ့စုံသောမင်းအဖြစ်ကို သာသနာတော်အား ပူဇော်လိုသဖြင့် (၅)ကြိမ်တိုင်တိုင်လှူခဲ့သည်။
- (၁၂) ရပ်သောဌာနတို့၌ စင်ကြယ်လှသောဆီမီး (၁၀၀၀)ကို လှူခဲ့သည်။
- (၁၈) ရပ်သောဌာန၌ နေကြသောသံဃာတော်များ အတွက်လုပ်ကျွေးရန် ဆွမ်း၊ ယာဂု၊ ဆေးပစ္စည်း၊ သမားဟူးရားများထားကာ ကောင်းစွာလုပ်ကျွေးပြုစုစေခဲ့သည်။
- (၄၄)ဌာနတို့၌ ကောင်းစွာစီရင်အပ်သော ပျားဆွမ်း၊ ယနာနို့ဆွမ်းတို့ကို လှူခဲ့သည်။
- ထို (၄၄)ဌာနတို့တွင် မွန်မြတ်သောဆီကြော်နို့ခဲ၊ ထောပတ်ဖြင့်ချက်သော မဟာဇာလမုန့်တို့ကို ဆွမ်းနိစ္စဗဒ်ဖြင့် လတိုင်း (၈)ရက်သော ဥပုသ်နေ့တို့၌ လှူခဲ့သည်။
- လင်္ကာဒီပကျွန်းရှိ ကျောင်းတို့၌ဆီမီးထွန်းရန် ဆီကိုလှူခဲ့သည်။
-လင်္ကာဒီပကျွန်းတစ်ခုလုံးတရားဟော ဓမ္မကထိကများကတရားဟောစေ၍ ထိုဓမ္မကထိကများကို တစ်ကွမ်းစားတစ်ကွမ်းစားသော ထောပတ်၊ တင်လဲ၊သကာ၊လက်ဖွေးသစ်ရှည်သော တစ်ဆုပ်ပမာဏရှိသော နွယ်ချိုနှင့်ပုဆိုးအစုံအစုံတို့ကို ကပ်လှူခဲ့သည်။

## မင်းကြီး၏ အနှစ်သက်ဆုံးအလှူ (၂) ခု

အလှူစာရင်းကိုဖတ်၍ပြသောအခါ ညီတော်တိဿနှင့် စစ်ဖြစ်ပြီးစစ်ရှုံး၍ ထွက်ပြေးသောအခါ၌ လှူရသောဆွမ်းအလှူသို့ ရောက်သောအခါ မင်းကြီးသည်အလွန်နှစ်သက်ကျေနပ်မိ၍ မိမိ လှူခဲ့သော အလှူစာရင်းတို့ကို ပြန်လည်မိန့်ကြားပြီးလျှင်-

"ဤသို့အစိုးရသောအခါ၌ ငါလှူခဲ့သော ဒါနသည်များလှစွာရှိသော်လည်း စိတ်ကမနှစ်သက်လွန်းပါ။ ဆင်းရဲသောဘေးတွေ့လျက်ကို အသက်ကိုမငဲ့ဘဲလှူရသော ဆပ်ဆွမ်းနှင့်တစ်ယောက်စာထမင်းအလှူကိုသာလျှင် ငါအလွန်နှစ်သက်မိပါသည်။" မိန့်ကြားလေသည်။

ထိုစကားကိုအဘယမထေရ်ကြားလျှင် မင်းကြီးအား ကြည်ညိုခြင်းတိုးပွားစေခြင်းငှါ ထိုအလှူနှစ်ရပ်ကို ထပ်ကာထပ်ကာ ချီးမွမ်းဟောပြလေသည်။

ကောဋမ္ဗမည်သော ရောဟနဇနပုဒ် မလယအရပ်၌နေသော အခါလွန်ရှားပါးသောဒုဗ္ဘိက္ခန္တရကပ်ဆိုက်ရောက်သည်ဖြစ်၍ လူတို့သည် မရိုးသီးပြုတ်ကိုစားရသော အချိန်ကာလတွင် အဖိုးအနဂ္ဃထိုက်သော နားတောင်းတော် (၂)ခုကိုရောင်းစေ၍ ဆပ်ဆန်ကို ဝယ်ယူပြီးလျှင် ရဟန်းငါးပါးကိုလှူခဲ့သည်။ ထိုရဟန်းငါးပါးတွင် မလယအရပ်၌သီတင်းသုံးသော မလိယဒေဝမဟာထေရ်သည် ထိုဆပ်ဆွမ်းကိုခံယူပြီးသော် သုမနတောင်၌နေသော ရဟန်း(၉၀၀)တို့အား ခွဲဝေလှူဒါန်း၍ ဘုဉ်းပေးသည်။

- မြေလှုပ်ခြင်းဖြစ်စေတတ်သော ဓမ္မဂုတ္တမထေရ်သည် ဆပ်ဆွမ်းကိုအလှူခံပြီးလျှင် ကလျာဏီကျောင်း၌ ရဟန်း (၅၀၀) တို့နှင့် ခွဲဝေ၍ဘုဉ်းပေးသည်။
- ကလင်္ဂအရပ်၌နေသော ဓမ္မဒိန္နမထေရ်သည် ပိယင်္ဂုကျွန်း၌နေသောရဟန်း (၁၀၀၀၀) နှင့်ခွဲဝေဘုဉ်းပေးသည်။
- မင်္ဂလာအရပ်၌နေသော တန်ခိုးကြီးသော ခုဒ္ဒတိဿမထေရ်သည် ကေလာသကျောင်း၌ (၆၀၀၀၀)သော ရဟန်းတို့အားလှူဒါန်း၍ ဘုဉ်းပေးသည်။
- မဟာဗျဂ္ဃမထေရ်သည် ဆွမ်းကိုခံ၍ဥက္ကာနဂ ကျောင်းနေ ရဟန်း (၇၀၀)တို့အား လှူဒါန်းပြီးဘုဉ်းပေးသည်။
- ရွှေခွက်ဖြင့်ထည့်သော တစ်ယောက်သောဆွမ်းကို အလှူခံခဲ့သော ကုဋ္ဋမ္ဗိကပုတ္တတိဿမထေရ်သည် (၁၂၀၀၀) ကုန်သောရဟန်းတို့အား လှူဒါန်း၍ဘုဉ်းပေးသည်။

ဤသို့လျှင် ထေရပုတ္တာဘယထေရ်သည် မင်းကြီး၏စိတ်ကို ကြည်ညိုခြင်း တိုးပွားစိမ့်သောငှါ သုံးဆောင်သောအခြင်းအရာတို့ကို မိန့်ဆိုတော်မူသည်။

"အရှင်ဘုရား. . . တပည့်တော်သည် (၂၄) နှစ်တို့ပတ်လုံး သံဃာတော်တို့အား များစွာကျွေးဖူးကိုပြုခဲ့ပါသည်။ ဤသို့ သံဃာတော်များ၏ကျွန်ဖြစ်သော တပည့်တော်၏ရုပ်အစုသည်လည်း သံဃာအားကျေးဇူးများခြင်းငှါ ဖြစ်ပါစေကုန်သတည်း။ ဤမဟာစေတီကို မြင်ရာအရပ်ဖြစ်သော သံဃာတို့ကံကြီးကံငယ်

ပြုရာ ဥပုသ်အိမ်၌တပည့်တော်၏ ခန္ဓာကိုယ်ကိုမီးသင်္ဂြိုဟ်ပေးကြပါဘုရား"
ဟု တောင်းပန်လျှောက်ထားသည်။

ထို့နောက်ညီတော်တိဿကိုခေါ်ကာ-

"ညီတော်တိဿ. . . သင်သည် မဟာစေတီ၌မပြီးသမျှအလုံးစုံသောကိစ္စကို ရိုသေကောင်းမွန်စွာပြီးပါစေလော့၊ နံနက်အခါ၊ ညအခါတို့ဝယ် ဤမဟာစေတီ၌ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူခြင်းကို ပြုရစ်ပါလေ၊ ငါသည်ဘုရားရှင်၏သာသနာတို့၌အကြင်မျှသောအလှူဝတ်ကိုစီရင်အပ်၏။ ထိုအလှူဝတ်တို့ကိုမပျက်ယုတ်အောင် အားထုတ်ပါလေ။ သံဃာတော်တို့၏ကိစ္စ၌ မမေ့မလျော့ရစ်ပါလင့်"
ဟု မှာကြားပြီး တိတ်ဆိတ်စွာနေလေသည်။

## နတ်ရထားတို့ ဆိုက်ရောက်ခြင်း

ထိုရဟန်း သံဃာများသည်စုပေါင်း၍ ပရိတ်မေတ္တာနှင့်သတိပဋ္ဌာနသုတ်တို့ကို ရွတ်ဖတ်ပေးကြသည်။

ထိုအချိန်ဝယ် နတ်ပြည်(၆)ထပ်မှ နတ်ရထားတို့သည်ဆိုက်ရောက်လာပြီး နတ်သားတို့က-

"အရှင်မင်းကြီး. . . ကျွန်ုပ်တို့၏နတ်ပြည်သည် မွေ့လျော်ဘွယ်ရှိ၏။ ထိုနတ်ပြည်သို့ရောက်ခြင်းငှာ ဤရထား၌စီးတော်မူပါ"
ဟု အသီးသီးလျှောက်ထားကြသည်။

"အမောင်တို့. . . ငါသည်တရားနာလိုပါသေးသည်။ ခဏမျှသည်းခံပါဦးလော့"
ဟုဆိုပြီး လက်ကာခြင်းကိုပြုလေသည်။

သံဃာတော်တို့သည် တရားသရဇ္ဈာယ်ခြင်းကို တားမြစ်သည်ထင်၍ ရပ်ကြလေသည်။

"အရှင်ဘုရားတို့. . . အဘယ်ကြောင့်ရပ်ပါသနည်း။"

"မင်းကြီးက ရပ်စေလို၍ အမှတ်ပေးသည်ထင်၍ ရပ်ပါသည်။"

"အရှင်ဘုရားတို့. . . တရားရွတ်သည်ကိုရပ်စေလို၍ အမှတ်ပေးသည်မဟုတ်ပါ။ နတ်ပြည်မှရထား (၆)စီးလာပြီး ဖိတ်ခေါ်နေသောကြောင့် တရားနာပါရစေဦးဟုဆိုပြီး တားခြင်းဖြစ်ပါသည်။"

ထိုစကားကိုကြားသော် အချို့သောသူတို့က မင်းကြီးသည် သေဘေးမှကြောက်သောကြောင့် ကယောင်ကတမ်းများပြောဆိုနေသည်ဟု ထင်ကြသည်။

ထိုသူတို့၏ ယုံမှားခြင်းကိုပျောက်စေခြင်ငှါ အဘယမထေရ်က

"မင်းမြတ်. . . သင်၏အလိုငှါ ရထားရောက်လာသည်ကို အဘယ်သို့သိနိုင်ပါအံ့နည်း"

ဟု မေးသည်။

"အရှင်ဘုရားတို့. . . ပန်းကုံးများကိုတောင်းယူ၍ အရပ်မျက်နှာအသီးသီးသို့ ပစ်တင်လွှင့်စေပါလော။"

ဟု လျှောက်ထားပြီး ပန်းကုံးများကိုပစ်စေသည်။ ပန်းကုံးများသည် နတ်ရထားလှည်းအသီးသီး၌ တွဲရရွဲဆွဲကာ ကောင်းကင်၌တည်ကြသည်။ ထိုအခါကျမှ လူအများသံသယကင်းရှင်းကြလေသည်။

"အရှင်ဘုရား. . . နတ်ပြည်ခြောက်ထပ်တွင် အဘယ်နတ်ပြည်သည်သာ၍ မွေ့လျော်ဖွယ်ရှိပါသနည်း"

ဟု အဘယမထေရ်ကို မင်းကြီးကမေးသည်။

"မြတ်သောမင်းကြီး. . . ဘုရားဖြစ်ထိုက်သောအခါကို ကြည့်မျှော်ကာနေသော ကြီးသောမဟာဘေရုဏာရှိတော်မူသော မေတ္တေယျဘုရားလောင်းသည် ယခုတုသိတာနတ်ပြည်၌နေပါသည် တို့ကြောင့် တုသိတာနတ်ပြည်သည်မွေ့လျော်ဖွယ်ရာရှိသည်ဟု သူတော်ကောင်းတို့ ချီးမွမ်းကြပါသည်။

မင်းကြီးသည် မထေရ်မြတ်၏စကားကိုကြားသော် မဟာစေတီကိုရှုမျှော်ကာ လျောင်းလျက်ပင်မျက်စိမှိတ်တော်မူသည်။

ထိုခဏ၌ စုတေ၍တုသိတာနတ်ပြည်မှလာသော ရထားဝယ် ဥပပတ်နတ်၏ကိုယ်သည် ထင်ရှားဖြစ်လေသည်။

မိမိပြုအပ်သောကောင်းမှုကံ၏ အကျိုးတရားကိုထင်ရှားစိမ့်သောငှါ နတ်၏တန်ဆာတို့ဖြင့် တင့်တယ်သောကိုယ်ကိုလူအများတို့အား ထင်ရှားပြလျက် မဟာစေတီကိုလက်ျာရစ်သုံးပတ်လှည့်၍ စေတီကိုလည်းကောင်း၊ သံဃာတော်များကိုလည်းကောင်း ရှိခိုးပြီးလျှင် တုသိတာနတ်ပြည်သို့တက်လေသည်။

## ရဟန္တာတို့၏ ဗျာဒိတ်စကား

ဒုဋ္ဌဂါမဏိမင်းကြီးနှင့်ပတ်သက်၍ ရဟန္တာမထေရ်တို့က ဗျာဒိတ်စကားမိန့်ကြားသည်မှာ-

- ဒုဋ္ဌဂါမဏိမင်းကြီးသည် နောင်ပွင့်လတံ့သော မေတ္တေယျဘုရားရှင်၏ လက်ျာရံအဂ္ဂသာဝကဖြစ်မည်။
- မင်း၏ခမည်းတော် ကာကဝဏ္ဏတိဿမင်းကြီးကား လက်ဝဲရံ အဂ္ဂသာဝကဖြစ်မည်။

- မင်း၏ညီတော် သဒ္ဓါတိဿကား မေတ္တေယျဘုရား၏ ဖခမည်းတော်ဖြစ်မည်။

- မယ်တော်ဝိဟာရဒေဝီကား မေတ္တေယျဘုရား၏မယ်တော်ဖြစ်မည်။

- မင်း၏သားတော် သာလိကုမာရမင်းသားက မေတ္တေယျဘုရားလောင်း၏ သားတော်ဖြစ်မည်။

ဤဒုဋ္ဌဂါမဏိမင်းကြီးသည် ကျေးမင်းတို့ကိုစစ်တိုက်ခိုက်သတ်ဖြတ်ခြင်းကြောင့် များစွာသောကုသိုလ်ကံတို့ကို ပြုမိငြားသော်လည်း ထိုသတ်မိသောသူတို့မှာ ဗုဒ္ဓသာသနာကိုဖျက်ဆီးသူ၊ မှားသောအယူရှိသူများ ဖြစ်ကြသောကြောင့် သီလရှိသူတစ်ယောက် သရဏဂုံတည်သူ တစ်ပိုင်းမျှသာအပြစ်ရှိသည်။ ကုသိုလ်ကောင်းမှုများ၍ နတ်ပြည်သို့ရောက်ရသည်။

ထိုသည်ကိုရည်၍ တိုင်းပြည်၏အဖျက်အန္တရာယ်တို့ကို ပြုလုပ်သူတို့အား နှိမ်နင်းတိုက်ခိုက်ရာ၌ အကုသိုလ်ကံအားနည်းသည်ဟုရည်ရွယ်၍-

"ရဲဘော်မသေ၊ သေသော်ငရဲမလား'ဆိုသော ဆိုရိုးစကားသည် ပေါ်ထွက်လာရပါသည်။

အမျိုးဘာသာ သာသနာတော်အတွက် စစ်ဘုရင်၊ စစ်သူရဲကောင်းတို့သည် ခေတ်အလိုက်နိုင်ငံအလိုက် ပေါ်ထွက်နေသည်သာ ဖြစ်ပါသည်။

မဟာသဒ္ဓမ္မဇောတိကာဓဇ
တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ၊ ဘီ·အေ)